
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အိမ်းကြာသိုက်

# ရှိုဝုက်ဿုငွေးကြီးနှင့်ဆန်းကြွယ်မင်းသမီး

## လှိုဝှက်ဆန်းကြွယ်ဂမ္ဘီရဝတ္ထုကြီး

စဆုံးလုံးချင်း

အသစ်စက်စက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၃၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၄၀၀၅၀၆

ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ ဇူလိုင်လ-ဩဂုတ်လ
တန်ဖိုး - ၆၀၀ ကျပ်
အုပ်ရေ - ၅၀၀

အတွင်း+အဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
စန္ဒာဝင်းပုံနှိပ်တိုက်
၂၀၉၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးနှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆(ခ)၊ ပုလဲ ၄ လမ်း၊
၄-ရပ်ကွက်၊ မ/ဥက္ကလာပ၊
ရန်ကုန်မြို့။

BURMESE CLASSIC .com

တင်မောင်ဦးကို ဘ၀ကုသိုလ်ကံကောင်းသူဟု ဆိုကြသည်။ မျိုးရိုးစဉ်ဆက်ဇာပင် ချမ်းသာလာသော တင်မောင်ဦး၏ မိဘများသည် ရန်ကုန်မြို့ (ဘောင်ဒရီလမ်း)တွင် ပေသာဆောင်လေးဖက်ပါသော အိမ်ကြီးဖြင့် နေထိုင်ကြသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပြီးနောက်၊ ရန်ကုန်မြို့သည် ရှေးကထက် စည်ကားလာရာ၊ အစိုးရအမှုထမ်း အင်္ဂလိပ်လူမျိုးများ လေးစားရသော သူထဲတွင် ကျောက်စာဝန် ဦးစိန်မြတ်လည်း ပါဝင်လေသည်။

ရန်ကုန်တက္ကသိုလ်ဟူ၍ ပေါ်ပေါက်လာပြီးနောက် ပါမောက္ခမစ္စတာလုက လေးစားရသူဖြစ်၍ ဦးစိန်မြတ်သည် အောက်စဖို့(ဒ်) တက္ကသိုလ်မှ အရှေ့ဝိုင်းပညာရပ်ဖြင့် ဘွဲ့ရရှိလာသူဖြစ်ကြောင်း ပြောစရာလိုတော့မည် မထင်ပေ။

ဦးစိန်မြတ်၏ ရေနံရောင်မဲနေသော အိမ်ကြီးထဲတွင် ရှေးဟောင်းကျောက်စာများကို ကူးထားသည့် မင်နှိပ်စာလိပ်ကြီးများ၊ တစ်ခုနှင့်တစ်ခု [illegible] ခေါက်ခေါက်ထားသည့် ပုရပိုက်ကြီးများ၊ ပုရပိုက်နက်၊ ပုရပိုက်ဖြူ၊ ရွှေမင်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ကြေး ပုရပိုက်များအပြင် ပေစာထုပ်ကြီးများမှာလည်း တစ်ပုံတစ်ပင် ရှိနေပေသည်။

မြန်မာဘုရင် ပါတော်မူပြီးနောက်၊ မြန်မာဘုန်းတော်ကြီးကျောင်းများတွင်ရှိသော စာတိုက်သေတ္တာများနှင့် ပေစာထုပ်များသည် ကျောက်စာဝန် ဦးစိန်မြတ်၏ အိမ်ကြီးထဲသို့ ရောက်ရှိသည်က များသည်။

ဦးစိန်မြတ်သည် ပိဋကတ်ကျမ်းဂန်ကိုလည်း ပခုက္ကူမြို့မှ ဆရာတော်ကြီးများထံ နည်းခံသင်ကြားဖူးရာ မြန်မာနိုင်ငံရှိ ကင်းဝန်မှူး၊ ဦးတင်မှူး၊

ဘားနက်မှူ ဟူသော ပေမှူများ နောက်ခေတ်တွင် ဖြစ်ပေါ်ရခြင်း၌ ဦးစိန်မြတ်သည်လည်း လက်သည်တရားခံတစ်ဦး ဖြစ်လေသည်။

ဦးစိန်မြတ်သည် အရပ်ရပ်မှ ပေစာများကို စုကာ စာကြည့်တိုက်ဖြစ်ရန် ကူညီသူတစ်ဦးလည်း ဖြစ်ခဲ့၏။ ရှေးဦးအနောက်နိုင်ငံမှ ခေတ်မီသုတေသနပညာတတ်မြောက်လာသူ ဖြစ်၍ မြန်မာပြည်အရပ်ရပ်မှ ကျောက်စာသစ်များကို လေ့လာခွင့်ရခဲ့ပေသည်။





သူသည် ထားဝယ်နှင့် မြိတ်မြို့ ရှိ ရှေးဟောင်းကျောက်စာများ၊ မင်စာများ လက်ရေးစာများကို အထူးလေ့လာသူဖြစ်ခဲ့ရာ တနင်္သာရီဒေသရှိ ရှေးဟောင်းလူမျိုးနှင့် မှတ်တမ်းမှတ်ရာများကို အတော်ပြည့်စုံစွာ နားလည်ခဲ့ရပေသည်။

သားဖြစ်သူ တင်မောင်ဦး အရွယ်ရောက်လာသောအခါတွင်ကား သူတက်ရောက်ခဲ့သည့် အောက်စဖို့(ဒ်) တက္ကသိုလ်သို့ပင် ပို့ကာ ပညာသင်ကြားစေလေသည်။

တင်မောင်ဦးမှာ အင်္ဂလိပ် အနေအထိုင် အပြုအမူများကို သဘောကျကာ ကျန်းမာရေးနှင့်အညီ၊ ပြုစုစောင့်ရှောက်သော ဖခင်ကြောင့် အရပ်မြောက်ပေနီးပါးနှင့် တောင့်တင်းကြံ့ခိုင်သော ကိုယ်ကာယရှိလေသည်။

မိဘဖြစ်သူက ငွေကြေးပြည့်စုံသောကြောင့် တင်မောင်ဦးမှာ ပညာတော်သင်မသွားမီကပင် မထားရီဆိုသော မိန်းကလေးနှင့် နှစ်ဦးသဘောတူ ရည်ငံချစ်ကြိုက်မိကြလေသည်။ မထားရီမှာ နိုင်ငံရပ်ခြားသို့ ပညာတော်သင်သွားမည့် ချစ်သူတင်မောင်ဦးအား စိုးရိမ်ပူပန်ကာ . .



"ကိုဦး . . အောက်စဖို့(ဒ်) တက္ကသိုလ်မှာ စာမသင်ဘဲ လူ့ဘဝမှာ ချမ်းသာတဲ့သူတစ်ယောက် ဖြစ်နိုင်ပါတယ်။ ကျွန်မတို့မှာရှိတဲ့ ကျောက်တွင်းတွေဟာ ကိုဦး တစ်သက်လုံး သုံးစွဲဖို့ မကုန်အောင် ငွေရှိနိုင်ပါတယ်"

ဟု ပြောလေ၏။

တင်မောင်ဦးကား မာနရှိသော ယောကျ်ားပီပီ၊ မိန်းမ၏ငွေကြေးကို တောင်းယူသုံးရခြင်းထက် မိမိအတတ်ပညာနှင့် အသက်မွေးမှုမှ ရရှိလာသော ဝင်ငွေကိုသာ တန်ဘိုးထားချင်သူ ဖြစ်လေသည်။

"ထားတို့ ချမ်းသာတယ်ဆိုတာ ကိုဦး သိပါတယ်၊ ကိုဦးရဲ့အပေါ်မှာ မေတ္တာစေတနာ ဘယ်လိုရှိတယ်ဆိုတာလဲ ကိုဦး သိပါတယ်။ ဒါပေမယ့် ယောကျ်ားဆိုတာ ပညာတတ်မှ ကောင်းတယ် မဟုတ်လား"

"ဒါဆိုလဲ ကိုဦးသဘောပေါ့၊ ထားကို လုပ်ကိုင်ကျွေးမွေးဖို့အတွက်တော့ နိုင်ငံခြားမှာ ပညာသွားသင်ဖို့ မလိုဘူးနော်"

မထားရီက ပြုံး၍ မော့ကာ ပြောလိုက်သောကြောင့်၊ တင်မောင်ဦးမှာ

မထားရီ၏ ကိုယ်လုံးလေးကို ဖက်ထားလိုက်ပြီး . .

"ထားရယ် လေးနှစ်ဆိုတဲ့ အချိန်ကာလဟာ ဘာများကြာမှာမို့လို့လဲ၊ ဒီလိုပဲနေရင်း စားရင်းနဲ့ ကုန်သွားမှာ၊ ဖေဖေကလဲ လက်တင်ဘာသာနဲ့ အရှေ့များသမိုင်းတွေကို ကိုဦးကို သင်ကြားစေချင်တယ်လေ"

မထားရီသည် မည်သို့မျှ ထပ်မပြောတော့ပေ။

* * * * *





www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဦး အောက်စဖို့(ဒ်) တက္ကသိုလ်တွင် လက်တင်ဘာသာနှင့် ဂရိဘာသာတို့ကို အထူးဂုဏ်ပြုကာ သင်ကြားအားထုတ်လေသည်။

သူသည် အနောက်တိုင်းဘာသာတွဲများဖြစ်သော တူရကီနှင့် စပိန်ဘာသာ၊ ပေါ်တူဂီဘာသာတို့ကိုလည်း စိတ်ဝင်စားကာ သုတေသနပြု လေ့လာခဲ့လေသည်။

သူ ပြောသကဲ့သို့ပင် အချိန်ကာလများသည် တရွေ့ရွေ့ ကုန်ဆုံးလာ၏။ တစ်ပတ်လျှင် တစ်ကြိမ်ခန့် မထားရီထံသို့ စာတစ်စောင် မှန်မှန်ရေးလေ့ရှိသည်။

ချစ်ရသော ထား . . .

"ဒီမှာတော့ နှင်းတွေအများကြီး ကျနေတယ်ကွယ်၊ ထားတို့ဆီမှာရော နှင်းတွေ ကျသလားဟင်၊ အန်ကယ် ဝတ်လုံတော်ရ ဦးမြင့်ရော အလုပ်တွေ သိပ်များနေလား၊ အောက်စဖို့(ဒ်) တက္ကသိုလ်မှာလဲ ဥပဒေပညာ သုတေသန စာတမ်းဖတ်ပွဲ လုပ်တယ်။ အန်ကယ်ဦးမြင့်အတွက် စာတမ်းတွေကို ကူးယူပြီး သိမ်းထားတယ်လို့ ပြောပြပေးပါနော်။

ထားတွေကတော့ သိပ်များတာပဲ ထားရေ။

ဒါပေမယ့် ကိုဦး သဘောကျတာက ပညာရပ်တစ်ခုကို စနစ်တကျ လေ့လာနည်းကို သင်ပေးတာပဲ၊ သူတို့ သင်ပေးတော့မှ မြန်မာပြည်မှာ လေ့လာစရာ၊ သုတေသန ပြုစရာတွေ အများကြီး ရှိတယ်ဆိုတာ သိရတော့တယ်။ ကိုဦး ပြန်လာရင် ထားနဲ့ အတူတူ မြို့ဟောင်းတွေကို သွားပြီး လေ့လာမယ်လို့ စိတ်ကူးထားတယ်။

ထားကိုလဲ သိပ်သတိရတယ်။

ထားတစ်ယောက် ကျန်းမာပျော်ရွှင်ပါစေလို့ ကိုဦး ဆုတောင်းလိုက်ပါတယ်"

မထားရီသည် တင်မောင်ဦးထံမှ စာလေးကို ရင်ခွင်တွင်ကပ်ကာ ပြုံးနေလေသည်။ ဘီဆဲထုံးထုံးထားသော မထားရီ၏အမေ ဒေါ်ခင်ခင်ရီက သမီးအကြောင်းသိသူ ဖြစ်၍ လှမ်းကြည့်လိုက်သည်။

"သမီး မောင်တင်မောင်ဦးက ဘာတွေများ ရေးပို့လိုက်သလဲကွယ့်"

"သတိရကြောင်း ရေးလိုက်တာပါ မေမေ၊ သူတို့ဆီမှာ ဥပဒေစာတမ်းဖတ်ပွဲတွေ လုပ်လို့၊ ဖေဖေ့အတွက်





စာတမ်းတွေ ကူးထားတယ်တဲ့"

မောင့်ကျက်သရေ ခေါင်းပေါင်းဘူးကို ပိုက်ကာ တိုက်ပုံအင်္ကျီအနက်ဖြင့် အိပ်ခန်းထဲမှ ထွက်လာသော ဝတ်လုံတော်ရ ဦးမြင့်က ထိုစကားကို ကြားသွားသည်။

"မောင်တင်မောင်ဦးဆီက စာတမ်းတွေ အမြန်ပို့ပေးဖို့ အမြန်ရေးလိုက်ပါ သမီး၊ အောက်စဖို့(ဒ်)က ဥပဒေစာတမ်းတွေဟာ ကာလကတ္တားတို့၊ နယူးဒေလီတို့က ဝတ်လုံတော်ရတွေလဲ အလုအယက် လေ့လာရတယ်"

"ဟုတ်လား ဖေဖေ"

"ဟုတ်တာပေါ့ ဖေဖေတို့ဆီမှာက အိန္ဒိယဥပဒေကိုပဲ အသုံးပြုနေရတာကိုး၊ ဥပဒေပညာရဲ့ ခက်ခဲရှုပ်ထွေးတဲ့ သဘောတရားတွေကို အောက်စဖို့(ဒ်) တက္ကသိုလ်က ဥပဒေပညာရှင်တွေ ရှင်းလင်းပြောပြတာ သိပ်တန်ဘိုးရှိတာ"

"သမီး စာပြန်ရေးလိုက်ပါ့မယ် ဖေဖေ၊ ကိုဦးက နိုင်ငံခြားမှာ နေတာတောင် ဖေဖေ့အတွက် သတိရတယ်နော်"

"လူတော်လေးပဲ သမီးရယ်၊ ဒီခေတ်မှာ သူ့လိုပညာကြိုးစားပြီး သူ့လိုသိတတ်တဲ့ လူမျိုးက ရှားမှရှားပါပဲ၊ ဟဲ့ . . ငွေကြည်"

"ရှင်"

"ဒရိုင်ဘာ မောင်သောင်းကို ကားထုတ်လို့ရပြီလို့ ပြောလိုက်"

အိမ်ဖော်မလေး ငွေကြည်သည် တိုက်တံခါးပေါက်မှ ထွက်သွားသည်။ ခြေရင်းဘက်ရှိ ကားဂိုဒေါင်တွင် ကားကို ရေဆေးနေသော ဒရိုင်ဘာ မောင်သောင်းကို တွေ့သည်နှင့် . .

"ကိုသောင်း၊ ဦးလေးက ကားထုတ်လာလို့ ရပြီတဲ့"

ဟု ပြောလိုက်၏။

"အေး . . အေး"

ကိုလိုနီခေတ်က ခေတ်အစားဆုံးဖြစ်သည့် အော်စတင်ကားနက်လေးသည် ကားဂိုဒေါင်ထဲ တအိအိလိမ့်ထွက်လာကာ၊ မကြာမီ တိုက်တံခါးဝ ဆင်ဝင်အောက်သို့ ရောက်လာလေသည်။ ငွေကြည်က

"ကား ရောက်လာပြီ ဦးလေး"

ဟုပြောလိုက်သည်နှင့် သားရေအိတ်အနက်ကို ဆွဲကာ ထွက်လာသည်။ မောင်သောင်းက ခေါင်းပေါင်းဘူးကို ပြေးကာယူ၍ ကားတံခါးဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဝတ်လုံတော်ရ ဦးမြင့်နှင့် ကျောက်စာဝန် ဦးစိန်မြတ်တို့မှာ ရင်းနှီးသောမိတ်ဆွေများ ဖြစ်သကဲ့သို့ ဝတ်လုံတော်ရကတော် ဒေါ်ခင်ခင်ရီမှာလည်း ဦးစိန်မြတ်၏ဇနီး ဒေါ်တင်တင်နှင့် အလွန်ရင်းနှီးခင်မင်သူများပင် ဖြစ်သည်။

သို့သော် ဒေါ်တင်တင်မှာ အသက်မရှည်ရှာပေ။ တင်မောင်ဦး ဆယ်နှစ်သားမှာပင် မီးမရောဂါဖြင့် ကွယ်လွန်သွားရှာသည်။

သည်တော့ ဒေါ်ခင်ခင်ရီသည် သမီးတစ်ဦးသာ ရှိသူဖြစ်၍ ဒေါ်တင်တင်၏သား တင်မောင်ဦးကိုပင် သူ့သားအရင်းလို သဘောထားဆက်ဆံခဲ့လေသည်။

တင်မောင်ဦးကလည်း ဒေါ်ခင်ခင်ရီကို မိခင်ကဲ့သို့ပင် လေးစားမြတ်နိုးခဲ့သည်။ ဒေါ်ခင်ခင်ရီသည် တင်မောင်ဦး ကြိုက်တတ်သော ချဉ်ပေါင်ချဉ်ဟင်း၊ သစ်သီးကုလားဟင်းတို့ကို ချက်တိုင်း တင်မောင်ဦး အိမ်သို့ ပို့နိုင်းတတ်လေသည်။

ထို့ကြောင့်(ဘောင်ဒရီလမ်း)နှင့်(တာဝါလိန်း)လမ်းတွင် နေကြသော မိသားစုနှစ်စုမှာ နှစ်အိမ်တစ်အိမ်ကဲ့သို့ သဘောထားကာ စားသောက်နေထိုင်ကြသူများ ဖြစ်လေသည်။

တင်မောင်ဦးက အောက်စဖို့(ဒ်)တွင် စာပေသင်ကြားနေသူ ဖြစ်







သောကြောင့် မကြာခဏ စာပေရေးသားခြင်းမပြုရန် ဒေါ်ခင်ခင်ရီက မထားရီကို ပြောထားသည်။

အကယ်၍ တင်မောင်ဦး မြန်မာပြည်သို့ ပြန်ရောက်လျှင်လည်း 'စထရင်းဟိုက်ယ်'တွင် ခမ်းခမ်းနားနား မင်္ဂလာဆောင်နှင်းပေးရန် ရည်ရွယ်ထားသည်။

ဆွယ်တာအကျီ ထိုးနေသော ခင်ထားရီကို ကြည့်ကာ "သမီး"ဟု ဒေါ်ခင်ခင်ရီက ခေါ်လိုက်၏။

"ရှင်"

"မောင်တင်မောင်ဦး နိုင်ငံခြားသွားနေတာ ဘယ်နှစ်နှစ်ရှိပြီလဲ"

"နှစ်နှစ်ကျော်ပြီပေါ့ မေမေရဲ့"

"အင်း . . ပြန်လာကာ နီးပါပြီ။ မောင်တင်မောင်ဦး ပြန်လာရင် တိုင်ပင်ပြီးတော့ မင်္ဂလာရက်ရွေးရမယ်"

"အို . . မေမေကလဲ"

မထားရီက ရှက်ရွံ့သွားသည်။

"ဒါ . . ရှက်စရာမှ မဟုတ်ဘဲ သမီးရဲ့၊ ခုပဲ သမီးအသက်က နှစ်ဆယ်ကျော်ရှိနေပြီ၊ ဒီအရွယ်ဟာ အိမ်ထောင်ပြုရမယ့်အရွယ်ပဲ"

"သမီးကတော့ ဒါတွေကို စိတ်မကူးချင်သေးပါဘူး၊ ကလေးလိုပဲ မေမေတို့နဲ့ နေချင်သေးတာ"

မထားရီက နွဲ့ကာ ပြောလိုက်သည်။

"မေမေတို့က အသက်ကြီးလာပြီ၊ ကျောက်စာဝန် ကိုစိန်မြတ်ဆိုရင် ပိုတောင်မှ မေမေတို့ထက် ကြီးသေးတယ်၊ သူကလဲ နှလုံးရောဂါသည်ဆိုတော့၊ ခု သူ့အင်မတန် သွားချင်တဲ့ ထားဝယ်မြို့တောင် မသွားနိုင်တော့ဘူး၊ ဒါကြောင့် သမီးတို့နှစ်ယောက်ကို ကိုစိန်မြတ်က သူ မျက်လုံးမမှိတ်ခင်မှာ တင့်တင့်တယ်တယ် မင်္ဂလာဆောင်ပေးချင်တယ်"

မထားရီက ခေါင်းညိတ်လိုက်သည်။

"ဦးလေး ဦးစိန်မြတ်က ဟိုတစ်နေ့က ဆေးရုံတက်ချင်သလိုလို ပြောနေတယ် မေမေရဲ့၊ ဖေဖေပြောတာ မကြားဘူးလား"

"ဟင် . . ဟုတ်လား၊ ဆေးရုံတက်ချင်လဲ တို့က စီစဉ်ပေးရမှာပေါ့၊ ရန်ကုန်မှာ သူ့ဆွေမျိုးအသိုင်းအဝိုင်းက သိပ်ရှိတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဖုန်းဆက်ကြည့်ပါ့လား၊ ဒီအချိန်ဆိုရင်တော့ ဦးလေးက အိမ်မှာရှိမှာပါ"

"နေပါဦး သမီးရယ်၊ သမီးဖေဖေပါ ပါမှ ကောင်းမှာပေါ့၊ ညနေမှ ကြည့်စီစဉ်တာပေါ့"

ဦးစိန်မြတ်သည် နှလုံးရောဂါကြောင့် အသက်ရှူ၍ မကောင်းဖြစ်နေရာ၊ ထိုနေ့ညနေတွင် မောစပြုလာသည်။

သူ့သားပြန်လာလျှင် ဖတ်ရန်အတွက် ရေးသားနေသော မှာတမ်းရှည်ကြီးကိုလည်း အိတ်ပိတ်ကာ သား၏စားပွဲပေါ်တွင် တင်ထားလိုက်သည်။

ငယ်စဉ်ကတည်းက တင်မောင်ဦးသည် သူ့စားပွဲပေါ်တွင် ရေးသားထားသောစာကို ဖတ်ရလေ့ရှိသည်။

ကျောက်စာဝန် ဦးစိန်မြတ်က သွားစရာရှိလျှင် ထိုသို့ပင် စာပွဲပေါ်၌ မှာတမ်းစာကြီး ရေးသားထားရှိခဲ့ကာ သွားလေ့ရှိသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ဝတ်လုံတော်ရ ဦးမြင့်၊ ဒေါ်ခင်ခင်ရီနှင့် မထားရီတို့က ဦးစိန်မြတ် အိမ်သို့ ရောက်ရှိလာလေသည်။

"ကိုစိန်မြတ် ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲ"

အိမ်တံခါးကို အိမ်မှ ထမင်းချက် ဖိုးတင်က ဖွင့်ပေးပြီး အိပ်ခန်းထဲသို့ လိုက်ပို့သည်။ ကျောက်စာဝန်ကြီး ဦးစိန်မြတ်မှာ အိပ်ရာပေါ်တွင် လှဲလျောင်းနေ၏။ သူ၏အသားအရေမှာလည်း ဖြူဖျော့ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ဝတ်လုံတော်ရ ဦးမြင့်သည် ရက်ပိုင်းအတွင်း ပိန်လှီကာ ဖြူဖပ်ဖြူရော်ဖြစ်သွားသော ကျောက်စာဝန် ဦးစိန်မြတ်ကို ကြည့်ကာ အံ့အားသင့်လျက်

"ဘယ်လိုဖြစ်ရတာလဲ ကိုစိန်မြတ်ရာ၊ ခုရက်ပိုင်းပဲ နေမကောင်းတဲ့ဟာ"

ဟု ပြောလိုက်သည်။

"ဟုတ်တယ်ဗျာ ဦးမြင့်ရား ကျုပ် နှလုံးအားနည်းနေတယ် ထင်တယ်။ ကျုပ် အိပ်ပျော်တိုင်း အောင်ဘွားနဲ့ မြိတ်မင်းသားက ဦးထိုက်ကျင်ကို ခေါ်ခေါ်လာပြီး ကျုပ်ကို ခင်ဗျားကြီး ဒီဟာကို ရအောင် မရှာနိုင်ဘူး မဟုတ်လားလို့ မေးတယ်"

"ဘာကို ရှာနိုင်းတာလဲဗျ"





"အင်း . . ပုလင်းကြီးတစ်လုံးပါဗျာ၊ အဲဒီပုလင်းထဲမှာ ပေစာလိုလို မှိုင်းကိုင်စက္ကူနဲ့ ရေးထားတဲ့ မြေပုံလိုလိုဟာ ရှိတယ်။ ပင်လယ်ထဲမှာ ကျုပ်လက်ထဲက လွတ်ကျသွားတာ"

"အော် . . စိတ်စွဲလို့ ဖြစ်မှာပါ"

✦ ✦ ✦

အောက်စဖို့(ဒ်) တက္ကသိုလ်တွင် အရှေ့ဖျားဒေသ သမိုင်းဘာသာရပ်ကို သင်ကြားနေသော တင်မောင်ဦးမှာ ဖခင်ကြီးမကျန်းမာ၍ ဆေးရုံတင်လိုက်ရကြောင်း သတင်းကို ကြားသိရ၏။

သို့သော် စာမေးပွဲနီးနေပြီ ဖြစ်သောကြောင့် ဦးမြင့်တို့ထံသို့ ပြန်၍ မဖြစ်တော့ပေ။ မထားရီနှင့် ဝတ်လုံတော်ရ ဦးမြင့်တို့ကိုသာ သူ့အဖေအား ကျေးဇူးပြု၍ စောင့်ရှောက်ပေးပါရန်နှင့် စာမေးပွဲရက်ကြောင့် မလာနိုင်ကြောင်း ပြန်ကြားလိုက်လေသည်။

ဦးအောင်ဘွားနှင့် ဦးထိုက်ကျင်တို့ကို မကြာခဏ အိပ်မက်ထဲ၌ လှေကြီးပေါ်တွင် တွေ့ရှိရပြီးနောက်၊ ကျောက်စာဝန် ဦးစိန်မြတ်မှာ ထိုအကြောင်းများကို ဦးမြင့်အား ပြောကြားခဲ့သည်။

ဝတ်လုံတော်ရ ဦးမြင့်မှာ ဦးစိန်မြတ်ပြောဆိုသော အကြောင်းအရာများမှာ ထားဝယ်-တနင်္သာရီနှင့် မြိတ်ကျွန်းစုများတွင် နေခဲ့စဉ်က စိတ်စွဲသော အဖြစ်အပျက်များ ဖြစ်မည်ဟု ထင်မှတ်နေခဲ့လေသည်။

တင်မောင်ဦး စာမေးပွဲဖြေသော ရက်မှာပင် ကျောက်စာဝန် ဦးစိန်မြတ်မှာ ကွယ်လွန်သွားလေတော့သည်။ မထားရီသည် စိတ်မကောင်းစွာနှင့်ပင် စာရေးသားကာ ပေးရင်း သူ၏ဖခင်က အိတ်ပိတ်ကာ ထားခဲ့သော စာကိုလည်း ပေးပို့ခဲ့လေတော့သည်။

စာထဲတွင် ထားဝယ်မြို့၌ ဖြစ်ပျက်ခဲ့သော ကိစ္စများကို ရေးသားထားပြီး ထူးဆန်းသော လူကြီးသုံးယောက်နှင့် ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို ရှာဖွေရန် မှာကြားခဲ့လေသည်။

စာထဲ၌ ပင်လယ်ပြင်၏ ဆိုးရွားရက်စက်မှု၊ မြိတ်ကျွန်းစုမှ ပင်လယ် ဓားပြမှတ်တမ်းများကိုလည်း သွားရောက်ဖတ်ရှုရန်နှင့် ထားဝယ်ပိပ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းသို့လည်း မကြာခဏ သွားရောက်လှေလာရန် မှာကြားခဲ့လေသည်။

ထိုစာကို ဖတ်ရှုပြီးနောက် တင်မောင်ဦးသည် သူ၏အဖေမှာ မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျောက်စာများကို ဖတ်ရှုပြီးနောက် သေခါနီးအထိပင် သားဖြစ်သူအား ကျောက်စာများလှေလာရန် မှာကြားသွားခြင်း ဖြစ်မည်ဟု ထင်မှတ်နေခဲ့လေသည်။

"အဖေကဂဲ သေကာနီးအထိ ကျောက်စာတွေ သုတေသနလုပ်တဲ့ အာရုံက စွဲနေတာပဲ၊ အဖေပြောတဲ့ လူသုံးဦးကိုတော့ တွေ့အောင် ရှာရမှာပေါ့လေ"

တင်မောင်ဦးက ပေါ့ပေါ့တန်တန်ပင် သဘောထားကာ တစ်နှစ်သာကျန် တော့သည့် ကျောင်းကို ပြီးအောင် ဆက်၍ တက်နေလေတော့သည်။ သူ့ဘဝသည် ဦးစိန်မြတ်မရှိတော့သည့်နောက် မိဘမဲ့ဖြစ်ကာ လွတ်လပ်သော လယ်ပြင်၌ လမ်းလျှောက်နေရသောသူနှင့် တူနေလေတော့၏။

မထားရီကတော့ သူ့မိဘများအား ကျောက်စာဝန် ဦးစိန်မြတ်မရှိသည့်နောက် တင်မောင်ဦးအား ပို၍ ဂရုစိုက်ရန် ပြောကြားလိုက်သည်။



"စိတ်ချပါ သမီးရယ်၊ သမီးကိုဦးကလဲ မိသာစုမရှိတော့ မေမေတို့ကို ခင်တွယ်နေမှာ အမှန်ပဲ၊ သူ ဘယ်နေ့ပြန်လာမယ်ပြောလဲ"

"ရှေ့လဆန်း(၃)ရက်နေ့ ပြန်လာမယ် ပြောတယ် မေမေ"

"အော် . . သမီးက ဒါကြောင့် သတိပေးစကားပြောကြားတာကိုး"

"ဟုတ်တယ် မေမေရဲ့၊ ကိုဦးက ပြန်ရောက်လာရင်လဲ သူ့အဖေကို သတိရလို့ စိတ်သက်သာရာ ရမှာမဟုတ်ဘူး၊ သူ့စိတ်ကို ကြည်လင်ပြီး ပြေသာအောင် သမီးတို့က အလိုက်သိမှ ဖြစ်မယ်"

"အောင်မယ်လေး သိတတ်လိုက်တဲ့ သမီးအလိမ္မာလေးရယ်၊ မေမေတို့ရဲ့ သမီးမို့ပြောတာ မဟုတ်ဘူး မောင်တင်မောင်ဦးတော့ သမီးလို မိန်းကလေးနဲ့ လက်ထပ်ရတာ တစ်သက်လုံး ပျော်ရွှင်ကျေနပ်ရမှာပဲ"

မထားရီက ရှက်ကာ အိမ်ပေါ်ထပ်သို့ တက်သွားသည်။ သို့သော် အခန်းထဲသို့ ရောက်သောအခါ မကြာမီ အအိုဘဝပြောင်းရတော့မည့် သူမ၏ ခန္ဓာကိုယ်ကို မက်မောစွာ ကြည့်ရှုနေမိလေသည်။

ဿ ဿ ဿ

လဆန်း(၃)ရက်နေ့သို့ ရောက်သောအခါတွင် တင်မောင်ဦးသည် မြန်မာနိုင်ငံသို့ စာရေးသားခဲ့သည့်အတိုင်း ပြန်၍ ရောက်လာသည်။

မင်္ဂလာဒုံလေဆိပ်မှ အော်စတင်ကားနက်လေးဖြင့် ဝတ်လုံတော်ရဦးမြင့်နှင့် သမီးမထားရီတို့က သွားရောက်ကြိုဆိုခဲ့ကြလေသည်။

နိုင်ငံခြားမှ ပြန်လာသော တင်မောင်ဦးမှာ အသားအရေပိုဖြူလာပြီး၊ အရပ်အမောင်းပင် ပိုမြင့်လာသည်ဟု ထင်မှတ်ရလေသည်။ နိုင်ငံခြားသားများကြားမှ ထွက်လာသော တင်မောင်ဦးကို မထားရီသည် ပြုံး၍ ပြကာ

"ကိုဦးက မြန်မာပြည်မှာနေတာထက်ပိုပြီးတော့ ဝလာတယ်"

ဟုပြောလိုက်သည်။

"အားလုံး နေကောင်းကြတယ် မဟုတ်လား ၊ ဒေါ်ဒေါ်ရော မပါဘူးလား"

"မပါဘူးကွယ်၊ မင်း အဒေါ်ကတော့ ညစာစားပွဲအတွက် စီစဉ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ခမ်းခမ်းနားနား လုပ်ဖို့ မလိုပါဘူးဗျာ၊ အသိမိတ်ဆွေ နည်းနည်းလောက်ပါရင် ဖြစ်တာပါပဲ"

"မရဘူးလေ၊မင်းအဒေါ်ခင်ခင်ရီအကြောင်း သိတယ်မဟုတ်လား မောင်တင်မောင်ဦးရဲ့၊ သူက သူ့အမျိုးတွေနဲ့ မိတ်ဆွေတွေဖိတ်ပြီး 'ဒင်းနားပါတီ'ကို စည်စည်ကားကား လုပ်ချင်တာ"

ဒေါ်ခင်ခင်ရီက ခေတ်ဆန်သည်။ 'ဒင်းနားပါတီ' များကို လူငယ်များနှင့်အတူ သွားကာ ဆင်နွှဲလေ့ရှိသည်။ အသက်ကလည်း လေးဆယ်အရွယ်သာသာ ရှိသေးသည်မို့၊ပိုကာဝိုင်းများတွေ့လျှင်လည်း ဝတ်လုံတော်ရကတော်ပီပီ ထိုင်ချင်တတ်သေးသည်။

အကြောင်းသိ ဖြစ်နေသော တင်မောင်ဦးက ပြုံးလျက် ဝတ်လုံတော်ရဦးမြင့်အား . .

"ဒေါ်ဒေါ်က ခုထိ နပျိုနေတုန်းပဲဆိုတာ ပြနေတာပေါ့ ဦးရယ်"

ဟု ပြောလိုက်၏။

"တွေ့လား ဖေဖေ၊ ကိုဦးက မေမေ့ကို ထောက်ခံမှာပါလို့ သမီးပြောတယ်မဟုတ်လား"

မထားရီက မြန်မာဆန်သူဖြစ်သောကြောင့် ဒင်းနားပါတီလို ညစာစားကြ၊ ကကြ၊ တီးကြ၊ မှုတ်ကြ လုပ်သည်ကို သိပ်စိတ်မပါလှပေ။

"အံမယ် ထားက စိတ်မပါဘူးလား၊ ထားလဲ ကချင်တဲ့အထဲမှာ ပါတာပဲမို့လား"

"ဒါတော့ ကိုဦးရယ်၊ ထားက အဘွားကြီးအရွယ်မှ မဖြစ်သေးတာ၊ မေမေတို့အရွယ်ဆိုရင် ထား ဘာလုပ်မလဲဆိုတာကို ကိုဦး ကြည့်ထား"

"ဘာလဲ သမီးအမေလို ပိုကာဝိုင်းမှာ ထူနွှေးရရ သွားထိုင်မယ့်ဆိုပါတော့"

"ကြည့် . . ဖေဖေကပါ သမီးကို အကောင်းမမြင်ဘူး"

အော်စတင်ကားနက်လေးသည် တဟားဟားရယ်သံများဖြင့် မင်္ဂလာဒုံလေဆိပ်ထဲမှ ထွက်လာလေတော့သည်။

"ကိုဦး"

'ဟင်"

"ထား မှာတာတွေ ပါလား"

"ပါပါတယ် ထားရယ်၊ ထားမှာတာအပြင် ကိုဦးက ကိုယ့်စိတ်ကူးနဲ့





ကိုယ် ဝယ်လာတာတွေတောင်ရှိသေး"

"ဘာတွေလဲ"

"ခု ပြောလို့ ဘယ်ဖြစ်မလဲ၊ အိမ်ရောက်တော့မှ ထား ဝမ်းသာသွားအောင် ပြမှာပေါ့၊ ဦးလေးအတွက်လဲ လန်ဒန်ဆေးတံသောက်ဆေး ပါတယ်၊ သက္ကလပ်ဦးထုပ်နဲ့ တုတ်ကောက်လဲ ပါတယ်"

"ဟာ . . မင်းက ငါ့ကို အသက်သိပ်ကြီးပြီလို့ ဆိုတာလား မောင်တင်မောင်ဦး"

"မဟုတ်ပါဘူး ဦးရယ်၊ အင်္ဂလန်နိုင်ငံက လူကြီးတွေဆို သိပ်စမတ်ကျတား ကြိုက်ကြတယ် မဟုတ်လား၊ ဒါကြောင့် အနောက်တိုင်းဝတ်စုံနဲ့ တုတ်ကောက်၊ ဦးထုပ်တွေကို ဦးစားပေးဝယ်တာပေါ့"

"ဟုတ်သားပဲ ဖေဖေရဲ့"

"အင်း . . သမီးကလဲ ဖေဖေ့ကို မကောင်းကျောင်းပို့ လုပ်ချင်ပြီ ထင်တယ်"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

ခရေပင်၊ ပိန္နဲပင်နှင့် ကုံကော်ပင်များပေါ်တွင် လျှပ်စစ်ကြိုးများ သွယ်တန်းကာ မီးလုံးရောင်စုံလေးများကို ချိတ်ဆွဲထားသည်။ အချို့ဆိုလျှင် မှိတ်လိုက်ဖွင့်လိုက် အော်တိုမတ်တစ်မီးသီးလေးများ ကြောင့် သစ်ပင်သစ်ခက်တို့နှင့် လှပနေလေသည်။

ကန်းထရီးဆောင်းခေါ် ညက်ညောသော အနောက်တိုင်းတီးလုံးက ခပ်တိုးတိုးလွှင့်ပျံ့လျက် ရှိသည်။ သစ်ပင်ရိပ်နှင့် ခြံထဲရှိ ပန်းပင်များကြားတွင် စားပွဲနှင့် ခုံများချထားသောကြောင့် လမ်းပေါ်မှ ဖြတ်သွားသည့်သူများပင် ငေးမောကြည့်ရှုစရာ ဖြစ်နေလေသည်။

ဝတ်လုံတော်ရ ဦးမြင့်နှင့် ဒေါ်ခင်ခင်ရီတို့၏သမီး မထားရီနှင့်၊ နိုင်ငံခြားပြန် တင်မောင်ဦးတို့မှာ မကြာမီလက်ထပ်ကြမည့်စုံတွဲ ဖြစ်သည်ကို၊ ဆွေမျိုးများနှင့် ကန်တော်ကြီးပတ်ဝန်းကျင်တွင် နေထိုင်သော မိတ်ဆွေများက အသိအမှတ်ပြုထားကြသည်။

"အိုင်ဆေး ကိုတင်မောင်ဦး ဒါကတော့ မင်္ဂလာအကြိုဆိုပါတော့ဗျာ"

"ဗွတ်လပ်ဗျာ . . ဗွတ်လပ် ကိုတင်မောင်ဦး"

အစရှိသော အသံများက ခြံထဲတွင် ဆူညံနေသည်။ အမှန်တော့ ဝတ်





လုံတော်ရ ဦးမြင့်တို့မိသားစုသည် တင်မောင်ဦး ရောက်ရောက်ချင်း ညစာစားပွဲလုပ်ရသည်မှာ စိတ်သက်သာမှုနှင့် ပျော်ရွှင်မှုရရှိစေရန်အတွက်ပင် ဖြစ်သည်။

ယခင်က ညြခံထဲသို့ လာတိုင်း တင်မောင်ဦး၏အဖေသည် တယောပြားလေးကိုပါ ယူလာတတ်သည်။ ရွှဲနဲ့သော တယောပြားလေးကို ထိုးကာ မြန်မာ့ဦးစွန်းအနောက်မယွန်းမိက ရွှေများဖက်သွင်းခဲ့ကြသော ပျို့များလင်္ကာများကို သီဆိုတီးမှုတ်လေ့ရှိသည်။

ယမကာကြိုက်သော ကျောက်တာဝန်နှင့် ဝတ်လုံတော်ရတို့နှစ်ဦးတည်း ရှေးဟောင်းနှောင်းဖြစ်များ ပြောကာ အချိန်ဖြုန်းကြသည်။

တင်မောင်ဦးနှင့် မထားရီတို့ကတော့ ခွေးတုံ့ဆိပ်ဓာတ်ပြားတိုက်မှ ထုတ်သော ဓာတ်ပြားသီချင်းများကို နားထောင်ကြသည်။

ထိုအဖြစ်အပျက်ကို သတိမရစိမ့်သော်ငှာ၊ ဆူဆူညံညံဒင်းနားပါတီဖြင့် တင်မောင်ဦးကို ကြိုဆိုလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

စားသောက်ပွဲကို 'ဘူးဖေး' ခေါ် မိမိနှစ်သက်ရာ ယူဆောင်ကာ စားနိုင်သော စနစ်ဖြင့် ကျွေးမွေးပြီး အရက်ကောင်တာမှ မိမိနှစ်သက်ရာ ယမကာကို ယူကာ သောက်သုံးနိုင်ကြသည်။

တင်မောင်ဦးသည် အောက်စဖို့ဒ် တက္ကသိုလ်ထွက်ဖြစ်သောကြောင့် စတိုင်ကျကျနှင့် လူကြီးလူကောင်း ပီသစွာ အရက်သောက်တတ်နေပြီ ဖြစ်လေသည်။

မထားရီသည် သူမ၏ကျောင်းနေဖက် သူငယ်ချင်းများဖြစ်သော သွယ်သွယ်၊ ချိုမီနှင့် မာဂရက်တို့နှင့်အတူ ထိုင်နေသည်။

သွယ်သွယ်သည် စမတ်ကျလှသော တင်မောင်ဦးကို ကြည့်ကာ

"ရီရေ"

ဟု ခေါ်လိုက်၏။

"ဘာလဲ သွယ်"

"သွယ်တော့လေ ရီ့လူကို ကြည့်ရင်း ကြည့်ရင်း ပြစ်မှားချင်လာပြီ"

"ဒါတော့ ချမ်းသာပေးပါကွာ"

သူတို့ စကားပြောနေစဉ်မှာပင် တီးဝိုင်းမှ တီးလုံးသံက ခပ်ငြိမ့်ငြိမ့်လေး ထွက်လာသည်။ မထားရီသည် သူ့သူ



www.burmeseclassic.com

www.burmeseclassic.com





ငယ်ချင်းများက တင်မောင်ဦးနှင့် ဦးဖွာ တွဲကမည်ကို စိုးရိမ်သောကြောင့် တင်မောင်ဦးထံသို့ သွားကာ လက်ကို ကမ်းလိုက်၏။

တင်မောင်ဦးကလည်း အခြားစုံတွဲများကဲ့သို့ပင် မထားရီ၏လက်ကို ဆွဲယူကာ ဆိုင်းချက်ဖြင့် အလိုက်သင့် ကနေကြလေတော့သည်။

ဝတ်ကောင်း စားလှုဝတ်ဆင်ထားကြသူများမှာ စားပွဲတွင် ထိုင်ကာ စားသောက်၍လည်းကောင်း၊ အရက်ကောင်တာသို့ လမ်းလျှောက်၍လည်းကောင်း၊ (တာဝါလိန်း)ခြံကြီးထဲ၌ နတ်ပြည်တမျှပင် စည်ကားလျက် ရှိနေလေတော့သည်။

တီးလုံးတစ်ပိုဒ် ပြီးသောအခါ လက်ခုပ်သံများနှင့်အတူ ကိုယ်ပိုင်းရှိရာသို့ ကိုယ် ပြန်လာကြရလေတော့သည်။

ထိုအခါ ကုတ်အင်္ကျီဝတ်ပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိသည့် လူကြီးတစ်ဦးက တင်မောင်ဦးစားပွဲတွင် ထိုင်နေသည်ကို တွေ့ရလေသည်။

ဿ ဿ ဿ

"ခင်ဗျား ဘယ်သူလဲ"

တင်မောင်ဦးက ညှော်ခံပွဲတွင် အသွင်ခြားနားလှသည့် ကုတ်အင်္ကျီနှမ်းနှမ်း၊ မုတ်ဆိတ်ပါးသိုင်းများနှင့် အသက်ခြောက်ဆယ်ဝန်းကျင် လူကြီးကို မေးမြန်းလိုက်သည်။ ကွမ်းစားထားသည့်သွားများ ပေါ်အောင်ပင် ဦးထုပ်စုတ်နှင့် လူကြီးက ရယ်လိုက်၏။

"တင်မောင်ဦး၊ မင်းက ငါ့ကို မသိဘူးကိုး၊ အေးလေ . . ငါ မင်း ငယ်ငယ်က ချီပိုးခဲ့ဖူးပါတယ်ကွာ၊ ငါ့နာမည် ငှက်ကြီး ဒေါ်တယ်"

"ဗျာ"

"ငှက်ကြီးကွာ ငှက်ကြီး၊ နာမည်က မှတ်ရလွယ်ပါတယ်၊ ကဲ . . ငါ့ကို မင်းတို့ ဘူးဖေး ပါတီက ကောင်းနိုးရာရာလေးတွေ ထည့်ပြီး ယူလာခဲ့စမ်းပါ၊ ရန်ကုန်ရောက်မှ ငါ ဗိုက်ပေါ်တော်ဆာနေသကွ၊ စားလို့လဲ မဝသလိုပဲ"

တင်မောင်ဦးမှာ ပတ်ဝန်းကျင်ရှိ ဧည့်ကောင်းဆောင်ကောင်းများက စုတ်ပြတ်သော လူကြီးနှင့်သူ အတူရှိနေသည်ကို မြင်တွေ့သွားမည်ကို စိုးရိမ်သွား၏။ ထို့ကြောင့် မြန်မြန်ကျွေးကာ





www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ပြန်နိုင်းမည်ဟု စိတ်ကူးကာ

"ဦးကြီးက စားချင်လို့လား၊ ကျွန်တော် ယူနိုင်းလိုက်မယ်"

ဟုဆိုကာ ဟိုတယ်မှ လာရောက်ညွှန်ခံသော လူငယ်လေးအား စားသောက်ဖွယ်ရာများ တစ်ပန်းကန် ထည့်ယူလာရန် မှာကြားလိုက်သည်။

သူ့ကိုယ်သူ ငှက်ကြီးဟု ပြောသောလူကြီးက ထလိုက်ကာ

"ဟော့ . . အသီးအနှံတွေ မစားဘူးနော်၊ ဝက်၊ ကြက်၊ ဘဲ၊ ဂဏန်း၊ ငါးပဲ ထည့်ခဲ့၊ လူဆိုတာ သေကာနီးရင် ဘယ်သူမှ မကောင်းတဲ့ဟင်း မကျွေးကြဘူးကွ"

ဟု ပြောလိုက်သည်။

အောက်စဖို့ဒ် တက္ကသိုလ်မှ ပြန်လာသော တင်မောင်ဦးမှာ ထိုလူကြီး၏ စကားကို နားထောင်ရင်း အတွေးတစ်စရရှိသွားသည်။

"ဦးကြီး"

"ဟော"

"ဦးကြီးမှာ အကြောင်းတစ်ခုခု ရှိလိမ့်မယ် ထင်တယ်"

"အေး . . ရှိတယ်၊ ဒါပေမယ့် မင်းအဖေ သေသွားပြီဆိုတော့ကွာ၊ ပြောရဆိုရတာ သိပ်အားမရှိဘူး"

"ကျွန်တော့်ကို ပြောလို့မရဘူးလား"

တင်မောင်ဦးက အရဲစွန့်ကာ ပြောလိုက်သည်။ ဆံပင်များကြားမှ စူးရှရှမျက်လုံးများဖြင့် ငှက်ကြီးက တင်မောင်ဦးကို အကဲခတ်လိုက်သည်။

"မင်းက လူစွမ်းလူစ ရှိပါ့မလား ဆိုတာ၊ ငါ သေချာမသိသေးဘူး"

ငှက်ကြီး၏ စကားက တင်မောင်ဦး၏ စိတ်ကို ဆွပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။

"ဗျာ . . ဘာလို့ ကျွန်တော်က လူစွမ်းလူစ မရှိရမှာ၊ အောက်စဖို့ဒ် တက္ကသိုလ်က ကျောင်းတက်ပြီး ပြန်လာတာဗျ"

ငှက်ကြီးက တင်မောင်ဦး၏ မာနကြီးစွာပြောသော အမူအရာကြောင့် ခပ်အုပ်အုပ်ရယ်လိုက်သည်။

"မင်းဟာမင်း အောက်စဖို့ဒ် မကလို့ ကိန်းဘရစ်တို့၊ ဟားဘတ်တို့ ကပဲ ဆင်းဆင်း၊ လူစွမ်းလူစဆိုတာ သူများဆီက သင်ယူလို့ မရဘူး၊ ကိုယ့်ဗိုက်ထဲမှာကို ရှိနေရတာ၊ အေးကွာ မင်းနဲ့ ငါ စကားပြောချင်ပါသေးတယ်။ မင်း မနက်ဖြန် ပန်းဆိုးတန်းက လှေပျက်ကြီးဆီ ဆင်းလာခဲ့၊ ငါရှိမယ်။ အော် . .





ဟော့ . . အဲဒီလှေပျက်ကြီးဘေးမှာ ဆေးအဖြူ ကြက်ခြေခတ်ကြီး ရှိတယ်နော်၊ ကဲ . . ငါ သွားမယ်"

"ဟာ . . ဦးကြီး မစားတော့ဘူးလား"

"မစားတော့ပါဘူးကွာ . . လူတွေသေရင် ငါက ဗိုက်ဝပြီးသားပါ၊ ကဲ . . သွားမယ်နော်"

"ဗျာ . . ဟုဝ် . . ဟုတ်ကဲ့"

ငှက်ကြီးသည် အရွယ်နှင့် မလိုက်အောင် လျှင်မြန်မှုဖြင့် ပြ‌ထဲမှ ထွက်သွားလေတော့သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

တင်မောင်ဦးသည် စားပွဲတွင် ငုငုကြီး ကျန်ခဲ့သည်။ ငှက်ကြီးဆိုသော လူကြီး မဆီမဆိုင် ရောက်ရှိလာကာ၊သူ နိုင်ငံခြားမှ ပြန်လာသောနေ့မှာပင် ပန်းဆိုးတန်းဆိပ်ကမ်းရှိ လှေကြီးရှိရာသို့ ဆင်းလာရန်မှာသွားသည်။

အချိန်ကိုလည်း အတိအကျ ပြောမသွား။ လှေကြီးဘေးတွင်သာ အဖြူရောင် ကြက်ခြေခတ်ရှိသည်ဟု ပြောသွားခဲ့၏။

"ကိုတင်မောင်ဦး၊ တီးလုံး ပြန်စနေပြီလေ"

မာဂရက်က တင်မောင်ဦးနှင့် တွဲကရန် ဘေးတွင် လာထိုင်ကာ ပြောလိုက်၏။ ခေတ်ဆန်ဆန် ကောင်မလေးတစ်ယောက်၏ အသွင်ကို သိသော တင်မောင်ဦးသည် တေးသွားနှင့်အတူ ထ၍ ကလိုက်ရလေတော့သည်။

တီးလုံးအလိုက်နှင့်သာ ကနေရသော်လည်း တင်မောင်ဦး၏ ခေါင်းထဲတွင် စဉ်းစားစရာများ ရောက်ရှိနေခဲ့ပြီဖြစ်လေသည်။

သူသည် ငှက်ကြီးဆိုသူနှင့် သူ့ဖခင် ကျောက်စာဝန်တို့ မည်သို့





ပတ်သက်ဆက်နွယ်နေသည်ကို သိရှိလိုစိတ် ပေါ်နေသည်။

ထိုအကြောင်းအရာများက လွှမ်းမိုးနေသော်ကြောင့်၊ ညှိခံပွဲပြီးကာ လူများ နှုတ်ဆက်ပြန်သွားသည်ကို ပြုံး၍ ခေါင်းညိတ်ရင်း ကျန်ခဲ့သော တင်မောင်ဦးမှာ မလန်းမဆန်းဖြစ်နေလေသည်။

တင်မောင်ဦးကို မျက်ခြည်မပြတ် အကဲခတ်နေသော မထားရီကသာ အဝတ်အစားနွမ်းနွမ်းနှင့် လူကြီး တင်မောင်ဦး၏စားပွဲမှာ လာထိုင်သည်ကို တွေ့လိုက်သည်။

ဒရိုင်ဘာ မောင်သော်နှင့်အဖွဲ့သည် ဟိုတယ်မှလာ၍ ကျွေးမွေးသူများနှင့်အတူ ပန္နည်းများ သိမ်းနေသည်။

တင်မောင်ဦးသည် ဝီစကီ ဖန်ခွက်တစ်ခွက်ကို ကိုင်ကာ ကံ့ကော်ပင်ကြီးအောက်ရှိ ခုံပေါ်သို့ ထွက်လာခဲ့သည်။

ဆောင်းညဖြစ်သောကြောင့် ခြံထဲတွင် အအေးဓာတ်က လွှမ်းခြုံထားသည်။ နှင်းငွေကြားမှ လရောင်သည် တောက်ပလျက်ရှိနေလေသည်။ ကံ့ကော်ပင်ရင်း ပတ်ပတ်လည်တွင် ခြံထဲ၌ အပန်းဖြေနိုင်ရန် ခုံတန်းပြာလေးများ ဝိုင်းကာ ရိုက်ထား၏။

ဆေးရောင်အဖြူကို တောက်ပအောင် မကြာမီက ထပ်သုပ်ထားသောကြောင့် အနောက်တိုင်းဝတ်စုံအပြာရောင်ဖြင့် ထိုင်နေသော တင်မောင်ဦးကို မီးရောင်အောက်တွင် အထင်းသား တွေ့နေရသည်။

ဒေါ်ခင်ခင်ရီသည် ပြတင်းပေါက်မှ တင်မောင်ဦး ထိုင်နေသည်ကို တွေ့ရှိသွားသည်။

"ကိုမြင့်"

"ဘာလဲ ခင်"

"ဟိုမှာ မောင်တင်မောင်ဦး သူ့အဖေကို သတိရနေတယ် ထင်ပါရဲ့"

ဒေါ်ခင်ခင်ရီ ပြရာသို့ ဝတ်လုံတော်ရ ဦးမြင့်က ကြည့်လိုက်သည်။ ငုငုကြီးထိုင်နေသော တင်မောင်ဦးကို တွေ့လိုက်ရသည်။

ခြံဝအထိ သူငယ်ချင်းများကို လိုက်ပို့သော မထားရီက ခြံထဲသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်နှင့်၊ ကံ့ကော်ပင်အောက်မှ တင်မောင်ဦးကို တွေ့သွားလေတော့သည်။

မထားရီမှာလည်း ဧည့်သည်များမပြတ် ဧည့်ခံနေရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဦးနှင့် အေးအေးဆေးဆေး စကားမပြောရပေ။

တင်မောင်ဦးဘေးသို့ ရုတ်တရက် ရောက်လာသော မထားရီကြောင့် တင်မောင်ဦးက လန့်သွားသည်။ တင်မောင်ဦးမှာ တစ်စုံတစ်ရာကို ထိတ်လန့်နေပုံရလေသည်။

"ကိုဦး"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာ ဆိုတယ်၊ ကိုဦး ကြည့်ရတာ တစ်ခုခုကို စိုးရိမ်နေသလိုပဲ၊ ထားကိုပြော ကိုဦးနဲ့ ပတ်သက်တဲ့ ပြဿနာတွေ ထား အားလုံးဖြေရှင်းမယ်"

မထားရီက ရဲဝံ့စွာ ပြောလိုက်သည်။

"ထား ဘယ်သူ့ကိုမှ မပြောရဘူးနော်"

❦ ❦ ❦

"မပြောပါဘူး ကိုဦးရယ်၊ ကိုဦးအတွက် ထားက နှုတ်လုံပါတယ်၊ ပြီးတော့ ဘာမဆိုလဲ ခွင့်လွှတ်နိုင် စွန့်လွှတ်နိုင်ပါတယ်"

"အဲဒီလောက်ကြီးတော့ မဟုတ်ပါဘူး ထားရယ်"

"ဒါဖြင့် ဘာလဲပြော၊ ကိုဦး အောက်စဖို့(ဒ်)မှာ ကျန်ခဲ့တဲ့ သူငယ်ချင်း မိန်းကလေးကို သတိရနေလို့လား ဟင်"

"မဟုတ်ပါဘူး ထားရယ်၊ ကိုဦးက အောက်စဖို့ဒ်မှာ ဘယ်ကသူငယ်ချင်း မိန်းကလေးမှ မတွဲပါဘူး"

"ဒါဖြင့် သိပြီ၊ ကိုဦးရဲ့ ဖေဖေကို သတိရနေတယ် ဆိုပါတော့"

တင်မောင်ဦး ငိုင်သွားသည်။ ဝီစကီကို တစ်ငုံငုံလိုက်လေသည်။

"အင်း . . ဖေဖေနဲ့တော့ ပတ်သက်တယ်ဆိုပါတော့၊ ညှိသည့်တွေ ပြန်ကုန်ကြပြီ မဟုတ်လား"

"ဟုတ်တယ် ကိုဦး"

"ဒါဆို ထား နားလည်အောင် အေးအေးဆေးဆေး ရှင်းပြမယ်"

"ကဲ . . အိမ်ထဲကို ဝင်တာကောင်းမယ် ထင်တယ်၊ ညဥ့်နက်တော့ အေးလာပြီ"

"ရပါတယ် ထားရယ်၊ ခုလို လွတ်လွတ်လပ်လပ် ထိုင်ရတာ သဘောကျတယ်"

မထားရီက မည်သို့မျှ ဆက်မပြောတော့ဘဲ တင်မောင်ဦး၏ဘေးတွင် ဝင်ထိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





"စောစောက လူကြီးတစ်ယောက် ခြံထဲဝင်လာတယ်"

"ဟုတ်တယ် . . ဒရိုင်ဘာမောင်သော်က ဟိုဘက်က ခြံသည့်တွေ လိုက်ပို့တုန်း ဝင်လာတယ် ထင်ပါရဲ့၊ ကုတ်အင်္ကျီဟောင်းဟောင်းကြီးနဲ့လေ၊ ပြီးတော့ စားပွဲမှာ လာထိုင်တယ် မဟုတ်လား"

"ဟုတ်တယ် . . ထားက တွေ့လိုက်တယ် ထင်ပါရဲ့"

"တွေ့ရုံ ဘယ်ဟုတ်မလဲ၊ တစ်ခုခုထည့်ပေးခိုင်းပြီး လာမောင်းထုတ်တော့မလို့"

"အမယ်လေး အဲဒီလို ထားမလုပ်တာ တော်သေးတာပေါ့"

"ဘာဖြစ်လို့လဲ"

"အဲဒီလူကြီးက ဖေဖေ့ရဲ့ မိတ်ဆွေဖြစ်နေတာကိုး၊ ပြီးတော့ သူပြောတဲ့စကားတွေက ထူးဆန်းတယ် ထားရဲ့"

"ဘာတွေများ ထူးဆန်းလို့လဲ မောင်"

"လူတွေသေရင် ဘယ်သူမှ မကောင်းတဲ့ဟင်းတွေ မကျွေးဘူးဆိုတာရယ်၊ ပြီးတော့ လူတွေသေလို့ စားရတာ ဝနေပါပြီဆိုတာရယ်"

"အဲဒါ ဘာစကားတွေလဲ"

မထားရီဟာ ခေါင်းရှုပ်သွားဟန်ဖြင့် မေးမြန်းလိုက်သည်။

"မပြောတတ်ဘူး ထား၊ မင်းအဖေ သေတော့ သိပ်ပြီးတော့ အားမရှိဘူးတဲ့၊ မင်းနဲ့စကား ပြောရမှာ မင်းမှာ လူစွမ်းလူစရှိမရှိ မသိရသေးလို့လဲ ပြောတယ်"

"အဲဒါ ကိုဦးက ခံနေလား၊ ဒီလိုလူမျိုးတွေက စကားလက်သင့်ခံပြီး ပြောရင် ရောင့်တက်တယ်"

"မဟုတ်သေးဘူး ထား၊ သူဟာ ဖေဖေ့ရဲ့ မိတ်ဆွေဆိုတာရယ်၊ သူ့မှာ ကိုယ့်အတွက် စကားပြောစရာ ရှိတယ်ဆိုတာရယ်က စိတ်ဝင်စားဖို့ကောင်းတယ်။ မနက်ဖြန် သူက ချိန်းသွားတယ်"

"ဘယ်ကို ချိန်းသွားတာလဲ"

"ပန်းဆိုးတန်း ဘောတံတားကို ချိန်းတာပါ၊ ဘာမှလဲ စားမသွားဘူး၊ သူက ဟင်းကောင်းတွေမှာပြီးတော့ သည်အတိုင်း ထားပစ်ခဲ့တယ်"

"ဟင် . . ကိုဦး လူကြီးက စိတ်မနှံ့ရဲ့လား မသိဘူး"

"အင်း . . မနက်ဖြန်တော့ သိရမှာပေါ့၊ မသွားရင် တော်ကြာ သူက လူစွမ်းလူစ မရှိဘူး ထင်နေဦးမယ်"

* * * * *



ဝတ်လုံတော်ရ ဦးမြင့်သည် တင်မောင်ဦး ပြောသမျှ ခေါင်းတညိတ်ညိတ် နားထောင်နေကာ စကားဆုံးတော့မှပင်

"မင်း ပြောသလိုဆိုရင်တော့ သူဟာ မင်းအဖေရဲ့ မိတ်ဆွေတစ်ဦး ဖြစ်မယ်၊ မင်းအဖေကလဲ ကျောက်စာဝန်ဆိုတော့ သူတို့က ဘာများပတ်သက်ဆက်နွယ်မှုရှိလို့လဲ မသိဘူး"

ဟု ပြောလိုက်သည်။

"အို . . ဘာပတ်သက်ဆက်နွယ်မှုရှိရှိပေါ့၊ နိုင်ငံခြားက မောင်တင်မောင်ဦးက ခုမှ ရောက်လာတာ၊ လက်ဆောင်တစ်ခုခု တောင်းချင်လို့ လာတာ ဖြစ်မှာပါရှင်"

ဒေါ်ခင်ခင်ရီက မိန်းမသားပီပီ မရှိသော ဆင်းရဲသားများကို အထင်သေးစွာ နှိမ်၍ ပြောဆိုလိုက်၏။ ဝတ်လုံတော်ရ ဦးမြင့်ကတော့ ထိုစကားကို မနှစ်သက်ပေ။

"ဟေ့ . . ခင်ရီ၊ လူတစ်ယောက်ကို အဝတ်အစား မကောင်းတာမြင်တာနဲ့ ဒီလိုပြောတာ မသင့်ပါဘူးကွာ၊ စွပ်ကျယ်ချိုင်းပြတ်အစုတ်နဲ့ သူဌေးတွေ မင်းမတွေ့ဖူးသေးဘူး ထင်တယ်"

"အို ရှင် . . သူဌေးဆိုရင် သူ့နေရာနဲ့သူ သိရမှာပေါ့၊ ဒင်နာပါတီပွဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ အမှိုက်ကျုံးကုလားလို့ဝတ်ပြီး နိုင်ငံခြားပြန် မောင်တင်မောင်ဦးနဲ့ စကားပြောဖို့လာတာတော့ ဘယ်ကောင်းမလဲ''

''နေပါဦး ဒေါ်ဒေါ်၊ အဝတ်အစားဆိုတာက လူတစ်ယောက်နဲ့တစ်ယောက် ဝါသနာချင်းမတူဘူး၊ တချို့က အဲသလိုကို ဝတ်လေ့ရှိတယ်။ နိုင်ငံခြားမှာလဲ ဒါမျိုးရှိတာပါပဲ''

''ကဲ . . ခင်ရီ၊ မင်း ခဏနေပါဦး၊ တော်ကြာ တို့ဆက်ပြောရမယ့် စကား မေ့သွားမယ်၊ ပန်းဆိုးတန်းက လေ့ကြီးကို ချိန်းတာ မောင်တင်မောင်ဦးက သွားမလို့လား''

''သွားမှဖြစ်မှာပေါ့ဦး၊ ဒါမှ အကျိုးအကြောင်း သိရမှာပေါ့''

''ကောင်းတယ် . . မင်း ခုလိုပြောတော့ သွားတဲ့လာတဲ့နေရာ သိရတာပေါ့၊ အရေးကြီးရင်တော့ ဦးရဲ့အလုပ်ဌာနကို ဖုန်းဆက်ပါ''

''ဟုတ်ကဲ့ . . ကောင်းပါပြီ''

စကားဆုံးသည်နှင့် ဝတ်လုံတော်ရ ဦးမြင့်က ရုံးသွားရန် ကားပေါ်သို့ တက်သွားလေတော့သည်။ မထားရီက . .

''ကဲ . . ကိုဦး၊ (ဘောင်ဒရီ) လမ်းက အိမ်လဲ မသွားရသေးဘူး''

ဟု ပြောသည်။

''ဒီအိမ်ကတော့ ထမင်းချက် ဦးမြိုင်တို့လင်မယားက ကိုဦး ပြန်လာရင်နေလို့ရအောင် ပြင်ဆင်ထားမှာပါ၊ ထားရယ် စိတ်မပူပါနဲ့၊ ကိုဦး သွားမယ် နော်''

''ကောင်းပါပြီ . . ညနေစာကိုတော့ ဒီအိမ်မှာပဲ ထမင်းစားနော်''

တင်မောင်ဦးက ခေါင်းညိတ်ကာ ခြံထဲမှ ထွက်ခွာသွားလေတော့၏။

ဿ ဿ ဿ

ပန်းဆိုးတန်းဆိပ်ကမ်းသည် နေ့လယ်ပိုင်းတွင် လူများသွားလာ စည်ကားနေ၏။ မြစ်ထဲတွင် လှေကြီးများ၊ နိုင်ငံခြားသင်္ဘောကြီးများနှင့် ကူးတို့မော်တော်များ ရပ်ထားသည်။

ရန်ကုန်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က နိုင်ငံခြား ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်သည့် ဆိပ်ကမ်းကို သီးခြားပိုင်းထားကာ လုံခြုံရေးအစောင့်များ ထားထားသောကြောင့် ပြည်တွင်းမော်တော်နှင့် လှေများရပ်ရာ ဆိပ်ကမ်းသို့ပင် ကြည့်ရှုစုံစမ်းရပေတော့သည်။





ဘောတံတားရှိ လှေကြီးသုံးစင်းထိပ်တွင် လှေပျက်ကြီးတစ်စီးရှိသည်။ ထိုလှေပျက်ကြီး၏ ဘေးနံရံတွင် အဖြူရောင်ဆေးဖြင့် ကြက်ခြေခတ်ကြီး တစ်ခု ရှိ၏။

ရေနံရောင်ခပ်မွဲမွဲတွင် သဘော်ဂဆေးဖြင့် စုတ်တံအပြားလိုက်ဆွဲထားသော ကြက်ခြေခတ်ဖြစ်သောကြောင့် ဘောတံတားပေါ်မှ ကောင်းစွာမြင်နိုင်လေသည်။

လှေနှစ်စီး၏ ဝမ်းထဲမှ ဖြတ်ကာ လှေပျက်ကြီးရှိရာသို့ လာခဲ့လေသည်။ လှေပျက်ကြီးပေါ်သို့ တက်လိုက်သောအခါ ကုန်းပတ်ပေါ်တွင် မည်သူမျှ မရှိသည်ကို တွေ့ရသည်။

''ဟာ . . လူတစ်ယောက်မှ မရှိပါလား၊ ငှက်ကြီးဆိုတဲ့ လူကြီးက ငါ့ကို သေသေချာချာ ချိန်းထားတာပဲ''

တင်မောင်ဦးသည် ကုန်းပတ်၏ နောက်ပိုင်းသို့ လျှောက်လာရာ လှေကြီး၏ ဝမ်းထဲသို့ဆင်းသည့် သံလှေကားတစ်ခုကို တွေ့ရ၏။

တင်မောင်ဦးသည် လှေကားအတိုင်း ဆင်းလာခဲ့သည်။ အတွင်းဘက်တွင် ငါးဖမ်းသောပစ္စည်းများ၊ ပိုက်များ၊ ငါးထိုးသည့် မှိန်းများတွေ့ရပြီး အလင်းရောင်မှာ သူ ဆင်းလာသည့် လှေကားနေရာ အပေါက်ကလေး တစ်ပေါက်သာ တွေ့ရလေသည်။

ရှေ့သို့ ဆက်၍သွားလေ အလင်းရောင်အားက နည်းလေဖြစ်သည်။

''ငါ ဆက်သွားလို့ ကောင်းပါ့မလား၊ တော်ကြာ တစ်ယောက်ယောက်က များ အန္တရာယ်ပေးနေမှာလား''

တင်မောင်ဦးသည် ကြောက်စိတ်လေးများ ဝင်လာသည်။ သို့သော် သူသည် မြန်မာ့လက်ဝှေ့ကို ငယ်စဉ်က သင်ဖူးသူ့ဖြစ်သည့်အပြင် အောက်စဖို့ဒ် တက္ကသိုလ်တွင် ကျောင်းတက်စဉ်ကလည်း အင်္ဂလိပ်အောက်ဆင်ခေါ် လက်ဝှေ့ကို သင်ဖူးသူ ဖြစ်၏။

သူသည် ရန်သူနှင့် တွေ့လျှင် အသင့်တိုက်ခိုက်နိုင်ရန် လက်နှင့် ခြေကို သတိနှင့်ထားကာ ရှေ့သို့ တိုးလာသည်။

''ခေါင်''

''ဘာပါလိမ့်''

လှေဝမ်းကြမ်းပြင်မှ သံထည်ပစ္စည်းဂဒ် သူ့တိုက်မိလိုက်သည်။ ထိုသံထည်ပစ္စည်းကို သူ တိုက်မိသော်လည်း သူ၏ခြေထောက်မှာ ရှုံ့ဖိနပ်ပင်ချွန်စီး



www.burmeseclassic.com

ထားသောကြောင့် နာကျင်ခြင်း မဖြစ်မိပေ။ သို့သော် ထူးခြားသောပြောင်းလဲမှုကား ဖြစ်သွားလေတော့သည်။

သူ သံတိုင်နှင့် တိုက်မိပြီး သံတိုင်ကလဲကျသွားသည့် အချိန်နှင့် မရှေးမနှောင်းမှာပင် သူ ဆင်းလာသော သံလှေကားလေးရှိရာ အပေါက်သည် ဝုန်းခနဲ ပိတ်သွားတော့၏။

"ဟင်"

သံလှေကားအထက်မှ စင်ကလေးကိုပင် လှမ်းမမြင်ရတော့၊ လှေဝမ်းထဲတွင်လည်း မှောင်မဲသွားလေတော့သည်။

တစ်စုံတစ်ယောက်က ကုန်းဘတ်ပေါ်မှ လှေဝမ်းထဲဆင်းသော တံခါးကို ပိတ်လိုက်ခြင်းပင် ဖြစ်တန်ရာသည်။ သူသည် လှေကားရှိရာ နေရာသို့ ပြန်၍ပြေးလာရာ ငါးကုန်မှ အကန့်များကို ခလုတ်တိုက်ကာ ချော်လဲပြန်လေသည်။

သူ လှေဝမ်းထဲသို့ ဆင်းလာပြီး ခဏကြာမှ တံခါးပိတ်လိုက်ခြင်းမှာ သူ့ကို ဖမ်းဆီးခြင်းပင် ဖြစ်ပေလိမ့်မည်။ သူသည် လဲကျနေရာမှထကာ လှေကားရှိရာသို့ မှန်း၍လာခဲ့သည်။



တံခါးပေါက်မှ အလင်းရောင်မရှိတော့ခြင်းသည်ပင် တင်မောင်ဦးကို အခက်အခဲ ဖြစ်စေလေသည်။

သူသည် လှေဝမ်းထဲတွင် စမ်းကာသွားရင်း မကြာခဏ ချော်လဲမည်ကဲ့သို့ ဖြစ်လျက် သံလှေကားကို နောက်ဆုံးကျမှပင် စမ်းသပ်မိတော့၏။

"ဟုတ်တယ် . . ဒါ သံလှေကားပဲ၊ ဒီလှေကားက တက်ရမယ်"

သံလှေကားကို တွယ်ကာ အပေါ်သို့ တက်လာသည်။ အပေါ်မှ သူ ဆင်းလာသည့် အပေါက်ကို လက်နှင့် တွန်းကြည့်သည်။

ထုထည်ကြီးမားသော သစ်သားတန်းကြီးက လဲကျကာ ပိတ်သွားခြင်း ဖြစ်သည်။ ထုခြောက်လက်မလောက် ရှိသည့် သစ်သားတန်း သုံးချောင်းကို တွဲကာ နှစ်ပေအရှည် တစ်ပေခွဲအနံ ပြုလုပ်ထားသော တံခါးသည် တုတ်တုတ်မျှပင် မလှုပ်ပေ။

* * * * *

"တံခါးကို ဘယ်သူ ပိတ်လိုက်တာလဲဗျို့"

"အထဲမှာ လူရှိတယ် တံခါးပြန်ဖွင့်ပါ"





တင်မောင်ဦးသည် အသံကုန်ဟစ်အော်မိသည်။ ထို့အပြင် တံခါးရွက်ကိုလည်း အတွင်းမှ ထုလိုက်သည်။

"ဒုန်း . . ဒုန်း . . ဒုန်း"

လက်ဖဝါးနှောင့်ဖြင့် တအားကုန်ထုခြင်း ဖြစ်သည်။ အပေါ်မှ မည်သည့် အသံမျှ မကြားရပေ။

"တံခါး ဖွင့်ပါဗျို့"

သူ ထပ်အော်လိုက်ပြန်သည်။

"ကလင် . . ကလင်"

"ဂျိမ်း . . ဖုံး . . ဖုံး . . ဖုံး"

စက်ခန်းထဲမှ ကလင် . . ကလင် မြည်ကာ ကြိုးဆွဲသံကြားရပြီး စက်နှိုးသံကြားရသည်။

"ဘာလို့ စက်ကို မောင်းရတာလဲ၊ လှေထဲမှာ လူရှိတယ်ဗျ၊ တံခါးဖွင့်ပါ ကျုပ် ပြန်ဆင်းရမှာ"

သူသည် အပေါ်တက်သည့် သံလှေကားတံခါးဝမှ အသံကုန်အော်နေသည်။ သူ့မျက်နှာတွင် ချွေးများပျံလာကာ အရှုံးတစ်ယောက်နှင့်လည်း တူလာလေသည်။ သို့သော် အပေါ်မှ မည်သည့် တုံ့ပြန်သံမျှ မကြားရပေ။

လှေကြီးသည် တုန်ခါလာကာ စက်များ လည်ပတ်သံကြားရပြီး တသိမ့်သိမ့်လှုပ်ရှားနေသည်။ ကြည့်ရသည်မှာ ကမ်းနားမှ ခွာသည်ထင်သည်။



"ခင်ဗျားတို့ ကျုပ်ကို ဘာထင်သလဲ"

"တံခါး မြန်မြန်ဖွင့်ပါ"

"ခင်ဗျားတို့အားလုံး တရားစွဲပြီး ထောင်ချတာ ခံချင်လို့လား"

"ကျုပ်ကို ဖမ်းခေါ်သွားရင် ဘယ်လောက်အပြစ်ကြီးတယ် ထင်ကြသလဲ"

နိုင်ငံခြားပြန် တင်မောင်ဦးသည် မှောင်ထဲမှာ ဒေါပွပွဖြင့် ပြောမိပြောရာများကို ပြောဆိုနေသည်။ ကုန်းပတ်ပေါ်မှ လှုပ်ရှားသံလည်း မကြားရ။ တုံ့ပြန်ပြောဆိုသံလည်း မကြားရ။

ခက်ပြီ။ သူသည် ထောင်ချောက်ဆင်ကာ အဖမ်းခံရသကဲ့သို့ ဖြစ်နေလေပြီ။ လှေဝမ်းထဲသို့ ဆင်းလာမိခြင်းသည်ပင် သူ့အမှား။

သံလှေကားအပေါ်၌ သူ ကြာကြာမနေနိုင်။

နာရီဝက်ခန့် နေမိသည်နှင့်ပင် လက်နှင့် နင်းထားသော ခြေများ ညောင်းလာသည်။ သံလှေကားပေါ်တွင် ထိုင်ထားသော တင်ပါးမှာလည်း နာလာသည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





"မဖြစ်သေးပါဘူး . . ငါ ကြာရင် ပြုတ်ကျသွားမယ်၊ အောက်မှာ ခဏဆင်းနေမှ၊ တစ်ချိန်ချိန်မှာတော့ သူတို့ ဒီတံခါးဖွင့်မှာပဲ၊ ပွင့်တော့မှပဲ ငါနဲ့တွေ့ကြသေးတာပေါ့"

တစ်ယောက်ထဲ တွေးတောကာ တင်မောင်ဦးသည် အောက်သို့ ပြန်ဆင်းလာသည်။ ဆယ့်နှစ်ပေမျှ ကုန်းပတ်နှင့် လှေဝမ်းထဲမှ ကြမ်းပြင်သို့ ကွာဝေးရာ အလင်းရောင်ကို မမြင်ရခြင်းသည်ပင် အခက်အခဲတစ်ခု ဖြစ်နေလေသည်။

"ဟင်"

ထိုအချိန်မှာပင် လှေဝမ်းထဲရှိ လူတစ်ရပ်လောက်၌ စက်ဝိုင်းပုံအလင်းပေါက်ပြူး ပွင့်သွားသည်။ သစ်သားတံခါးကို ဖွင့်လိုက်၍ မှန်ကာ ခြောက်လက်မအပေါက်များမှ အလင်းရောင်က လှေဝမ်းထဲသို့ နံရံနှစ်ဘက်မှ ထိုးကျလာသည်။

"အဲဒီလိုလုပ်မှ ဒါမှမြင်ရတော့မှာပေါ့"

ယခုတော့ သူသည် လှေဝမ်းထဲတွင် ရှိသောအရာများကို သဲကွဲစွာမြင်ရပြီ ဖြစ်လေသည်။ ပိုက်များကွန်များနှင့် လှေဦးသို့ မရောက်မီ ငါးကန်ကြီး [illegible]ကန်ကို တွေ့ရသည်။

"ဒီလှေက ငါးဖမ်းလှေပဲ၊ ငါးညှိနံ့ကို စူးနေတာပဲ၊ လှေကြီးက ဘယ်ကိုသွားနေတာလဲ"

သူသည် လှေနံရံနားသို့ သွားကာ စက်ဝိုင်းပေါက်မှ အပြင်သို့ ကြည့်လိုက်လေသည်။ ငါးပေခန့် ရေထဲတွင် စူးနေသော လှေဝမ်းဖြစ်၍ သူကြည့်သော စက်ဝိုင်းပေါက်မှာ ရေမျက်နှာပြင်နှင့် ကပ်နေသည်။

လှိုင်းများ ငြိမ်သက်နေသောကြောင့် အဝေးကို မြင်ရသည်။ မြစ်ကမ်းဟူ၍ [illegible]ကမှုမရှိ။ အလင်းရောင်သည် မိုးကုပ် စက်ဝိုင်းနှင့် ထိစပ်ရာ ရေပြင်မှ ထိုးဟပ်နေသည်။

သူသည် လှေနံရံနှစ် ဖက်မှ စက်ဝိုင်းပေါက်ကို ကူးကာ သန်းကာ ကြည့်ရာ နှစ်ဖက်လုံးသည် ကမ်းမရှိသော ရေပြင်ထဲသို့ ရောက်နေသည်ကိုသာ တွေ့ရတော့သည်။

✦ ✦ ✦

"သွားပြီ" သူသည် အောက်စဖို့ဒ်တက္ကသိုလ်မှ ပြန်လာပြီး ပင်လယ်ထဲတွင် သေရတော့မည် ထင်သည်။ ယခုကဲ့သို့ လှေမျိုးဖြင့် ပင်လယ်ပြင်သို့ ထွက်လာလျှင် လှေသည် လှိုင်းပိကာ မှောက်သွားဖို့ သေချာသည်။

လှေမှောက်လျှင် ကုန်းပတ်ပေါ်မှ လူများက အသက်ရှင်ရန် လမ်းရှိသေးသော်လည်း သူ့လို လှေဝမ်းထဲတွင် ရှိနေသူကတော့ လှေမြုပ်သည်နှင့် ရေမွန်းကာ အသေခံလိုက်ရုံပဲ ရှိသည်။

"အော် . . ငါ့ကုသိုလ်ကံဟာ တော်တော်ဆိုးပါလား၊ ငါ့ဘဝမှာ ဘာမှပူစရာမရှိဘူး၊ မကြာခင် ငါ့ချစ်သူ မထားရီနဲ့ လက်ထပ်ပြီး လူ့ဘဝမှာ မပူမပင် နေကြရုံရှိမှ အခုပင်လယ်ထဲကို ရောက်လာရတယ်။ ငါ့ဘဝကို ဘယ်သူက ဒုက္ခပေးတာလဲ၊ ငှက်ကြီးကလား၊ ဒါမှမဟုတ် ကွယ်လွန်သွားတဲ့ ငါ့အမေကလား"

သူသည် လှေနံရံကိုမှီကာ မောမောဖြင့် ထိုင်ကာ စဉ်းစားနေသည်။





www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူမြန်လာကာ ကြောက်စိတ်၊ စိုးရိမ်စိတ်ကြောင့် နေရထိုင်ရသည်မှာ မသက်မသာ ဖြစ်နေသည်။

"မတတ်နိုင်ဘူး . . ငါဟာ အမြဲကြိုးစားတဲ့ကောင်ပဲ၊ အခုလဲ ငါ မကြိုးစားလို့မှ မဟုတ်တာ၊ သူ့ဟာသူ ကံကြမ္မာက ဖန်တီးလာတာ၊ ဖြစ်သမျှ အကြောင်း အကောင်းလို့ မှတ်ရတော့မှာပဲ"

"အခု ဘယ်ရောက်လာပြီလဲ"

"တဖြည်းဖြည်း ရန်ကုန်မြို့နဲ့ ဝေးလာတာတော့ အမှန်ပဲ"

သူသည် တစ်ယောက်တည်း လှေနံရံရှိ ဆင့်ပေါ်မှ တက်ကြည့်လိုက်၊ အပြင်၌ သူ၏မျက်နှာနှင့် တတန်းတည်းဖြစ်နေသော ရေလှိုင်းများနှင့် နေရောင်ခြည် တလက်လက် တောက်ပနေသော ရေပြင်ကျယ်ကြီးကို ကြည့်နေမိပြန်သည်။

သူသည် ရေပြင်ကျယ်ကြီးကို ငေးနေရင်းမှ ဝမ်းဗိုက်ထဲမှ အူတကြုတ်ကြုတ်ဖြင့် ဆာလောင်လာသည်ကို သတိရလာ၏။

"အင်း . . ဗိုက်တောင် ဆာလာပြီ၊ မွန်းတည့်ချိန် ရောက်လာရောပေါ့"





ပင်လယ်ထဲတွင် အရှိန်တော်တော်ပြင်းပြင်းနှင့် စက်ကို ခုတ်မောင်းကာ လှေကြီးက သွားလျက်ရှိသည်။

ထိုစဉ်မှာပင် ကုန်းပတ်ပေါ်ရှိ သူ ::လာသော အပေါက်ဝဖွင့်သံ ကြား ;ိုက်ရသည်။

"ဒေါက်"

လှေနံရံကို မှီထိုင်နေရာမှ တင်မောင်ဦးသည် ဆတ်ခနဲ ထရပ်လိုက်လေသည်။

"တင်မောင်ဦး မင်း တော်တော်ဒေါသထွက်နေပြီလား"

မနေ့ညက ဒင်းနားပါတီသို့ လာသော ကုတ်အင်္ကျီဟောင်းဟောင်းနှင့် လူကြီးကို တွေ့လိုက်ရလေသည်။ သူသည် မူလကတည်းက ထိုလူကြီး၏ လက်ချက်ဖြစ်ရမည်ဟု တွေးတောထားရာ ထိုလူကြီးကို မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒေါသကို ထိန်းမရတော့ပေ။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ"

သူသည် ဒေါသဖြင့် အော်ဟစ်ကာ သံလှေကားရှိရာသို့ ပြေးလာသည်။ လှေကားအနီးတွင် အလွယ်တကူ ရနိုင်သည့် လက်နက်ကိရိယာကို ရှာဖွေလိုက်ရာ သူသည် ငါးထိုးသည့် မှိန်းရှည်ကြီးကို ရှာဖွေတွေ့ရှိသွားလေတော့သည်။



ထိုမှိန်းရှည်ကြီးကို သူ ကောက်ယူလိုက်သည်။ မှိန်းရှည်ကြီးမှာ ထိပ်တွင် အချွန်သုံးခုပါသော ငါးထိုးရာတွင် သုံးသည့်မှိန်းမျိုးဖြစ်၍ နိုင်ခံ့သော လှံသွားလိုအရာဖြင့် ပြုလုပ်ထားလေသည်။

မှိန်းကြီးကို ကိုင်၍ ကုန်းပတ်ပေါ်သို့ တက်လာရာ ကုန်းပတ်ပေါ်တွင် ဆံပင်မို့မို့ဖားဖားဖြင့် အရက်ပိုင်းတစ်ပိုင်း ဖွဲ့နေသော လူငါးဦးကို တွေ့ရသည်။

ကုတ်အင်္ကျီအကွက် ခပ်ဟောင်းဟောင်းကို ဝတ်ဆင်ကာ ပင်





လယ်ရှုခင်းကို ငေးနေသည့် ငှက်ကြီးဆိုသူ လူကြီးမှာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ပင် ဆောင်းထားသည်။

"မင်း ဝမ်းခေါင်းထဲမှာ တော်တော်စိတ်ညစ်မယ် ထင်တယ်"

သူ့ဘက်သို့ လှည့်မကြည့်ဘဲ ပင်လယ်ပြင်ကို ငေးရင်း ပြောသည်။

"ဒီမှာ ငှက်ကြီး၊ ခင်ဗျားကို ကျုပ် မသတ်ရဲဘူးလို့ ထင်နေလို့လား"

"ဟား . . ဟား . . ဟား . . သတ်ရဲလဲ မင်းသတ်လို့ မရပါဘူးကွာ"

ငှက်ကြီးက မမှုသလို ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲဗျာ ကျွန်တော့်ကို ဒီလောက်ဒုက္ခပေးတဲ့လူ ခင်ဗျား သေပေတော့"

မှိန်းကို လက်နှစ်ဖက်နှင့် ကိုင်ကာ ငှက်ကြီး၏ ကျောကို ပြေး၍ စိုက်လိုက်သည်။ ငှက်ကြီးက သူ့ဘက်သို့ လှည့်ကြည့်လိုက်၏။ လှည့်ပုံက ပညာပါသည်။ မှိန်းကြီးက သူ့ကျောပြင်သို့ ဝင်မည့်အနိုက်မှာပင် မျက်ခနဲ လှည့်ကြည့်လိုက်ခြင်းဖြစ်ရာ သစ်မာသားဖြင့် ပြုလုပ်ထားသော လှေနံရံသို့ မှိန်း၏ အသားက ပြေးဝင်စိုက်သွားလေသည်။

"ဒုတ်"

မှိန်းစိုက်သံမှာ ကျယ်လောင်လှသည်။ အရက်ဝိုင်းဖွဲ့နေသော ဆံပင်ရှည်ရှည် အဝတ်ဘိုသီဘတ်သီနှင့် လူများက လှမ်းကြည့်လိုက်သည်။

"ဗျို့ . . ကိုဥညြ၊ ခင်ဗျားက ယုန်ကလေးတစ်ကောင် ငါထောင်ထားလို့ မင်းတို့ကမ်းပေါ် ခဏရှောင်နေကြဆိုပြီး၊ ခုတော့ မျောက်ကြီးဖြစ်နေပါလား"

"ဟား . . ဟား . . ဟား"

"ဟုတ်ပါ့ဗျာ"

"ဟဲ . . ဟဲ . . ဟဲ . . ဟဲ"

အောက်စဖို့ဒ် တက္ကသိုလ်မှ ပြန်လာသော တင့်မောင်ဦးသည် သူ့အား အဆင့်အတန်းမရှိ ရယ်မောကာ





လူများကို တစ်ယောက်မကျန် သတ်မည်ဟူသော ဒေါသဖြင့် လှေနံရံတွင် စိုက်ဝင်နေသော မှိန်းရှည်ကြီးကို ဆွဲထုတ်နေ၏။

ထိပ်များတွင် မြားကဲ့သို့ ချိတ်တစ်ခုစီပါသောကြောင့် တော်ရုံထုတ်လို့မရ။ သည်ကြားထဲတွင် မှိန်းချက်မှ လွတ်သွားသော ဥညြဟု သူ့လူများက ခေါ်သည့် ငှက်ကြီးသည် တန်းလန်းစိုက်နေသော လှံရိုးကို ဖင်မှ ခြေဖနောင့်ဖြင့် ပေါက်လိုက်၏။

"ထုတ် . . ထုတ်"

မှိန်းသွားက အထဲသို့ ထပ်နစ်ဝင်သွားလေသည်။

ဓား၊ လှံများဖြင့် အကြမ်းပတမ်း မတိုက်ခိုက်ဖူးသော တင်မောင်ဦးမှာ အားစိုက်၍ နှုတ်သော်လည်း မှိန်းသွားက ထွက်မလာပေ။ သူ့နဖူးတွင် ချွေးပင် ပျံနေသည်။ အောက်စဖို့ဒ် တက္ကသိုလ်ကျောင်းထွက် လူရည်သန့်လေးသည် လှေကြီးပေါ်မှ ကလေကချေများကြားတွင် အသားများတုန်အောင်ပင် ဒေါသထွက်နေသည်။

ထိုစဉ်မှာပင် သွားနှင့်မျက်လုံးကိုသာမြင်ရအောင် မဲနက်နေသော လူတစ်ယောက်၊ အရက်ဝိုင်းမှ ထလာသည်။

"ကျောက်မီးသွေး ဘာလုပ်မလို့လဲ"

မျက်နှာတွင် အဖုအထစ်များနှင့်လူက နောက်မှ မေးသည်။

"ငါ ဒီချာတိတ်ရဲ့ အခြေအနေကို မကြည့်ရက်လို့ပါကွာ၊ ဒီမှာ ချာတိတ် မှိန်းသွားမှာက မြားချိတ်ပါတယ်။ ဒီတိုင်းဆွဲနှုတ်လို့ကတော့ ဆင်နဲ့ဆွဲတောင် မှိန်းက ထွက်လာမှာ မဟုတ်ဘူး၊ ဒီမှာကြည့်"

ကျောက်မီးသွေးဆိုသူက မှိန်းရိုးကို ကိုင်လိုက်သည်။ ပြီးနောက် အပေါ်တစ်ချက် အောက်တစ်ချက် တွန်းကာ နှဲ့လိုက်၏။

ပြီးနောက် အားသွင်းကာ "ယား" ဟု အော်၍ ဆွဲနှုတ်လိုက်ရာ မှိန်းကြီးမှာ ကျွတ်ထွက်လာ၏။ ကျွတ်၍ ပါလာသော မှိန်းကို တင်မောင်ဦးအား လှမ်းပေးသည်။

"ရော့ . . မင်း ဘယ်သူ့ကို သတ်ချင်လဲ၊ သတ်ချင်တဲ့ကောင်ကို သတ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မီးသွေးက သွားပေါ်အောင် ရယ်ပြရင်း လုံကိုပေးလိုက်၏။

"တင်မောင်ဦး မင်း အောက်စဖို့ဒ်တက္ကသိုလ်မှာ သင်လို့မရတဲ့ ဘဝထဲက လက်တွေ့ပညာတွေကို တို့က သင်ပေးနေတာပါကွာ"

"ဟား . . ဟား . . ဟား . ."

ဥညြ၏ ဗကားသံကို ပွဲကျကာ ရယ်လိုက်ကြပြန်သည်။ ဒေါသထွက်နေသော တင်မောင်ဦးသည် သူ့လက်ထဲမှ မှိန်းကို ရယ်မောနေသော အရက်ဝိုင်းထဲသို့ ပစ်ထည့်လိုက်လေတော့သည်။

* * * * *

ကကယ်တော့ တင်မောင်ဦးက ရမ်းကားပိုက်ခြင်းသာ ဖြစ်ပါသည်။ သူ မှိန်းနှင့် လှမ်းပစ်လိုက်၍ လူများသည် ကြောက်လန့်တကြား ထပြေးမသွားပါ။ ညြဓာသီး ဟုခေါ်သော နဖူးနှင့် ပါးပြင်တွင် အမှများရှိနေသည့် လူကသာ မှိန်းကို လှမ်း၍ ဖမ်းလိုက်သည်။

ပမ်းပုံက သေသပ်သည်။ သူ့ရင်ဝသို့ ပြေးဝင်လာသောမှိန်းကို မှိန်းသွားနားမှ ညာလက်ဖြင့် ရိုက်ကာ ဖမ်းယူလိုက်ခြင်းပင် ဖြစ်သည်။ ညြဓာသီးဆိုသူက သူ့ထံပြေးဝင်လာသော မှိန်းကို ဖမ်းယူခြင်းအတွက် တင်မောင်ဦးမှလွဲ၍ မည်သူမျှ အံ့အားမသင့်ပါချေ။

တင်မောင်ဦးက ဤလှေကြီးပေါ်မှ လူကြမ်းများကို သူရင်ဆိုင်တိုက်ခိုက်၍ မလွယ်ကြောင်း ရိပ်မိစပြုလာသည်။ တင်မောင်ဦး၏ ဒေါသမှာ ကလေးငယ်တစ်ဦးလို ထိန်းချုပ်လိုက်ရသည်။

"ခင်ဗျားတို့ ဥပဒေနဲ့ မငြိစွန်းချင်ရင် ကျုပ်ကို ရန်ကုန်ဆိပ်ကမ်း ပြန်ပို့ပေးပါ"

တင်မောင်ဦးက တောင်းပန်သည်လား၊ ခြိမ်းခြောက်သည်လား မဆိုနိုင်သောလေသံမျိုးဖြင့် ပြောလိုက်လေသည်။

"ဒီမှာ ဘယ်သူ"

ကျောက်မီးသွေးက နာမည်ကောင်းကောင်း မမှတ်မိသေး။

"တင်မောင်ဦးကွာ၊ ငါ့သူငယ်ချင်းရဲ့သား၊ သူ့နာမည်ကို တစ်ခါတည်းမှတ်ထားကြ"

ဤလှေကြီးပေါ်တွင်ကား ဥညြသည် ခေါင်းဆောင်လိုလို ဘာလိုလို ဖြစ်နိုင်သည်ဟု တင်မောင်ဦးက ခန့်မှန်းမိသည်။

"ညီလေး တင်မောင်ဦး၊ အစ်ကိုတို့က လှေနဲ့နေလာတာ ကြာပြီ၊ ခုဆိုရင် ကမ်းရိုးတန်းကနေ တော်တော်ဝေးလာပြီ၊ ရန်ကုန်ကိုတော့ ပြန်မလှည့်တော့ဘူး၊ ထားဝယ်ရောက်မှ ညီလေးဟာ ညီလေး ပြန်ပေတော့"

"ကျုပ်မှာ လမ်းစရိတ်ပါမလာဘူးဗျ၊ ခင်ဗျားတို့က ဘာရန်ငြိုးရှိလို့ ကျုပ်ကို နှိပ်စက်ရတာလဲ"

တင်မောင်ဦးက ညြဓာသီးကို ကြည့်ကာ ပြောလိုက်သည်။

"တို့က ဘာမှမနှိပ်စက်ပါဘူးကွာ၊ မင်းကသာ လူတွေကို မှိန်းနဲ့လိုက်ထိုးနေတာပဲ"

အရပ်ပုပု ဂင်တိုတိုနှင့် လူတစ်ယောက်က ထပြောပြန်လေသည်။

"မင်း ယောကျ်ား မဟုတ်ဘူး . လားကွာ"

ဥညြက လှေနံရံကို မှီကာ ပြောလိုက်၏။ ထိုလူကြီးမှာ (ဘာဝါလိန်း)လမ်း ဒင်းနားပါတီတွင် သူ့ကိုယ်သူ ငှက်ကြီးဟု ပြောခဲ့သူဖြစ်ပြီး မျက်နှာမှာလည်း သဘောကျသည်လား၊ စိတ်ဆိုးသည်လား ဆိုသည်ကို ခွဲခြားရခက်လှသည်။

"ကျုပ် ယောကျ်ားပါ၊ ကျုပ်က မကြာခင်မှာ ခင်ဗျားလာတဲ့ အိမ်က မိန်းကလေးနဲ့ လက်ထပ်မယ့်လူပဲဗျ"



"ဩော် . . မိန်းမတစ်ယောက်နဲ့ လက်ထပ်ဖို့ထက် အရေးကြီးတယ်ဆိုတဲ့ ကိစ္စတွေ၊ မင်း နားလည်အောင် ထပ်လုပ်ပြဖို့ လိုတယ်ဆိုပါတော့"

ဥညြက ပင်လယ်ပြင်ကို ငေးရင်း ခပ်တည်တည် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ် ရန်ကုန်ပြန်ချင်တယ်၊ ကျုပ်ကို ရန်ကုန်ပြန်ပို့ပါ"

"ဟာ . . မင်းကို တို့က အတင်းဆွဲခေါ်ဖမ်းပြီး ပင်လယ်ထဲခေါ်လာတာ မဟုတ်ဘူး တင်မောင်ဦး၊ မင်းဟာမင်း လှေကြီးပေါ် တက်လာတာလေ"

ဥညြက နှုတ်ခမ်းတွန့်သည့်ဆိုရုံပြုံးကာ ပြောကြားလိုက်သည်။

"ဒါက ခင်ဗျားက မနေ့ညက ပြောစရာကောင်း ရှိတယ်ဆိုတာကိုး"

"ကဲ . . စိတ်ကို လျှော့နိုက်ပါကွာ၊ ဒီပင်လယ်ပြင်မှာ ရန်ကုန်ကို ပြန်တဲ့ လှေကြုံမရှိဘူးကွ၊ ငါက ထားဝယ်ကနေ မင်းကို စွန့်စွန့်စားစား လာခေါ်တာပဲ ကျေးဇူးတင်"

"ကျွန်တော့်မှာ ခင်ဗျားနဲ့ ပတ်သက်တဲ့ကိစ္စ ဘာမှမရှိဘူး"

တင်မောင်ဦးက စိတ်ပျက်သံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အော်လိုက်လေသည်။

"မင်းအဖေက ဘာမှ မမှာခဲ့ဘူးလား"

"မှာချိန်မရဘူးဗျ . . ကျုပ်စာမေးပွဲဖြေနေတုန်းမှာ အဖေက ဆုံးသွားတာ"

"အော် . . မင်းရဲ့စာမေးပွဲက အဖေ့အသက်ထက် အရေးကြီးတဲ့ စာမေးပွဲဆိုပါတော့"

"ဟာဗျာ . . စာမေးပွဲမဖြေဘဲ ကျုပ် ပြန်လာတော့ရော အဖေက အသက်ပြန်ရှင်မှာတဲ့လား"

ကျန်လူများက ဥသြနှင့် တင်မောင်ဦးတို့ကို ဂရုမစိုက်ဘဲ အရက်ဝိုင်းတွင် ပြန်ထိုင်နေလိုက်ကြလေသည်။

မကြာမီ ပင်လယ်ပြင်က လေအေးလေးက သူတို့ဆံပင်များကို တလူလူလွင့်အောင် တိုက်ခတ်လာလေသည်။

ဿ ဿ ဿ

ဥသြသည် ဦးထုပ်ကို ချွတ်ရင်း သူ့ဆံပင်များကို သပ်တင်လိုက်သည်။

"တင်မောင်ဦး မင်းအဖေက မင်းအပေါ်မှာ မျှော်လင့်ချက်တွေ အများကြီးထားခဲ့တဲ့ လူတစ်ယောက်ပါကွာ"



ဦးထုပ်ကို ကိုင်ရင်း ဥသြဆိုသူ အသက်(၆၀)ဝန်းကျင် လူကြီးက တင်မောင်ဦးရှိရာ လျှောက်လာသည်။

"ကဲ . . လာပါ၊ အေးအေးဆေးဆေး ထိုင်ပြီး ပြောကြတာပေါ့၊ ညနေစောင်း စောင်းသွားပြီ၊ မင်းလဲ ဘာမှမစားရသေးဘူး"

"ဟင်း"

တင်မောင်ဦးသည် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ မြန်မာပြည်သို့ ပြန်လာ၍မိခြင်းသည်ပင် သူ့အမှားလားဟုလည်း တွေးလိုက်မိသည်။

တကယ်တော့ ဤကဲ့သို့ သူ့ဘဝကို အနှောင့်အယှက်ပေးခဲ့သည့် လူများကြိုတင်စောင့်စားနေခဲ့မည်ကို သိရှိပါက လှေကြီးရှိရာ ပန်းဆိုးတန်းဆိပ်ကမ်းသို့ လာခဲ့မည် မဟုတ်ပေ။ ဝတ်လုံတော်ရဦးမြင့်နှင့် တိုင်ပင်ကာ ဥသြတို့၏ရန်ကို ပုလိပ်အားတိုင်ကြားကာ ကာကွယ်ဖို့ပင် ဖြစ်လေသည်။

"သိပ်လဲ စိတ်မပျက်ပါနဲ့ကွာ၊ မင်းရဲ့မင်္ဂလာပွဲကို တို့မဖျက်ပါဘူး၊ အချိန်တန်တော့ မင်းလဲ ရန်ကုန်ပြန်ရောက်ပြီး မထားရီဆိုတဲ့ ကောင်မလေးနဲ့ မင်း မင်္ဂလာဆောင်ရမှာပါ"



တင်မောင်ဦးမှာ ငွေငွေကြီးဖြစ်နေသည်။ သူ့အဖေ ထားခဲ့သောငွေများသည် ပြည်ထောင်စုဘဏ်တွင် ရှိနေသည်။ သူ့တစ်သက်တွင် စားလို့ကုန်မည့်ငွေများ မဟုတ်ပေ။

"ဦးလေး ဥသြ"

"ဘာလဲ တင်မောင်ဦး"

"ခင်ဗျားတို့ ငွေလိုချင်တယ်ဆိုရင်လဲ ဒီလောက်ထိ ကျွန်တော့်ကို ဝေးဝေးခေါ်လာဖို့ မလိုပါဘူးဗျာ၊ ရန်ကုန်မှာတင် စကားပြောဆိုညှိလို့ ရပါတယ်"

"ဟား . . ဟား . . ဟား . ."

ဥသြကား လှေနံရံကိုကိုင်ကာ ကိုယ်သိမ့်သိမ့်တုန်သည်အထိ ရယ်မောလိုက်သည်။

"မင်းကလဲ ငါ့ကို အထင်သေးလိုက်တာကွာ၊ ငါက ငွေကို ဘာလုပ်ရမှာလဲကွ၊ ငါ ထမင်းစားဖို့တောင် ငွေမလိုဘူး"

"ဗျာ . . ဒါဖြင့် ဘာလို့ ကျွန်တော့်ကို ခုလိုခေါ်လာတာလဲ"

"ကဲ . . လာပါ မင်း တစ်ခုခုစားပါဦး၊ ခရီးက ရက်ရှည်သွားရမှာမို့ တိုင်းရှိရင်လဲ လမ်းမှာ ကမ်းကပ်ပြီး နားချင်နားရမှာ"



"စိတ်ပျက်တယ်ဗျာ"

တင်မောင်ဦးသည် အင်္ဂလိပ်လိုပါ ရေရွတ်ဆဲဆိုလိုက်၏။

"တင်မောင်ဦးရေ မင်းဟာမင်း ဖတ်စ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် လောလောဆယ်တော့ လှိုင်းလေငြိမ်တုန်း အိပ်ပျော်အောင် ယမကာနဲ့ အာဟာရလေး မှီဝဲဦးကွ"

တင်မောင်ဦး၏ လက်မောင်းကို ကိုင်ကာ အရက်ဝိုင်းရှိရာသို့ ခေါ်ဆောင်လာခဲ့၏။

"ဘယ်လိုလဲ ဥသြကြီး၊ ချာတိတ်ကို တရားချလာပြီလား"

ကျောက်မီးသွေးက လှမ်းမေးသည်။ တင်မောင်ဦး၏ ပခုံးကို ဥသြက ဖက်ကာ ဝိုင်းထဲခေါ်လာလေသည်။ ဤလူစုကို ရန်ပြု၍လည်း သူ့တိုက်ခိုက်မှုဖြင့် အောင်မြင်နိုင်မည် မဟုတ်။

သည်တော့ ဝမ်းဗိုက်ဆာလာသည်ကို ဖြည့်လျက် အခွင့်ကြုံသည်နှင့် ရန်ကုန်သို့ ထွက်ခွာရန်သာ ကြိုးစားရပေတော့မည်။

ထားတစ်ယောက်ကတော့ အခုချိန်ဆိုလျှင် သူ့ကို စိတ်ပူပေတော့မည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

ဝတ်လုံတော်ရ ဦးမြင့်သည် ရာဇဝတ်အုပ်များနှင့် လူဆိုးထိန်းများကို ခေါ်ဆောင်ကာ ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆင်းလာခဲ့သည်။ ရာဇဝတ်အုပ် ဦးရွှေက ဆိပ်ကမ်းရှိ လှေများကို တက်ရောက်ကာ စစ်ဆေးခဲ့သည်။

အဖြူရောင် ကြက်ခြေခတ် အမှတ်အသားပြုလုပ်ထားသော လှေကြီးမှာ မည်သည့်အရပ်ဒေသမှလာသော လှေမှန်းမသိရကြောင်း၊ ပန်းဆိုးတန်းဆိပ်ကမ်းကို ကပ်သည်သိရှိရန် ပတ်ဝန်းကျင်မှ လှေနှင့် မော်တော်တို့က စကားပင် မပြောကြားဖူးကြကြောင်း ထွက်ဆိုကြ၏။

ရာဇဝတ်အုပ် ဦးရွှေက

"သူတို့လှေက ဘာလာလုပ်တဲ့လှေလဲ"

ဟု မေးလိုက်သည်။ မော်တော်အလုပ်သမားတစ်ဦးက ခေါင်းခါလိုက်သည်။

"ဒီဆိပ်ကမ်းမှာက ကုန်းတို့လှေရော၊ ကုန်စိမ်းလှေရော၊ ငှက်ပျောလှေရော၊ ခရီးသည်တင်မော်တော်ရော ဆိုက်ကပ်ကြတယ်ဆိုတော့၊ တော်ရုံလဲ ဘယ်ကလှေဆိုတာ မေးမကြည့်တော့လဲ မသိဘူးပေါ့ဗျာ"







ပန်းဆိုးတန်းဆိပ်ကမ်းပေါ်မှ လူများလည်း လှေထဲသို့ ကြည့်နေကြသည်။ လူကိုယ်တိုင်လည်း ရှာမရ။ လှေကိုပါ မမြင်ရတော့သောကြောင့် ဆိပ်ကမ်းအာဏာပိုင်များအား သဟင်းပို့ကာ ဝတ်လုံတော်ရ ဦးမြင့် ပြန်လာခဲ့ရတော့သည်။

အိမ်သို့ ဝတ်လုံတော်ရဦးမြင့်သည် ညရှစ်နာရီထိုးလောက်မှပင် ပြန်ရောက်လာသည်။ အိမ်ထဲသို့ ဝင်လာသည်နှင့်ပင် မထားရီက ဆီးကြိုကာ

"မောင်က ဘယ်အချိန်မှ ပြန်လာမယ်ပြောလဲ့ ဖေဖေ"

ဟု မေးလိုက်၏။

အကြောင်းကို မသိသော ဒေါ်ခင်ခင်ရီကလည်း

"ရှင် တစ်ခါတည်း ခေါ်လာခဲ့ရောပေါ့၊ သူ့အပေါင်းအသင်းတွေနဲ့ ညဉ့်နက်သန်းခေါင်နေရင် မကောင်းပါဘူး" ဟု ပြောလိုက်ပြန်လေသည်။

ဝတ်လုံတော်ရ ဦးမြင့်သည် ညှို့ခန်းကုလားထိုင်ပေါ်ထိုင်ကာ သက်ပြင်းချလိုက်၏။

"ဟင်း"

"စကားပြန်ပြောပါဦးရှင်၊ ရှင်ကလဲ ဘယ်လိုဖြစ်နေတာလဲ"

ဒေါ်ခင်ခင်ရီက သူတို့သားအမိနှစ်ယောက် ပြောသည်ကို စကားတုံ့ပြန်မပြောသော ဦးမြင့်ကို ကြည့်ကာ အားမလိုအားမရ အသံဖြင့် ပြောလိုက်သည်။

"မင်းတို့ကလဲ ဘာမှအလိုက်မသိကြဘူး"

"ဘာမသိတာလဲရှင့်"

"ငါ တစ်ညနေလုံး အလုပ်များနေတယ်ဆိုတာ သိရဲ့လား၊ ပုလိပ်တွေ ဆိပ်ကမ်းအာဏာပိုင်တွေနဲ့ ပန်းဆိုးတန်းမှာ လှေတွေပေါ်ကို ဆင်းလိုက်တက်လိုက် လုပ်နေရတယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

ဝတ်လုံတော်ရ ဦးမြင့်ကို မျက်လုံးလေးဝိုင်းကာ မထားရီက မေးလိုက်လေသည်။

"ဘာဖြစ်ရမှာလဲကွာ မောင်ကင်မောင်ဦး ပြောတဲ့လှေကို မတွေ့ရတော့လို့ပေါ့"

"ဟင်"

"ဒါဆို မောင်တင်မောင်ဦးနဲ့လဲ မတွေ့ရဘူးပေါ့"

"ဟုတ်တယ် ... ဘယ်ရောက်သွားမှန်းတောင် မသိဘူး၊ ငှက်ကြီးတောင်လူဆိုးကြီးကပဲ ဖမ်းခေါ်သွားသလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် လှေကို တစ်နေရာကို မောင်းသွားပြီး မောင်တင်မောင်ဦးကို ဆိပ်ကမ်းက ဂိုဒေါင်တွေထဲမှာပဲ ဖမ်းချုပ်ထားသလားဆိုတာ စုံစမ်းရမှာပေါ့"

"ဖေဖေ့မိတ်ဆွေ ရာဇဝတ်အုပ်ဦးရွှေရော"

မထားရီက သတိရ၍ မေးလိုက်၏။

"အို . . သူလဲ ဘယ်နေရပါ့မလဲ၊ သူ့အဆက်အသွယ်တွေ စုံထောက်တွေနဲ့ အလုပ်များနေပြီပေါ့"

"ဘုရားသိကြားမလို့ မောင်ဘာမှမဖြစ်ပါစေနဲ့"

မထားရီက မျက်ရည်လေးဝဲကာ ဆုတောင်းလိုက်သည်။

✦ ✦ ✦



တင်မောင်ဦး အိပ်ရာမှ နိုးသောအခါတွင် အားလုံးက လှေပေါ်တွင် အလုပ်များနေကြပြီ ဖြစ်လေသည်။ အပြင်မှ မိုးပက်၍ ဝင်လာသောရေများကို ဥဩက ဦးဆောင်ကာ ရေခွက်များရေပုန်းများဖြင့် ခပ်နေ၏။ မိုးကသည်းသည်းမဲမဲ ရွာနေသည်။

တင်မောင်ဦးသည် လက်ဆင့်ကမ်းကာ ရေခပ်နေသူများရှိရာသို့ လျှောက်လှမ်းလာသည်။

"ပေး . . ပေး . . ကျွန်တော်လဲ ကူခပ်ပါ့မယ်"

ဥဩကို အနားပေးကာ သူက ကူ၍ ခပ်ပေးသည်။ မိုးသက်မုန်တိုင်းကျလျှင် ပင်လယ်ပြင်ကူးသော လှေကြီးများသည် ဤကဲ့သို့ပင် လှေထဲသို့ ရောက်ရှိလာသော ရေများကို ခပ်၍ပစ်ကြရသည်။

ရေများ လှေဝမ်းထဲတွင် များလာလျှင် လှေသည် တဖြည်းဖြည်း နစ်မြုပ်သွားနိုင်သည်။ လှိုင်းဒဏ်ကိုလည်း မခံနိုင်ဖြစ်ရလေသည်။

တင်မောင်ဦးသည် လှေပေါ်ပါလာသည့်သူများ တစ်ဦးပြီးတစ်ဦး နား၍ လူသုံးယောက်ထဲ ကျန်သည့်တိုင် ရေများကုန်သည်အထိ ခပ်ပစ်လိုက်သည်။ မိုးကစဲသွားသောကြောင့် အင်္ကျီကို ချွတ်ကာ အမိုးရှိသော ခန်းတွင် လှမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်ဦး"

"ဗျာ"

"အဲဒီထောင့်က သေတ္တာထဲမှာ ယောကျ်ားရှပ်အင်္ကျီတွေ ရှိတယ်"

"သူများအင်္ကျီ ကျွန်တော် မဝတ်တတ်ဘူး"

တင်မောင်ဦးက ကိုယ်ပေါ်တွင် အဝတ်မရှိဘဲ ပြန်ပြောလိုက်သည်။

"ကြည့်ပါဦးကွ . . ကြိုက်တော့လဲ ဝတ်တာပေါ့၊ အသစ်တွေပါပဲ၊ တို့က ပေပေတေတေနေရတော့ အဝတ်သိပ်မဝတ်ဘူး၊ ဂတ်လဲ မိုးနဲ့လေနဲ့ ခဏပဲ စဲတာကိုး"

တင်မောင်ဦးသည် လှေကြီးဦးခန်းရှိ သော့ခတ်မထားသော သံသေတ္တာကြီးကို ဖွင့်ကြည့်လိုက်သည်။ အထဲတွင် ပွပ်ကြယ်အင်္ကျီ၊ အိန္ဒိယလုံချည်၊ ပိုးဘောင်းဘီနှင့် အနွေးထည်များကို တွေ့ရ၏။

သဘော်ာပေါ်တွင် အင်္ကျီပန်းပြတ်များနှင့် ဘောင်းဘီစုတ်များ ဝတ်ဆင်ထားသူတို့ကို သူသည် အထင်သေးခဲ့သည်။ ယခုတော့ ထိုစိတ်မျိုးကို သူပြုပြင်ရမည် ဖြစ်ကြောင်း တွေးတောမိတော့၏။

ဇွပ်ကျယ်ထူထူနှင့် ပလေကပ်ပုဆိုးတစ်ထည်ကို ယူကာ သူဝတ်လိုက်သည်။ သူသည် အပြုံလို အဝတ်အစားအပြောင်းကို ဝတ်ကျင့်မရှိသူဖြစ်ရာ အတော်ပင် ဖြစ်သွားလေသည်။

"ကျွန်တော် ဒါကို ဝတ်မယ်ဦးလေး"

"အေး . . ဝတ်ပါကွာ၊ လှေပေါ်မှာက ခဏပဲ ခံမှာပါပဲ၊ ဒါပေမယ့် မင်းကလဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဆိုတော့ မင်းဝတ်ပေါ့ကွာ"

လှေထဲမှ ရေခပ်သွန်ခဲ့ရသော ကြောင့် လူများသည် ကုန်းပတ်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လျက်ရှိသည်။ အခြားသူများက ခြေပစ်လက်ပစ်နားနေ၍ ဖြစ်သော်လည်း ဝိန်ဝိန်ရှည်ရှည်နှင့် ကျောက်မီးသွေးကမူ ပဲ့ပိုင်းရှိ မီးဖိုနားမှာ အလုပ်ရှုပ်နေသည်။

မှန်တိုင်းစဲသွားပြီ ဖြစ်သောကြောင့် ထမင်းတစ်အိုးကို ချက်လိုက်သည်။ စုစုပေါင်း လူရှစ်ယောက်စာအတွက် ဆန်တစ်ပြည်ခွဲအိုးကို ချက်ရသည်မှာ မလွယ်။

ဝက်အူချောင်းနှင့် ဟင်းသီးဟင်းရွက်များကို ကြော်ရန် ခုတ်စင်းနေ



သည်။ အောက်စဖို့(ဒ်) တက္ကသိုလ် တက်စဉ်က ကိုယ်တိုင်ချက်ပြုတ်စားခဲ့ရသော တင်မောင်ဦးသည် ဝင်ရောက်ကူညီသည်။

"ဟော . . တယ်ဟုတ်ပါလား တင်မောင်ဦးရ၊ မင်းက တရုတ်ခေါက်ဆွဲကြော်ဆိုင်တောင် ဖွင့်လို့ရမယ်၊ စားကိုင်တာတွေ လှီးတာချွတ်တာတွေက တယ်ဟုတ်ပါလား"

"ဟုတ်မှာပေါ့ဗျ . . အောက်စဖို့(ဒ်)မှာ ကျွန်တော့်သူငယ်ချင်းတွေက ချိုင်းနိစ်တွေ များတယ်။ သူတို့ဆီက သင်ထားတာ"

အစိမ်းကြော် ကြော်ရန် ကော်ဖီ၊ မုန်လာဥနီနှင့် ရွှေပဲသီးများကိုလှီးပြီး ဝက်အူချောင်းနှင့် ကြော်ရန် လုပ်ပေးထားလိုက်သည်။ နောက် ဆာကေးအသားကင်နှင့် ငါးခေါင်းဟင်းချိုကို ချက်ရန် မီးဖိုတစ်ဖိုတွင် တင်မောင်ဦးက ပါဝင်၍ ကူညီနေသည်။

တင်မောင်ဦး ဤသို့နေပုံထိုင်ပုံကို ကြည့်ကာ ဉာဏ ကျေနပ်နေလေသည်။

* * * * *





www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်၊ နှစ်ရက် အတွင်းမှာပင် တင်မောင်ဦးနှင့် လှေပေါ်မှလူများ အဖွဲ့ကျသွားကြသည်။ သူတို့သည် ထားဝယ်တွင် ဝယ်၍ရသော ကောက်ညှင်းအရက်ကို စဉ့်အိုးနှင့်ထည့်ကာ အလုံပိတ်လာခဲ့ကြသည်။

မုန်တိုင်းကျ၍ လိမ့်သွားစေကာမူ လှေပေါ်မှ အရက်စဉ့်အိုးကြီးထဲမှ အရက်များကို ဆိပ်ကမ်းတွင်လည်း ထပ်၍ ဖြည့်လိုက်ကြသေးသည်။

ဩဇာသီးနှင့် ကျောက်မီးသွေးတို့နှစ်ဦးမှာ အလွန်အရက်ကြိုက်တတ်ပြီး သူတို့အနီးတွင် အမြဲလိုလို အရက်ပုလင်း တစ်လုံးက ရှိနေတတ်လေသည်။

မနက်စာကို သူတို့သည် နေ့လယ်တစ်နာရီလောက်မှ စားကြရသည်။ အရက်ဝိုင်းက လှေကြီးအလယ်ရှိ အခန်းထဲတွင် လူနှစ်ဦး၊ သုံးဦးနှင့် အမြဲရှိနေသည်။

သံဖနောင့်က တံငါသည်ဖြစ်သည်။ သူသည် လှေပေါ်မှ ဆင်း၍ရသော နေရာရှိလိုက်ချိန်တွင် ငါးများကို သွား၍ ယူကာ မီးကင်၍ အရက်နှင့်မြည်းဖို့ လုပ်ထားတတ်လေသည်။

ငါးကို အချိုရည်သုတ်ခြင်း၊ ရှာလကာရည်နှပ်ခြင်းဖြင့် အကောင်းစား ပင်လယ်ငါးကင်ရအောင် သံဖနောင့်က လုပ်တတ်လေသည်။





ညစာကိုတော့ ဝိုင်းဖွဲ့စားလေ့မရှိ။ မီးဖိုထဲရှိ စားပွဲသို့ ဝင်ကာ ဆာသူက စားသည်။ ညစာကို များများစားစားစားသူက နည်းလေသည်။

တင်မောင်ဦးမှာ ပင်လယ်ပြင်တွင် နှစ်ရက်၊ သုံးရက်ရှိသောအခါ ကျရာတွင် ပျော်တတ်သော သူ့ဓလေ့ကြောင့် စိတ်ဆင်းရဲမှုများ ပျောက်ကွယ်ကာ ဖြစ်သလို နေနိုင်လာလေတော့သည်။

"တင်မောင်ဦး"

"ဗျာ"

"မင်း ကောင်မလေးကို သတိရနေလား"

"သတိတော့ ရတာပေါ့ ဦးလေးရာ၊ ဦးလေးက အတင်းခေါ်လာတာကိုး၊ ကျွန်တော် ထွက်လဲမပြေးပါဘူးဗျာ၊ ဘာလို့ ကျွန်တော့် ခေါ်လာလဲဆိုတာ ပြောပါဦး"

ဩဇာသီးက အရက်ခွက်ကို မော့သောက်ရင်း

"သူ့သာ မေးပေတော့ဟော၊ တို့က ပင်လယ်ပြင်ကို ခဏထွက်ပြီး အရက်သောက်ရအောင်ပြောလို့၊ ဟိုနားဒီနား ကတန်ကျွန်းလောက်ထင်ပြီး လိုက်လာတာ၊ ခုတော့ ရန်ကုန်မှာ မင်းကိုလာခေါ်တာ ဖြစ်နေတယ်"

ဟု ပြောသည်။

"အင်း .. မင်းကို ဘာလို့ခေါ်ရသလဲလို့ ပြောရရင် ငါကိုယ်တိုင်တောင် ကောင်းကောင်းမသိဘူး"

"ဗျာ"

သူ့ကို လှေတစ်စင်းဖြင့် ပင်လယ်ပြင်သို့ ခေါ်ထုတ်လာသူက ဘာကြောင့်ခေါ်လာရသည် ဆိုသည်ကို မသိဟုဆိုလျှင်၊ သူ့ဘဝကို မည်သူက စေခိုင်းနောင့်ယှက်နေသနည်း။

"ကောင်းကောင်းမသိဘဲများဗျာ၊ ဘာလို့လာခေါ်ရတာလဲ"

"ငါ ကြောက်ရတဲ့ သူက ခိုင်းလို့ လုပ်ပေးရတာပေါ့၊ မင်းအဖေနဲ့တော့ ငါနဲ့ရင်းနှီးတယ်လေ၊ ထားဝယ်က ကျောက်စာတွေ မှတ်တမ်းတွေကို ဖတ်ဖို့ လိုက်ခဲ့ဖူးတယ်၊ ဦးဝီရလဲ ပါတာပေါ့"

"ဦးဝီရဆိုတာက"

"ဦးဝီရဆိုတာက ထားဝယ်သုသာန်ကို မကြာခဏလာတဲ့ ရသေ့ကြီးပေါ့ကွာ"

"ဗျာ .. ဒါဆိုရင် ကျွန်[illegible] က ထားပယ်သုသာန်အထိ [illegible]ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ . . မင်းနဲ့တွေ့တော့မှ ရသေ့ကြီးက လူစွမ်းလူစရှိမရှိ ကြည့်ဦးမယ်တဲ့"

"ဘာလုပ်ဖို့လဲဗျာ"

"သူ့မှာ မင်းအဖေနဲ့ လုပ်ထားတဲ့ အလုပ်တစ်ခု မပြတ်သေးလို့ ပြောတာပဲ"

"အင်း . . ဘယ်တတ်နိုင်မလဲ၊ အဖေ့ကိစ္စဆိုတော့ ကျွန်တော်နဲ့ လာပတ်သက်တာပေါ့လေ"

ဩဇာသီးနှင့် ကျောက်မီးသွေးတို့ကတော့ လှေကြီး၏ အခန်းထဲရှိ နံရံကို မှီကာ ထိုင်နေကြသည်။ ကျောက်မီးသွေးက ပေါ်တူဂီသီချင်းတစ်ပုဒ်ကို ညည်းတွားသီဆိုနေ၏။

"ဒါ . . တီ . . တီ . . ဒါတီ"

လောကကြီးတွင် သူ တစ်ယောက်တည်း ရှိသည့်ဟန်မျိုးဖြင့် ကျောက်မီးသွေးက သီချင်းညည်းနေခြင်းပင် ဖြစ်သည်။ သူသည် ပေါ်တူဂီပိုင်လှေကြီးတစ်စီးတွင် ထမင်းချက် လုပ်ခဲ့ဖူးလေသည်။

ထို့ကြောင့် ပေါ်တူဂီများ နှစ်သက်တတ်သည့် ဝိစကီကိုလည်း ကျောက်မီးသွေးသည် ကောင်းကောင်းကြိုက်တတ်ပေသည်။ ပေါ်တူဂီတို့၏ ယဉ်ကျေးမှုနှင့် ဂီတပညာကိုလည်း သူသည် တီးမိခေါက်မိရှိနေလေသည်။

"ဘာလဲ မင်းက သူသာန်ကို လိုက်ရမှာ ကြောက်လို့လား"

ဉာဏ်ကြီးက တင်မောင်ဦးကို မေးလိုက်သည်။

"မဟုတ်ပါဘူး . . . ကျွန်တော်ကလဲ ရှေးဟောင်းသင်္ချိုင်းတွေကို လေ့လာရတာ ဝါသနာပါပါတယ်"

အရှေ့ပိုင်းဒေသ၏ သမိုင်းသည် သင်္ချိုင်းများတွင်လည်းရှိကြောင်း တင်မောင်ဦး သင်ကြားခဲ့ရဖူးပေသည်။

* * * * *

ညနေပိုင်း နေရောင်အောက်တွင် ထားဝယ်ဆိပ်ကမ်းကို လှမ်း၍ မြင်ရသည်။ ဆိပ်ကမ်း၌ ကပ်ထားသော လှေများ၊ မော်တော်များနှင့် ရွက်များ ထောင်နေသည့် ရှုခင်းများသည် လွမ်းစရာကောင်းလှပေတော့သည်။

တင်မောင်ဦးသည် အောက်စ ဖို့(ဒ်)မှ ပြန်လာပြီး ရန်ကုန်တွင် တစ်ည သာ အိပ်ရသည်။

ယခု ထားဝယ်သို့ ရောက်လာရပြီ ဖြစ်လေသည်။ ကျောက်မီးသွေး၊ ဩဇာသီးနှင့် သံဖနောင့်တို့ကတော့ မိသားစုနှင့် ပြန်တွေ့ရတော့မည် ဖြစ်သောကြောင့် ဝမ်းသာပျော်ရွှင်နေကြသည်။

"ဦးလေးတို့ကတော့ ကိုယ့်အရပ်ကိုယ့်ဒေသ ရောက်လာတော့ ပျော်ကြမှာပဲနော်"

"အေးပေါ့ကွာ ဘုမသိ ဘမသိနဲ့ လိုက်လာရတဲ့ မင်းကတော့ ရန်ကုန်ကို ပြန်ချင်နေမှာပေါ့"

"ဟုတ်တယ်ဗျာ . . ဦးလေးဉာဏ်ကြီးရဲ့ ရသေ့ကြီးနဲ့ တွေ့ပြီး အကျိုးအကြောင်း ပြောပြပြီးရင် မြန်မြန်ပြန်ရမှာပဲ"

ထားဝယ်ဆိပ်ကမ်းသို့ ရောက်သည်နှင့် အိတ်ကြီးတစ်လုံးကိုယူကာ သူ့အား ခေါ်လာသည့် ဉာဏ်ကြီးဟူသည့် လူကြီးသည် တင်မောင်ဦးကို ကြည့်လိုက်၏။

"လာကွာ အဲဒီရဲ့ရသေ့ကြီး ဦးဝိရက ထူးလဲထူးဆန်းတယ်၊ ခုဆိုရင် သူ့သာန်ထဲက မျှော်နေရောပေါ့"

"ဗျာ . . ကျွန်တော်တို့ ရောက်လာမယ့်အချိန်ကို သိလို့လား"

"အဲဒါတော့ ငါ မပြောတတ်ဘူး၊ မိုးလေဝသကောင်းရင် ရန်ကုန်က လာတဲ့လှေဟာ ထားဝယ်ဆိပ်ကမ်းကို ဘယ်နေ့ရောက်မယ်၊ ဘယ်အချိန် ရောက်မယ်ဆိုတာတော့ သူ သိသကွ"

"အင်း . . သူလဲ ကျွန်တော် လာမှလုပ်ရမယ့် ကိစ္စတစ်ခုခု ရှိမှာပေါ့"

"ဒါလဲ ဖြစ်နိုင်ပါတယ်"

\+ \+ \+

"ကဲ . . ကျုပ်တို့ကို ဒုက္ခပေးပြီးပြီ မဟုတ်လား"

ကျောက်မီးသွေးက ကမ်းနား ရှိ ထမင်းဆိုင်တွင် ထမင်းစားအပြီး၌ ပြောလိုက်သည်။ ဉာဏ်ကြီးက

"ဒုက္ခပေးတယ်လို့ မပြောပါနဲ့ကွာ၊ အကူအညီတောင်းလို့ ပေးရတယ် ပြောပါ ကျောက်မီးသွေးရာ၊ မင်းတို့လိုတော့လဲ ငါက ကူညီတာပဲ မဟုတ်လား"

ဩဇာသီးက . .

"ဒီကောင် ပြောတာတွေ ဂရုစိုက်မနေပါနဲ့ ဉာဏ်ကြီးရာ၊ တကယ်ကျတော့လဲ ခင်ဗျားကို ဒီကောင် ပစ်ထားနိုင်တာမှ မဟုတ်ဘဲ၊ လှေထွက်တာတောင် ရေထဲခုန်ဆင်းပြီး လိုက်လာမယ့်ကောင်ပဲဟာ"

ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





အမှတ်ရဖွယ် ဖြစ်ရပ်များ၊ ခင်မင်လေးစားဖွယ်ရာများဖြင့် တရင်းတနီး ပင်လယ်ပြင်တွင် သေအတူရှင်မကွာ နေထိုင်ခဲ့သော မိတ်ဆွေများကို ရင်းနှီးစွာ နှုတ်ဆက်လိုက်သည်။

"အေး . . သွားဦးမယ်ကွာ၊ နောက်တို့ ဆုံကြသေးတာပေါ့ ညြဖ သီး"

ထမင်းဆိုင် အပြင်ဘက်တွင် မြင်းလှည်းတစ်စီး စောင့်နေ၏။ ထိုမြင်းလှည်းပေါ်သို့ တက်ရန် တင်မောင်ဦးကို ပြောလိုက်၏။

"တင်မောင်ဦး"

"ဗျာ"

"လှည်းပေါ်တက်ကွာ . . ကုန်းလမ်းခရီးပြီးရင် ပြီးပါပြီ၊ ရေလမ်းခရီးကတော့ လာတဲ့လမ်းဆုံးပြီ"

တင်မောင်ဦးသည် မြင်းလှည်းပေါ်သို့ တက်လိုက်၏။ မြင်းလှည်းမောင်းသမားမှာ ခပ်ဝဝ၊ ခပ်ပုပုဖြစ်၍ ကတုံးဆံတောက် ဆံပင်ညှပ်ထားသည်။

တင်မောင်ဦး မြင်းလှည်းပေါ် ရောက်သည်နှင့် မြင်းလှည်းသည် စ၍ ထွက်လေတော့သည်။

"ဟာ . . ဘယ်ကိုသွားမှာလဲ၊ ဟိုမှာ ဦးလေးဥဩ ကျန်ခဲ့ပြီ"

မြင်းလှည်းသမားက အရေးထားပုံ မရပေ။ မြင်းကိုသာ ကြိမ်တံနှင့်တို့ကာ မြို့ထဲသို့ ဝင်သည့်လမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။

မြင်းလှည်းသည် အတော်မြန်မြန် ပြေးနေသည်။ မြင်းလည်မင်းမှ ချူသံနှင့် မြင်းခွာသံတို့မှာ စည်းချက်ဝါးချက် ကျနနေသည်။

"ဦးလေး လူတစ်ယောက် ကျန်ခဲ့တယ်လို့ ကျွန်တော် ပြောတယ် မဟုတ်လား"

တင်မောင်ဦးက အနည်းငယ် မာကျောစွာ ပြောလိုက်သည်။

"မင်းကလဲ ဘာလို့ပူနေရတာလဲ၊ ခရီးဆုံးအောင် ကြည့်ပါဦး"

မြင်းလှည်းသမားကြီးက အေးစက်စက်အသံဖြင့် ပြန်ပြောသည်။ မြင်းလှည်းသမား၏ အသံကြောင့် တင်မောင်ဦးက ထိတ်လန့်သွားသည်။

"ဦးလေးဥဩ မရောက်ရင် ကျွန်တော်က ထိုင်စောင့်နေရမှာပေါ့"

သင်္ချိုင်းတစ်ခုသို့ သွားမည်ဖြစ်ကြောင်း ကြိုသိရသောကြောင့် တင်မောင်ဦးက ပြောလိုက်ခြင်း ဖြစ်လေသည်။







"မင်းဆီက ငါ မြင်းလှည်းခမတောင်းပါဘူးကွာ၊ ဘာမှပူမနေပါနဲ့"

"မြင်းလှည်းခကို နမြော လို့ ပြောတာ မဟုတ်ပါဘူး၊ လူချင်းကွဲသွားမှာ စိုးလို့ပါ"

"မင်းက ဥဩကို တော်တော်ခင်သွားတယ် မှတ်တယ်။ လူတစ်ဦးနဲ့တစ်ဦး သံယောဇဉ်တွယ်ဖို့ မလိုပါဘူးကွာ၊ လုပ်သင့်လုပ်ထိုက်တာလုပ်၊ ကိုယ်နဲ့တွေ့တုန်းကြုံတုန်း ကိုယ့်တာဝန်ကျေအောင်နေ၊ အချိန်တန်တော့လဲ ခွဲကြခွာကြ၊ သွားစရာ လာစရာရှိတာ သွားကြ၊ ပြီးရောပေါ့"

မြင်းလှည်းသမားကြီးက မြို့ထဲမှ လမ်းများကို ကွေ့ကောက် မောင်းနှင်ရင်း ပြောနေသည်။ လှေကြီးပေါ်၌ အတူနေခဲ့ကြသူများအားလုံးနှင့် ခွဲကာ မျက်နှာစိမ်းတစ်ဦး၏ လှည်းပေါ်တွင် ပါလာသောကြောင့် အားငယ်သလို ဖြစ်မိသည်။

မှောင်ရီပျိုးစအချိန်ဖြစ်၍ ထားဝယ်မြို့မှ အိမ်ကြီးများသည် မီးရောင်တလက်လက်ဖြင့် ဝင်း ထွက်လျက်စည်ကားနေသေးသည်။

မကြာမီ မီးရောင်လင်းသော အိမ်များကို မြင်းလှည်းသည် တဖြည်းဖြည်း ကျော်လွန်လာကာ ကုန်းဆင်းလမ်းပေါ်သို့ ရောက်လာသည်။

လှည်းလမ်းမှာ မြို့ထဲက လမ်းများနှင့် မတူတော့ဘဲ မညီမညာ ကုန်းတက်ကုန်းဆင်း ဖြစ်လာလေသည်။

* * * * *

ထားဝယ်မြို့ကလေးသည် မီးရောင်တလက်လက်ဖြင့် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့သည်။ ခင်တန်းများ၊ လျှိုများကို ဖြတ်ကျော်လာကာ ချိုင့်ဝှမ်းကြီးတစ်ခုထဲသို့ ဆင်းသွားလေသည်။

ချိုင့်ဝှမ်းတစ်ခုလုံး ပတ်ပတ်လည်တွင် ဆူးပင်များ ပေါက်နေသည်။ ရှားစောင်းလက်ပတ်ပင်၊ မန်းကျည်းပင်နှင့် အသက်အလွန်ကြီးသော ညောင်ပင်ကြီးများသည် ချိုင့်ဝှမ်းကြီးထဲသို့ ငိုက်ကျနေသည် အလား မြင်တွေ့နေရသည်။

လရောင်မှုံပျပျအောက်မှ မှတ်တိုင်များ၊ အုတ်ဂူများကို မြင်နေရသည်။ မြင်းလှည်းသည် သံတန်ဆောင်းကြီးရှေ့သို့ရောက်အောင် မောင်းသွားပြီးနောက် ရပ်ဆိုင်းသွားလေတော့သည်။

မြင်းလှည်းသမားကြီးသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခါ ဒရပ်ပေါ်တွင် ရပ်နေသော မဲမဲအရိပ် တစ်ခုထံမှ အသံထွက်ပေါ်လာသည်။

"ထိုက်ကျင်ရေ မြင်းလှည်းကို ဖြုတ်ပြီး မြင်းကို မြင်းဇောင်းထဲမှာ ကြိုး ချည်လိုက်"

"တင်ပါ့ဘုရား"

မြင်းလှည်းပေါ်မှ လူက ဆင်းကာ လှည်းတွင် တွဲထားသော မြင်းကို ဖြုတ်နေသည်။

တင်မောင်ဦးသည် သချိုင်း အုတ်ဂူများကို တစ်ချက်ဝေ့ကြည့်ကာ အပြင်တွင် နေရခြင်းထက် တန်ဆောင်း ထဲတွင် နေရခြင်းက ပိုကောင်းသည်ဟု တွေးကာ တင်မောင်ဦး တန်ဆောင်း ပေါ်သို့ တက်လာခဲ့သည်။

တန်ဆောင်းထဲတွင် မီးထွန်း မထားပါ။ ထို့ကြောင့် တန်ဆောင်း ခေါင်းရင်းတွင် ထိုင်နေသော လူနှစ် ယောက်၏ ပုံရိပ်ကို ဝိုးတဝါးသာ မြင် နေရသည်။

မကြာပါ ဇာတစ်ဦးက ထ၍ သံတန်ဆောင်းခေါင်းရင်းရှိ အသုဘ များ သရဏဂုံတင်လျှင် ဘုန်းတော်ကြီး များထိုင်လေ့ရှိသည့် ကျောက်စင်မြင့် ပေါ်တက်ကာ နံရံမှ ဘုရားစင်လေးတွင် ဘုရားမီး ထွန်းလိုက်သည်။

သံတန်ဆောင်းကြီးထဲတွင် အ လင်းရောင်များ ပြန့်သွားသည်။ ထိုအ ခါ သစ်ခေါက်ဆိုး သင်္ကန်း ညိုကြီးကို ဝတ်၍ ထိုင်နေသော ရသေ့ကြီးတစ်ပါး ကို တွေ့လိုက်ရပြီး စောစောက မြင် လှည်းမောင်းသူကို လှမ်းအော်ပြော သည့် သူပင် ဖြစ်ကြောင်း သိလိုက်ရ သည်။

ဘုရားစင်တွင် ဖယောင်းတိုင် မီးပူဇော်သူမှာ ကျောကုန်းတွင် ဘုကြီး နှင့် ဖြစ်သည်။ သချိုင်းတွင်းရှိ သံတန် ဆောင်းကြီးမှာ နေထိုင်ချင်စရာ မ ကောင်းပါ။ ဘေးတွင် ကာထားသော သွပ်အကာများမှာလည်း မလုံတော့။ ရွဲ့ စောင်းကာ အပေါက်ဖြစ်သည့်နေရာက ဖြစ်နေလေသည်။

မီးရောင်ကြောင့် ရသေ့ကြီးမှာ နူးရှတောက်ပသော မျက်လုံးများရှိပြီး ဒေါသဖြစ်ခြင်းလား၊ ပျော်ရွှင်ခြင်းလား၊ ဟူ၍ မသိနိုင်သော မျက်နှာမျိုးဖြင့် ထိုင် လျက်ရှိနေလေသည်။ မီးထွန်းပြီး ဆင်း လာသူမှာ ကျောကုန်းတွင် ဘုကြီးရှိ သောကြောင့် ခါးကုန်းနေသည်ဟု ထင် ရသည်။ မျက်နှာမှာ ကလေးငယ်ကဲ့သို့ ဝဝပြည့်ပြည့်ရှိနေပြီး ရသေ့ကြီး၏ရှေ့ တွင် ထိုင်လိုက်သည်။





"အောင်ဘွင့်"

ကျောကုန်းတွင် ဘုရှိသောသူ ကို ရသေ့ကြီးက ခေါ်လိုက်၏။

"ဘုရား"

"ညနေစာအတွက် ဘာရှိသ လဲ၊ ဧည့်သည်စားဖို့လေ၊ သူ ဒီမှာ တစ် ညလုံး အိပ်နေမှာပေါ့"

"ဦးညြလာရင် ပါလာပါလိမ့် မယ်ဘုရား"

ဦးအောင်ဘွင့်က ပြောလိုက် သည်။ ရသေ့ကြီးကို ကန်တော့ကာ တင်မောင်ဦးက ထိုင်လိုက်၏။

"ကျောက်စာဝန် ဦးစိန်မြတ်ရဲ့ သား တင်မောင်ဦးဆိုတာ မင်းလား"

ရသေ့ကြီးက တင်မောင်ဦးကို စိမ်းစိမ်းကြည့်ကာ မေးလိုက်သည်။

"ဟုတ်ပါတယ် ဘုရား"

"အေး . . အောက်စဖို့(ဒ်)မှာ ပညာသွားသင်ဆို"

"ခုပဲ ပြန်လာတာပါဘုရား၊ ဦးလေးဦးညြက ဖိတ်ခေါ်လာတာနဲ့ ပါ လာတာ"

"အေး . . အေး . . အကြောင်း ကိစ္စတွေက ရှိတာကိုး၊ အရှေ့တိုင်းပညာ နဲ့ ပတ်သက်လို့ ကျုပ်တို့ကတော့ ကင်း ဘရစ်ကို သဘောကျတာ၊ ဟားဘတ်

ဖြစ်ဖြစ်ပေါ့၊ အဲဒီမှာ သင်ဖို့ကောင်း တယ်ဆိုတာ မင်းအဖေက သူတက်ခဲ့ တဲ့ အောက်စဖို့(ဒ်)က ကောင်းတယ် ပြောတယ်။ ဒကာကြီးရော ဒီလိုပဲ ထင် သလား"

"မှန်ပါ့ တပည့်တော်လဲ ပို ကောင်းတယ်လို့ ထင်ပါတယ်ဘုရား"

❧ ❧ ❧

"အေး . . အေး . . အင်္ဂလိပ် တက္ကသိုလ်တွေဆိုတော့ စည်းကမ်း တော့ ကျမှာပေါ့၊ ဘာက ပိုကောင်းတာ လဲ ဒကာလေးရဲ့"

"မှန်ပါ့ အဘိဓာန်ကျမ်းတွေ ပြုစုတာက ပိုကောင်းတာပါဘုရား၊ သူ တို့က စာပေရဲ့ရင်းမြစ်တွေ ပေါ်ပေါက် လာတဲ့ အကြောင်းအချက်တွေ အဓိပ္ပာယ်ဖွင့်ဆိုတာတွေ ပိုကောင်း တယ်လို့ ပြောနိုင်ပါတယ်"

"အေး . . မင်းရဲ့စကားကလဲ အောက်စဖို့(ဒ်)တက္ကသိုလ်ကို အထင် ကြီးတဲ့ စကားပါပဲ၊ ဒကာလေး တင် မောင်ဦး၊ ကျုပ်တို့အရှေ့တိုင်းက ကျောက်စာတွေလဲ လေ့လာခဲ့ရမှာပေါ့"

"လေ့လာခဲ့ရပါတယ် ဘုရား"

"ကျောက်စာတွေ ဘယ်နှစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိလဲ"

"ထိုးပုံကို မေးတာလားဘုရား၊ အကြောင်းအရာ ရေးသားစီစဉ်ပုံကို မေးတာလား"

"အေး . . မင်းပြန်မေးတဲ့ မေးခွန်းက ကျောက်စာတွေကို သေချာလေ့လာဖူးတဲ့ လူတစ်ယောက်ရဲ့ စကားပါပဲ၊ ကျောက်စာကို ဘယ်သူက ထိုးတာလဲ"

"ကျောက်စာထွင်းတဲ့သူက ထိုးတာပါဘုရား"

"အဲဒါ ဘယ်လိုလူမျိုးတွေလဲ"

"ကျောက်ထွင်းသမားဟာ ရဟန်းလဲ ပါနိုင်တယ်၊ လူအတတ်ပညာရှင်လဲ ပါနိုင်တာပါပဲ ဘုရား"

ရသေ့ကြီးက ခေါင်းညိတ်လိုက်သည်။

"မှန်တာပေါ့. . . ပျူခေတ်၊ ပုဂံခေတ်ကို ကိုယ်တိုင်မြင်နိုင်တာမှ မဟုတ်ဘဲ ဒီကျောက်စာတွေကို ဖတ်ပြီး ခေတ်ခန့်မှန်းရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား . . ကျောက်စာအမျိုးအစားအရတော့ မူလထိုး၊ ဆင့်ထိုး၊ ထပ်ထိုး ဆိုပြီး သုံးမျိုးရှိပါတယ်ဘုရား၊ ဆင့်ထိုးဆိုတာကတော့ မူလပျူခေတ်၊ ပုဂံခေတ်က ထိုးတဲ့ ကျောက်စာတွေပေါ်မှာ နောက်ဘုရင်တွေ ဘုရင်ရဲ့ကျောက်စာထိုးသမားတွေက ထပ်ဆင့်ပြီး ထိုးတာကို ဆင့်ထိုး ကျောက်စာလို့ ခေါ်တာပေါ့"

"ဘာကြောင့်လို့တုန်း"

ရသေ့ကြီးက စေ့စေ့စပ်စပ် ကျကျနန မေးလေသည်။

"ကြာတာကတော့ ခေတ်အလျောက် အသုံးပြုခဲ့တဲ့ စာလုံးပုံပေါ့ဘုရား၊ လက်တင်စာတွေမှာဆိုလဲ ဒီလိုပဲ၊ လေးထောင့်စာလုံး အသုံးများတဲ့ခေတ်၊ မန်းကျည်းစေ့ပုံ အကွေးရာခေတ် ဆိုပြီး စာလုံးပုံစံကို ကြည့်ပြီးတော့ ခေတ်သတ်မှတ်တာပဲ"

"အေး . . ကျုပ်လဲ မင်းနဲ့ ဒီစကားတွေ ပြောချင်လို့ ဥဩကို ခေါ်နိုင်းရတာပဲ၊ အရင်ကတော့ မင်းအဖေ ကျောက်စာဝန်စိန်မြတ်ပေါ့လေ၊ ခုစိန်မြတ် ဆုံးပြီဆိုတော့ မင်းကို သူ့ပညာမျိုး ဆက်ပြီးတော့ သင်နိုင်းခဲ့တာတယ်နေရာကျတာပဲ"

ထိုအချိန်မှာပင် ဇရပ်ပေါ်သို့ လူနှစ်ယောက် တက်လာလေသည်။ လက်ထဲဟွင် အထုပ်အပိုးများဆွဲထား၏။

တစ်ဦးမှာ သူ့အား လျှော့ဖြင့် ခေါ်လာသော ဥဩဆိုသည့် လူကြီး





ဖြစ်ပြီး ကျန်တစ်ဦးမှာ မြင်းလှည်းသမားလူဝကြီးပင် ဖြစ်လေသည်။

မြင်းလှည်းသမားလူဝကြီး၏ နာမည်မှာ ထိုက်ကျင်ဖြစ်ကြောင်း သိရသည်။ ဇရပ်ခြေရင်းတွင် ကာထားသော အခန်းတစ်ခန်းရှိသည်။

ထိုအခန်းမှာ သုဘရာဇာကြီး ထိုက်ကျင်၏ အခန်းဖြစ်၍ ဥဩမှာ ထိုက်ကျင်၏ တပည့်တစ်ဦး ဖြစ်လေသည်။ ရသေ့ကြီးမှာ တက်ရောက်လာသူများကို အာရုံမထားပဲ

"ဒကာလေး တင်မောင်ဦး"

ဟု ခေါ်လိုက်သည်။

"ဘုရား"

တင်မောင်ဦးက ပြန်ထူးလိုက်သည်။ ဇရပ်ထဲတွင် ရသေ့ကြီးတစ်ဦး ရှိနေခြင်းအတွက် တင်မောင်ဦး၏ ဘဝမှာ လုံခြုံသလို ခံစားရသည်။

ယခုတော့ ဥဩဆိုသည့် လူကြီးပါ ရောက်လာသောကြောင့် သူ၏ ကြောက်စိတ်များမှာ အတော်ပင် လျော့နည်းသွားလေသည်။

"ဒီသချိုင်းထဲက ဂူတွေမှာ ပေါ်တူ ဂီလူမျိုးတွေရဲ့ ကမ္ပည်းကျောက်စာတွေ ရှိတယ်၊ ဒကာလေးရဲ့ အဖေတော့ ဒါတွေကို သိပ်သဘောကျတာပဲ ကူးနိုင်သလောက် ကူးသွားတယ်၊ နောက် ကျုပ်တို့ ထပ်တူးလို့ပေါ်လာတဲ့ ကမ္ပည်းစာတွေလဲ ရှိပါသေးတယ်"

သချိုင်းကမ္ပည်းကျောက်စာများ ရှိသည်ဟု သိရ၍ တင်မောင်ဦးမှာ ဖတ်ရှုရန် စိတ်ဝင်စားမိလေတော့၏။

ဿ ဿ ဿ



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . ကဲ . . မင်းတို့က ညစာစားကြဦးမှာ၊ မနက်ကျတော့မှ စကားပြောကြသေးတာပေါ့၊ ကျုပ်သွားမယ်"

သုဘရာဇာကြီး ထိုက်ကျင်၊ ဥသြနှင့် ဦးအောင်ဘွင့်တို့က ရသေ့ကြီးကို ရှိခိုးကြ၍ တင်မောင်ဦးပါ ရှိခိုးရလေသည်။

ရသေ့ကြီးမှာ သချိုင်းကြီးထဲသို့ ခပ်ဖြည်းဖြည်း ဆင်းကာ ကွယ်လွမ်းသွားလေတော့သည်။

"အင်း . . ရသေ့ကြီးဦးဝိရက တော်တော်အလိုက်သိတယ် တင်မောင်ဦးရေ"

ရသေ့ကြီး၏ အရိပ်အယောင် သချိုင်းထဲမှ ပျောက်ကွယ်သွားသည်နှင့် ဥသြက ပြောလိုက်သည်။

"ငါတို့ ရောက်လာတော့ သောက်ကြစားကြတော့မယ်ဆိုတာ သိတယ်လေ၊ ဒါကြောင့် မင်းနဲ့စကားဖြတ်ပြီးတော့ ပြန်ကြွသွားတာ"

"ရသေ့ကြီးက သက်တော် ဘယ်လောက်ရှိပြီလဲ"

"သက်တော်(၆၀)ကျော်ပြီ၊ လာ . . တင်မောင်ဦး မင်းလဲ ဆာနေရောပေါ့"

ဦးအောင်ဘွင့်က တင်မောင်ဦးကို ရင်းရင်းနှီးနှီး ခေါ်သည်။ သူတို့





သည် ဇရပ်ခြေရင်းရှိ အခန်းလေးထဲသို့ ဝင်လာခဲ့ကြသည်။ ထိုအခန်းလေးထဲတွင် မီးဖိုတစ်ခုနှင့် တန်းစီ၍အိပ်သော အိပ်ရာတစ်ခု ရှိသည်။

"အင်း . . နိုင်ငံခြားပြန်တစ်ယောက်ကို ဒေါက်ကြီးသချိုင်းက ဇရပ်မှာ အိပ်ဖို့ ခေါ်ရတာတော့ သိပ်မကောင်းပါဘူး ဥသြရာ"

ဦးအောင်ဘွင့်က ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိရင်း ပြောလိုက်လေတော့သည်။

အခန်းမှာ အသုဘချသော လှည်းများခေါင်းများမှ ပျဉ်များ၊ တိုင်များနှင့် ကာရံထားခြင်းဖြစ်ရာ ကြောက်တတ်သူအဖို့ဆိုလျှင် အိပ်စက်၍ ပျော်မည်ပင် မဟုတ်ပေ။

ခေါင်းရင်းဘက်အခန်းတွင် ရိုက်ထားသော ပျဉ်းပြားမှ ကွယ်လွန်သူ ဦးမြအေး အသက်(၅၈)နှစ် ဆိုသည့် စာလုံးကို မြင်နေရသည်။

မကြာမီ အသားကင်နှင့် အခေါက်ကင်များ၊ ကြက်ကြော်များနှင့် ထားဝယ်ရှိ စားသောက်ဆိုင်မှ ဝယ်လာသော ကောက်ညှင်းအရက်နှင့် ဝီစကီပုလင်းများကို ဖွင့်လိုက်လေသည်။

ထမင်းစာလိုသူအတွက် စားရန် ဦးထိုက်ကျင်က သူ သိမ်းထားသော ထမင်းထုပ်နှစ်ထုပ်ကို ယူဆောင်လာသည်။

"ဒီမှာ ဒါနေ့ခင်းက အသုဘလာချတဲ့ စက်လှေသူဌေး ဦးဘအေးနဲ့ တံငါလှေလိုက်တဲ့ ကျော်တိုးတို့ အသုဘနှစ်ခုက ထမင်းထုပ်တွေပဲ၊ ထမင်းလိုရင် ဒီကယူ"

သူတို့အဖို့ ရိုးနေပြီဖြစ်သော်လည်း တင်မောင်ဦးကတော့ ထိုထမင်းထုပ်နှစ်ထုပ်ကို ကိုင်၍ပင် မကြည့်ချင်ပေ။ ထိုသဘောကို ဥသြက နားလည်ပုံရသည်။

"ဦးထိုက်ကျင်"

"ဗျာ"

"ခင်ဗျား တင်မောင်ဦးကို အဲဒီထမင်းတွေ သွားမပေးနဲ့ သူက စားမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲဗျ . . ထမင်းဟာ ထမင်းပေါ့"

"ထမင်းပေမယ့် သူတို့အမြင်က တစ်မျိုးပေါ့ဗျာ၊ အသုဘချတဲ့နေရာက ရတဲ့ထမင်းဆိုပြီး ဘယ်သင့်ပါ့မလဲ၊ ဟုတ်တယ် မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဦးက ခေါင်းခါလိုက်သည်။

"ဒီလို သဘောတော့ ကျွန်တော့်မှာ မရှိပါဘူး၊ သန့်ရှင်းတဲ့အစားအစာဆိုရင်တော့ စားသင့်တာပါပဲ၊ ဒါပေမယ့် မြန်မာတွေက ငှက်ပျောဖက်တို့ဘာတို့ကို မဆေးဘဲထုပ်တော့ ရောဂါဖြစ်နိုင်တဲ့ ပိုးမွှားပါလာရင် ရောဂါကူးစက်တတ်လို့ ရှောင်ရှားသင့်တယ် ထင်တာပါ"

တင်မောင်ဦး၏ စကားကို ဦးအောင်ဘွင့်က ထောက်ခံလိုက်သည်။

"ဟုတ်တယ်ဗျ . . တင်မောင်ဦးပြောတာ ကျုပ် ထောက်ခံတယ်၊ ဒါကြောင့် ခေါင်းပေါ်မှာ တင်ထားတဲ့ ထမင်းထုပ်တွေကိုတော့ သန့်မသန့်ကြည့်ပြီးတော့ စားသင့်တယ်လို့ ကျုပ်ပြောတာ"

"အေးပါကွာ . . ခေါင်းက လုံမလုံတော့ ငါကြည့်ပါတယ်၊ လုံပြီး အနံ့အသက်သိပ်မရှိမှ ငါကလဲ ထမင်းထုပ်ကို ယူတာပါ"

+ + +





ရာဇာကြီး၊ သုဘရာဇာကြီး၏ မိတ်ဆွေများဟူ၍ အထင်မသေးသင့်ကြောင်းကို တင်မောင်ဦးက နားလည်သည်။

သူတို့သည် သင်္ချိုင်းတွင် နေထိုင်ရင်း လူတို့၏သဘာဝကို ကောင်းကောင်းလေ့လာထားသူများပင် ဖြစ်သည်။

မိဘသေသူ၊ ညီအစ်ကို မောင်နှမသေသူ၊ သားသမီးသေသူဟူ၍ အသုဘရှင်အမျိုးမျိုးကို သူတို့ တွေ့ဖူးကြသည်။

မိဘသေ၍ ငိုသူများသည်လည်း ရက်လကြာသောအခါ တဖွဖွ ဆွေးတမြေ့မြေ့ ငိုမနေဘဲ အချိန်ကကုသကာ မေ့မေ့ပျောက်ပျောက်ဖြင့် သေဆုံးသွားသော မိဘကို မေ့သွားကြသည်သာ များလေသည်။ သားသမီး အဆွေအမျိုး သေသူများသည်လည်း ထိုကဲ့သို့ပင်။

ဦးထိုက်ကျင်သည် သင်္ချိုင်းတွင် သုဘရာဇာလုပ်နေရာမှ လူတို့၏ စိတ်ဖြစ်ပုံပျက်ပုံ၊ ဟန်ဆောင်ပုံ အပိုလုပ်ပုံ၊ မုသာဝါဒပြောပုံများကို သိရှိနားလည်ထားသည်။

ထို့ကြောင့် လူတို့ ပြောကြဆိုကြသော ပကာသနစကားများပေါ်တွင် ယုံကြည်မှု မရှိပေ။

လူ့ရှေ့တွင် ဟိတ်ဟန်လုပ်ကာ နောက်ကွယ်တွင် စိတ်ထားသဘောထား ဖောက်ပြန်တတ်သော သဘောသဘာဝများကိုလည်း နားလည်ထား၏။

"ဒီမှာ ဦးညြ လူတစ်ယောက်က သေသွားတော့မှ သူ့အကြောင်းတွေ အမှန်အတိုင်း သိရတာမဟုတ်လား"

အရက်ခွက်များကို ငုံ့နေရင်းမှ ဦးထိုက်ကျင်က ပြောလိုက်သည်။

"ဟုတ်တာပေါ့ဗျာ . . ကိုယ့်အကြောင်း ကိုယ်ပြောလို့ ဘယ်တော့မှ မမှန်ဘူးဆိုတဲ့ ကျောက်စာဝန် ဦးစိန်မြတ်စကားကို ကျုပ်က သဘောကျတယ်"

"အော် . . သင်္ချိုင်းစာတွေနဲ့ သင်္ချိုင်းကို လာတဲ့သူတွေရဲ့ စကားတွေက လူတစ်ယောက်အကြောင်း အမှန်ဆုံး ပြောကြတယ်ဆိုတာလား"

"ဟုတ်တယ်ဗျ . . သင်္ချိုင်းဂူမှာ ရေးထိုးထားတဲ့ စာတွေဟာ သေသူရဲ့ ဂုဏ်ပုဒ်နဲ့ သူရှိစဉ်က လူတွေအပေါ်မှာ ဘယ်လိုသဘောထားခဲ့တယ်ဆိုတာကို ဖော်ပြနေတယ်၊ ဒါကြောင့် သင်္ချိုင်းတွေရဲ့ တန်ဘိုးဟာ ပိုမြင့်လာရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအယူအဆများကို အောက်စဖို့(ဒ်)တက္ကသိုလ်တွင် တင်မောင်ဦးလည်း သင်ကြားခဲ့ဖူးပေသည်။

ကမ္ဘာ့အရပ်ရပ်ရှိ သချိုင်းများ၊ လွန်ခဲ့သော သက္ကရာဇ် သုံးထောင်ကျော်လောက်မှစ၍ နိုင်းမြစ်ဝှမ်း ယဉ်ကျေးမှုနှင့် ဖာရို ဘုရင်တို့၏ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြနေသော ပိရမစ်သချိုင်းဂူကြီးများအကြောင်း အိန္ဒိယမှ မဟာရာဂျာတို့၏ သင်္ချိုင်းများ၊ အရှေ့ပိုင်းမှ တရုတ်ဧကရာဇ်တို့၏ သချိုင်းဂူများအကြောင်းကို မှတ်သားလေ့လာခဲ့ရသည်။

မြန်မာပြည်တွင်လည်း ပျူလူမျိုးတို့၏ ရှေးဟောင်းသချိုင်းမှ ရွှေပေစာများ၊ ကမ္ပည်းစာပါသော အိုးများ တူးဖော်ရရှိခဲ့သည်။

ထိုစာများကလည်း မြန်မာနိုင်ငံ၏ ရှေးဟောင်းလူမျိုးတို့၏ ခမ်းနားကြီးကျယ်မှုများကို ဖော်ပြနိုင်ခဲ့သည်။

အောက်စဖို့(ဒ်) တက္ကသိုလ်တွင် ပညာသင်ကြားခြင်းနှင့် ဖေဒက်ကြီးသချိုင်းတွင် လေ့လာခြင်းသည်လည်း သဘောတရား အတူတူပင် ဖြစ်သည်ဟု တင်မောင်ဦးသည် ညီမျှခြင်း ဆွဲကြည့်နေလေသည်။

"သောက်ကွာ . . ဒီတစ်ညတော့ မင်း ဒီမှာ အိပ်ပါဦး၊ မနက်ဖြန်တော့ မင်းကို ထားဝယ်က တည်းခိုခန်းကို ပို့ပါမယ်ကွာ"

ဉသြက တင်မောင်ဦး စိတ်ကျဉ်းကျပ်နေမည်ထင်၍ ပြောလိုက်သည်။

"ရပါတယ် ဦးလေးရာ၊ ဦးလေးတို့နဲ့ စကားပြောရတာလဲ ကျွန်တော့်မှာ ဗဟုသုတရပါတယ်"

သုဘရာဇာကြီး ဦးထိုက်ကျင်က သူတို့ကို လေးစားစွာဆက်ဆံသည့် တင်မောင်ဦးကိုလည်း ခင်မင်သွားလေတော့သည်။

"အေးကွာ . . မင်းအဖေနဲ့ တို့နဲ့ကတော့ အတော်ရင်းနှီးပါတယ်၊ ခုမင်းကလဲ ပညာကို တကယ်လိုလားတဲ့ စိတ်မျိုးဆိုတော့ ရသေ့ကြီး ဦးဝီရနဲ့ အဆင်ပြေမှာပါ၊ ဦးဝီရက မြိတ်ကျွန်းစုတွေပေါ်က စုထားတဲ့ ကျောက်စာတွေ၊ ကမ္ပည်းစာတွေ ရုပ်ပုံကားချပ်တွေ ရှိတယ်ကွ" ဦးထိုက်ကျင် ပြောပြသော စကားမှာ အလွန်စိတ်ဝင်စားဖွယ်ရာကောင်းလှပေတော့သည်။

* * * * *



ဦးထိုက်ကျင်သည် ပုလင်းများ၊ ဖန်ခွက်များနှင့် ပန်းကန်ပြားများကို စုဆောင်းထားသည်။

သို့သော် ဦးထိုက်ကျင်မှာ ရှိသော ပုလင်းများ၊ ဖန်ခွက်များနှင့် အစားအသောက်ထည့်စရာများ အားလုံးသည် ပုံခြင်း၊ ကျိုးခြင်းများတော့ မကောင်းပေ။

ဖရပ်ပျက်ကြီးဘေးရှိ ရေတွင်းမှ ရေကိုတော့ စဥ့်အိုးကြီးနှင့် အပြည့်ထားသည်။ သောက်ရေအိုးသန့်သန့် တစ်လုံးကိုလည်း အခန်းထဲတွင် ထားရှိသည်။

"ဘယ်ကိစ္စဖြစ်ဖြစ် ရေနဲ့ဆေးရင် စင်တယ် မဟုတ်လား၊ လောကမှာ သန့်စင်တဲ့ အရာအားလုံးဖြစ်အောင် လုပ်နိုင်တဲ့ ရုပ်ပစ္စည်းဟာ ရေပဲကွ၊ ရေသာမရှိရင် ညစ်ပေနေတဲ့ အရာတွေဟာ ဘယ်လိုမှ လုပ်မရတော့ဘူး"

ဦးအောင်ဘွင့်က သောက်ရေအိုးမှ ရေတစ်ခွက်ထခပ်ကာ သူ့ခံယူချက်ကို ဖွင့်ဆိုလိုက်သည်။

"ဉသြ"

"ဟေ"

"ကျုပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ငြင်းစရာရှိသလား"

ဦးအောင်ဘွင့်က အယူအဆတစ်ခုအတွက် စိန်ခေါ်လိုက်ပုံရသည်။ ဦးထိုက်ကျင်နှင့် ဦးဉသြတို့က စဉ်းစားတွေးတောနေကြပုံရသည်။

"ယေဘုယျအနေနဲ့ကတော့ မှန်ပါတယ် အောင်ဘွင့်ရာ၊ ဒါ . . လူတိုင်းသိတာပဲ"

ဦးထိုက်ကျင်က ပြောလိုက်သည်။ ဦးအောင်ဘွင့်က ထိုသို့ထိုက်ထိုက်တန်တန် မဟုတ်သော မှတ်ချက်ကို သဘောကျပုံမရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒါဟာ သိပြီးသားဆို ပေမယ့် လူတွေက ပေါ့ပေါ့တန်တန် ထားတယ် မဟုတ်လား၊ ဒီထဲမှ ခင်ဗျား ပါပါတယ်လို့ ကျုပ်က မှတ်ချက်ချ လိုက်ရမှာလား ဦးထိုက်ကျင်"

ဦးအောင်ဘွင့်က အလေးအ နက် မေးလိုက်လေသည်။

"ဒါကတော့ဗျာ . . သဘာဝ တရားက အစကတည်းက ရှိနေတာပဲ၊ လေးစားတာ မလေးစားတာက သိပ်အ ရေးမကြီးပါဘူး၊ ရေကလဲ မြေလိုပဲ သက်ရှိသတ္တဝါတွေကို တန်းတူ အခွင့် အရေး ပေးတာပါပဲ၊ အသုံးပြုတဲ့ လူ တွေကသာ သူ့ကို လေးစားတဲ့စိတ် ရှိ ဖို့လိုပါတယ်"

ဥသြက ဦးအောင်ဘွင့်၏ စကားနှင့် သုဘရာဇာကြီး ဦးထိုက်ကျင် ၏ စကားတို့ကို နားထောင်နေရာမှ

"ခင်ဗျားတို့နှစ်ယောက်လုံး ပြောတာ သဘာဝကျပါတယ်။ ကျုပ်ရဲ့ သဘောကလဲ ရေဖြစ်ဖြစ်၊ မြေဖြစ်ဖြစ်၊ ဟောဒီက မီးဖြစ်ဖြစ်၊ အသက်ရှူနေရတဲ့ လေဖြစ်ဖြစ် ဝယ်စားဖို့ ကောင်းတယ် လို့ ယူဆပါတယ်"

ဥသြ၏စကားကြောင့် အငြင်း ပွားနေသော ဦးအောင်ဘွင့်နှင့် ဦးထိုက် ကျင်တို့ ငြိမ်သက်သွားကြသည်။ သူတို့ သည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ရင်း စဉ်းစားနေကြလေသည်။

"ကျွန်တော် တစ်ခုပြောပါရ စေ"

တင်မောင်ဦး၏အသံ ပေါ်လာ လေသည်။

"ပြောပါ တင်မောင်ဦး၊ ဒီနေ ရာမှာ မင်းထင်တာ မင်းပြောခွင့်ရှိပါ တယ်"

ဥသြက အားပေးစကားပြော လိုက်သည်။

"မြေ၊ ရေ၊ လေ၊ မီးဆိုတာက ရုပ်ရဲ့အခြေခံသဘောတရားလေးခုပဲ၊ ဒါကြောင့် ရုပ်ပိုင်းဆိုင်ရာကို လေ့လာတဲ့ လူတိုင်းက အလေးထားရတယ်။ သူတို့ က သဘောတရားသက်သက် ပဲဗျ၊ 'မဟာဘုတ်လေးပါး' 'မဟာဘူတရုပ် လေးပါး' ဆိုတာ အဲဒါပဲ"

တင်မောင်ဦး၏ စကားကို ဦးထိုက်ကျင်က ထောက်ခံလိုက်သည်။

"မင်းအဖေလဲ မင်းလို စကား မျိုး ပြောဖူးတယ်"

ဦးထိုက်ကျင်က ထောက်ခံ လိုက်သည်။

"ဟုတ်မှာပါ . . ဒါက သဘာ





ဝတရားကို လေ့လာရင် အမြဲတွေ့ရတဲ့ အခြေခံသဘောတရားလေးချက်ပဲ၊ ဒါ ကို မှီပြီးတော့ အဆင်း၊ အနံ့၊ အရသာ၊ အနှစ်ဆိုပြီး တရားလေးပါး ပေါ်လာ တယ်၊ အဲဒီရုစ်ပါးကို 'အဋ္ဌကလာပ်'ရုပ် ရှစ်ပါးလို့ ခေါ်တာပဲမို့လား"

တင်မောင်ဦးက ထပ်ပြော လိုက်ပြန်လေသည်။

"အဲဒီထဲမှာ မီးဓာတ်က အဓိ က ကျတာပဲမို့လား"

ဦးအောင်ဘွင့်က ဖြတ်မေး လိုက်သည်။

ဿ ဿ ဿ

"ဟုတ်တယ် . . လူတွေ သတ္တဝါတွေ သစ်ပင်တောတောင်တွေ အမြဲတည်ရှိနိုင်ဖို့က 'ရေဓာတ်'ဟာ 'မီး ဓာတ်'လိုပဲ အဓိကကျတယ်။ လူတွေအ တွက်ကတော့ မီးဓာတ်က အဓိကပေါ့ ဗျာ၊ လူတွေရဲ့ အစာအိမ်ထဲမှာ အစာ ချက်တဲ့ အပူဓာတ်ရှိတယ်။ ဒါကို ပါဠိ လို 'ပါစကတေဇော' အစာချက်တဲ့ အ ပူဓာတ်လို့ ခေါ်တာပဲ၊ ခု သချိုင်းကို ရောက်လာတဲ့ လူသေတွေဟာ 'ပါစက တေဇော'ဆိုတဲ့ အပူမရှိတော့လို့ ရောက် လာတာ"

တင်မောင်ဦးက သူသိရှိနား လည်ထားသလောက် ပြောပြလိုက် သည်။ ဦးထိုက်ကျင်၊ ဦးအောင်ဘွင့်နှင့် ဥသြတို့က ခေါင်းညိတ်လိုက်လေ သည်။

"ဟုတ်တယ် တင်မောင်ဦး၊ အစာအိမ်က အစာချက်တဲ့ဓာတ်ဟာ ခန္ဓာကိုယ်စက်ကြီးတစ်ခုလုံး လည်ပတ် စေတဲ့ အဓိကမော်တာပဲ"

ဥသြက ထပ်ကာ ဖြည့်စွက် ပြောကြားလိုက်လေသည်။

"ထားဝယ်ဆိပ်ကမ်းကို ရောက် လာတဲ့ မော်တော်တွေကို ကြည့်ပါ့လား၊ မီးနဲ့ပူအောင် လုပ်ထားတဲ့ ရေနွေးအိုး က မှုတ်ထုတ်တဲ့လေနဲ့ ခုတ်တာ မဟုတ် လား၊ မီးရထား ရေနွေးငွေ့စက်ခေါင်း တွေလဲ ဒီလိုပဲ၊ ဟောအခု နောက်စက် တပ်လှေတွေ ရောက်လာတာလဲ ဒီသဘောပဲ၊ မီးဓာတ်၊ အပူဓာတ်၊ စက်တွေလည်စေတဲ့ အပူဓာတ်ဟာ ရုပ်ရဲ့အသက်ပဲ"

ဥသြက ဝက်သားကင်ကို ခပ် စားရင်း သူ့စကားကိုသူ ပြန်စဉ်းစားနေ လေသည်။

"ဒါဆို လူတွေဟာ မီးနဲ့ရေ ကျွမ်းကျင်အောင် လေ့လာသုံးစွဲမှ လူ့



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းခေတ်တွေ ပြောင်းလဲလာတာ ပေါ့ ဦးညို"

ဦးအောင်ဘွင့်က တွေးတွေး စဉ်းစားရင်း ပြောပြန်သည်။

တင်မောင်ဦးသည် ဖခက်ကြီး သချိုင်းထဲတွင် လူသုံးဦးနှင့် စကားပြော ရသည်ကို အရသာတွေ့လာသည်။ ပြန်ကြသွားသည့် ရသေ့ကြီးပါရှိလျှင် ပို ကောင်းမည်ဟု ထင်မြင်မိသည်။

"ကဲ . . စားကြပါဦး၊ စကားတွေချည်း ပြောနေကြတယ်၊ နောက်နေ့တွေမှာလဲ စကားပြောဖို့ အချိန်ရှိပါ သေးတယ်"

အိမ်ရှင်ဖြစ်သော ဦးထိုက်ကျင်က သတိပေးလိုက်တော့မှပင် တင်မောင်ဦးသည်လည်း သူ့အရက်ခွက်ကို ကိုင်ကာ မော့လိုက်သည်။

ပြီးနောက် ဝက်သားဟင်းနှင့် ကြက်ကြော်ကို စားလိုက်ပြန်လေသည်။ ဦးညိုက ဟင်းကို အတော်များများ ဝယ်လာသောကြောင့် အရက်နှင့် သောက်သော တင်မောင်ဦးပါ ဗိုက်ပြည့်လာ သည်။

သူသည် အနိုက်အတန့်အား ဖြင့်တော့ ရန်ကုန်တွင် ကျန်ခဲ့သော သူ့ ဇနီးလောင်းမထားရီကို မေ့နေလေ သည်။

ဇရပ်အတွင်းတွင်ရှိသော လူများ၏ စကားများ၊ နေပုံထိုင်ပုံများကို သူစိတ်ဝင်စားနေသည်။

ထိုသူတို့သည် ဂုဏ်ပကာသန ကိုလည်း မမက်ဘဲ သူတစ်ပါးတို့ မလာလို မသွားလိုသော အရပ်တွင် နေထိုင်ကြသူများ ဖြစ်သည်။

"အရင်က ဒီသချိုင်းမှာက ထားဝယ်ဆိပ်ကမ်းမှာသေတဲ့ အင်္ဂလိပ်တွေ၊ အိန္ဒိယတိုင်းသားတွေနဲ့ ပေါ်တူ ဂီတွေရဲ့ အလောင်းတွေ အများကြီး မြှုပ်ထားခဲ့တယ်။ ဟိုတစ်နေ့ကဆို မြေကြီးတွေ ဖုံးသွားလို့ သက္ကရာဇ် ၁၈၇၀-လောက်က ပေါ်တူ ဂီရေကြောင်း ကပ္ပတိန်တစ်ဦးရဲ့ သချိုင်းဂူတစ်ခု မြှုပ်နေတာ မြေပြိုလို့ ပြန်ပေါ်လာတယ်"

ဦးထိုက်ကျင်က ဖခက်ကြီး သချိုင်း၌ မကြာမီက ပေါ်တူ ဂီတစ်ဦး၏ အုတ်ဂူတစ်ခု ပေါ်လာသည့် အကြောင်းကို ပြောပြသည်။

"ဒီကောင်က သင်္ဘောသားပဲ မဟုတ်လား"

ဦးအောင်ဘွင့်က မေးခွန်း ထုတ်လိုက်သည်။

"ဟုတ်တယ် . . ဒီကောင်က ဟိုတုန်းက ရွက်တိုင်သုံးချောင်းမှာ ရွက်





တွေ အထပ်ထပ် ဆင်ထားတဲ့ ပင်လယ်ကူးလှေသင်္ဘောကြီးက ကပ္ပတိန်တစ်ယောက်ပဲ၊ သူ့သချိုင်းမှာ သူ့မွေးသက္ကရာဇ်နဲ့ သူ့နာမည်တော့ ပါတယ်။ ဒီကောင့်အကြောင်းကိုတော့ ရသေ့ကြီးက ဗြိတိသျှအင်ဆိုက်ကလို စီးဒီးယားဗြိတိန်တီကာ မှာ ပါတယ်ပြောတယ်"

ဦးအောင်ဘွင့်၏ စကားက သုတေသန ပါမောက္ခတစ်ဦး စကားကဲ့သို့ပင် အကိုးအကားများပါလာသည်။ တင်မောင်ဦးသည်လည်း ဝီစကီအရက်ရှိန်တက်ကာ မူးယစ်သီဝေလာလေတော့၏။

✦ ✦ ✦

ညက ဝီစကီမူးမူးနှင့် အိပ်ပျော်သွားသောကြောင့် နေအတော်မြင့်မှပင် နိုးလာတော့သည်။ သူနိုးလာသည့် အချိန်တွင် ဇရပ်ပျက်ကြီးအတွင်း၌ မည်သူမျှ မရှိတော့ပေ။

နံနက်စောစောလာ၍ အသုဘ အလောင်းတစ်လောင်းကို ဇရပ်ပျက်ကြီး ပေါ်တွင် သရဏဂုံတင်ကာ သွား၍ မြေမြှုပ်နေကြခြင်း ဖြစ်လေသည်။

ထိုနေရာတွင် ဦးထိုက်ကျင်နှင့် ဦးအောင်ဘွင့်တို့ ရောက်ရှိနေကြသည်။ လူသေအလောင်းကို ခေါင်းတလားနှင့် မြှုပ်နိုင်ရန် ကြွင်းတစ်ကြွင်းကိုပင် သူတို့ တူးပြီးကြပြီ ဖြစ်လေသည်။

နေရောင်ခြည်က မန်းကျည်း ပင်များကြားမှ သချိုင်းထဲလူစုလူဝေးရှိရာသို့ ထိုးဖြာကျနေသည်။ ထိုလူစုရှိရာသို့ မန်းကျည်းပင်အောက်မှ မိန်းက လေးတစ်ဦး လျှောက်လှမ်းလာနေ သည်။

မိန်းကလေးက အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ဟန်လှလှနှင့် ဘယ်ဘက် ပါးပေါ်တွင် စံပယ်တင်မှဲ့ လေး ရှိသည်။ သတိထားမိသည်။

အထူးသဖြင့် ဖြောင့်တန်းသွယ်လျသော မျက်ခုံးကလေးက ထင်းထင်းရှိနေပြီး ဘေးတိုက်မြင်ရသော နှိုတျာတျာနှုတ်ခမ်းအစုံက ရွှဲမက်စရာ ကောင်းသည်။ ပေါ်လွင်သောနှာတံကြောင့် မျက်နှာတစ်ပြင်လုံး၏ အလှမှာ ပို၍ ကြွလာသလို ထင်မှတ်ရလေသည်။

နေရောင်ခြည်ကြောင့် ပင်လား မသိ။ မိန်းမပျို၏ အလှမှာ ပို၍ ထင်ရှားနေသည်။ ဝတ်ဆင်ထားသော အရောင်မှာ နုသာရောင်လှသောစကနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခ. . ပိုးချိတ်သနပ်ခါးရောင်ကို ဆင်. ထားသည်။

အော်ဟစ်ငိုယိုသံတစ်သံက လူ အုပ်ကြားထဲမှ ပေါ်ထွက်လာသည်။

"အမယ်လေး ကိုကိုရဲ့၊ ကျွန်မ တစ်ယောက်ထဲ ပစ်ထားခဲ့ပြီလား၊ အစ ကတော့ ကျွန်မကို စိတ်မချဘူးဆို၊ အခု တော့ ထားသွားပြီလား"

တင်မောင်ဦးသည် မျက်နှာ သစ်သော စဥ့်အိုးနားမှ ရပ်ကြည့်နေမိ သည်။

"ငိုနိုင်လှရင် တစ်လပေါ့ကွာ"

သူ၏နောက်ဘက်မှ ဦးအောင် ဘွင့်၏အသံကို ကြားလိုက်ရသည်။

"ဟင် . . ဦးအောင်ဘွင့်"

"ဟုတ်တယ်ကွ . . ဟိုမိန်းက လေးငိုသံ ကြားတယ် မဟုတ်လား"

"ကြားပါတယ်ဗျာ"

"အဲဒါ မြန်မြန်နောက်လင်ယူ မယ့် ငိုသံမျိုးကွ"

"ဘာဖြစ်လို့လဲ ဦးအောင်ဘွင့် ရ"

"ဟာ . . သူငိုတဲ့အထဲပါ တယ်၊ အစကတော့ စိတ်မချဘူးဆိုတဲ့ ဟုတ်တယ် မဟုတ်လား၊ ခုတော့ ကျွန် မတစ်ယောက်တည်း ထားခဲ့ပြီလားတဲ့"

"အဲဒါ ဘာဖြစ်တုန်းဗျ"

"ဘာဖြစ်ရမှာလဲကွ . . သူက သေတဲ့သူထက် သူ့ကိုယ်သူ သနားနေ တယ်။ သူတစ်ယောက်ထဲ ကျန်ခဲ့ရတာ ကို အများက သိစေချင်တာ၊ ဒါမှ သူ့ ကို သနားပြီး ယူတဲ့သူပေါ်မှာပေါ့"

"ဦးအောင်ဘွင့်က အထင်လွဲ နေပြီ ထင်တယ်ဗျာ"

"မဟုတ်ပါဘူးကွာ . . ဒီ သင်္ချိုင်းမှာ ဒီလိုမိန်းမမျိုးတွေရဲ့ ငိုသံ မျိုးတွေ ငါ ခဏခဏကြားဖူးပါ၊ ဟော သုံးလေးလလဲ ကြာရော နောက် ယောက်ျားယူတာပါပဲကွာ၊ သူက ယောကျ်ားမရှိရင် မနေတတ်လို့၊ တစ် ယောက်တည်း ထားခဲ့ပြီလားလို့ ထည့် ငိုတာ၊ သူ့အငိုထဲမှာကို "ကျွန်မတော့ နောက်အိမ်ထောင်ပြုမှာပဲ"ဆိုတဲ့ သ ဘောတွေ ပါနေတယ်"

တင်မောင်ဦးက မျက်နှာသုတ် ရင်း ဦးအောင်ဘွင့်၏ စကားကို ပြုံး လိုက်မိလေသည်။

"အင်း . . ဦးအောင်ဘွင့် ပြော တာလဲ စဥ်းစားစရာပဲ"

"မစဥ်းစားနဲ့ တင်မောင်ဦးရေ၊ အဲဒါ မိန်းမတွေရဲ့ သဘာဝကွ၊ မိန်းမ တွေဟာ အပျိုကြီးဖြစ်ပြီး ယောကျ်ား





မယူဘဲသာ နေချင်နေမယ်၊ သူတို့ကြိုက် တာကတော့ 'ပရက်စလေ'လို ခပ်ချော ချော ခပ်မြူးမြူး ကောင်လေးတွေချည့် ပဲကွ"

* * * * *

ဦးအောင်ဘွင့်က ထားဝယ်မြို့ ထဲရှိ ရသေ့ကြီးဦးဝီရ၏ ကျောင်းသို့ သွားရန် လာခေါ်ခြင်း ဖြစ်သည်။ ကျောင်းကို ရောက်သောအခါမှ ထမင်း စားဖို့ ပြောသည်။

ဤသို့ဖြင့် နံ့သာရောင်နှင့် မိန်း ကလေးကို ဖျတ်ခနဲ တစ်ချက်ကြည့် လျက် သင်္ချိုင်းထဲမှ ဦးအောင်ဘွင့်နှင့် အတူလိုက်လာခဲ့ရလေတော့သည်။

"ဒီနေ့ နောက်ထပ်အသုဘ တွေ လာဦးမှာလား"

တင်မောင်ဦးက ဦးအောင်ဘွင့် ကို မေးလိုက်သည်။

"အင်း . . တစ်လောင်း လာ ဦးမယ် ထင်ပါရဲ့၊ ဦးထိုက်ကျင်က ကျင်း နှစ်ကျင်းတူးနေတာ တွေ့တယ်၊ မိုးမ လင်းခင်ကတည်းက တူးနေတာကွ၊ ခု တော့ တစ်ကျင်းက ပိုင်ရှင်ပေါ်သွားပြီ"

"ဒါဆို နောက်တစ်ကျင်းက လာဦးမှာပေါ့"

"ဟုတ်တယ် ဟိုမန်းကျည်းပင် အောက်မှာ တစ်ကျင်းရှိတယ်"

နံ့သာရောင်နှင့် မိန်းမပျို ရပ် နေသည့် နေရာသို့ လှမ်းညွှန်ကာ ပြနေ ခြင်း ဖြစ်သည်။

နံ့သာရောင်ဝတ်စုံနှင့် မိန်းမပျို မှာ ထိုသစ်ပင်ရင်းမှ ရပ်နေရင်း သင်္ချိုင်း ထဲသို့ လှမ်းကြည့်နေရာ တင်မောင်ဦး ၏ မျက်လုံးများနှင့် ဆုံမိသွား၏။ တင် မောင်ဦး၏ ရင်ထဲတွင် နွေးကနဲ ဖြစ် သွားလေသည်။

မိန်းမပျို၏ မျက်ဝန်းများမှာ ရှုးရှတောက်ပြောင်နေသည်။ ပြုံးသလို လို တည်သလိုလိုနှင့် ဆွဲဆောင်မှု ရှိလှ ပေသည်။

"တင်မောင်ဦး"

"ဗျာ"

"မန်းကျည်းပင်အောက်က မိန်းကလေး မဆိုးဘူးနော်"

"ဟုတ်တယ် . . ဦးအောင်ဘွင့် မသိဘူးလား"

"အမှတ်တမဲ့ပါပဲကွာ . . ခုမှ ငါလဲ တွေ့ဖူးတာပါ၊ ဒါပေမယ့် ထား ဝယ်မြို့ကမ်းနားပိုင်းကပဲ ဖြစ်မယ် ထင် တယ်"

"ဘာဖြစ်လို့လဲ"

ဒေက်ကြီးသင်္ချိုင်းက ထား ဝယ်မြို့အနောက်ဘက် ပင်လယ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



စပ်နားကျတယ်။ ဒီတော့ ကမ်းစပ်မှာ နေတဲ့ လူတွေနဲ့ ဒီနားတစ်ဝိုက်က မြို့သူမြို့သားတွေ အသုဘချကြတာ များတယ်''

သချိုင်းအနောက်ဘက်မှ ထွက်လာခဲ့သည်။ သည်တော့မှ မှောင်ရိပ်တဝါး ညက လာခဲ့ရသည့် မြင်ကွင်းကို ကြည့်ရှုခွင့်ရလေတော့သည်။

သချိုင်းမှ မြို့စပ်ရှိ မြင်းလှည်းဂိတ်အထိ ခင်တန်းနှင့် သစ်ပင်များသာ ရှိသည်။ မြို့စပ်သို့ ရောက်မှ မြင်းလှည်းဂိတ်ကို တွေ့ရသည်။

''ဦးဝိရကျောင်းကို သွားမယ်''

''ဟုတ်ကဲ့ . . တက်ပါ''

ဦးအောင်ဘွင့်နှင့် တင်မောင်ဦးတို့ မြင်းလှည်းပေါ်သို့ ရောက်သည်နှင့် ပင် မြင်းလှည်းက တခွပ်ခွပ်နှင့် ထွက်ခွာသွားလေတော့သည်။

မြင်းလှည်းသည် ထားဝယ်မြို့ပတ်လမ်းအထိ မောင်းသွားပြီး မြို့၏ တောင်ဘက်ပိုင်းသို့ ဦးတည်ကာ မောင်းနှင်သွားလေတော့၏။

မကြာမီ ပင်လယ်ကဇွီးပင်များနှင့် ကညင်ပင်များဝန်းရံနေသော ကျောင်းဝင်းအဝတွင် မြင်းလှည်းက ရပ်သွားလေသည်။

ကျောင်းဝင်းကြီးအတွင်းတွင် အဆောက်အဦ နှစ်ခု တွေ့ရသည်။ တစ်ခုမှာ တဲသာသာ ကျောင်းလေးဖြစ်၍ အခြားတစ်ခုမှာ မိုးမြင့်မြင့်နှင့် ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံပင် ဖြစ်လေသည်။

ပြတင်းပေါက်လေးနှင့် ခပ်နိမ့်နိမ့် ဆောက်ထားသော ကျောင်းလေးထဲမှ ရသေ့ကြီးတစ်ပါး ဆင်းလာသည်။ ဦးဝိရပင် ဖြစ်သည်။

ညက သချိုင်းဇရပ်ပေါ်တွင် တွေ့ရသော ဦးဝိရသည် ဦးအောင်ဘွင့်နှင့် တင်မောင်ဦးတို့ကို ပြုံး၍ နှုတ်ဆက်လိုက်ကြသည်။

''လာ လာ . . ကျောင်းပေါ်တက်ကြ၊ နောက်တော့မှ ကျောက်စာရုံကို သွားကြည့်ကြတာပေါ့''

ရသေ့ကြီး ဦးဝိရမှာ အရွယ်နှင့်မလိုက်အောင် နုပျိုလှသည်။ အသက် (၆၀)ကျော်ပြီ ဖြစ်သော်လည်း အသက် (၄၀)ဝန်းကျင်လောက်ဟု တွေမြင်ထင်မှတ်ရလေသည်။

ကျောင်းလေးပေါ်တွင် ရေနွေးဓာန်းနှင့် စားစရာများက ရှိနေသည်။

ငှက်ပျောသီး၊ လိမ္မော်သီးနှင့် သဘော်သီးများကို စီတ်ထားသည်။ လတ်ဆတ်သော သစ်သီးများအမွှေးနံ့က ဆာလောင်နေသောစိတ်ကို ပို၍ လှုံ့ဆော်လာနေသည်။

ဆီထမင်းပူပူနှင့် ငါးရံ့ခြောက်ဆီဆမ်းကလည်း ပန်းကန်ကြီးတစ်ပန်းကန် ရှိနေသေးသည်။

''ကဲ . . တင်မောင်ဦးနဲ့ ဦးအောင်ဘွင့် စားကြ၊ ဆီထမင်းက ဒကာမတစ်ဦးက စောစောကမှ ထိုးပြီးတော့ လာပို့တာ''

ကောက်ညှင်းအိအိနှင့် ကြက်သွန်ကြော်ဖြူးထားသော ဆီထမင်းကို ဦးအောင်ဘွင့်နှင့် တင်မောင်ဦးတို့ သဘောကျကြသည်။

ကျောင်းဝင်းမှာ ကျယ်သလောက် တန်ဆောင်းပြာသာဒ်များနှင့် ဘုရားစေတီလေးတစ်ဆူကိုပါ ဖူးတွေ့ရသည်။

တန်ဆောင်းပြာသာဒ်နှစ်ခုမှာ တစ်ခုသည် ရှေးဟောင်းဆင်းတုရုပ်ပွားများနှင့် ကျောက်စာများကို ထည့်သွင်းထားသည်။

အခြားတန်ဆောင်းမှာ ကျွန်းများ၊ ဘုန်းကြီးကျောင်းဟောင်းများမှ ရရှိသော ပေစာနှင့် ပုရပိုက်စာများကို မီရိုများနှင့် ထည့်ထားလေသည်။

နံနက်အဆာပြေစားသောက်ပြီးနောက် ရှေးဦးစွာ ကျောက်စာရုံကို တံခါးဖွင့်ကာ ခေတ်အလိုက်ခွဲခြားထားသော ကျောက်စာများကို တင်မောင်ဦးအား ပြသ၏။

www.burmeseclassic.com

www.burmeseclassic.com



မွန်ကေရာဇ် သယုံမင်းဝဲ့၏ မွန်ကျောက်စာများ၊ ပျူစာနှင့် နိုင်ငံခြားသားတို့ ထိုးထားသော လက်တင်စာများကို တွေ့ရသည်။

"ဒီကိုလာ တင်မောင်ဦး ဒါကို ပြချင်တာ"

သချိုင်းဂူမှ ကွာကျဟန်ရှိသော ကျောက်ချပ်ကြီးတစ်ချပ်ကို ထောင်ထားသည့် နေရာသို့ တင်မောင်ဦးကို ရသေ့ကြီးက ခေါ်သွားခဲ့သည်။

"ဒါ ဘာသဘောနဲ့ ရေးထားတာလဲ"

"စာတွေကတော့ လက်တင်စာတွေပါပဲ၊ ဒါပေမယ့် သက္ကရာဇ်တွေကတော့ ရောမဂဏန်းနဲ့ ရေးထားတယ် ရသေ့ကြီး"

"အင်း . . ကျုပ်လဲ ဒီလိုပဲ ထင်တာပဲ၊ သူ့နာမည်က 'ကပ္ပတိန် ရစ်ချက် ဟောဒင်းဖီယာ' ဆိုလား"

ရသေ့ကြီးက လက်တင်ဘာသာစကားကို အတော်တီးမိခေါက်မိ ရှိဟန်တူသည်။

"ဟုတ်ပါတယ် . . အသံထွက် အမှန်ကတော့ ရီချက်ဟိုးဒန်းပါ၊ သူက သင်္ဘောကပ္ပတိန်၊ ဟင် . . ဒီဘက်က ရွက်လှေကြီးက သူပိုင်တဲ့ လှေကြီး ထင်တယ်"

ရသေ့ကြီးက ကျောက်ချပ်ပေါ်တွင် ရှေးခေတ်က ကဗ္ဗာ့ရွက်လှေကြီး တစ်စင်းပုံကို လက်ရာမြောက်စွာ ရေးထွင်းထားသည်ကို တွေ့ရသည်။

သချိုင်းဂူကျောက်ချပ် အောက်ခြေတွင် ၁၈၇၀–ပြည့်နှစ်တွင် ကွယ်လွန်သည်။ ပေါ်တူဂီလှေကြီးသခင်ဟု ရေးသားထားသည်။

"သူ ကွယ်လွန်တာ ၁၈၇၀–ဆိုတော့ တော်တော်ကြာပြီပဲ ဘုရား"

"ဟုတ်တယ် သူ့အကြောင်းကို ဗြိတိသျှစွယ်စုံကျမ်းမှာတော့ နည်းနည်းပါတယ် ဒကာလေး တင်မောင်ဦးရဲ့"

"ဘာများ ရေးထားလို့လဲ"

"မြိတ်ကျွန်းစုတစ်ဝိုက်မှာ ဓားပြကြီးရစ်ချက် ဟိုးဒင်းရန် ကိုလဲ ကြောက်ရတယ်။ သူက အရှေ့အိန္ဒိယ ကုမ္ပဏီပိုင်တဲ့ လှေတွေ သင်္ဘောတွေကို တိုက်ခိုက်ပြီးတော့ လုယက်လှေရှိတယ်လို့ ပါတယ်။ ပင်လယ်ဓားပြ လှေပိုင်ရှင်ကြီးပေါ့၊ အသက်(၆၇)နှစ်ထားဝယ် ကမ်းခြေမှာ ရုတ်တရက် သေဆုံးသွားတယ်"





"ဒါဆိုရင် သူ့လှေကြီးက ရော"

သူ့လှေကြီးကိုတော့ မြိတ်ကျွန်းစုရဲ့ တစ်နေရာမှာ နစ်မြုပ်သွားတယ်လို့ အမှတ်အသားရှိတယ်။ လှေနစ်မြုပ်တဲ့ ကျွန်းနာမည်က ခဲနောက်ကျွန်းလို့ ပြောတာပဲ၊ ဒါပေမယ့် အဲဒီကျွန်းရဲ့ မြေပုံဟာ တစ်နေရာရာမှာ ရှိတယ်လို့တော့ လက်တင်စာတတ်တဲ့ ဘုရားရှိခိုးကျောင်းက 'ဖာသာကြီးတစ်ဦးက ပြောတယ်"

"အဲဒီ ဖာသာကြီးရော"

"အင်္ဂလန်ကို ပြန်သွားလို့ ခက်နေတာပေါ့ ဒကာလေးရယ်"

* * * * *

ပေါ်တူဂီ 'ကပ္ပတိန်ရစ်ချက် ဟိုဒင်း'မှာ မူလက အင်္ဂလန်ပြည်မှ အိုင်ယာလန်နယ်သားတစ်ဦး ဖြစ်သည်။ သူသည် ပေါ်တူဂီများနှင့် ပေါင်းမိကာ ရွက်သင်္ဘောကြီးတစ်စီးဖြင့် အရှေ့တောင်အာရှတွင် ကြေးစားစစ်သည် လုပ်ရန်လိုက်လာခဲ့သည်။

၁၈၀၀–ကျော်က မြန်မာဘုရင်နှင့် အိန္ဒိယကျွန်းစွယ်များတွင်ကြေးစားစစ်တပ်များကို ငှားရမ်းလေ့ရှိရာ ပေါ်တူဂီများသည် ရေမြေဒေသကောင်းသော တောင်အာရှတွင် စီးပွားရေးလုပ်ငန်းအဖြစ် စစ်တိုက်ခြင်းကို ပြုလုပ်လာကြသည်။

သက္ကရာဇ် ၉၀၀–ကျော်သော အခါ သန်လျင်ကို ဖေင်ကာ ခေါ် ဒီဘရစ်တို့က အခြေစိုက် အုပ်ချုပ်သည်မှ အစ ပေါ်တူဂီလူမျိုးများသည် လက်နက်ခဲယမ်းကို အားကိုးကာ မြန်မာ့ရေမြေကို သဘောကျလာခဲ့ကြလေတော့သည်။

သူတို့သည် မြန်မာ့မင်းများထံတွင် စစ်မှုထမ်းရာမှ ရေကြောင်းဖြင့် လာရလွယ်သော မြိတ်ကျွန်းစုများ၊ တနင်္သာရီကမ်းရိုးတမ်းရှိ ရေး၊ ထားဝယ်ဒေသများသို့ အရောက်အပေါက်များလာကြသည်။

အချို့ပေါ်တူဂီတို့သည် ရွက်လှေကြီးများဖြင့် တနင်္သာရီနှင့် အရှေ့အိန္ဒိယတို့ ဆက်သွယ်သော ပင်လယ်လမ်းကြောင်းမှ လှေသင်္ဘောများကို လုယက်ဓားပြတိုက်လေ့ ရှိကြသည်။ ထိုအ



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ပင်လယ်ဓားပြရစ်ချဲဟိုးခင်း ခေါင်းဆောင်သော ရွက်သင်္ဘောကြီးလည်း ပါလေသည်။

ရရှိလာသော ရွှေငွေဘဏ္ဍာများကို ရွက်သင်္ဘောပေါ်ရှိ သေတ္တာကြီးများတွင် ထည့်ကာ မြိတ်ကျွန်းစုများကြားတွင် ပုန်းကွယ်ဝှက်သိုထားလေ့ရှိသည်။

မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း ရှစ်သောင်းကျော်ရှိသောကြောင့် လူသူမရောက်ပေါက်သော ကျွန်းများလည်း များစွာရှိရာ သူပုန်ဓားပြများသည်လည်း ခိုအောင်း၍ ကောင်းသောနေရာ ဖြစ်နေလေတော့၏။

ပင်လယ်ဓားပြများမှာ ရွှေငွေ ရတနာရလွယ်သော စီးပွားရေးအလုပ်သဘောမျိုးဖြစ်လာရာ ပေါ်တူဂီလူမျိုးများသာမက ဆင်မြူရယ်ဝိုက်ကဲ့သို့ အင်္ဂလိပ်လူမျိုးများ၊ အိန္ဒိယနွယ်ဖွားများနှင့် အာဖရိကသားအချို့ပါ ပင်လယ်ဓားပြများအဖြစ် ပင်လယ်ရေပြင်တွင် လှုပ်ရှားလာကြတော့သည်။

ပင်လယ်ဓားပြတို့မှာ ကုန်သွယ်ရောင်းဝယ်သော ရွက်သင်္ဘောများကို တွေ့လျှင် ပါလာသောပစ္စည်းများကို ယူကာ လူများကို သတ်၍ လှေသင်္ဘောများကို ပင်လယ်ပြင်သို့ မျှောလေ့ရှိကြလေသည်။

ထိုခေတ်က ပင်လယ်ရေကြောင်း စွန့်စားသွားလာခြင်းမှာ အသက်အန္တရာယ်များလှသည်ဟု ဆိုရပေမည်။

တင်မောင်ဦးသည် ရသေ့ကြီးဦးဝီရကျောင်းမှာပင် နံနက်စာ စားသောက်ကာ သချိုင်းကျောက်စာကို ဖတ်ရှုနေလေသည်။

လက်တင်ဘာသာဖြင့် ရေးသားထားသော ရစ်ချက်ဟိုးခင်း၏ သချိုင်းကျောက်စာတွင် သူပင်လယ်ဓားပြ လုပ်ရခြင်းနှင့် ပတ်သက်၍ အရှေ့အိန္ဒိယကုမ္ပဏီမှ ကတိဖောက်ဖျက်၍ ကုန်ဖိုးငွေများ မပေးနိုင်သည်မှစ၍ စွန့်စားသော အလုပ်ကို လုပ်ခဲ့သူဖြစ်ကြောင်းကို သိရှိရသည်။

အင်္ဂလိပ်လူမျိုးတစ်ဦး ရေးထားသော ပင်လယ်ဓားပြမှတ်စုတွင် ပေါ်တူဂီ ပင်လယ်ဓားပြများ မြိတ်ကျွန်းစုဝန်းကျင်တွင် ကျက်စားသည့်အကြောင်း ပါလာရာ ထိုစာအုပ်တွင် ရစ်ချဲဟိုးခင်းမှာလည်း ဓားပြတစ်ဦးအနေဖြင့် မှတ်တမ်းဝင်ခြင်း ခံရလေသည်။

မှတ်တမ်းတင်ထားပုံမှာ ရစ်ချက်ဟိုးခင်းသည် ဂီတအနုပညာကို ဝါသနာပါသူဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် ရွက်လွှင့်သွားလာလျှင် အာဖရိကတူရိယာဖြစ်သော လူရိုင်းဗုံများကို တင်ဆောင်ယူငင်သွားတတ်ကြောင်း၊ ပြီးလျှင် သင်္ဘောရွက်လွှင့်နေစဉ်၊ အရက်စည်များမှ အရက်များကို သူ့ငယ်သားများနှင့်အတူ ခယ် သောက်ရင်း အာဖရိကဗုံများကို တီးကာ ကျွန်းများမှ ဖမ်းဆီးခေါ်ဆောင်လာသည့် မိန်းမပျိုများနှင့် ပျော်ပါးလေ့ရှိကြောင်း ပါရှိလေသည်။

ပင်လယ်ဓားပြ ဖြစ်လာသောအခါတွင် အိန္ဒိယခရီးသည်တင်သင်္ဘောမှ အိန္ဒိယတိုင်းရင်းသူ အပျိုချောများကို ဖမ်းဆီးကာ၊ သူ၏သင်္ဘောတွင် တင်ဆောင်လာပြီး ထိုမိန်းမများနှင့် ဘုရင်တစ်ဆူကဲ့သို့ နေထိုင်လေ့ရှိကြောင်းကို ရေးသားထားလေသည်။

လက်တင်ကျောက်စာများကို တစ်ဆင့် ကူးယူ ထားသော ပေမှုတွင်



ဖတ်ရသောကြောင့် တင်မောင်ဦးအတွက် အဆင်ပြေလှပေသည်။

"ကဲ . . ဒကာလေး၊ နောက်ပိုင်းမှာ ကျုပ် စုဆောင်းထားတဲ့ ရစ်ချက်ဟိုခင်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေက တယ်ပြီးများတယ်။ ဖြည်းဖြည်းဖတ်ပေါ့။ ဖတ်ပြီးမှ ကျုပ်နဲ့ ပြန်ဆွေးနွေးတာပေါ့"

ရသေ့ကြီးက ပေမှုနှစ်ခုသုံးခုကို ပေးလိုက်ရာ၊ ကျောကုန်းတွင် ဘုပါသော ဦးအောင်ဘွင့်က သယ်ယူလာပြီး တင်မောင်ဦးအား ထားဝယ်ကမ်းနားအနီးရှိ ရွှေလင်းပိုင်တည်းခိုခန်းသို့ လိုက်ပါပို့ဆောင်ခဲ့လေသည်။

ထိုတည်းခိုခန်းမှာ ထားဝယ်မြို့တွင် အကောင်းဆုံးဖြစ်၍ နိုင်ငံခြားသားများလည်း တည်းခိုကြလေသည်။

+ + +

ထူးခြားသည်မှာကား ရွှေလင်းပိုင် တည်းခိုခန်းတွင် သူမရောက်မီကတည်းက လာရောက်တည်းခိုနေသော ဇာတ်မင်းသား အဝတ်အစားဖြင့် နေထိုင်သည့် 'မြိတ်မင်းသား' ဆိုသူတစ်ဦး ရှိနေခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်တည်းခိုခန်း၌ မြိတ်မင်းသားသည် အိပ်ခန်းတစ်ခု ငှားရမ်းနေထိုင်ပြီးနောက် အချိန်တန်လျှင် ထမင်းစားသောက်ရန် တည်းခိုခန်းအောက်ထပ်ရှိ စားသောက်ဆိုင်သို့ ဆင်းလာတတ်လေသည်။

တင်မောင်ဦးသည်လည်း မြိတ်မင်းသားနှင့် ရှေ့ဆင့်နောက်ဆင့် ဆင်းလာရာ၊ မြိတ်မင်းသားက စားသောက်ဆောင်ထဲသို့ ရှေ့ကဝင်သွားလေသည်။

မန္တလေးခေတ်က နန်းတွင်းသားများကဲ့သို့ပင် ပန်းရောင်ပဝါကို မြိတ်မင်းသားက သူ့ဆံပင်ရှည်များကို ဖြီးသင်၍ လှလှပပ ပေါင်းကာ အစသတ်ထားသည်။

ခါးတွင် ကတောင်အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားပြီး ခါးနှစ်ဘက်မှ အစများက ထောင်လျက်ရှိလေသည်။ အဆင်အသွေး လှပသော ရွှေဝါရောင် ချိတ်ပုဆိုးကို လှလှပပ ခေါက်ကာ ပတ်ဝတ်ဆင်ထားပြီး လမ်းလျှောက်သောအခါတွင် ခါးကို ပတ်ထားသော ပုဆိုးအစကို ကိုင်ကာ လျှောက်တတ်လေသည်။

နားတွင် ပုလဲနားကပ်ကို ဆင်ယင်ထား၍ မျက်နှာတွင်လည်း မျက်နှာချေမှုန့် ပါးပါးလေး လိမ်းထားရာ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ မေးရိုးကားကားဖြင့် ယောကျ်ားပီသသော မင်းသားမှာ ဓာတ်ကတော့မည့်နှယ် ချောမောနေလေသည်။

"မင်းသား ဒီနေ့ စားတော်ခေါ်ဖို့ ဆင်းတော်မူတာ နောက်ကျတယ် ဘုရား"

"ဟုတ်ပါတယ်ဘုရား . . ကျွန်တော်မျိုးမတို့ ပွဲတော်အုပ်ဆက်ဖို့ စောင့်နေတာ တစ်မောင်းလောက်တောင် ရှိပါပြီဘုရား"

စားသောက်ခန်းထဲမှ ထူးဆန်းသော အသံများကြောင့် ကြည့်လိုက်ရာ စောစောက မြိတ်မင်းသားဆိုသူကို ပွဲတော်အုပ်များ ယပ်ခတ်ကာဆက်သနေသော အသက်နှစ်ဆယ်ကျော်အရွယ် မိန်းမပျိုနှစ်ဦးကို တွေ့ရသည်။

ထိုမိန်းမပျိုများမှာ နားရွက်နောက်မှ ကောက်ထွက်လာသော ဆံတောက်ကြီးများရှိနေပြီး ရိုရိုသေသေပင် ပြောဆိုနေသည်ကို တင်မောင်ဦးက တွေ့လိုက်ရလေသည်။



ရှေးခေတ်က ဆွမ်းအုပ်ကြီးများကို စားပွဲပေါ်တွင် တင်ကာ ယပ်ခတ်လျက်စောင့်စားနေကြသည်။

စားသောက်ဆိုင်ထဲမှ လူများကတော့ ဤမြင်ကွင်းမျိုးမှာ ရိုးနေပုံရလေသည်။ တင်မောင်ဦးကတော့ ယခုမှ မြင်ဖူးသောကြောင့် ထူးဆန်းနေ၏။

တင်မောင်ဦးသည် ညနေစာကို ကြက်သားနှင့် ငါးခေါင်းဟင်းချိုမှာကာ စားသောက်ရင်း အသက်နှစ်ဆယ်ခန့်ရှိ စားပွဲထိုးလေးကို ခေါ်လိုက်သည်။

"ဘာလဲ အစ်ကို"

စားပွဲထိုးလေးက စားသောက်စရာမှာမည် ထင်သောကြောင့် ခေါင်းငုံ့ကာ မေးလိုက်သည်။

"ဟိုဟာ ဘယ်သူလဲ"

"မြိတ်မင်းသားဆိုတဲ့လူပဲ အစ်ကို၊ သူ့ငွေးပဲ တော်တော်ချမ်းသာတယ်"

"ဟုတ်လား သူနေတာ ကြာပြီလား"

"သူနေတာ သိပ်တော့ မကြာသေးပါဘူး၊ ငါးရက်လောက်ပဲ ရှိပါသေးတယ်၊ သူ ထမင်းစားရင် ပွဲတော်ခေါ်တယ်လို့ ပြောတယ်။ သူ့ဆီကိုလဲ ဒီလိုပဲ ပွဲတော်အုပ်လာပို့တဲ့လူ ရှိတယ်"

"ဘယ်သူတွေလဲ"

တင်မောင်ဦးက ခပ်တိုးတိုး စုံစမ်းမေးမြန်းလိုက်ပြန်သည်။

"အဲဒါတော့ မပြောတတ်ဘူး အစ်ကို၊ ပွဲတော်အုပ်နှစ်ခုကတော့ စားသောက်ဆိုင်မှာ အမြဲလာထားတယ်၊ အချိန်တန်ရင်တော့ ငွေချေပြီး လာယူတဲ့သူ ပေါ်တာပါပဲ၊ အဲဒီလူတွေက ခု မိန်းမပျိုလို မိန်းမတွေ များတယ်"

"အင်း . . သူလဲ တော်တော် ထူးဆန်းတဲ့သူပဲနော်"

"ဟုတ်တယ်"

စားပွဲထိုးလေးက နောက်ထပ် စားသောက်ခန်းမထဲသို့ ဝင်လာသော သူများ တွေ့ရသောကြောင့် ထသွားလေတော့၏။

မြိတ်မင်းသားမှာလည်း စားသောက်ပြီးသောအခါ၊ မိန်းမပျိုတစ်ဦးက ဆက်သည့် ရေဇလုံထဲတွင် လက်ဆေးကာ၊ ရွှေရောင်သောက်တော်ရေခွက်ဖြင့် ရေသောက်လေသည်။

အပေါ်ထပ် တည်းခိုခန်းသို့ မတက်လိုသေးသောကြောင့် ညနေစာ စားပြီးသော တင်မောင်ဦးသည် စားသောက်ခန်းမမှ ထွက်ကာ၊ တည်းခိုခန်း အပြင်သို့ ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူနေသော ရွှေလင်းပိုင်တည်းခိုခန်းမှာ မောင်းမကန်ပင်လယ်နှင့် နီးသောကြောင့် ရှုခင်းက ကြည့်၍ကောင်းလေသည်။

ဿ ဿ ဿ

နေလုံးကြီးသည် အနောက်ဖက်ပင်လယ်ပြင်ထဲသို့ ဆင်းသက်ရန် တဖြည်းဖြည်းလျှော့ချနေသည်။ တင်မောင်ဦးသည် ပင်လယ်ကမ်းစပ်ရှိ အုန်းတောများကို ဖြတ်၍ လျှောက်လာရာ ကျောက်ဆောင်များရှိသော ပင်လယ်ကမ်းစပ်သို့ ရောက်လာသည်။

မောင်းမကန် ပင်လယ်ကမ်းစပ်တွင် ရေကူးနေသော နိုင်ငံခြားသားနှင့် ထားဝယ်မြို့မှ လူငယ်လူရွယ်များကို တွေ့ရသည်။

များသောအားဖြင့်ကား မြို့ပိုင်၊ လယ်ဝန်နှင့် သစ်တောဘက်အရာရှိများက မောင်းမကန်သို့ လာကာ အပန်းဖြေတတ်ကြသည်။

တင်မောင်ဦးသည် ပင်လယ်ကမ်းစပ်သို့ ရောက်သောအခါတွင် ရန်ကုန်တွင် ကျန်ခဲ့သည့် မထားရီကို ဖျတ်ကနဲ သတိရမိသည်။

"အင်း . . ငါထွက်လာတာ တစ်ပတ်လောက်တော့ ရှိပြီပဲ၊ ထားကတော့ ငါ့အတွက် စိတ်ပူနေတော့မှာပဲ"

နေရောင်ခြည် ပက်ဖျန်းထားသည့် သဲသောင်ပြင်တွင် လျှောက်လှမ်းလာရင်း ရန်ကုန်ပြန်ဖို့ အစီအစဉ်ကို စဉ်းစားမိသည်။

ရသေ့ကြီးဦးဝိရမှ ရှေးဟောင်းကျောက်စာ ကမ္ပည်းစာများကို အတော်အတန် စုဆောင်းထားပြီး၊ ထိုကျောက်စာများကို လေ့လာလျက်ရှိသည်။

အမိက ဦးဝိရက သူ့ကို တွေ့လိုသောကြောင့်ပင် ဦးလေးဥညြဟု သူ့ခေါ်သော ငှက်ကြီးက သူ့ကို လာရောက်ခေါ်ရခြင်း ဖြစ်ပေမည်။

ရသေ့ကြီး ဦးဝိရကတော့ အကြံအစည်တစ်ခု ရှိပုံရသည်။ သို့သော် တင်မောင်ဦးအနေဖြင့် ဖွင့်၍ မမေးရဲသေးချေ။ သဲသောင်ပြင်အတိုင်း လျှောက်လှမ်းလာရာ ကျောက်ဆောင်များရှိရာဘက်သို့ ရောက်ရှိလာသည်။

ကျောက်ဆောင်များပေါ်တွင် နေရောင် ထိုးဟပ်ထားရာ နောက်ခံ



အုန်းတောနှင့် သစ်ပင်များကြောင့် ကြည့်ရှု၍ လှပနေသည်။

ပင်လယ်ကမ်းစပ်သို့ ကျောက်ဆောင်ရှည်ကြီးတစ်ခုမှာ ငေါထွက်လျက်ရှိသည်။ လျှာပါသော ဦးထုပ်ကို ဆောင်းထားသည့် လူခေါင်းတစ်ခုနှင့် ထိုကျောက်ဆောင်မှာ တူညီနေလေသည်။

ပင်လယ်ဖက်သို့ ထွက်နေသည့် ကျောက်စွန်းပေါ်တွင် ထိုင်နေသော လူရိပ်တစ်ရိပ်ကို တွေ့မြင်ရသည်။

ကျောက်ဆောင်နားသို့ တဖြည်းဖြည်း နီးလာလေ လူရိပ်သည် ပိုမိုထင်ရှားလာလေ ဖြစ်လေသည်။ နေရောင်ကြောင့် ကျောက်ဆောင်ပေါ်တွင် ထိုင်နေသူမှာ ဆံနွယ်စများကို ပခုံးပေါ်တွင် တင်ထားသော မိန်းကလေးတစ်ဦး ဖြစ်နေကြောင်း သိရသည်။

ညနေနေရောင်ကြောင့် ပင်လား မသိ။ မိန်းမပျို၏ မျက်လုံးများသည် ဝါဖျတ်ဖျတ် တောက်ပလျက်ရှိသည်။ မျက်လုံးများမှာ လှပဝိုင်းစက်သလောက် ညီညာသွယ်တန်းသော မျက်ခုံးမွေးများကလည်း မျက်နှာပြင်၏ အလှကို ပိုမိုပြည့်စုံအောင် ဖြည့်ထားသည်။

တင်မောင်ဦးသည် ကျောက်ဆောင်နှင့် အနီးဆုံးဖြစ်စေရန် လျှောက်လှမ်းသွားပြီး ပင်လယ်ပြင်ကို ငေးကြည့်နေသည်။ ကျောက်ဆောင်ပေါ်မှ မိန်းမပျိုမှာလည်း ကျောက်ခဲတုံးတစ်တုံးပေါ်တွင် ထိုင်ကာ ပင်လယ်ပြင်ကို ငေးနေသည်။

သူမ ထိုင်နေပုံမှာ ငြိမ်သက်လှ၍ ရုပ်ထုတစ်ခုလားဟုပင် ထင်မှတ်ရလေသည်။ သို့သော် ညာဘက်ပါးမှ စံပယ်တင်မှဲ့ ကြောင့် ထိုမိန်းမပျိုကို မြင်ဖူးကြောင်း မှတ်မိသွားလေသည်။

"ဟင် . . ဒါသချိုင်းကုန်းထဲက မန်းကျည်းပင်အောက်မှာ ရပ်နေတဲ့ မိန်းကလေးပဲ"

တင်မောင်ဦး၏ အသိဉာဏ်က ဖျတ်ခနဲ သတိရလိုက်မိသည်။ ဇာက်ကြီးသချိုင်းတွင် ထိုမိန်းမပျိုသည် တစ်ဦးတည်း ရပ်နေသည်။

မန်းကျည်းပင်ကြီး၏ အောက်မှာ ရပ်နေစဉ် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည့် မျက်လုံးရွဲကြီးများကို မှတ်မိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com





ယခုလည်း ကျောက်ဆောင်ပေါ်တွင် ထိုင်ကာ ပင်လယ်ပြင်ကို ငေးမောနေ၏။

"ဘာတွေများ ငေးနေသလဲ"

ကျယ်ပြန့်လှသော ပင်လယ်ပြင်ကြီးထဲမှာ ထိုမိန်းမပျို မျှော်လင့်စရာ ဘာများရှိနေသနည်း။

နေလုံးကြီးသည် ပင်လယ်ပြင်ကြီး၏ အထဲသို့ ရေဆင်းသောက်စပြုနေပြီ။ နီတျာရဲနေသော နေလုံးကြီးမှာ ကြီးမား၍ နေပြီး ပကတိသွေးရောင်ကဲ့သို့ ရဲရဲနီလျက် ရှိနေသည်။

မမောင်မီ တည်းခိုခန်းသို့ သူ ပြန်ရတော့မည်။ မိန်းမပျိုနှင့် ပတ်သက်သည့် အတွေးကို ဖြတ်ကာ တည်းခိုခန်းဘက်သို့ လှည့်လာခဲ့၏။

ᯓ ᯓ ᯓ

တည်းခိုခန်းသို့ သူ ပြန်ရောက်သောအခါတွင် မြတ်မင်းသားဆိုသူမှာ မအိပ်သေးဘဲ အပေါ်ထပ်အိပ်ခန်းများ ရှေ့ရှိ ဧည့်ခန်းထိုင်ခုံတွင် ထိုင်လျက် ရှိလေသည်။

အောက်ထပ်လှေကားမှ သူ တက်လာသောအခါတွင် မြတ်မင်းသားသည် သူ့ကို လှမ်း၍ ကြည့်လိုက်သည်။

အပေါ်ထပ်တွင် အိပ်ခန်းလေးခန်း ရှိသည်။

"ညီလေး ပင်လယ်ကမ်းစပ်ဖက်ကို လမ်းလျှောက်တာလား"

မြတ်မင်းသားက တင်မောင်ဦးကို နှုတ်ဆက်စကားဆိုလိုက်သည်။ မြတ်မင်းသား ရှေ့စားပွဲပေါ်တွင် အိတ်တစ်လုံးကို တွေ့လိုက်ရသည်။

"ဟုတ်ကဲ့ မောင်းမကန်ဘက်ကို လမ်းလျှောက်တာပါ"

"အော် . . အေး ထင်တော့ထင်သား၊ အောက်က စုံစမ်းရေးဌာနမှာ ညီလေးနာမည်နဲ့ အဝတ်အစားသုံးစုံလာပေးတယ်။ ပေးတဲ့သူကတော့ အစ်ကိုကြီးဥသြပါ၊ သူက ဖေက်ကြီးသန်ျိုင်းမှာ နေတယ်လေ"

"အော် . . ခင်ဗျားနဲ့ သိလား"

"သိပါတယ် . . သူဘရာဇာကြီး ဦးထိုက်ကျင်ကလည်း ကျုပ် မိတ်ဆွေတွေပါပဲ၊ မင်းက သူတို့နဲ့ သိတဲ့သူဆိုတော့ ဘာသာရေးသမားလား၊ စာပေသမားလား"

မြတ်မင်းသားက သူ့ကို စိတ်ဝင်စားစွာ မေးမြန်းလိုက်သည်။

"အော် . . ကျွန်တော်က စာပေ





သမားဆိုပါတော့"

"အင်း . . ထင်သားပဲ၊ ရော့ . . ဒီမှာ မင်းအတွက် ပေးထားတဲ့ဝတ်စုံ သုံးစုံယူလာခဲ့တယ်။ အဲဒါ ပေးချင်လို့ မအိပ်သေးဘဲ စောင့်နေတာ"

မြတ်မင်းသားက သူ့အတွက် စောင့်နေကြောင်း သိရ၍ အားနာသွားသည်။

"အစ်ကိုကြီး နာမည်က ဘယ်လိုခေါ်သလဲ"

"ငါ့နာမည်ကတော့ ကျော်စွာဆိုပါတော့ကွာ၊ ဒါပေမယ့် လူတွေက ငါ့ကို မြတ်မင်းသားလို့ ခေါ်ကြတယ်။ မင်းကတော့ ခေါ်ချင်သလို ခေါ်ပေါ့"

"ငယ်ငယ်ကတည်းက အစ်ကိုကြီးက ဒီလိုဝတ်ဆင်တာလား"

"မဟုတ်ပါဘူးကွာ အသက်နှစ်ဆယ်ကျော်တော့မှ မြတ်က ဆေးဆရာတစ်ဦးက ငါ့မှာ မကြာခဏ ဖြစ်တတ်တဲ့ စိတ်နောက်တဲ့ ရောဂါဟာ ဒီလို ဝတ်စားနေထိုင်မှ ပျောက်မယ်ဆိုလို့ ဝတ်ရတာပါ"

မြတ်မင်းသား၏ ရှင်းပြမှုကြောင့် တင်မောင်ဦးမှာ စာနာနားလည်သွားသည်။ လူတို့သည် သူ့အကြောင်းနှင့်သူ ဝတ်စားဆင်ယင်နေရပါလားဟု ဆိုသော အသိတစ်မျိုး ရရှိလိုက်သည်။

ဝတ်စားဆင်ယင်ပုံကို ကြည့်ကာ အထင်သေးသောသူများသည် စိတ်ထားမမှန်ကန်သူမျိုးဖြစ်ကြောင်းလည်း လက်တွေ့ကျကျ သိရှိနားလည်လိုက်တော့၏။

"ကဲ . . ရော့"

အနောက်တိုင်း ဝတ်စုံနှစ်စုံနှင့် မြန်မာပတ်စုံတစ်စုံ လာရောက်ပို့ခြင်း ဖြစ်သည်။ သူနှင့်ဆိုက်တူအနေတော် ဖြစ်အောင် ရှာဖွေတတ်သည့် ဦးလေးဥသြကိုလည်း ကျေးဇူးတင်မိသည်။

အမှန်တော့ သူသည် ထားဝယ်သို့ စရိတ်ငြိမ်းလာရောက် လည်ပတ်သကဲ့သို့ ဖြစ်နေလေသည်။

"ကဲ . . မှင်းလဲ လွှတ်လွှတ်လပ်လပ်နားပါကွာ၊ နောက်တော့ တွေ့ကြသေးတာပေါ့"

မြတ်မင်းသားသည် ဧည့်ခန်းမှ ထကာ သူ၏ အိပ်ခန်းသို့ ဝင်၍သွား၏။ ကြည့်ရသည်မှာ အပြောအဆို အမူအရာ တည်တည်ကြည်ကြည်ရှိ၍ သပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ဓာတ်ရှူးတစ်ယောက် မဟုတ်ကြောင်း သိရှိရသည်။

သို့ဆိုလျှင် သူ့ကို မွဲတော်အုပ်လာရောက်ဆက်သသော မိန်းမပျိုများမှာ မည်သူတွေ ဖြစ်သနည်း။

ထားဝယ်သို့ ရောက်မှ တင်မောင်ဦးသည် တွေးစရာတွေ များနေသည်။ ရန်ကုန်သို့လည်း သံကြိုးရိုက်ဦးမှပဲ တွေးကာ အဝတ်အစားများကို ယူကာ သူ့အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

အစားအသောက် စားထားသော သူ့ဗိုက်မှာ အညောင်းပြေ လမ်းလျှောက်လိုက်သောကြောင့် ဒိုက်မြဦး လာလေတော့သည်။

* * * * *

"ဟေး"

ရွက်သင်္ဘောကြီး၏ ထိပ်ပိုင်းမှာ ရပ်နေသော ပေါ်တူဂီကြီးသည် ဓားကိုဝင့်ကာ သူ့လှေပေါ်မှ လူများကို ဟစ်အော်လိုက်သည်။

ထိုအခါ အဖျားတွင် အနည်းငယ် ကောက်သော ဓားများကိုင်ကာ လှေကြီးပေါ်တွင် ပေါ်လာကြသည်။

အနက်ရောင် ပခုံးပေါ်တွင် သားရေပြားပါသည့် လက်ရှည်အကျႌများကို ဝတ်ဆင်ထားသည်။ မီးပေါက်သေနတ်ခေါ် တူမီးသေနတ်ကို ကိုင်သူများလည်း ရှိနေလေသည်။

တင်မောင်ဦးသည် သူ့အားဖမ်းထားသော လှောင်အိမ်ထဲမှ ကြည့်နေမိသည်။

တင်မောင်ဦးသည် သစ်သားကို လှောင်အိမ်လုပ်ထားသည့် လှေကြီးပေါ်မှ အချုပ်ခန်းထဲသို့ ရောက်ရှိနေလေသည်။

သူသည် ပင်လယ်ဓားပြကြီးကို လှောင်အိမ်ထဲမှ ကြည့်နေရာမှ ပေါ်တူဂီဘာသာစကားများဖြင့် ဆဲဆိုနေသည်။

သူ့ကိုယ်မှာလည်း ခြေသလုံးတွင် ကြက်ခြေခတ်ကြိုးများ ချည်ထားသော ဘောင်းဘီပွကို ဝတ်ဆင်ထားသည်။ ရွက်တိုင်များပေါ်ရှိ ရွက်များကို ချကာ ရှေ့မှလာနေသော သင်္ဘောကို ဦးတည်ကာ ဝင်၍တိုက်သည်။

ကုန်တင်သင်္ဘောကြီးမှာ အနီးသို့ ရောက်လျှင် ရှောင်ရှားလိမ့်မည်ဟု ထင်ရာ အနက်ရောင်ပေါ်တွင် လူခေါင်း





နှင့် လက်ရိုးကို ဆေးပြာဖြင့် ရေးခြယ်ထားသော ပင်လယ်ဓားပြအလံကို ဘွားကနဲ တွေ့တော့မှ ရှောင်ရှား၍ မရတော့ဘဲ ဝင်တိုက်မိသွားလေတော့၏။

"ဝုန်း"

"အား"

ကုန်သည်လှေမှ အိန္ဒိယလူမျိုးများသည် အော်ဟစ်ကြသည်။ ပင်လယ်ဓားပြများသည် ကုန်သည်လှေပေါ်သို့ စုတက်ကာ သေနတ်များနှင့် ပစ်ခတ်ခြင်း၊ ဓားနှင့်ခုတ်ခြင်းတို့ဖြင့် ရှိသမျှ သင်္ဘောပေါ်ရှိ လူများကို သတ်လိုက်ကြသည်။

သည့်နောက် ပင်လယ်ဓားပြလှေကို ကပ်၍ချည်နှောင်ကာ ကုန်တင်လှေပေါ်မှ ရွှေငွေရတနာများနှင့် အဖိုးတန်ပစ္စည်းများကို ယူငင်ကြလေတော့သည်။

ပွဲပိုင်းရှိ လှေဝမ်းခေါင်းထဲသို့ ထည့်ရန် လက်ဆင့်ကမ်း၍ သယ်ယူကြသည်။ သူတို့သည် အထည်အလိပ်များ စားသောက်စရာများ၊ အရက်စည်များကိုမူ ကုန်းပတ်ပေါ်တွင်သာ တင်ထားလိုက်ကြလေတော့သည်။

ကုန်သည်လှေကြီးထဲမှ ယူစရာပစ္စည်းကောင်းဟူ၍ မရှိသောအခါ သူတို့သင်္ဘောဖြတ်ထားသောကြောင့် သေနေသည့်လူများရှိသည့် ကုန်သည်လှေကြီးကို ပင်လယ်ထဲတွင် သည်အတိုင်း ပင် မျှော၍ ထားခဲ့ကြလေတော့သည်။

"တော်တော်ယုတ်မာတဲ့ ကောင်တွေပဲ၊ သူများပစ္စည်းကို လုယက်ယူငင်ပြီး အသက်ရှင်ချင်တဲ့ ကောင်တွေ"

တင်မောင်ဦးက သစ်သားဟန်းများဖြင့် ကျားလှောင်အိမ်လို ပြုလုပ်ထားသော သင်္ဘောပဲ့ပိုင်းရှိ အကျဉ်းခန်းလေးထဲမှ ဟစ်အော်ပြောဆိုလိုက်လေသည်။

သို့သော် ပင်လယ်ဓားပြခေါင်းဆောင်ကြီး ရစ်ချက်ဟိုးဒင်းမှာကား တင်မောင်ဦးကို ဂရုမစိုက်ဘဲ သစ်သားစည်ကြီးများထဲမှ အရက်ကို ခပ်၍ သောက်ကာ သူတို့၏အခန်းများထဲသို့ ဝင်သွား လေတော့သည်။

ရစ်ချက်ဟိုးဒင်းသည် လှေဦးမှ သင်္ဘောမောင်းသည့် သူထံသို့ သွားကာ ရွက်သင်္ဘောကြီးကို သူတို့နိုအေးရာ



www.burmeseclassic.com

www.burmeseclassic.com



မြိတ်ကျွန်းစုများကြားရှိ မြေဂူကျွန်းသို့ ဦးတည်ရွက်လွှင့်နိုင်းလေတော့သည်။

ရွက်တိုင်သုံးတိုင်တွင် အထပ်ထပ်ပြုလုပ်ထားသော ရွက်များသည် မကြာမီ လေရှိန်ဖြင့် ဖောင်းကားလာကာ သင်္ဘောမှာလည်း သံလိုက်နာရီလမ်း၊ ညွှန်ရာ မြေဂူကျွန်းသို့ ဦးတည်ကာ ပြေးလွှားနေလေတော့သည်။

မြေဂူကျွန်းသို့ မရောက်မီအချိန်မှာပင် အော်ဟစ်သံ တစ်သံကြားလိုက်ရလေတော့သည်။

"အမယ်လေး"

"ဟာင်"

ဿ ဿ ဿ



မိန်းမပျိုတစ်ဦး၏ ကြောက်လန့်တကြား အော်ဟစ်သံပင် ဖြစ်သည်။ ပင်လယ်ပြင်မှ လှုယက်လာသော သင်္ဘောသုံးစီးတွင် ပထမဆုံးသင်္ဘောမှ မိန်းမပျိုသုံးဦးကို ဖမ်းဆီးလာခဲ့သည်။

ထိုမိန်းမပျိုသုံးဦးကို သင်္ဘောပေါ်ရှိ ဦးပိုင်းအခန်းထဲတွင် ကြိုးတုပ်ကာ ဖမ်းဆီးထားသည်။

ထိုမိန်းမပျိုသုံးဦးမှာ မြေဂူကျွန်းသို့ ရောက်လျှင် ဖျက်ဆီးခံရတော့မည်မှာ သေချာနေပေသည်။ မိန်းမပျိုသုံးဦးကို ဖမ်းလာစဉ်က တင်မောင်ဦးသည် သူ့ထောင်ချောက်အနီးမှ ဖြတ်သွားသည်ကို တွေ့ရသည်။ ချောမောငယ်ရွယ်သော အိန္ဒိယတိုင်းရင်းသူအမျိုးသမီးလေးများပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရစ်ချက်ဟိုးဒင်းဆိုသည့် ပင်လယ်ဓားပြကြီးသည် တင်မောင်ဦးကို ဓားချင်းယှဉ်၍ တိုက်ခိုက်ရာမှ တိုက်ရည်ခိုက်ရည် ကောင်းလှကြောင်း သိရ၍ ပင်လယ်ဓားပြအဖြစ် သွတ်သွင်းကာ သစ်သား လှောင်အိမ်တွင် ထည့်ကာ အစာကျွေး၍ စိတ်ဓာတ်ကျအောင် လုပ်နေခြင်းပင် ဖြစ်လေသည်။

တင်မောင်ဦးသည်ကား ပင်လယ်ဓားပြများက ထားဝယ်ဆိပ်ကမ်းမှ လှေကို ဝင်တိုက်ရာ သူကပါ ကူညီကာ ကွယ်သောကြောင့် ဖမ်းဆီးခြင်း ခံရသည်။

သူ ကယ်တင်လိုက်သည့် မိန်းမပျိုကတော့ အခြားလှေတစ်စီးရှိရာသို့ ကူးကာ လွတ်မြောက်သွားခဲ့သည်။

ထိုမိန်းကလေးမှာ မည်သည့်အခါမဆို ရယ်မောနေသည်ဟု ထင်ရသော မျက်လုံးပိုင်ရှင် မြမြမှုဆိုသည့် မိန်းကလေးပင် ဖြစ်လေသည်။

သူသည် မြွေဂူကျွန်းသို့ ရောက်သောအခါ၌ ရွက်လှေဆိုက်ကပ်သည့် သင်္ဘောပေါ်မှာပင် နေခဲ့ရပြီး လျှင် အော်သံဟစ်သံများနှင့်အတူ မိန်းမပျိုသုံးဦးကို ဆွဲခေါ်သွားသည်ကို တွေ့မြင်ရလေတော့သည်။

တင်မောင်ဦးမှာလည်း ပင်ပန်းနွမ်းနယ်ကာ အိပ်ငိုက်နေခဲ့ပြီ ဖြစ်သည်။

"အား"

"အိုး"

မိန်းမပျိုများက ရုန်းကန်ကာ မြွေဂူကျွန်းပေါ်သို့ အတင်းဆွဲခေါ်သွားသော ပင်လယ်ဓားပြများကို တွေ့နေရသည်။

ထိုမိန်းမပျိုသုံးဦးမှာ ယနေ့ညအဖို့ မြွေဂူကျွန်းတွင် ငရဲခန်းသို့ ကျရောက်တော့မည် ဖြစ်ကြောင်း တင်မောင်ဦး သိနေသည်။ မြွေဂူကျွန်းပေါ်ရှိ ပင်လယ်ဓားပြစခန်းတွင် မီးရောင်လက်လက်ကလေးများကို မြင်ရသည်။

အမိုးချွန် တဲအိမ်ကလေးများကို လှမ်းမြင်ရပြီး အလယ်တွင် မီးတောက်ခပ်ကြီးကြီးတစ်ပုံ ဖိုထားသည်။

လူသူ မရောက်ပေါက်သော ကျွန်းပေါ်တွင် ပင်လယ်ဓားပြရစ်ချက်ဟိုးဒင်းသည် မိန်းမပျိုသုံးဦးကို အနိုင်ကျင့်နိုပ်စက်ပေတော့သည်။

"အား"





နာကျင်စွာရှသော မိန်းမပျိုတစ်ဦး၏အသံ ကြားရပြီးနောက် ကမ်းပေါ်ရှိ သစ်ပင်စည်များအောက်တွင် ပင်လယ်ဓားပြများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို လှမ်း၍ မြင်နေရသည်။

"ပြေးပြီ"

"ကောင်မလေးတွေ မလွတ်စေနဲ့"

"လိုက်ကြ . . လိုက်ကြ"

ကျွန်းပေါ်တွင် မိန်းမပျိုသုံးဦးက လှည့်ပတ်ပြေးနေပုံရလေသည်။ လိုက်သောသူများကလည်း လိုက်ကြသည်။

တင်မောင်ဦးသည် ထိုအဖြစ်အပျက်ကို စိတ်ဝင်စားသွားသည်။ အကယ်၍ သူသည် ထောင်ချောက်ထဲတွင် ထည့်ကာ လှောင်ထားခြင်း မခံရပါက ထိုမိန်းကလေးသုံးဦးကို ကူညီနိုင်ပေလိမ့်မည်။

မကြာမီ လှေကြီးဘေးမှ အသံတစ်သံကို ကြားရလေသည်။

"ဒေါက်"

"ဟင်"

✦ ✦ ✦

လမိုက်ရက်ဖြစ်သောကြောင့် ရွက်သင်္ဘောကြီးပေါ်မှာ မှောင်မဲနေသည်။ ခြင်များကလည်း တင်မောင်ဦးကို တဝီဝီဖြင့် ကိုက်ခဲလျက် ရှိနေလေသည်။

သူ့သစ်သားထောင်ချောက်ဘေးမှ အသံကြောင့် သူ လှည့်ကြည့်လိုက်သောအခါ ရေထဲမှ သင်္ဘောဘေးရှိ သံလှေကားကို တွယ်ကာ တက်လာသော လူရိပ်တစ်ရိပ်ကို မြင်လိုက်ရသည်။

ကြယ်ရောင်မှိန်ပျပျကြောင့် လူရိပ်သည် ထောင်ချောက်နားသို့ ကပ်လာသည်။ ရေများက စိုစက်စက်ဖြင့် သူ့ကိုယ်မှ ကျနေ၏။

"ရှင် နိုးနေတယ်မို့လား"

အင်္ဂလိပ်စကားသံ တစ်သံကို ကြားလိုက်ရလေသည်။

"ကျုပ် နိုးနေပါတယ်၊ ခင်ဗျား ဘယ်သူလဲ"

သစ်သားတန်းနားမှ ကပ်ကာ သူ့အား မေးခွန်းထုတ်သည့် မိန်းကလေးကို ပြန်၍ မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူတို့ ဖမ်းလာတဲ့ သုံးယောက်ထဲက တစ်ယောက်ပေါ့၊ နာမည်က ကင်မလာလေ"

အင်ဒိုနီးရှားသူ အမျိုးသမီးဖြစ်ကြောင်း သူသိလိုက်လေသည်။

"ကျွန်မကို ကြိုးဖြေပေးပြီး သူက အနိုင်ကျင့်ဖို့ ကြိုးစားတုန်းကို ကျွန်မ အရက်ပုလင်းနဲ့ရိုက်ပစ်ခဲ့တာ"

"မင်းအဖော် နှစ်ယောက်ရော"

တင်မောင်ဦးက ပြန်မေးလိုက်၏။

"သူတို့ကို ကြိုးဖြေ ပြီး လွှတ်တုန်းမှာ ပေါ်တူဂီကောင်တွေက သိသွားတာ၊ လှေခွဲပြေးပြီး နောက်ဆုံး ဒီသင်္ဘောကြီးဆီလာဖို့ ကျွန်မ မှာခဲ့တယ်၊ ရှင့်ကို လှောင်အိမ်ထဲက ထုတ်ဖို့ကတော့ သော့ဖျက်ရမှာပဲ"

မကြာမီမှာပင် သံတူရွင်းလို သံချောင်းတစ်ချောင်းယူကာ သော့ချိတ်သည့် မျောက်လက်ကို ထိုးဖော် နေသည်။ ထိုစဉ်မှာပင် ပွဲဖက်မှ မိန်းမပျို၏အသံတစ်သံ ကြားရလေသည်။

"ကင်မလာ ရောက်နေပြီလား"

"အေး . . မာလာဟီ လာ ဟိုတစ်ယောက်ရော"

"သူ့ကိုတော့ ကျွန်းပေါ်က သစ်ပင်တွေကြားမှာ ပေါ်တူဂီတွေက မိသွားကြပြီ"

"ဟယ် . . ဒုက္ခပါပဲ"

ကင်မလာသည် သူတို့အဖော် မိန်းကလေးအတွက် စိတ်ပူကာ ရေရွတ်လိုက်သည်။

"မတတ်နိုင်ဘူး ကင်မလာ"

"ရွှတ်"

သံများပြုတ်ထွက်ကာ မျောက်လက်က ကွာသွားတော့မှ တင်မောင်ဦးက လှောင်အိမ်တံခါးကို ဖွင့်ကာ အပြင်ထွက်လာသည်။

"ရှင် ရွက်လွှင့်တတ်တယ် မဟုတ်လား၊ ကျွန်မ သင်္ဘောကို ချည်ထားတဲ့ ကြိုးတွေကို ဖြတ်ပစ်လိုက်မယ်" ကင်မလာမှာ အလွန်စိတ်ကူးကောင်းသော မိန်းကလေး ဖြစ်သည်။ သူမသည် ကမ်းခြေရှိ တိုင်ငုတ်သုံးခုတွင် ချည်ထားသော ကြိုးသုံးချောင်းကို ဓားနှင့် ခုတ်ကာ ဖြတ်လိုက်သည်။ ရွက်သင်္ဘောကြီးသည် ပင်လယ်ထဲသို့ လေ ရှိန်ဖြင့် လွင့်သွားလေတော့သည်။





မီးပုံမှ အရောင်ကြောင့် ကျွန်းပေါ်တွင် လှည့်ပတ်ရှာဖွေနေသော ပေါ်တူဂီလူမျိုး ရစ်ချက်ဟိုးဒင်းတို့လူစုကို မြင်ရသည်။ ရွက်များ ဆင်လျက် လေရှိနေသောအခါ ပင်လယ်ပြင်တွင် ရွက်သင်္ဘောကြီးက ပြေးနေလေတော့သည်။

ကင်မလာသည် သင်္ဘောဦးခန်းမှ ရွက်တိုင်များကို လှည့်သည့် 'စတီရာရင်'လို အဝိုင်းကြီးကို ကိုင်နေသည့် တင်မောင်ဦးဘေးသို့ ရောက်လာသည်။

"အစ်ကို"

"ဟင်"

"အင်ဒိုချိုင်းနားကျွန်းဆွယ်တွေကို ရောက်အောင် မောင်းပို့ပါနော်"

"အင်း . . သံလိုက်အိမ်မြှောင်ရဲ့ ဘယ်ဘက်ကျတယ်ဆိုတာ ပြောပါ ကင်မလာ"

* * * * *

"ညီလေး . . ညီလေး"

တံခါး တဒုန်းဒုန်းထုသံကြောင့် အိပ်မက်မှ တင်မောင်ဦး လန့်နိုးလာ၏။

"ဟင် . . ဘယ်သူလဲ"

"ငါပါကွ . . မြတ်မင်းသားပါ"

အပြင်မှ အသံက မြတ်မင်းသား၏အသံ။ အိပ်ရာပေါ်မှ လူးလဲထကာ တည်းခိုခန်းတံခါးကို ဖွင့်လိုက်သည်။

ထိုအခါ နေရောင်ပင် တော်တော်လင်းနေပြီ ဖြစ်ကြောင်း တွေ့ရလေသည်။

"မင်းကို မနက်စောစောကြီး ဦးအောင်ဘွားက လာနှိုးသေးတယ်"

"ဟုတ်လား"

"ဟုတ်တယ် . . ညနေက အရက်တော်တော်များများ သောက်လိုက်လို့လား"

မြတ်မင်းသားက မေးမြန်းလိုက်သည်။

"ဟင့်အင်း . . ကျွန်တော် မနေ့က အရက်မသောက်ပါဘူး၊ လမ်းလျှောက်တာများသွားလို့ ပြီးတော့ အိပ်မက်တွေ မက်နေတယ်ဗျ"

"လာကွာ . . စားသောက်ခန်းဆင်းရအောင်၊ ငါ ညွှန်ခန်းက စောင့်နေမယ်၊ မျက်နှာသစ်၊ သွားတိုက်၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ပွဲတော်အုပ်ပို့တဲ့ လူတွေ တောင် လာတော့မယ်"

နာရီကို ကြည့်လိုက်သောအခါ နံနက် ၁၀–နာရီပင် ထိုးကာ နီးပြီ။ ပင်လယ်အိပ်မက်ကို တင်မောင်ဦးသည် ကောင်းကောင်းမက်လိုက်၏။ အိပ်မက်ထဲမှ ပင်လယ်ဓားပြများ ဖမ်းလာသော ကောင်မလေးနှစ်ယောက်က သူ့ကို ကယ်သည့်အချိန်ရောက်မှပင် အိပ်မက်က လန့်နိုးရသည်။

ရေချိုးခန်းသို့ ဝင်ကာ ရေချိုးလိုက်သည်။ ပြီးမှ ဉာဏ် လာပို့ထားသော အနောက်တိုင်းဝတ်စုံတစ်စုံကို ရွေးချယ်ကာ ဝတ်ဆင်လိုက်လေသည်။ မြိတ်မင်းသားသည် သူ့ကို ဧည့်ခန်းမှ စောင့်လျက်ရှိသည်။

မြိတ်မင်းသားကတော့ အစိမ်းရောင်တောင်ရှည်ပုဆိုးနှင့် အစိမ်းနုရောင်ပိုးကတောင်အင်္ကျီ အစိမ်းနုဗဓါတို့ကို ခေါင်းပေါင်းထားသည်။ အပေါ်ထပ်မှ သူတို့နှစ်ဦး ဆင်းလာသောအခါတွင် စားသောက်ခန်းမှ လူများက အထူးတဆန်း ကြည့်ကြသည်။

"ညီလေး"

"ဗျာ"

"ဒီနေ့တော့ မင်းကို ငါ မနက်စာ ထမင်းကျွေးပါရစေကွာ"

"ဘာဖြစ်လို့လဲ ကျွန်တော့်မှာ ပိုက်ဆံရှိပါတယ်"

"မဟုတ်ဘူးကွ . . တော်ကြာ ဒီတည်းခိုခန်းမှာ ငါရှိရဲ့သားနဲ့ မင်းကို တာဝန်မယူဘူးလို့ ရသေ့ကြီးဦးဝီရ သွားတိုင်ကြမှာစိုးလို့"

"ဘယ်သူက တိုင်မှာလဲ အစ်ကိုရ"

"ဟာ . . ရသေ့ကြီးဝီရဆိုရင် မျက်နှာလိုအားရပြောချင်တဲ့ သူတွေ အများကြီး၊ တ ချို့ကဆို ရသေ့ကြီးဝီရကို ထွက်ရပေါက်သလိုလို ထင်နေကြတာ"

စကားတပြောပြောဖြင့် သူတို့နှစ်ယောက် စားသောက်ခန်းထဲသို့ ရောက်လာကြလေသည်။

"ဦးအောင်ဘွင့်ဆိုတာ ကျောကဘုကြီးနဲ့ လူ မဟုတ်လား"

"အေးလေ သူလဲ ငါ့မိတ်ဆွေပါပဲကွ၊ သူက မင်းနဲ့အတူ ငါ့ကိုပါ ဖေဒက်ကြီးသင်္ချိုင်းကို လိုက်ခဲ့ဖို့ခေါ်တယ်"

"ဗျာ"





မင်းသားတစ်ပါးအသွင်ဖြင့် သင်္ချိုင်းသို့ လိုက်မည်ဟု တင်မောင်ဦးက မထင်။

"ဒါဆိုလဲ ကျွန်တော့်လို အဝတ်အစားလဲပါလားဗျာ"

"လဲလို့ မရဘူးကွ၊ အဲဒီလို အဝတ်အစားလဲတာနဲ့ ဝမ်းတွေက အမြဲမပြတ်သွားတော့တာပဲ"

တင်မောင်ဦးက အံ့အားသင့်သွားလေသည်။

⁂ ⁂ ⁂

စားသောက်ခန်းထဲသို့ သူတို့နှစ်ယောက် ရောက်ရှိပြီး ထိုင်ခုံနှစ်ခုံချထားသည့် ပြတင်းပေါက်ဘေးရှိ စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

မကြာမီပင် စားသောက်ခန်းထဲမှ အနီရောင်ပိုးအင်္ကျီကို ဝတ်ဆင်ထားသော ငယ်ရွယ်နုနယ်သည့် မိန်းမပျိုနှစ်ဦး ထွက်လာသည်။ အနီရောင်ဟင်္သာပြဒါး သုတ်လိမ်းထားသော ဆွမ်းအုပ်ကြီးနှစ်ခုကို ကိုင်လာသည်။

အသက် ဆယ့်ခြောက်နှစ်ရွယ် မိန်းမပျို၏လက်ထဲက ဆွမ်းအုပ်မှာ ထိပ်တွင် အချွန်မပါချေ။ တင်မောင်ဦးက အားနာနေသည်။

"ကိုယ်တော်ကြီး ဆာနေပြီလားဘုရား"

ဆွမ်းအုပ်နှင့် ဆယ်ကျော်သက် မိန်းကလေးက မေးလိုက်သည်။

"မဆာသေးပါဘူး . . ဒီနေ့ မယ်ဝါတို့၊ မယ်ညွာတို့ ဆွမ်းအုပ်ပို့အလှည့်လား"

ခပ်ကြီးကြီး မိန်းမပျိုက

"ဒီနေ့ ဗုဒ္ဓဟူးနေ့လေ ကိုယ်တော်ကြီးရဲ့၊ ကိုယ်တော်ကြီး မဆာတောင် ဧည့်သည်က ဆာနေရောပေါ့"

"ကျွန်တော်လဲ မဆာသေးပါဘူး"

ဆံရစ်ဝိုင်းဆံတောက်နှင့် မိန်းမပျိုကို တင်မောင်ဦးက ပြုံးကာ ပြန်ဖြေလိုက်သည်။ မိန်းမပျိုက ဆွမ်းအုပ်ထဲမှ ယွန်းပန်းကန်ကို ထုတ်ကာ နှစ်ပွဲချပိုက်ပြီးလျှင် အငွေ့တထောင်းထောင်းထနေသော ထမင်းများကို ခူးပေးနေသည်။

ဆန်မွှေးများ ဖြစ်သောကြောင့် မွှေးကြိုင်နေ၏။ မယ်ညွာဟုခေါ်သော ဆယ်ကျော်သက် မိန်းမပျိုလေးသည်း အ



www.burmeseclassic.com

www.burmeseclassic.com



ချွန်မပါသော သူ့ဆွမ်းအုပ်ထဲမှ ယွန်းခွက်များဖြင့်ထည့်ထားသော ဟင်းများကို ချပေးသည်။

ဘဲပေါင်း၊ ကြက်ကြော်၊ ငါးသလောက်ဥကြော်၊ ရှောက်သီးသုပ်၊ အရိုးနုအောင် ပေါင်းထားသည့် ငါးကောင်လုံးပေါင်း၊ မန်းကျည်းရွက်သုပ်၊ မှျစ်သုပ်၊ ငါးပိရေ၊ တို့စရာများ စုံလင်လှပေသည်။ စားသောက်ဆိုင်မှာပင် မျိုးစုံအောင် မှာ၍မရသော ဟင်းလျာမျိုးတို့ကို တင်မောင်ဦး စားရသည်။

မိန်းမပျို့နှစ်ဦးက အနီးမှ ထိုင်ကာ ယပ်ခပ်ပေးနေသည်။

"ဟင်းတွေက စုံလှချည့်လား"

"ကိုယ်တော်ကြီးက ဟင်းတွေမစုံရင် စားတော်မခေါ်မှာစိုးလို့ စုစုပေါင်းဟင်း ဆယ့်ငါးပွဲထဲပါ"

မယ်ပါက ဟင်းခွက် နည်းသည်ကို စိတ်မကောင်းသည့်အသံဖြင့် ပြောသည်။

မြန်မာပြည်တွင် အစားအသောက် စားတိုင်း ဤကဲ့သို့ ဟင်းခွက်ပေါင်းများစွာ နေ့စဉ်စားနိုင်သူမှာ မြိတ်မင်းသားတစ်ပါးပင် ရှိလိမ့်မည် ထင်ရသည်။

မိန်းမပျို့မှာ အလယ်တွင် တည်ထားသော ငါးခေါင်းဟင်းချိုကို ဟင်းဆွမ်းအုပ်ထဲမှ ခပ်ကာ ဖြည့်ပေးနေ၏။ ဟင်းတိုင်းလိုလိုမှာ အရသာရှိ၍ သင့်လှပေတော့သည်။

အစားကောင်းစားရလျှင် ချစ်သောသူကို သတိရသည်ဟူသည့်အတိုင်း၊တင်မောင်ဦးမှာ ရန်ကုန်မှ မထားရီကို သတိရမိတော့၏။

မထားရီသည် ဟင်းကောင်းကြိုက်တတ်သကဲ့သို့ ဟင်းကောင်းကိုလည်း ချက်တတ်သည်။ သို့သော် မြိတ်မင်းသား၏ ပွဲတော်အုပ်များကို မမီပေ။

ထမင်းကို လက်စသတ်သည်နှင့် လက်ဆေး ရေပေးကာ လက်သုပ်ပဝါပါ အဆင်သင့် ပေးသည်။

ထို့နောက် ဆွမ်းအုပ်ထဲမှ နာနတ်ယို၊ စပျစ်ယိုနှင့် ငှက်ပျောသီး၊ သဘော်သီး လှီးပြီးသား၊ လက်ဖက်စုံ ဟူသော အချိုပွဲများကို ချပေးနေပြန်သည်။

မယ်ညွာက ဟင်းပန်းကန်များကို ဆွမ်းအုပ်ကြီးရှိ အံများထဲသို့ ထည့်ကာ ဆင့်[illegible]သည်။

ပန်းလောက်ဆောင်



"စားလို့ မြိန်ရဲ့လား ညီတော်"

"မြိန်ပါတယ်ဗျာ"

တင်မောင်ဦးမှာ တွေ့ရသမျှ အံ့အားသင့်၍သာ နေလေတော့၏။

✦ ✦ ✦

"ကဲ . . ညီတော်ရေ၊ စီးတော်ယာဉ်လာပြီ သွားကြစို့"

စားသောက်ဆိုင်ဘေးမှ ချုံသံလေး ကြားရပြီး မြင်းလှည်းပေါ်တွင် သုဘရာဇာကြီး ဦးထိုက်ကျင် ကိုယ်တိုင်မောင်းလာသည်ကို တွေ့ရသည်။

ဦးထိုက်ကျင်သည် ဘန်ကောက်လုံချည်နှင့် လေထီးပိတ်မြူကို ဝတ်ဆင်ထားသောကြောင့် တင်မောင်ဦးပင် လူမှားနေသည်။

ဗိုလ်ဆံတောက်ကိုလည်း ဆီပြောင်အောင် လိမ်းထားကာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများပါ ရှင်းလင်းထားသောကြောင့် တင်မောင်ဦး ရုတ်တရက် မမှတ်မိခြင်းပင် ဖြစ်၏။

"အစ်ကိုကြီးကျော်စွာ၊ပွဲတော်အုပ်ကို ညနေဘယ်ပို့ဖို့ မှာထားသလဲ"

"ဗဒက်ကြီးသချိုင်း ပို့ပေးဖို့မှာထားပါတယ်၊ လက်ဆေးရင်းနဲ့ စားပွဲထိုးကို ပြောခဲ့တယ်"

"အော်"

ဗဒက်ကြီးသချိုင်းကို ပွဲတော်အုပ်ပို့ရန် စားပွဲထိုးအား မှာလိုက်သည်ကို တင်မောင်ဦးပင် မသိ။တင်မောင်ဦးက လှည်းပေါ်သို့ တက်ကာ

"ဦးလေးထိုက်ကျင်ကို ကျွန်တော် လူမှားသွားတယ်ဗျာ"

ဟုပြောလိုက်၏။

"တောင်းမှာ အကွပ် လူမှာ အဝတ်ဆိုတာ အဲဒါပေါ့ တင်မောင်ဦးရဲ့၊ တချို့လူတွေကတော့ ငါ့ကို တွေ့ဖူးသလိုလိုနဲ့ ကြည့်ကြတယ်၊ ဟား . . ဟား . . ဟား"

သုဘရာဇာကြီး ဦးထိုက်ကျင်က သူ့လုပ်ရပ်ကို သူ သဘောကျကာ တဟားဟား ရယ်လိုက်သည်။

"ဟုတ်တယ် . . ညီတော်၊ လူတွေက အဝတ်အစားကြည့်ပြီး တယ်အထင်ကြီးကြ၊ အထင်သေးကြတယ်။ ငါ့ကိုလဲ ကတတ်လား၊ ဘယ်ဇာတ်ကလဲလို့ လာလာမေးကြတယ်ကွ"

"ဒီတော့ အစ်ကိုကြီးက

ပန်းလောက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောလဲ''

''ဟာ . . ငါကတော့ ကျုပ်က ဖာတ်ကတဲ့ မင်းသား မဟုတ်ဘူး၊ ခမဲ ပေးလို့ ဝတ်နေရတဲ့ မင်းသားလို့ ပြန် ပြောတာပေါ့''

''ခမဲပေးတယ်ဆိုတာ ဘာလဲ''

တင်မောင်ဦးက နိုင်ငံခြားမှ ပြန်လာသူ ဖြစ်သောကြောင့် မြန်မာမှုကို တကယ်ပင် မသိ၍ မေးမြန်းလိုက်သည်။

''တကယ်ပြောတာလား တင်မောင်ဦး''

ဦးထိုက်ကျင်က မေးသည်။

''တကယ်ပြောတာပါဗျ''

''အင်း . . ခမဲဆိုတာ ကလေးတွေ လူကြီးတွေ ကျန်းမာအောင် ကံကောင်းအောင် အဆောင်လုပ်တဲ့ သဘောပါပဲကွာ၊ ကလေးတစ်ယောက် ဖျားတယ်ဆိုရင် ရိုးရိုးဖျားရင် ဆေးဆရာက ဆေးကုရင် ပျောက်သကွ၊ အဲ ဆေးကို ကုနေရင်းနဲ့ ဖျားတယ်ဆိုရင်တော့ ခမဲလိုလိုပေါ့၊ ဒီတော့ ဆရာက ကျပ်စေ့ဖောက်ဆွဲပေးလိုက်တို့၊ အဝတ်အစားကို ဘာရောင်ဝတ် ဘယ်လိုဝတ်လို့ ပြောရတယ်၊ အဝါရောင်ဝတ်၊ ရောဂါပျောက်တဲ့သူက အဝါရောင်ကို ဝတ်ရသကွ''

''ဟုတ်တယ် . . ညီတော်ရေ၊ ငါကတော့ တောင်ရှည်နဲ့ ခေါင်းပေါင်းနဲ့ မပေါင်းရင် ဝမ်းလျှောလို့ အိပ်ရာထဲက ထနိုင်မှာ မဟုတ်ဘူးကွ''

ဦးထိုက်ကျင်၏ စကားကို မြိတ်မင်းသားက ထောက်ခံလိုက်သည်။ မကြာမီ သူတို့သည် ထားဝယ်မြို့ တောင်ပိုင်းရှိ ဓာက်ကြီးသုသာန်ရှိရာ တောင်ကုန်းပေါ်သို့ မြင်းလှည်းနှင့် တက်လာခဲ့လေတော့သည်။

နေကျဲကျဲတောက် ပူနေသောကြောင့် အရိပ်အာဝါသကောင်းသော ညောင်ပင်၊ မန်ကျည်းပင်အောက်မှ သင်္ချိုင်းဇရပ်လေးမှာ နေချင်စဖွယ် အေးမြနေလေတော့သည်။

✽ ✽ ✽

နေ့လယ်တစ်နာရီသို့ ရောက်သည်နှင့် ဓာက်ကြီးသင်္ချိုင်းတွင် လူများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။ ရသေ့ကြီးက အရင်ရောက်နှင့်နေသည်။





ရသေ့ကြီးနှင့်အတူ သုဘရာဇာကြီး ထိုက်ကျင်က စကားပြောနေသည်။ ခါးကုန်းကြီး ဦးအောင်ဘွင့်က သံဇရပ်ကြီးထဲတွင် ရေနွေးအိုးတည်နေ၏။

အစိမ်းရောင် ပိုးအင်္ကျီကို ဝတ်ဆင်ကာ တောင်ရှည်ပုဆိုးစကို လက်တွင်ကိုင်၍ လမ်းလျှောက်လာသော မြိတ်မင်းသားနှင့် အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသော တင်မောင်ဦးတို့က လှည်းပေါ်မှ ဆင်းလာသည်။

မြိတ်မင်းသားက မြင်းလှည်းခကို ပေးလိုက်သည်။ မြင်းလှည်းမောင်းသူမှာ သင်္ချိုင်းထဲတွင် ကြာကြာမနေလိုသောကြောင့် ချက်ချင်း လှည်းမောင်းကာ ပြန်ထွက်သွား၏။

မြိတ်မင်းသားက တင်မောင်ဦးဖက်လှည့်ကာ တင်မောင်ဦးကို ရယ်ပြလိုက်သည်။

''ဒီလူကြည့်ရတာ တစ်သက်မှာ တစ်ခါ သင်္ချိုင်းကို လာရမယ်ဆိုတာ မတွေးမိတော့ဘူး ထင်ပါရဲ့''

မြိတ်မင်းသားက ထိုသို့ရေရွတ်ကာ တောင်ရှည်ကို ခါးတွင် ပတ်ချိတ်ကာ ဇရပ်ပေါ်သို့ တက်လာခဲ့၏။ ရသေ့ကြီးဦးဝိရကို ကန်တော့လိုက်ပြီးနောက် ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်နေလေသည်။

''မြိတ်မင်းသား''

''ဘုရား''

''ဘာထူးခြားမှု ရှိသေးလဲဟေ့''

''ဒီရက်ပိုင်းမှာ ဘာမှတော့ မထူးခြားပါဘူးဘုရား၊ တည်းခိုခန်းကိုလည်း လူသိပ်မလာပါဘူး အရှင်ဘုရား၊ ကိုယ့်လူ ဒီကတင်မောင်ဦးတစ်ယောက်ပဲ လာပါတယ်''

မြိတ်မင်းသားက ရသေ့ကြီးကို ရှိရိုသေသေ ပြောသည်။ သင်္ချိုင်းဇရပ်ထဲမှာ တံမြက်စည်းလှည်း သန့်ရှင်းထားသောကြောင့် ဖုံများအမှုံများမရှိ။

ခေါင်းရင်းဖက်တွင် ဖျာအသစ်သုံးချက်ကို ခင်းထားရာ သူတို့သုံးဦးသည် ထိုဖျာပေါ်မှာပင် ထိုင်နေကြလေသည်။

''ဒကာကြီးဥဩက မနက်ဖြန်ခရီးထွက်မှာဆိုတော့ ဒီညမိတ်ဆုံစားပွဲ လုပ်ကြမယ် ထင်ပါရဲ့''

ရသေ့ကြီးက သင်္ချိုင်းဇရပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ အိုးများကို ကြည့်ကာ ပြောလိုက်သည်၊

တင်မောင်ဦးက ရသေ့ကြီးဦးဝိရ၏ စကားကြောင့်

"ဦးလေးဥသြက ဘယ်သွားမှာလဲဘုရား"

ဟု မေးသည်။

"ကျုပ် ထင်တာတော့ ခဲနောက်ကျွန်းကို ဆွက်ရှာလိမ့်မယ် ထင်တယ်၊ ဒကာလေး ကိုလဲ ခေါ်မှာပါပဲ"

တင်မောင်ဦး စိတ်ရှုပ်သွားသည်။ ဥသြက သူ့ကိုယ် ကုမ္ပဏီမှ အလုပ်သမားတစ်ယောက်လို သဘောထားနေခြင်းကိုတော့ သူ မနှစ်သက်ချေ။

သို့သော် သူသည် ထားဝယ်သို့ ရောက်ရှိနေပြီဖြစ်၍ မပြန်မီ သူတို့အလုပ်များကို ကူညီနိုင်သလောက် ကူညီခဲ့ရပေမည်။

သူ့အတွက်တော့ ရန်ကုန်တွင် ကျန်ခဲ့သည့် မထားရီကို အဆက်အသွယ် ဖြတ်ထားသလို ဖြစ်နေခဲ့သည်။ ထိုအနိုက်မှာပင် သချိုင်းထဲသို့ ပုလိပ်ဝတ်စုံနှင့် လူသုံးယောက် ဝင်လာသည်။ ထားဝယ်မြို့မှ ရာဇဝတ်အုပ် ဦးသံခဲနှင့် သူ့ဘပည့်များ ဖြစ်သည်။

တင်မောင်ဦးက သူ့အတွက်တော့ ဇိုင်ကြားစရာကိစ္စပေါ်ပြီဟု အားရှက်သွားသည်။ သို့သော် ရာဇဝတ်အုပ် ဦးသံခဲမှာ သူ့အား လုံးဝဂရုမစိုက်ဘဲ ရသေ့ကြီးကို လက်အုပ်ချီကာ ဇရပ်တံခါးဝလှေကားထစ်တွင် ထိုင်ကာ ဖိနပ်သဲကြိုးများကို ဖြုတ်လိုက်ကြသည်။

ထို့နောက် ရသေ့ကြီးဦးဝိရကို လက်အုပ်ချီကာ ကန်တော့လိုက်ကြ၏။

"ရန်ကုန်ကို သံကြိုးရိုက်ပြီးပြီလား သံခဲ"

ရသေ့ကြီးက ရာဇဝတ်အုပ် ဦးသံခဲကို မေးလိုက်လေသည်။

"ရိုက်ပြီးပါပြီဘုရား၊ ကျောက်တံတားရာဇဝတ်အုပ်က တစ်ဆင့် ဝတ်လုံတော်ရ ဦးမြင့်ကို အကြောင်းပြန်ပါလိမ့်မယ်"

"ဗျာ . . ဝတ်လုံတော်ရ ဦးမြင့်ဟုတ်လား အဲဒါ . ."

တင်မောင်ဦးက စကားကို ပြောရန် ကြိုးစားလိုက်သည်။ သို့သော်





ရသေ့ကြီးက စကားတစ်ဝက်တစ်ပျက်မှာပင် လက်ကာပြလိုက်၏။

"အရှင်ဘုရား မိန့်ကြားတဲ့အတိုင်းပါပဲ၊ ရန်ကုန်က ရောက်လာတဲ့ တင်မောင်ဦးအတွက် မပူဖို့နဲ့၊ သူ့သဘောနဲ့သူ လိုက်လာတာဖြစ်လို့ ကိစ္စပြီးရင် ပြန်လာမှာဖြစ်တဲ့အကြောင်းပဲ ရေးလိုက်ပါတယ်"

တင်မောင်ဦးသည် ထိုစကားကြောင့် အံ့အားသင့်သွားလေသည်။

ဿ ဿ ဿ

စင်စစ် သူထားဝယ်သို့ ရောက်နေသည့် ကိစ္စကို စုံစမ်းရန်အတွက် ရန်ကုန်ပုလိပ်ရုံးမှ အကြောင်းကြားလိုက်ခြင်း ဖြစ်မည်။

သို့သော် ရသေ့ကြီးဦးဝိရက ရာဇဝတ်အုပ်အပေါ်တွင် ဩဇာညောင်းသောကြောင့် တင်မောင်ဦးကို ခေါ်ယူကာ ရန်ကုန်သို့ ပြန်မပို့နိုင်ရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"ကဲ . . တင်မောင်ဦး၊ ဒါ ထားဝယ်က ရာဇဝတ်အုပ် ဦးသံခဲပဲ၊ ရန်ကုန်ကို မှာစရာရှိတာ မှာပါ၊ ဝတ်လုံတော်ရဦးမြင့်ဆိုတာ ဘယ်သူလဲ"

အမှန်အတိုင်း ဖြေရမည်ဆိုလျှင် ကျွန်တော့်ယောက္ခမလောင်းပါဟု တင်မောင်ဦးက ဖြေရမည် ဖြစ်သည်။ သို့သော် လူပုံအလယ်တွင် ထိုသို့ မဖြေချင်ပေ။

"ကျွန်တော် စာတစ်စောင်လောက် ရေးပေးချင်တယ် ရမလား"

"ရပါတယ် မင်းထင်တာတွေ ရေးလိုက်ဦးပေါ့"

ရသေ့ကြီးဦးဝိရက သူ၏စိတ်ကို သိနေသည့်အလား ပြောကြားလိုက်သည်။

"ရွှေလင်းပိုင်တည်းခိုခန်းကို မနက်ဖြန် လာယူပါ့မယ်၊ ဒီနေ့တော့ ဒီဇရပ်မှာ အေးအေးဆေးဆေးနေပါ"

ရာဇဝတ်အုပ် ဦးသံခဲက တင်မောင်ဦး စိတ်အေးစေရန် ပြောကြားလိုက်သည်။

"ထားဝယ်မှ လူစိမ်းတွေလာတာရှိရင်လဲ တပည့်တော်တို့ကို မိန့်ကြားပါ ဘုရား၊ ဆိပ်ကမ်းဘက်မှာတော့ တပည့်တော်တို့ လူစောင့်ထား



www.burmeseclassic.com

www.burmeseclassic.com



ယောက် အမြဲထားပါတယ်။ ခုတလော တော့ ရတနာသိုက်ရှာတဲ့သူတွေ သိပ် မလာပါဘူး''

''အေး . . အေး၊ ဒီရတနာသိုက် ဆိုတာကလဲ လူပြိန်းတွေ သိနိုင်တဲ့ နေ ရာမှ မဟုတ်တာ၊ အကျိုးဆက်အ ကြောင်းဆက်ရှိမှ ရောက်နိုင်တဲ့နေရာ ပဲ ဒကာကြီးရဲ့၊ ဒကာကြီးတို့ကလဲ အ စိုးရပိုင်းနဲ့ ပတ်သက်တာတွေကို လုပ် ဆောင်နေရတော့၊ တော်ရုံပင်လယ်ပြင် ကို မသိကျိုးကျွံလုပ်လို့တော့ မရဘူး မဟုတ်လား''

''ဟုတ်ပါတယ် ဘုရား . . တ ပည့်တော်တို့လဲ ပုလိပ်စုံထောက်တွေ ရှက်းပဘော်မှာ လိုက်ပြီးတော့ ခဲနောက် ကျွန်းကို မကြာခဏ စုံစမ်းခိုင်းပါတယ်၊ ဘာမှတော့ မထူးခြားပါဘူး''

''ဒါကို ကျုပ်သိတယ်လေ၊ ဦးသံခဲတို့မှာ အစိုးရဘက်က အရေးကြီး တဲ့ ရာဇဝတ်ကောင်တွေ ရှာရတာလဲ တစ်မျိုး မဟုတ်လား၊ ဒါကြောင့် အခု ဒကာကြီးဥဩတို့ကို တစ်လှည့်လွှတ် လိုက်တာပါပဲ၊ သူတို့ကလဲ သွားချင်နေ တယ်''

တင်မောင်ဦးကတော့ ရာဇ ဝတ်အုပ် ဦးသံခဲနှင့် ရသေ့ကြီးတို့ စကားပြောနေကြသည်ကို လှုငယ်ပီပီ နားတောင်လျက်ရှိလေသည်။

ခဏကြာသောအခါ ဦး အောင်ဘွင့်သည် နှုတ်သီးကျိုးနေ သော မြေရေနွေးအိုးနှင့် မြေပဲကြော်၊ မန်း ကျည်းရွက်သုပ် စားစရာနှင့် ပန်းကန် များယူကာ လာချပေးသည်။ ရသေ့ ကြီးကတော့ (၈)ပါးသီလ စောင့်ထိန်း ထားသူမို့ အမြည်းများကို မစားတော့ ပေ။

''တင်မောင်ဦးဆို တဲ့ သူငယ် က နိုင်ငံခြားတက္ကသိုလ်က ပြန်လာတာ ဆိုတော့၊ ဦးလေးတို့ကို အကူအညီပေး နိုင်ပါလိမ့်မယ်''

''ဟုတ်ကဲ့ပါခင်ဗျာ . . ကျွန် တော် တတ်နိုင်သလောက်တော့ ကူညီ ပါ့မယ်''

''ဒါနဲ့ ဒကာကြီးဆီမှာ ရှိတယ် ဆိုတဲ့ လက်တင်စာ လက်ရေးမူပါသ လား''

သူ့အကျီအိတ်ကို စမ်းကာ ရာ ဇဝတ်အုပ် ဦးသံခဲက ဆီစိမ်စက္ကူကဲ့သို့





ညိုညစ်ညစ်အမှုင်ပါသော စက္ကူပေါ် တွင် ရေးသားထားသည့်စာပါသော စက္ကူခေါက်ကို ထုတ်ယူလိုက်သည်။

''ဒကာလေး တင်မောင်ဦးကို ပေးလိုက်ပါ''

တင်မောင်ဦးသည် လေး ထောင့်ကျ လက်ရေးများဖြင့် ရေးသား ထားသော လက်တင်စာလက်ရေးဖြင့် ရေးထားသည့်စာများကို ဖတ်ရှုလိုက် သည်။

ရသေ့ကြီးဦးဝိရသည် တင် မောင်ဦး၏ မျက်နှာအမူအရာကို စိုက် ကြည့်နေသည်။ တင်မောင်ဦး၏ မျက် နှာမှာကား အံ့အားသင့်ကာ စိတ်ဝင်စား နေပုံရလေသည်။

တင်မောင်ဦးမှာလည်း အရှည် တစ်တောင်ခန့်ပေါ်တွင် ခပ်စိပ်စိပ် ရေး သားထားသော လက်ရေးစာကို စိတ်ဝင် စားစွာ ဖတ်ရှုနေလေတော့၏။

''ဒကာလေး တင်မောင်ဦး''

''ဘုရား''

''ဖတ်လို့ရတယ် မဟုတ်လား''

* * * * *



www.burmeseclassic.com

www.burmeseclassic.com

တင်မောင်ဦးမှာ အောက်စဖို့ဒ် တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာစကားကြီး၏ အခြေခံအရင်းအမြစ်ဟု ဆိုအပ်သော လက်တင်ဘာသာစကားကို ကျကျနန သင်ကြားဖူးခဲ့ရာ၊ စာပါအကြောင်းအရာများကို အခက်အခဲမရှိ ဖတ်ရှုနိုင်လေတော့၏။

ထိုစာကို ရေးသားသူမှာ အောက်မှာ လက်မှတ်ရေးထိုးထားသော စာလုံးများအရ ပေါ်တူဂီပင်လယ်ဓားပြကြီး ရစ်ချက်ဟိုးဒင်း ဖြစ်ကြောင်း သိရလေသည်။

ရစ်ချက်ဟိုးဒင်းမှာ ဂီတအနုပညာကို ဝါသနာပါသကဲ့သို့၊ သူ့ချစ်သူနှင့် ပတ်သက်သည့် အကြောင်းအရာများကို စာထဲတွင် မွဲ့ပွဲ့နွဲ့နွဲ့ ရေးသားထားသည်ကို တွေ့ရလေသည်။

ရသေ့ကြီးမှာ လက်တင်စာကို ကောင်းစွာမဖတ်နိုင်သည့်အပြင် အက္ခရာစာလုံးအချို့တို့ကိုသာ ကျောက်စာဝန်ဦးစိန်မြတ်ထံမှ သင်ယူထားခဲ့သူ ဖြစ်သည်။

"တပည့်တော် သိရသလောက်ကတော့ ဒီစာဟာ 'အလီဖို့က်' မြို့မှာရှိတဲ့ ရစ်ချက်ဟိုးဒင်းရဲ့ချစ်သူကို ရစ်ချက်က ရေးထားတဲ့စာပါပဲဘုရား"

"ဘာတွေများ ရေးထားသလဲ ဒကာလေးရဲ့"

"သူ ရေးထားတာတွေကတော့ မွဲ့ပွဲ့နွဲ့နွဲ့ပါပဲဘုရား၊ သူ့အတိုင်း ဘာသာပြန်ရရင်တော့ "တိမ်မှောင်ကြားထဲက ထွက်ပြီး ထွန်းလင်းသာနေတဲ့ အချစ်ရယ်တဲ့"

ရသေ့ကြီးရော ရာဇဝတ်အုပ်ကြီးပါ တင်မောင်ဦး ဘာသာပြန်မှုကြောင့် ပြုံး၍သွားကြသည်။

"တော်တော်တင်စားတဲ့ ပေါ်တူဂီကပ္ပတိန်ပဲ"

"ဟုတ်တယ် . . အနုပညာလဲ ဆန်ပါတယ်"

ရသေ့ကြီးဝိရနှင့် ရာဇဝတ်အုပ်တို့က တစ်ယောက်တစ်မျိုးစီ ထောက်ခံစကားပြောကြားလိုက်ကြလေသည်။

"မင်းရှိတဲ့ အလီဖို့က်ကို ရွှေငွေရတနာတွေနဲ့အတူ ငါလာချင်ပေမယ့်၊ အခုတော့ ငါ့ရဲ့ပင်လယ်မြင်းကြီးဟာ ဖျားနာနေပြီ"

စာဖတ်နေသော တင်မောင်ဦးသည် ခေတ္တရပ်နားလိုက်သည်။ ရသေ့ကြီးသည်လည်း မျက်မှောင်ကြုတ်သွား၍ ရာဇဝတ်အုပ်နှင့် ပုလိပ်များသည်လည်း စာ၏အဓိပ္ပာယ်ကို နားလည်၍ ငိုင်သွားသည်။ ဦးထိုက်ကျင်က

"ဘာကွ . . ငါ့ရဲ့ပင်လယ်မြင်းကြီးလဲ ဖျားနာနေဖြ ဟုတ်လား"

ဟု ထပ်မေးသည်။

"သူ့စာထဲမှာ ရေးထားတာကတော့ ဒီအတိုင်းပဲဗျ၊ 'ရှေးဟောင်းရသစာပေ'တွေကို လေ့လာတဲ့အခါမှာ စာရေးသူက တိုက်ရိုက်ပြောတာလား တင်စားတာလား၊ တင်စားရင် သူတို့ခေတ်က တင်စားသုံးနှုန်းတတ်တဲ့ ဝေါဟာရတွေဟာ ဘယ်လိုဟာမျိုးတွေလဲ သိရမယ်၊ ဒါမှ သူပြောတဲ့စကားအဓိပ္ပာယ်နဲ့ အရသာကို ရနိုင်တယ်"

တင်မောင်ဦးက အောက်စဖို့ဒ် တက္ကသိုလ်မှ ကထိကကျောင်းဆရာလေသံမျိုးဖြင့် ရှင်းပြလိုက်သည်။ ရသေ့ကြီးဦးဝိရက သဘောကျသွားသည်။







www.burmeseclassic.com

www.burmeseclassic.com





"ကောင်းတယ်၊ ဒကာလေး" တင်မောင်ဦး ဆက်ပြောပါ၊ တက္ကသိုလ်မှာ တားသင်နေရသလိုပဲကွ"

ရသေ့ကြီး ဦးဝိရက ရီးသားသည်။ ပွင့်ပွင့်လင်းလင်း ချီးကျူးလိုက်သည်။ တက္ကသိုလ်မတက်ဖူးဘဲ အာဏာပိုင် အဖွဲ့ထဲ ရောက်လာသော ရာဇဝတ်အုပ် ဦးသံခဲကတော့ သိပ်နားလည်ပုံမရပေ။

'ပင်လယ်မြင်း'ဆိုတာ ဒီနေရာမှာ သူ့ရဲ့ရွက်သင်္ဘောကြီးကို ရစ်ချက်ဟိုးဒင်းက တင်စားပြောတာ၊ ဖျားနာတယ်ဆိုတာ ရွက်သင်္ဘောကြီးက သိပ်မကောင်းတော့ဘူး၊ ပင်လယ်ပြင်မှာ ပေးဝေးသွားဖို့ စိတ်မချရဘူးလို့ ဆိုလိုတာပဲ"

"မင်း ရှင်းပြတော့လဲ ဟုတ်သားပဲ တင်မောင်ဦးရ"

သုဘရာဇာကြီး ဦးထိုက်ကျင်က စာပေအရေးအဖွဲ့၏ အရသာကို ခံစားရရှိ၍ အားရပါးရ ထောက်ခံလိုက်တော့၏။

"ငါ ပင်လယ်မြင်းတစ်စီးရဖို့ ကြိုးစားနေတယ်၊ ဒါပေမယ့် ဒါမျိုးကရှားတယ် မဟုတ်လား အချစ်ရယ်၊ ပြီးတော့ 'ထည့်စရာ ရတနာသေတ္တာတွေ များများဆို့ ဖို့ ပိုအရေးကြီးတယ် မဟုတ်လား"

တင်မောင်ဦးက ဖတ်လက်စစာကို ရပ်ထားလိုက်ပြန်၏။ အားလုံးက ငြိမ်သက်စွာ နားထောင်နေသည်။

"ဒီနေရာရောက်တော့ ပင်လယ်မြင်းဆိုတာ ပင်လယ်ထဲမှာ စီးနင်းသွားလာနိုင်တဲ့ ရွက်သင်္ဘောကြီးကို ပြောတယ်ဆိုတာ ပိုထင်ရှားလာတယ် မဟုတ်လားဘုရား"

ရသေ့ကြီးကို ဦးတည်ကာ တင်မောင်ဦးက ပြောလိုက်လေသည်။

"အေး . . ဟုတ်တယ်ကွ၊ မင်းက ဒါကိုထောက်ပြီး ပင်လယ်မြင်းကို သိသွားတာကိုး"

ရသေ့ကြီးဦးဝိရက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လိုက်လေသည်။

"ဒီတော့၊ ရတနာတွေနဲ့ ပင်လယ်မြင်းကို အစိပ်စိပ်အမွှာမွှာကွဲနေတဲ့ မြစ်တွေရှိတဲ့ကျွန်း၊ မြစ်ကွဲကျွန်းမှာ ခဏရပ်ထားရမယ်၊ ပြီးမှ အချစ်ဆီကို







လာဖို့ ရွက်သင်္ဘောတစ်စီး ရှာရမယ်၊ ပင်လယ်မြင်းတစ်ကောင် ဖမ်းရမယ်ဆိုပါတော့၊ ကိုယ့်မှာလဲ အခု ပင်လယ်မြင်းလိုပဲ ဗိုက်အောင့်တဲ့ ဝေဒနာ ခံစားနေရတယ်ကွယ်၊ မျှော်ဦးနော် ရစ်ချက်ဟိုဒင်း"

✦ ✦ ✦

"တာက် ဆုံးသွားပြီလား"

ဇရပ်ကြီးရှိရာသို့ သူ့မိတ်ဆွေ လှေသမားများဖြစ်သော ဩဇာသီး၊ ကျောက်မီးသွေး၊ သံဖနောင့်တို့နှင့်အတူ ရောက်လာသော ငှက်ကြီးဥဩက မေးလိုက်သည်။ သူတို့လေးဦး လက်ထဲတွင် အထုပ်ကိုယ်စီ ဆွဲလာသည်။ ဩဇာသီးက တောင်းတစ်လုံးကို ထမ်းလာ၏။

ထိုတောင်းထဲတွင် ထားဝယ်မြို့၌ နာမည်ကြီးလှသော ကျောက်ဆူးတံဆိပ်ဝီစကီနှင့် ဆန်အရက်များပါလာနိုင်သည်ကို တင်မောင်ဦးက ရိပ်မိသည်။ တောင်းကို ဇရပ်ကြီးခြေရင်းမှ ထန်းလက်များ ကာထားသော အခန်းထဲသို့ ယူဆောင်သွားသည်။

ဟင်းချက်ဝိဇ္ဇာ ကျောက်မီးသွေးက ဝက်သားတွဲနှင့် ကြက်တစ်ကောင်၊ ဘဲငန်းတစ်ကောင်ကို ဇရပ်အောက် လှေကားပေါ်တွင် တရုတ်ဓားကြီးဖြင့် ခုတ်ထစ်နေလေသည်။

"ဦးမီးသွေး၊ မတွေ့တာ ကြာပြီနော်"

တင်မောင်ဦးက လှမ်း၍ နှုတ်ဆက် လေသည်။

"တင်မောင်ဦး မင်း ငါ့ဟင်းလက်ရာတွေ မလွမ်းဖူးလား"

"လွမ်းတော့ လွမ်းတာပေါ့ဗျာ၊ ကျွန်တော်လဲ လှေကိုလာရှာဦးမလို့"

"အိုး . . ရှာလို့ဘယ်တွေ့မလဲ တင်မောင်ဦးရဲ့"

"ဘာဖြစ်လို့လဲ"

"တို့လှေက ဒေါက်တင်ထားတယ်၊ ငါလဲ တံငါရွာကို ပြန်နေရတယ်"

"တံငါဦး ဆိုတာ မောင်းမကန်နားက ရွာလေးလား"

"ဟုတ်တယ် . . ဒူးရင်းကုန်းရွာကွာ၊ နာမည်ကြီး ရွှေဒင်္ဂါးဒူးရင်းသီးတွေ စိုက်တဲ့ရွာလို့ မေးရင် သိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်းမကန်နားမှာတော့ ရွာတွေ အများကြီးကွ၊ ရွာသစ်တွေလဲ တည်လာတယ်''

တင်မောင်ဦးက လှေကားရင်းတွင် ထိုင်ကာ ကျောက်မီးသွေးနှင့် စကားပြောနေသည်။ ဇရပ်ပေါ်တွင် ရသေ့ကြီးနှင့် ရာဇဝတ်အုပ် ဦးသံခဲတို့က စာရွက်ကို ကြည့်ကာ ဆွေးနွေးနေကြသည်။

ပေါ်တူဂီများ သုံးလေ့ရှိသော စာပို့ပုလင်းများအကြောင်း ဖြစ်သည်။ ပေါ်တူဂီတို့သည် မိမိ သတိရလွမ်းဆွတ်သူထံသို့ ရေလုံသော ပုလင်းများတွင် စာကို ထည့်ကာ ပင်လယ်ထဲသို့ မျှောကတ်ကြသည်။

ထားဝယ်နှင့် မြိတ်ဘက်တွင် ထိုပုလင်းမျိုးများစွာ တွေ့ရှိရသည်။ ပုလင်းများ၏ခေတ်မှာ ၁၈–ရာစုနှစ်လောက်က ပြုလုပ်ခဲ့ကြောင်း ခန့်မှန်းသိရှိနိုင်သည်။

ရေးပြီးသောစာနှင့် ရုပ်ပုံ၊ မြေပုံများကို ထိုလှိုင်းလေ ကြီးမားသောရွက်သင်္ဘောပေါ်တွင်လည်း ပုလင်းများတွင် ထည့်ကာ သိမ်းထားလေ့ရှိသည်။

စာရွက်ကို ဆီစိမ်စက္ကူမျိုးကို သုံး၍ ရေးသော ကလောင်တံရှိမင်မှာလည်း ဆီဆေးကို အသုံးများသည်။ သို့မှသာ ရေနှင့်စိုးနှင့် ပျက်စီးရန် မလွယ်ကူသော အခြေအနေရှိနိုင်ပေသည်။

ပုလင်းအမျိုးအစားမှာ စာရွက်ကို လိပ်၍ ရအောင် အဝမှာ သာမန်ပုလင်းများထက် ကျယ်တတ်သည်။ စာပုလင်းဟု သိရှိနိုင်ရန်အတွက် အဝကျယ်ကျယ် အလုံးကြီးကြီးကို အသုံးပြုတတ်ရာ အရစ်နှင့် ပိတ်သော လည်သိမ်ပုလင်းမျိုး ဖြစ်သည်။

စဥ့်ငရုတ်ဆုံ အသေးများနှင့် တူလေသည်။ စဥ့်ငရုတ်ဆုံ အသေးစားများကို ပြောင်းပြန်ထောင်ထားသည့် ပုံမျိုးနှင့်တူ၏။

''ဒကာလေးတင်မောင်ဦး''

လှေကားထစ်တွင် ကျောက်မီးသွေးနှင့် ထိုင်စကားပြောသော တင်မောင်ဦးကို ရသေ့ကြီးက လှမ်းခေါ်သည်။

''ဘုရား''

''လာပါဦး . . ဒီစာထည့်တဲ့





စာအိတ်တွေ့ဖူးလား ဒကာလေး''

''မတွေ့ဖူးပါဘူး ဘုရား''

''ပြလိုက်ပါ ဒကာကြီး''

ပုလိပ်တစ်ဦး ဆွဲထားသော သားရေလက်ကိုင်အိတ်ကြီးထဲမှ ၁၈၀၀ ကျော်က အသုံးပြုသော စာပုလင်းကို ဆွဲထုတ်လိုက်လေသည်။

⁂ ⁂ ⁂

''ဩ . . ပင်လယ်ခရီးသွားတွေ သုံးလေ့ရှိတယ် ဆိုပါတော့ မောင်တင်မောင်ဦး''

ဦးသံခဲက ချစ်စရာကောင်းသော လည်သိမ်ပုလင်းလေးကို ပြသည်။ ဖန် သားအရောင်က သဲများ၍ အညိုရောင် သမ်းနေသည်။ အတွင်းကို ဖောက်မမြင်ရ။

''သူတို့ ဘယ်လိုစာပို့လဲ''

''ပင်လယ်ရေနဲ့ ပို့တာပေါ့၊ ရွက်သင်္ဘောပေါ်ကနေ စာထည့်တဲ့ ပုလင်းကို ရေထဲချမျှောလိုက်တယ်''

''ကိုယ်ပေးတဲ့လူဆီ ရောက်ပါ့မလား''

''ဒါကတော့ ကုသိုလ်အကုသိုလ်ပေါ့ကွာ၊ သင်္ဘောပျက်ပြီး မြိတ်ကျွန်းစုပေါ်ရောက်တဲ့ သူတွေလဲ စာရွက်၊ စာရေးစရာ မင်ချောင်းတံနဲ့ ပုလင်းရှိရင် ဒီလိုပဲ လုပ်ကြတာပဲ၊ အဲဒါ လှေတစ်စီးစီးကရပြီး မြေပုံအတိုင်း သူ့စာထဲက လိပ်စာသွားပို့ လှေရှာ သွားကယ်လို့ အသက်ရှင်တာတွေလဲ ရှိတာပေါ့''

တင်မောင်ဦးက ခေါင်းညိတ်လိုက်လေသည်။

''အင်း . . ကံကြမ္မာနဲ့ ဖက်စပ်လုပ်ပြီး စာပို့တဲ့အလုပ်မျိုးပေါ့''

တင်မောင်ဦး ဝေဖန်ချက်ကို ရာဇဝတ်အုပ်ဦးသံခဲက သဘောကျသွားသည်။

''မောင်တင်မောင်ဦး ပြောတာမှန်တယ်၊ ဒီပုလင်းထဲက စာဆိုရင် ဘယ်ပေါ်တူဂီမလေးဆီ ရောက်မလဲ၊ သူတို့နဲ့ ပတ်သက်တဲ့ လူတွေလဲ မရလို့ ထားဝယ်သားတွေ လက်ထဲရောက်လာတာပေါ့၊ ခက်တာက သူရှိတဲ့နေရာ မြေပုံမပါတာပဲ''

''အင်း . . မြေပုံရဲ့စာလဲ ရှိချင်ရှိမှာပေါ့ဗျာ၊ ပင်လယ်ထဲမှာ [illegible] တစ်နေရာဝင်လို့ ပျောက်ချင် [illegible] ပျောက်သွားမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးက ညနေစောင်းလာပြီ ဖြစ်၍ ထရပ်လိုက်သည်။

"အင်း . . မောင်တင်မောင်ဦးဆိုတဲ့ ဒကာလေးကို ထားဝယ်ခေါ်လိုက်ရတာ ကျုပ်အဖို့တော့ လိုချင်တဲ့ ဗဟုသုတတွေ ရရှိနိုင်ပါတယ်၊ ပေါ်တူဂီရှေးဟောင်းရသစာပေကို လေ့လာသင်ကြားခွင့်ရတာပေါ့၊ ကျောင်းကိုလဲ လာခဲ့ပါဦး"

"တင်ပါ့ဘုရား . . တပည့်တော် ပေါ်တူဂီခေတ် လက်ရေးစာတွေကို လေ့လာပြီး မှတ်တမ်းတင်ချင်ပါတယ်"

"ကောင်းတာပေါ့ ဒကာလေးရဲ့၊ နောက်ခေတ် ပေါ်တူဂီတွေ သုံးလေ့ရှိတဲ့ လက်တင်စကားကို လေ့လာလိုက်စားတဲ့သူတွေအတွက် အသုံးတည့်နိုင်တာပေါ့"

"အရှင်ဘုရား ပြန်ကြွတော့မလား"

"တရားအားထုတ်ချိန် နီးလာပြီ၊ ဒီနားက သုသာန်ကျောင်းဆရာတော်ဆီလဲ ခေတ္တဝင်ပြီး ဖူးမလားလို့ အားလုံးပဲ သွားမယ်နော်"

"တင်ပါ့ဘုရား"

ဇေက်ကြီး သချိုင်းထဲတွင် အလုပ်ရှုပ်နေသော သူ့များကို ရသေ့ကြီးက တတွတ်တွတ် မေတ္တာပို့သကာ သချိုင်းအနောက်ဘက်သို့ ထွက်ခွာသွားလေတော့သည်။

ထိုအခါမှ ဩဇာသီး၏ အသံပေါ်လာလေတော့၏။

"သံဖနောင့်ရေ"

"ဟေ"

"ဆန်အရက်ပုလင်း သွားထုတ်ကွာ၊ ရသေ့ကြီးကြွသွားပြီ၊ ငါ့ပါးစပ်ဖွေလဲ ချွဲနေပြီကွ"

"မင်းက ငါးရှဥ့်ကြော်ရဦးမယ် မဟုတ်လား"

"ရပါတယ်ကွာ သောက်ရင်းစားရင်းပေါ့"

"ကဲ . .ဦးလေးတို့ အေးအေးဆေးဆေး သောက်ပါဗျာ၊ ငါးရှဥ့်ကို ကျွန်တော် ကြော်ပေးပါ့မယ်"

ပုဘရာဇာကြီး ဦးထိုက်ကျင်က ငါးရှဥ့်ကြပ် တိုက်များကို အရိုး၊ အသားထွင်ကာ မြေပန်းကန်ထဲသို့ ထည့်လျက်ရှိလေသည်။





"မင်းက ငါးရှဥ့်ကြော်တတ်လို့လား"

"လိုတာရှိရင်လဲ ဦးလေး ကျောက်မီးသွေးက ပြောမှာပေါ့"

"ရတယ် တင်မောင်ဦးရေ"

ဿ ဿ ဿ

တင်မောင်ဦးသည် အရှေ့ဖျားဘာသာစကားပညာနှင့် ပတ်သက်၍ ကျကျနနတတ်ပြီဟု ဆိုနိုင်သော်လည်း လက်တင်ဘာသာနှင့် ပေါ်တူဂီဘာသာစကားတို့ ဆက်နွယ်မှုကို ကောင်းစွာမသိသေးပေ။ ထားဝယ်သည် သူ့အတွက် ဘာသာစကား လေ့လာရေးနေရာဌာနကဲ့သို့ ဖြစ်နေပေသည်။

အားလျှင် ဘာသာဗေဒ ဝါသနာပါသော တင်မောင်ဦးသည် သူခရီးသွားတိုင်း ဆောင်ထားလေ့ရှိသော ဘောင်းဘီအိတ်ထဲမှ ဘာသာစကားအမျိုးမျိုး၏ ဗျည်းသရအက္ခရာများကို ထုတ်ကာ ဖတ်နေလေ့ရှိပေသည်။

စာအုပ်ကလေးမှာ လက်တစ်ဝါးလောက်သာ ရှိ၍ ဘောင်းဘီအိတ် အင်္ကျီအိတ်ထဲသို့ ထည့်၍ကောင်းသည်။

ထိုစာအုပ်ကို မိတ္တူသုံးလေးအုပ်ပွားကာ သူသွားရာနေရာတိုင်း ထည့်ယူသွားလေ့ရှိပေသည်။

ခြောက်သွေ့ကာ ကြောက်ရွံ့စရာ ကောင်းလှသည့် သချိုင်းထဲတွင် မီးမိုများချက်ပြုတ်သူများနှင့် စည်ကားလျက်ရှိလေသည်။

'သံဖနောင့်'ဟု ခေါ်သူမှာ အသက်သုံးဆယ်ကျော်အရွယ် လူလတ်ပိုင်းတစ်ဦး ဖြစ်သည်။ သူသည် ဥသြတို့အဖွဲ့နှင့် ပင်လယ်ထဲသို့ ငါးဖမ်းလိုက်လေ့ရှိပြီး ကွန်ပစ်ရာတွင်လည်းကောင်း၊ ရေငုပ်ရာတွင်လည်းကောင်း၊ ကျွမ်းကျင်သူ ဖြစ်သည်။

ရုပ်ရည်မှာ အသင့်အတင့်ကြည့်ပျော်ရှုပျော်ရှိ၍ ဩဇာသီးတို့ လူစုတွင် သံဖနောင့်ဆိုသော တရုတ်ကပြားလေးကို လူချောတစ်ဦးဟုပင် ဆိုနိုင်ပေတော့သည်။

ဥသြသည် သချိုင်းထဲမှ ထင်းချောင်းများကို မွေ့ယူလာကာ ဇရပ်ကြီးနောက် ထင်းမီးဖိုလုပ်ထားသော နေရာဘေးတွင် ချလိုက်သည်။ ငါးရှဥ့်များထွင်ပြီး ဒယ်အိုးထဲထည့်နေသော ဦးထိုက်ကျင်က တွေ့ရှိသွား၍



www.burmeseclassic.com

www.burmeseclassic.com



"ဥညြရေ"

"ဘာလဲဗျ"

"နွေရာသီနော် မီးကို သတိထား၊ ဒီဇရပ်မီးလောင်ရင် ငါပါ ဘုံပျောက်သွားနိုင်တယ်"

"ခင်ဗျားကို အသုဘရှင်တွေ ပြန်ဆောက်ပေးမှာပေါ့"

"တော်ပါကွာ . . သချိုင်းတောင် သူတို့အိမ်က လူသေလို့ လာကြတာ၊ ငါ့လဲ သုဘရာဇာကြီးဆိုပြီး အဖက်လုပ်တာ မဟုတ်ဘူး၊ ဇရပ်မီးလောင်ရင် မင်းတို့ပဲ ပြန်ဆောက်ပေးရမှာ"

"ဟား . . ဟား . . ဟား"

ချက်ပြုတ်နေသူများက ရယ်မောလိုက်ကြလေသည်။

"အလောင်းကို မြေမမြှုပ်ခင် သရဏဂုံတင်ဖို့ လိုတယ် မဟုတ်လား"

"လိုတာပေါ့ ဥညြရဲ့"

"ဒါဆို လူမသေတာမှ မဟုတ်ဘဲ၊ လူသေတဲ့ရွာက လူတွေစုပြီး ဇရပ်အသစ်ဆောက်နိုင်းပေါ့၊ ခင်ဗျား ဇရပ်ကြီးကလဲ ဟောင်းနေပါပြီ"

ဥညြက ဦးထိုက်ကျင်ကို တမင်ပဲကာ စလိုက်သည်။

"ဆောက်ပေးဖို့တော့ မပြောနဲ့ဟေ့၊ ငါ့ဇရပ်က တန်းတွေတောင် နွားကျောင်းသားတွေက ထင်းဆိုက်ဖို့ ချိုးမဲ့သွားသေး၊ ဟိုမှာ့ အပေါက်ဖြစ်ပြီး တန်းပြုတ်နေတာသာ ကြည့်တော့"

ဦးထိုက်ကျင် ပြောလည်း ပြောစရာပင် ဖြစ်သည်။ သချိုင်းရှိ ဇရပ်ပျက်ကို အသစ်ဆောက်၍ လှူရန် မည်သူမျှ စိတ်ကူးမိကြမည် မဟုတ်။ ထင်ရှားသော ကျောင်းထိုင်ဆရာတော်ကြီးများ၏ ဆွမ်းစားကျောင်း၊ သိမ်ကျောင်း စသည်တို့ကိုသာ သူဌေးများနှင့် လူကုံထံများက ကမ္ဘည်းထိုးကာ ကျောင်းဒကာဘွဲ့၊ ဇရပ်ဒကာ၊ သိမ်ဒကာ၊ ဘွဲ့ခံချင်ကြသည်။

'သချိုင်းသရဏဂုံ ဇရပ်ဒကာ' သည်လည်း ကောင်းမှုရှင်ပင် မဟုတ်ပါလော။ ဥညြက ထိုအချက်ကို စဉ်းစားလျက်ရှိသည်။

"သချိုင်းဇရပ်ဒကာ လုပ်ရင် ဂုဏ်ငယ်လို့လား ဦးထိုက်ကျင်"

"ကြုံကြုံဖန်ဖန်ကွာ ကုသိုလ်ရေးလုပ်တာမှာ ဂုဏ်ငယ်တယ်လို့ ရှိမလား၊ ဇရပ်တန်ဆောင်းလှူတဲ့ အလှူရှင်ရဲ့ ရည်ရွယ်ချက်က အရိပ်ရအောင်





နားခိုတဲ့လူ အလှူပြုတဲ့သူ ဥပုသ်သတင်း ဆောက်တည်တဲ့သူတွေ အေးချမ်းအောင် အရိပ်ရအောင်လို့ပေါ့၊ ဒါမှ သူ့ရဲ့ကုသိုလ်က မွန်မြတ်မှာပေါ့"

"ကမ္ဘည်းထိုးပြီး ကျောင်းဒကာဘွဲ့ခံတော့ရော မမွန်မြတ်လို့လား"

"အလှူမွန်သမျှတော့ မြတ်တာချည်းပေါ့ကွာ၊ ဒါပေမယ့် ကြွားဖို့ လှူတာ သူများသိအောင် လုပ်ဖို့ လှူတာမဟုတ်ရင် ပိုကောင်းတာပေါ့"

ရေစက်ချတရားနာကို မကြာခဏ နားယှဉ်ဖူးသော သုဘရာဇာကြီးက ရှင်းပြလိုက်သည်။ တင်မောင်ဦးသည် ဥပဓိရုပ်ခံ့ညားသော သုဘရာဇာကြီး ဦးထိုက်ကျင်ကို စိတ်ဝင်စားမိလေသည်။

"ဦးထိုက်ကျင်က သုဘရာဇာ မျိုးရိုးကလား"

တင်မောင်ဦးက မထင်မှတ်ဘဲ မေးလိုက်လေသည်။

* * * * *

"ဘယ်ကဟုတ်ရမှာလဲကွာ . . ငါလဲ နေစရာမရှိ စားစရာမရှိ ဖြစ်တာ



နဲ့ ခိုမိခိုရာ ဝင်ခိုရာက သုဘရာဇာ ဖြစ်ရတာဆိုပါတော့၊ ဒါပေမယ့် ကျေနပ်ပါတယ်၊ ဒီနေရာက တရားရနိုင်တဲ့နေရာ သင်္ခါရကို အာရုံပြုနေနိုင်တဲ့ နေရာပဲ၊ သစ္စာမရှိတဲ့ မိန်းမတွေနဲ့လဲ ကင်းဝေးတဲ့ နေရာ ဆိုပါတော့ကွာ"

ဦးထိုက်ကျင်၏ မျက်နှာမှာ အကြိတ်ကို သတိရသွားသောကြောင့် ရှိမှုန်မှိုင်းသွားသည်ကို တွေ့ရလေသည်။ ဥညြက ဦးထိုက်ကျင်အကြောင်းကို အရိပ်အမြွက်မျှ သိသည်။

"တင်မောင်ဦး"

"ဗျာ"

"မိန်းမတွေကြောင့် အသည်းတင် မဟုတ်ဘူး၊ ဘဝပါ ကွဲရတဲ့လူတွေထဲမှာ မင်းဦးလေး ထိုက်ကျင်ကြီး ပါတယ် ဆိုပါတော့ကွာ"

မြေကြီးကို မြောင်းတွဲ်းတူးကာ မီးဖိုလုပ်ထားသော တွင်းထဲမှ မီးလျှံများရှိရာသို့ ထင်းချောင်းများထိုးထည့်ရင်း ဥညြက ပြောလိုက်သည်။

တင်မောင်ဦးသည် လူ့အသိုင်းအဝိုင်းမှ အမြဲနှာခေါင်းရှုံ့လေ့ရှိသော သချိုင်းမှ သုဘရာဇာကြီးဘဝဖြင့် နေထိုင်သော ဦးထိုက်ကျင်၏ အကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဝင်စားမိသည်။

မြေတူးမြောင်းထဲသို့ ထင်းချောင်းထိုးပေးသောကြောင့် မီးတောက်များက မြေကြီးပေါ်သို့ လျှံတက်နေသည်။ ကျောက်မီးသွေးက ကြက်သားဟင်းအိုးတစ်အိုးနှင့် ငါးခေါင်းဟင်းချိုအိုး တစ်အိုးကို တင်ကာ ချက်ပြုတ်နေသည်။

အိုးကြီးများမှာ သူတို့၏ ပင်လယ်ကမ်းစပ်တွင် ပြုပြင်နေသော လှေကြီးပေါ်မှ ယူလာကြခြင်း ဖြစ်လေသည်။

ဦးထိုက်ကျင်သည် သစ်ပင်ကို ကျောမှီကာ သြဇာသီးယူလာကာ ငုံ့ထားသော အရက်တစ်ခွက်ကို မော့သောက်လိုက်ရင်း သက်ပြင်းချလိုက်လေသည်။

"အင်း . . တကယ်တော့ ငါဟာလဲ ပီနန်ကျွန်းမှာ လူသိထင်ရှားသူဌေးကြီးတစ်ယောက် ဖြစ်သင့်တဲ့ သူပါပဲကွာ"

သုဘရာဇာကြီး ဦးထိုက်ကျင်က သူ့ပါးစပ်မှ အရက်များကို လက်ခုံနှင့် သုတ်ရင်း ပြောလိုက်သည်။

"ငါ့အဖေက ပီနန်ကျွန်းက ကုန်သည်ကြီး ဦးမိုးထိပေါ့ကွ၊ သူကလဲ တစ်ဦးတည်းသော သားဖြစ်တဲ့ ငါ့ကို သိပ်မျှော်လင့်တာပေါ့၊ ငါကြီးလာရင် သူ့အရိုက်အရာကို ခံပြီး သူဌေးဘွဲ့ရမယ်လူလို့ပေါ့လေ"

ဦးထိုက်ကျင်သည် အတိတ်ကို သတိရမိဟန်ဖြင့် မျက်လုံးများက ရီဝေဝေဆွေးမြေ့လာသည်။

"ငါဟာ မိန်းမတစ်ယောက်ကို ယုံခဲ့တယ်၊ အဲဒီမိန်းမရဲ့ နာမည်က မနှင်းအိတဲ့"

"ဗျာ"

တင်မောင်ဦးက ညနေစောင်းသာရှိသေး၍ အရက်မသောက်လိုသေးပေ။ သုဘရာဇာကြီး ဦးထိုက်ကျင်၏ ဘဝဇာတ်လမ်းကို သူ စိတ်ဝင်စားနေသည်။

"မနှင်းအိနဲ့ ငါနဲ့က ပီနန်ကနေ ကော့သောင်ကိုသွားတဲ့ 'ရွှေမင်း' သင်္ဘောပေါ်မှာစပြီး တွေ့ခဲ့ကြတာပေါ့၊ ဒီတုန်းက မနှင်းအိက ဆယ့်ကျော်သက် သိပ်ချစ်စရာကောင်းတဲ့ အရွယ်ပေါ့၊ ငါက ငါ့အဖေ ပို့နိုင်းတဲ့ ငရုတ်





ကောင်းတို့ ဖာလာစေ့တို့ သစ်ဂျပိုးတို့ကို ကော့သောင်ကို လာပို့ပြီးအပြန် သူနဲ့ငါတွေ့ခဲ့တာပေါ့"

မီးဖိုက မီးတောက်က တဟဲဟဲ မြည်နေသည်။ မီးတောက်အားကောင်းလှသော ပင်လယ်ကဗွီးသားများပါသောကြောင့် ဖြစ်သည်။ ဒယ်အိုး၏ နှုတ်ခမ်းကို ကိုင်ကာ ခါးတွင် ပုဆိုးဟောင်းစီးထားသော ကျောက်မီးသွေးသည် ဆီပူများကို အိုးနှံ့အောင် လှုပ်ကာ တင်လိုက်သည်။

ထို့နောက် ငါးရှဉ့်ကြက်တိုက်များကို အိုးထဲသို့ ထည့်ကာ၊ သံယောင်းမဖြင့် မွှေပေးလိုက်လေတော့သည်။

တရှဲရှဲမြည်သံနှင့် ငါးရှဉ့်ကြော် နံ့မှာ အမွှေးအကြိုင်များကြောင့် ပျံ့လွင့်လာ၏။

"တော်တော်မွှေးတဲ့ ဟင်းပဲကွာ"

ဥသြက မှတ်ချက် ချလိုက်သည်။ ✲ ✲ ✲

သင်္ဘောလက်ရန်းကို ကိုင်ကာ ခေါင်းစည်းကြိုးအနီလေးဖြင့် လေညှင်းခံနေသော မိန်းမပျိုလေးကို ထိုက်ကျင်သည် ငေးကြည့်နေ၏။

ပိုးအကျီအနီရောင် လက်ပြတ်ကြောင့် ဖြူဝင်းသော သူမ၏အသားအရည်မှာ ပို၍ လှပနေသည်။ ငယ်နုသော ဆယ်ကျော်သက်ဖြစ်၍ မျက်နှာလေးမှာ ပြည့်ဖြိုးနုနယ်နေပြီး မျက်လုံးများက တောက်ပနေ၏။

နှုတ်ခမ်းအစုံက ပွင့်ဟာစနှင်းဆီဖူးလေးလို လှပနေသည်။ သူမသည် ရေထဲသို့ ကြည့်ကာ အဖြူရောင်အဝိုင်းအဝိုင်းနှင့် သတ္တဝါများကို လက်ညှိုးထိုးလျက်

"မေမေ ဟိုဟာတွေက ဘာတွေလဲဟင်၊ ဖဲထီးအဖြူတွေလိုပဲ"

ဟု ပြောလိုက်၏။

သူမအမေမှာ သင်္ဘောပေါ်ရှိ အိပ်ခန်းထဲသို့ ဝင်သွားသည်ကို မနှင်းအိက မသိပေ။ အနားသို့ ရောက်လာသော ထိုက်ကျင်က

"အဲဒါ ပင်လယ်ရေဘူပေါ့ ညီမရဲ့"

ဟု ပြောလိုက်သည်။

"ရှင်"

မနှင်းအိသည် အံ့အားသင့်စွာ ဖျတ်ခနဲ လှည့်ကြည့်၏။ မနှင်းအိ၏ မျက်လုံးများနှင့် ထိုက်ကျင်၏ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို တိုက်ဆိုင်မိကြသည်။ ထိုက်ကျင်သည် တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးလောက်အောင် ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွားမိသည်။

နှလုံးသားများ တထိတ်ထိတ်ခုန်ကာ သူ့ကိုယ်သူပင် ဘာဖြစ်သွားသည်ဟု မစဉ်းစားတတ်။ မနှင်းအိ၏ အမေ ဒေါ်ကြူက ထွက်လာသည်။

"သမီး အပြင်မှာ လေသိပ်တိုက်တယ်ပေ၊ အကြာကြီးမနေနဲ့"

သမီးပျို၏မိခင် ဖြစ်သောကြောင့် ထိုက်ကျင်ကို မျက်စောင်းတစ်ချက်ခဲကာ သမီးကို ခေါင်းညိတ်ခေါ်ငိုက်၏။

မနှင်းအိကလည်း ထိုက်ကျင်၏ ရှေ့မှ ခေါင်းငုံ့ကာ ဖြတ်လျှောက်သွားလေသည်။ မနှင်းအိတို့မှာ သင်္ဘောပဲ့ပိုင်းရှိ အထူးဧည့်သည်တော်များအခန်းတွင် လိုက်ပါလာကြခြင်း ဖြစ်သည်။

ထိုက်ကျင်ကတော့ အောက်ထပ် သင်္ဘောခရီးသည်များ ရောနှောကာ လိုက်ပါလာသည့် နေရာတွင် စီးလာခြင်း ဖြစ်၏။

ထို့ကြောင့် မနှင်းအိတို့မိသားစုမှာ ငွေကြေးချမ်းသာသော ကုမ္ပဏီပိုင်ရှင်များ ဖြစ်ရမည်ဟု ထိုက်ကျင်တွေးမိနိုင်လေသည်။ အပေါ်ထပ် ပဲ့ပိုင်း၏နောက်တွင် ထမင်းဆိုင်ရှိသည်။ အောက်ထပ်က ထမင်းဆိုင်ထက် ဈေးကြီးသည်။

မနှင်းအိကို တွေ့လိုတွေ့ငြား ထိုက်ကျင်က အပေါ်ထပ်သို့ မကြာခဏ တက်သည်။ ထိုနေ့ညသည် လပြည့်လုနီးသော လဆန်းရက်ဖြစ်၍ ကောင်းကင်တွင် လဝန်းက ထိန်ထိန်သာလျက်ရှိသည်။

နောက်ကျမှ ထမင်းစာလေ့ရှိသော ထိုက်ကျင်သည် အပေါ်ထပ် သင်္ဘောဝရန်တာမှကပ်၍ လျှောက်လာရာ နေ့လယ်က တွေ့သောဝရန်တာ၌ ရပ်နေသည့် လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရ၍ ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။

လရောင်ဖြင့် အနီးသို့ ရောက်လာသောအခါ မနှင်းအိ ဖြစ်နေသည်ကို တွေ့လိုက်ရ၍ ထိုက်ကျင်မှာ လက်များခြေများများ အေးသလို ဖြစ်သွားသည်။ အရဲစွန့်ကာ ပြောလိုက်သော



စကားသံက တုန်ရီစွာ ထွက်ပေါ်လာသည်။

"စားပြီးပြီလား ညီမ"

"ပြီးပြီရှင့်"

"အိပ်ရာမဝင်သေးဖူးလား"

"မဝင်သေးလို့ ရှင်တွေ့တာပေါ့"

"အို . . ဟုတ်သားပဲ"

စကားမရှိ စကားရှာ ပြောနေမှန်းသိ၍ မနှင်းအိက ပြုံးလိုက်သည်။ ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်သော မနှင်းအိ၏ အပြုံးသည် ထိုက်ကျင်အတွက် တစ်သက်လုံး စွဲလမ်းစရာပင် ဖြစ်လေတော့သည်။

"ပင်လယ်ခရီးကို သိပ်မသွားဖူးဘူး ထင်တယ်"

* * * * *

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုသောနတ်၏ စေစားတိုက်တွန်းမှုကြောင့် ထင်သည်။ ထိုက်ကျင်သည် စကားမရှိ စကားရှာကာ ပြောတတ်လာသည်။

"ဟုတ်တယ် . . ကျွန်မ ဒီတစ်ခေါက်မှ ပင်လယ်ထဲကို ရောက်ဖူးတာ"

"မကြောက်ဖူးလား"

"ကြောက်တာပေါ့ရှင် . . ဒါပေမယ့် သူများတွေလဲ ပါတယ်၊ ငါ ဘာကြောက်စရာရှိလဲဆိုပြီး အားတင်းရတာပေါ့"

"အင်း . . အဲဒါ ကောင်းတယ်"

"ဘာကောင်းတာလဲ"

"နေရာတကာမှာ ကြောက်နေတာ မကောင်းဘူးလေ၊ ဘာပဲဖြစ်ဖြစ် သူလိုငါလို သတ္တိမျိုးတော့ ရှိသင့်တာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တယ် . . ဟုတ်တယ်၊ ရှင်ပြောတာ မှန်ပါတယ်၊ ရှင်က သင်္ဘောသားလား"

"မဟုတ်ပါဘူး ကုန်သည်ပါ၊ ဟင်းခတ်အမွှေးအကြိုင်တွေ ကော့သောင်ကို လာပို့တာလေ"

"ဘယ်ကစီးလဲ"

"အောက်ထပ်ကလေ"

ပန်းလက်ဆောင်



"ရှိုးရှိုးတန်းကဆိုပါတော့"

"အင်း . . ကြုံသလိုပါပဲ၊ ရက်က မစောင့်နိုင်ဘူးလေ၊ ရက်စောင့်ပြီးတော့ မဟာဌါတို့လို"

"အို . . ကျွန်မနာမည် နှင်းအိပါ"

မနှင်းအိက သူမကို မဟာဌါလို့ ခေါ်သည်ကို ကြိုက်ပုံမပေါ်။ သူမနာမည်ကို ထုတ်ဖော်ကာ ပြောလိုက်လေသည်။

"အော် . . မနှင်းအိလား၊ နာမည်လေးက တော်တော်လှတယ်"

"ဘာလှတယ်"

"အေးချမ်းမယ့် နိမိတ်ပေါ့"

မနှင်းအိက ပြုံးနေသည်။

"ရှင့်နာမည်ကရော"

ဟု ခပ်တိုးတိုး မေးသည်။

"ထိုက်ကျင်"

"ရှင်က တရုတ်လား"

"အင်း . . ကပြားဆိုပါတော့"

"ဟုတ်တယ်နော် စက်ဘပူမှာလဲ တရုတ်ကပြားတွေ တရုတ်တွေ များတယ် ကိုထိုက်ကျင်"

"မနှင်းအိကရော"

"ကျွန်မက ထားဝယ်သူပါ၊ ထားဝယ်ကနေ ကော့သောင်ကို အလည်လာရင်း ဖေဖေ့မိတ်ဆွေက ပီနန်ကျွန်းကို အလည်ခေါ်လို့ ဆက်ပြီးထွက်လာခဲ့တာပါ"

"အော် . . ပီနန်မှာ ကျွန်တော်က နေတာ၊ ပီနန်ရောက်ရင် တွေ့လို့ရတာပေါ့"

"ဘာလုပ်ဖို့လဲ"

"အော် . . ခင်မင်မိတ်ဖွဲ့ရတာပေါ့၊ သွားဦးမယ် မနှင်းအိ၊ ခုမှ ထမင်းလာစားတာ၊ နောက်ကျနေပြီ"

"ဟုတ်ကဲ့ပါတဲ့ရှင်"

ပီနန်သို့သွားသော သုံးရက်ခရီးတွင် ရွက်သင်္ဘောပေါ်၌ ထိုက်ကျင်နှင့် မနှင်းအိတို့သည် မကြာခဏ တွေ့ဆုံကာ စကားပြောဖြစ်ကြသည်။ တစ်ကြိမ်တွင်ကား မနှင်းအိ၏ မိခင်ကြီး ဒေါ်ကြူနှင့် ပက်ပင်းတိုးမိတော့သည်။

"ဟော . . သူငယ်"

"ဗျာ"

"မင်း ဘယ်ကသူငယ်လဲ"

"ကျွန်တော် အောက်ထပ်ကပါ"

"ဘာလို့ အပေါ်ထပ် တက်လာတာလဲ၊ ကိုယ့်အဆင့်အတန်းနဲ့

ပန်းလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် နေပါ့လား"

မနှင်းအိက ဘေးမှ အားနာနေသည်။

"အို . . မေမေရာလဲ လာပါ သွားကြစို့"

"ဟင်း . . ညည်းကောင်းကောင်းနေနော်၊ ရီးတီးရားတား မလုပ်နဲ့ ထားဝယ်မှာလဲ မိဘစိတ်မချမ်းသာအောင် လုပ်ပြီးပြီ"

မနှင်းအိကို ခေါ်ကာ ထွက်သွားကြသည်။ ထိုက်ကျင် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွား၏။

ဆ ဆ ဆ

ထားဝယ်သူမနှင်းအိကို ရွှေမင်း သင်္ဘောပေါ်မှာ ဆုံမိသည်မှစ၍ ထိုက်ကျင်တစ်ယောက် အစွဲကြီးစွဲခဲ့လေသည်။ သင်္ဘောပေါ်မှာပင် ကျွန်မတို့က "ရွှေနဂါးတည်းခိုရိပ်သာမှာ တည်းမယ်ပြောတယ်"ဟု ဆိုသည်။

ထိုက်ကျင်က ပီနန်သားဖြစ်သောကြောင့် ပီနန်ကျွန်းကိုတော့ နှံ့သည်။ ရွှေနဂါးတည်းခိုရိပ်သာသို့ သူလိုက်သွားသည်။ အနီရောင် ပိုးအင်္ကျီစနှင့် အပေါ်ထပ်ပြတင်းပေါက်တွင် ရပ်နေသည့်၊ ကံအားလျော်စွာ မနှင်းအိကို တွေ့လိုက်သည်။

လူချင်း တရင်းတနှီး သိနေပြီဖြစ်၍ မနှင်းအိက လက်ပြကာ စောင့်နေဖို့ ပြောသည်။ ရွှေနဂါးတည်းခိုခန်းရှေ့တွင် အလှပြင်ဆိုင်တစ်ဆိုင်ရှိသည်။

ထိုအလှပြင်ဆိုင်ဘေးတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိ၏။ ထိုက်ကျင်သည် လက်ဖက်ရည်ဆိုင်ထဲတွင် ဝင်ထိုင်ကာ စောင့်နေလိုက်သည်။ သိပ်မကြာချေ မနှင်းအိသည် အဝတ်အစားလဲကာ တည်းခိုခန်းထဲမှ ထွက်လာလေသည်။

"မေမေ့စက်ရုံကို လိုက်သွားဦးမယ်လို့ ပြောပြီး ထွက်လာတာ ဘယ်သွားမလဲဟင်"

"လာပါ ပီနန်ကျွန်းမှာ နှင်းမရောက်ဖူးတဲ့နေရာ လိုက်ပို့မယ်၊ လောလောဆယ်တော့ ရေမျောကျွန်းက စားသောက်ဆိုင်မှာ ပီနန်ခေါက်ဆွဲသွားစားမယ်"

မနှင်းအိသည် ထိုက်ကျင်ကို ခင်တွယ်နေပြီ ဖြစ်သည်။ သွားရင်းလာရင်း၊ စားရင်းသောက်ရင်းဖြင့် ထိုက်ကျင်၏ ချစ်ရေးဆိုမှုကို မနှင်းအိက လက်ခံလိုက်သည်။

ထိုက်ကျင်မှာ ပျော်လိုက်သည့်ဖြစ်ခြင်း၊ မိုးမမြင် လေမမြင် ဖြစ်သွားသည်။ သို့သော် သူ၏ပျော်ရွှင်မှုမှာ တစ်လမကြာမီပင် ပျောက်ကွယ်သွားလေသည်။

မနှင်းအိနှင့် ဒေါ်ကြူတို့သည် ထားဝယ်သို့ သင်္ဘောဖြင့် ပြန်သွားကြသောကြောင့်ပင် ဖြစ်၏။

✦ ✦ ✦

မနှင်းအိတို့မိသားစု ထားဝယ်သို့ ပြန်သွားကြောင်း သိရှိရသည်နှင့် ထိုက်ကျင်မှာ နေမထိထိုင်မသာ ဖြစ်သွားသည်။ သူ၏ဖခင်မှာ ဟင်းခတ်အမွှေးအကြိုင်များကို အိန္ဒိယမှ ဝယ်ယူကာ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများသို့ ဖြန့်ဖြူးသော ပွဲရုံပိုင်ရှင်ကြီး ဖြစ်သည်။

ထိုက်ကျင်မှာ ရွှေနဂါးတည်းခိုရိပ်သာ စုံစမ်းရေးဌာနရှေ့မှ မထွက်ခွာနိုင်ပဲ ငေးမောနေလေသည်။

စုံစမ်းရေးဌာနမှ အပေါ်ထပ်တွင် ငှားနေသော မိသားစုဖြစ်ကြောင်း သိ၍ မနေ့ညနေကပင် သင်္ဘောသို့ ဆင်းသွားကြောင်း သိရှိရသည်။ စုံစမ်းရေးဌာနမှ မျက်နှာဝိုင်းဝိုင်းနှင့် လူမှာ ထိုက်ကျင် ငေးမောနေသည်ကို ကြည့်ရင်း

"သူတို့နဲ့ ချိန်းထားတဲ့ ကိစ္စရှိလို့လား"

ဟု မေးလေသည်။

"အင်း . . ချိန်းထားတာ မဟုတ်ပါဘူး၊ သူတို့ မပြန်လောက်သေးဘူးထင်မိတာ"

စိတ်ပျက်သော အသံဖြင့် ထိုက်ကျင်က ပြန်ပြောသည်။ ထိုက်ကျင်၏ ဟန်ဆောင်၍ မရသော မျက်နှာက အလွန်စိတ်မချမ်းသာသည့်အသွင် ပေါ်နေလေသည်။

"မိသားစုသုံးယောက်မှာ မိန်းကလေး ခပ်ငယ်ငယ်တစ်ယောက် ပါတယ်လေ"

"ဟုတ်တယ် . . ဟုတ်တယ်"

"မိန်းကလေး ကြည့်ရတာ တော့ အတော်စိတ်မချမ်းသာတဲ့ အသွင်ပဲဗျ"







www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မနင်းအိဆိုတဲ့ မိန်းက လေးပဲဗျ၊ သူ ငိုထားသလား"

"ဟုတ်တယ် . . မျက်လုံးတွေ ရဲနေတယ်၊ သူ့မိဘနှစ်ယောက်ကတော့ မျက်နှာသိပ်မကောင်းဘူး၊ အမှန်က နောက်တစ်ပတ်လောက်ထိ အခန်းငှား ပြီးသားပါ။ ရုတ်တရက် ဘာအရေးကြီး သွားလဲ မသိဘူး"

"အင်း . . ဟုတ်မှာပါပဲဗျာ၊ ကျုပ် သွားပါဦးမယ်"

ထားဝယ်သို့ ပြန်သွားသော ရွှေမင်း သင်္ဘောမှာ ဆိပ်ကမ်းတွင် မှီ နိုင်သေးသည်ဟု ယူဆကာ ထိုက်ကျင် က ထွက်လာခြင်း ဖြစ်သည်။ စုံစမ်းရေး ဌာနမှ လူသည် အံ့အားသင့်ကာ ကျန် ရစ်ခဲ့လေတော့သည်။

ပီနန်ဆိပ်ကမ်းသို့ ရောက် သောအခါ 'ရွှေမင်း'ရွက်သင်္ဘောကြီး သည် မရှိတော့။ ကမ်းမှာ ခွာသွားခဲ့ပြီ ဖြစ်လေသည်။ မိုးလေဝသ ကောင်း၍ နေ့လယ်ပိုင်းတွင် ထွက်ခွာသွားကြောင်း သိရှိလိုက်ရ၏။

ပီနန်သင်္ဘောဆိပ်မှ နိုင်ငံရပ် ခြားသို့ သွားသည့် ရွက်သင်္ဘော၊ စက် သင်္ဘောများကို ကြည့်ကာ ကော့သောင် မှ ပီနန်ကျွန်းသို့ လာခဲ့သည့် လမ်း ကြောင်းကို တွေးလိုက်မိ၏။

မနင်းအိ၏ ချစ်စရာကောင်း သော မျက်နှာလေးကို တွေ့မြင်ရပုံ၊ သူ အစွဲလမ်းကြီးခဲ့မိပုံတို့ကို အမှတ်ရသည်။ များမကြာမီပင် သူနှင့်ရင်းနှီးကာ ပီနန် ကျွန်းမှလည်စရာရှိသော ဘုရားစေတီ များကို သွားရောက်လည်ပတ်ခဲ့ကြပုံတို့ ကို မြင်ယောင်လာမိသည်။

သူသည် 'ရွှေမင်း'သင်္ဘောကို မတွေ့တော့သည့်နောက်ဆုံးတွင် အိမ် သို့ ပြန်လာခဲ့သည်။ သူတို့၏အိမ်မှာ ဆိပ်ကမ်းနှင့် သိပ်မဝေးကွာလှသော ရပ် ကွက်ထဲတွင် ရှိပြီး အိမ်အောက်ထပ် သည် ဟင်းခတ်အမွှေးအကြိုင်ပစ္စည်း များထားသည့် ဂိုဒေါင်ဖြစ်၍ အိမ်အ ပေါ်ထပ်မှာ လူနေသည့် အိပ်ခန်းများ ရှိ၏။

ထိုက်ကျင်၏ ဖခင်မှာ မိခင် သေဆုံးပြီးနောက် ဒုတိယမယား၊ တတိ ယမယားများနှင့် အပေါ်ထပ်တွင် နေ ထိုင်ရာ ဖခင်ကိုလည်း တွေ့ဆုံစကား ပြောခွင့်ရဖို့ မလွယ်ပေ။



သူ၏ဖခင်မှာ တစ်သီးတစ် သန့် နေထိုင်တတ်ပြီး သူ့ဇနီးနှစ်ဦးက အမျိုးမျိုးပြုစုနေရာ အောက်ထပ်သို့ ဆင်းခဲလှလေသည်။ ငွေရေး၊ ကြေးရေး ကိစ္စ၊ အလုပ်ကိစ္စရှိသောအခါမှသာ အောက်ထပ်သို့ ဆင်းတတ်သည်။ ထိုက်ကျင်သည် ဖခင်နှင့် စကားပြောခွင့် ရရှိစေရန် နှစ်ရက်မျှ စောင့်ဆိုင်းခဲ့ရ၏။

ထို့နောက် ကော့သောင်သို့ ဟင်းခတ်အမွှေးအကြိုင်များ သူ ဆက် မပို့နိုင်တော့ကြောင်း၊ ထားဝယ်သို့ ရောင်းကုန်ပစ္စည်း ပို့စရာရှိပါက သူ့ကို စေခိုင်းနိုင်ကြောင်း ပြောလိုက်သည်။

သူ၏ဖခင်သည် အကင်းပါး သူ ဖြစ်သည့်အတိုင်း ထားဝယ်သို့ ကုန် ပို့နေသည့် သူကို ကော့သောင်နှင့် လဲ လိုက်ရာ ထိုက်ကျင်မှာ အလွန်ဆန္ဒ ပြည့်ဝသွားလေတော့သည်။

မနင်းအိတို့ မိသားစု ထားဝယ် သို့ ပြန်ပြီး ဆယ့်ငါးရက်အကြာတွင် ရွှေကြိုးကြာ အမည်ရှိ ရွက်သင်္ဘောဖြင့် ထားဝယ်သို့ ထိုက်ကျင် လိုက်ပါလာခဲ့ လေတော့သည်။

⁂ ⁂ ⁂

ကုန်ပစ္စည်းရောင်းဝယ်သော စီးပွားရေး လုပ်ငန်းရှင်မိဘ၏ သားသ မီးဖြစ်လာရခြင်းသည်ပင် ထိုက်ကျင် အတွက် ကံကောင်းသည်ဟု ဆိုနိုင် သည်။

သူသည် သစ်ကြပိုး၊ ဖာလာ၊ ငရုတ်ကောင်း၊ မဆလာ၊ စသည့် ဟင်း ခတ်အမွှေးအကြိုင်များကို သယ်ဆောင် ကာ ဆက်သွယ်ပေးပို့ရမည့် ထားဝယ် မှ ဆိုင်များသို့ ရောက်ရှိသွားလေသည်။

သူ မရောက်ဖူးသော ဒေသ ဖြစ်သောကြောင့် ကုန်ပစ္စည်းဖိုးငွေကို ရရှိစေရန် တစ်ပတ်မျှ စောင့်ရသည့် အတွင်း ထားဝယ်မြို့အတွင်းသို့ လည် ပတ်ခွင့် ရလေသည်။

စင်စစ် ထားဝယ်မြို့မှာ ဆိပ် ကမ်းမြို့ ဖြစ်သောကြောင့် ကုန်ရောင်း ကုန်ဝယ်များဖြင့် လူစည်ကားရာ မြို့ ဖြစ်သည့်အတိုင်း လူနေရပ်ကွက်များ လည်း များသည်။ ထားဝယ်မြို့ရှိ ရပ် ကွက်များတွင် တစ်လမ်းဝင်တစ်လမ်း ထွက် မနင်းအိကို တွေ့ရန်းဖြင့် ထိုက် ကျင်သည် လိုက်လံရှာဖွေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အစားအသောက်ကိုပင် စားရသောက်ရမှန်းမသိဖြစ်ကာ မနှင်းအိကို တွေ့လိုစိတ်ဖြင့် ရှာဖွေခဲ့ရာ တစ်ပတ်ကျော်ကျော် စိတ်ဆင်းရဲမှုဒဏ်ကြောင့်လည်းကောင်း၊ အစားမမှန်သောကြောင့်လည်းကောင်း ရွာတစ်ရွာမှ အထွက် တောင်ကုန်းပေါ်သို့ အတက်တွင် မူးမိုက်ကာ လဲကျသွား၏။

သူ သတိရလာသောအခါ ဧရပ်ကြီးတစ်ခုထဲ၌ ရှိနေသည့် အဘိုးအိုကြီးတစ်ဦးက သူ့ကို ထိုင်ကြည့်နေ၏။

"လူကလေး သတိရပြီလား"

"ဗျာ"

သူသည် မျက်လုံးများဖွင့်ကာ အဘိုးအိုကို ကြည့်နေသည်။ အဘိုးအိုမှာ စိတ်နှလုံးကောင်းမွန်ပုံရသည်။

"ကျွန်တော် ဘာဖြစ်သွားတာလဲ"

"မင်း အားနည်းလို့ မူးပြီးလဲသွားတာပါ၊ ဆေးဆရာကတော့ ဝမ်းတွင်းမှာ ဘာရောဂါမှ မရှိဘူးလို့ ပြောပါတယ်၊ အစာစားနိုင်ပြီလား"

ထိုက်ကျင်သည် အားပြုကာ ထလိုက်သည်။ အဘိုးအိုက သူ့ကို မေးမပေးသည်။ သူသည် ဧရပ်အပြင်မှ အုတ်ဂူနှင့် မှတ်တိုင်များကို တွေ့လိုက်ရ၏။

"ဒါ သင်္ချိုင်းလားအဘ"

"ဟုတ်တယ် . . ဓဒက်ကြီး၊ သင်္ချိုင်းဆိုတာ ဒါပဲ၊ အဘနာမည်က ဦးညိုတဲ့၊ သင်္ချိုင်းစောင့်ကြီး ဦးညိုပေါ့ကွာ၊ အဘစွပ်ပြုတ် ပြုတ်ထားတယ်၊ စားလိုက်ပါဦး"

ဦးညိုက စွပ်ပြုတ်တစ်ပန်းကန်ကိုယူကာ တိုက်သည်။ ဆေးဆရာပေးသွားသည့် ဆေးဝါးများကြောင့် ထိုက်ကျင်က ကျန်းမာလာသည်။ သူတည်းနိုခဲ့သော တည်းခိုခန်းသို့ သုံးရက်ကြာမှ ပြန်လာခဲ့သည်။

သို့သော် သူ့ပစ္စည်းများကိုကား ပြန်မရတော့ပေ။ လေးရက်မျှ အခန်းခမပေးဘဲ အခန်းယူထား၍ အခန်းထဲရှိ ပစ္စည်းများကို တည်းခိုခန်းပိုင်ရှင်က သိမ်းပိုက်လိုက်လေတော့သည်။

သူသည် စားစရိတ်ကလည်းကုန် ဆေးဖိုးလည်းကုန်ကာ သူ့ဖခင် တင်ပို့လိုက်သည့် ကုန်ပစ္စည်းရောင်းရငွေများမှာ တစ်ဝက်ပင် ကျော်သွားခဲ့၏။ ဖခင်မှာ အလုပ်လုပ်၍ တိကျသူဖြစ်၍ အမြတ်ငွေနှင့် စရိတ်ကိုပင် တိတိကျကျ စစ်ဆေးတတ်သည်။

ယခုကဲ့သို့ ရောင်းရငွေများသုံးလျှင်ကား သူ့ကို ဆူပူရိုက်နက်ဖို့ ကြိမ်းသေနေလေတော့သည်။ ထားဝယ်မှ ပီနန်ကျွန်းသို့ ပြန်ရန် သူ မစဉ်းစားတော့ပေ။ သူသည် ဓဒက်ကြီးသင်္ချိုင်းတွင် သုဘရာဇ်ကြီး ဦးညိုနှင့် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။

တစ်နေ့တွင် ကြီးကျယ်ခမ်းနားသော အသုဘတစ်ခုမှ လာရောက်၍ အုတ်ဂူသွင်းရန် မြေနေရာလုပ်ကြလေသည်။ သင်္ချိုင်းထဲတွင် စည်ကားသွားသည်။ ဆွေမျိုးများ၊ အလုပ်သမားများနှင့် အသုဘရှင်ကလည်း ဦးညိုကို မြေကွက်ဖိုးငွေသုံးရာကို ပေးအပ်လေသည်။

ထိုခေတ်က မြေကွက်ဖိုး သုံးရာဆိုသည်မှာ မနည်းလှပေ။ သေဆုံးသူမှာ ဒေါ်ကြူဆိုသူဖြစ်၍ လူနေရပ်ကွက်ထဲမှ ချမ်းသာသော ရွက်လှေကုမ္ပဏီပိုင်ရှင်ဖြစ်ကြောင်း သိရသည်။ ဒေါ်ကြူ၏ အသုဘတွင် သူ အလွန်တွေ့ဆုံလိုသော ဒေါ်ကြူ၏သမီး မနှင်းအိကို တွေ့လိုက်ရသည်။



မနှင်းအိမှာ ခံ့ညားသော လုလင်ပျိုတစ်ဦးနှင့် တွဲလျက် ငိုယိုနေသောကြောင့် ထိုက်ကျင်သည် အသုဘပို့သောဒိမ်နီးချင်းများကို မေးကြည့်သည်။

"မနှင်းအိနဲ့ မောင်ငွေထွန်းနဲ့ဟာ မကြာခင်ကမှ လက်ထပ်ထားတဲ့ လင်မယားပဲ၊ မောင်ငွေထွန်းက ခုသူ့ယောက္ခမကြီးပိုင်တဲ့ ရွက်လှေကုမ္ပဏီ ပိုင်ရှင် ဖြစ်သွားပြီ"

ထိုက်ကျင်မှာ ရင်ကျိုးမတတ် ခံစားရလေသည်။

ဿ ဿ ဿ

သူ့အား ချစ်သူက သစ္စာဖောက်သွားပြီ ဖြစ်သောကြောင့် ထိုက်ကျင်မှာ ပီနန်ကျွန်းသို့လည်း ပြန်လိုစိတ်မရှိတော့။ ထားဝယ်တွင်လည်း မနေလိုတော့ပေ။ ဦးညိုသည် စိတ်မချမ်းမ[illegible] ဖြစ်နေသော ထိုက်ကျင်ကို ဆုံးမဩဝါဒများ ပေးလေသည်။

"လူကလေး လူဟာ အသက်ရှင်တုန်းမှာ အဓိပ္ပာယ်တွေ ရှာကြပြီး ကောင်းမကောင်း ခံစားတာပါကွာ၊ သေသွားတော့ မင်းမြင်တဲ့အတိုင်းပဲ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com





ရုပ်ကြီးကို အကြောင်းပြုပြီးတော့ လိုက်ခံစားနေတာ သေတဲ့အခါ ဘယ်သူမှ ဘာမှမပြောနိုင်တော့ဘူး၊ အဲဒီခန္ဓာကိုယ်ကြီး ဒီအတိုင်းကျန်ခဲ့တော့ ဘာတတ်နိုင်သေးလဲ''

မနင်းအိနင် ပဘ်သက်သော ခံစားချက်ကြောင့် ထိုက်ကျင်မှာ ဇရုပ်တိုင်ကိုမိုကာ ငြိမ်နေသည်။

''အလကားပါကွာ . . ဝမ်းနည်းတာ ဝမ်းသာတာ ပျော်တာ ပျင်းတာတွေဟာ အပိုတွေပဲ၊ အမှန်တော့ ဒီမမြဲတဲ့ သူများ လိုက်ပို့တဲ့ အသုဘကောင်ကြီးတွေထဲမှာ ဝင်ပြီး နေရတာ ဆင်းရဲဒုက္ခပဲ၊ ရွံစရာ စိတ်ပျက်စရာပဲ၊ မင်းလဲ အသုဘကောင်ကြီးကို အားပြုပြီး သွားလာနေတဲ့ကောင်ပဲ''

ထိုက်ကျင်သည် သုဘရာဇာကြီး ဦးညို၏စကားကို နှစ်သက်စပြုလာသည်။

''သေသကွာ အကြီးကြီးတွေလဲသေ၊ အသေးတွေလဲသေ၊ အလတ်တွေလဲသေ၊ သေသမျှ လူတွေဟာ ဒီနေရာရောက်လာတာပဲ၊ ပြီးတော့ အဲဒီအသေကောင်တွေကို မြေကြီးထဲ မြှုပ်ဟယ်၊ မီးရှို့ဟယ်၊ ဂူသွင်းဟယ်နဲ့ အမျိုးမျိုးလုပ်နေကြတာပဲ၊ ဘာအနှစ်သာရရှိလဲ''

''ဟုတ်တယ်နော် ဒီခန္ဓာကိုယ်ကြီး ရထားတာ ဘာအနှစ်သာရမှ မရှိဘူး''

ထိုက်ကျင်က သဘောပေါက်လာဟန်ဖြင့် ပြန်ပြောလိုက်လေသည်။

''အဲဒီတော့ အနှစ်သာရမရှိတဲ့ အကောင်ကြီးက ဘာမှ အနှစ်သာရ မရှိတဲ့ တခြားအကောင်ကို သွားပြီးတော့ စွဲလမ်းတာ ဗိုရယ်စရာကောင်းတာပေါ့၊ ထိုက်ကျင်လို့ ပညတ်သမုတ်အကောင်ပုတ်ရဲ့''

''ဦးညိုကြီးပြောတာ မှန်သဗျာ''

''အေး . . မှန်ရင် လာသမျှအသုဘကို သေချာရှုသေချာပိုပြီးတော့ စိတ်ပျက်လာလိမ့်မယ်၊ ဟော . . ပြောရင်း ဆိုရင်း ဟိုမှာ အသုဘတစ်ခု လာနေပြီ''

ဦးညိုကြီးသည် သင်္ချိုင်းထဲသို့ ဝင်လာသော လူစုလူဝေးရှိရာသို့ ထသွားလေသည်။ ဦးညိုကြီးကား ညဖက်







တွင် မျက်လုံးကောင်းကောင်းမမြင်၊ မှေးထားသော ချွေးလေးတစ်ကောင်ကို အားကိုးနေရသည်။

ဦးညိုကြီး ချွေးလေးမှာ လူကို မကိုက်သော်လည်း ညဘက် လူလာလျှင် ဟောင်တတ်လေသည်။

''ဝုတ် . . ဝုတ်''

''ဝုတ် . . ဝုတ်''

အဝတ်အစား မသေမသပ်ဝတ်လာသော လူများလာလျှင်လည်း ဝတုတ်သည် ဟောင်နေတတ်၏။ ဝတုတ်ဟောင်သံကြောင့် အသုဘတစ်ခုချပြီးနောက် လူများရှင်းလာသည့်အခါ သင်္ချိုင်းဝသို့ လှမ်းကြည့်လိုက်သည်။

ခရီးဆောင်အိတ်တစ်ခုကို လွယ်ကာ သင်္ချိုင်းထဲသို့ ဝင်လာသော အမျိုးသမီးငယ်တစ်ဦးကို တွေ့လိုက်ရသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





"ဟော့ . . ထိုက်ကျင် ထ . . ထစမ်း၊ ဟိုမှာ မိန်းမတစ်ယောက် သချိုင်းထဲကို ဝင်လာတယ်"

"ဘာလဲ ဦးညို"

"ထကြည့်စမ်းပါဦးကွာ"

အဝေးမှ ကြည့်သောအခါ လူလုံးမကွဲသောကြောင့် ထိုက်ကျင် ထကြည့်သည်။ ဇေက်ကြီးသချိုင်းသို့ ထိုက်ကျင် ရောက်ရှိနေသည်မှာ တစ်နှစ်ကျော်သည့်ကာလ ဖြစ်လေသည်။

"ဟင်"

သေသေချာချာ ကြည့်လိုက်တော့မှပင် သချိုင်းထဲသို့ ခရီးဆောင်အိတ်တစ်လုံးကို လွယ်လာသော မိန်းကလေးမှာ အလွန်ပိန်လှီသွားသော မနှင်းအိ ဖြစ်နေသည်ကို တွေ့ရလေသည်။

"နှင်း"

ထိုက်ကျင်သည် ပိန်လှီသေးကွေးသော ကိုယ်လုံးလေးကို ကြည့်ကာ

"နှင်း ဘယ်လိုဖြစ်ရတာလဲ နှင်းရယ်"

ဟု လက်မောင်းနှစ်ဖက်ကို ကိုင်လိုက်မိလေတော့သည်။ မနှင်းအိသည်လည်း မျက်ရည်များကျလာသည်။

"ကိုထိုက် . . ကိုထိုက် နှင်းကို ချစ်သေးရဲ့လားဟင်၊ နှင်းကို လက်ခံနိုင်သေးရဲ့လား"

ဟု မေးပြန်သည်။

"ကိုထိုက်က နှင်းကို ဘယ်လောက်ချစ်မြတ်နိုးတယ်ဆိုတာ နှင်း သိပါတယ်။ နှင်းဆိုတဲ့ မိန်းကလေး အသက်ရှိနေသမျှ ကိုထိုက်က တစ်ဘဝလုံး ပုံချစ်မှာပါ နှင်းရယ်"

ဦးညိုကြီးသည် ဇရပ်ပေါ်မှ ကြည့်နေရာမှ

"လူမြင်မကောင်းဘူး ထိုက်ကျင်ရေ၊ ဇရပ်ပေါ်သာ ခေါ်ခဲ့ပေတော့"

ဟု ဟစ်အော်သည်။

မနှင်းအိကို ကြင်နာယုယစွာ ဇေက်ကြီးသချိုင်းဇရပ်ပေါ်သို့ ခေါ်လာသည်။

မနှင်းအိက သူ့မိဘများပေးစားသော ကိုအောင်ဆိုသူမှာ သူ့ကို မနှစ်သက် မချစ်ခင်ကြောင်း၊ ငယ်ကျိုး





ငယ်နာများကို ပြောကာ မကြာခဏ ရိုက်နှက်ခဲ့ကြောင်း ပြောပြသည်။

မနှင်းအိ၏ ယောကျ်ားမှာ အလွန်သဝန်တိုတတ်ပြီး အလွန်လည်း စိတ်မြန်ကိုယ်မြန်ရှိကြောင်း ပြောပြသည်။

သူ့တွင်လည်း မနှင်းအိနှင့် အိမ်ထောင်မပြုမီက မိန်းမတစ်ဦးနှင့် အဆက်အသွယ်ရှိခဲ့ရာ ထိုမိန်းမဆီသို့သာ သွားရောက်နေသည်က များကြောင်းများကို ပြောပြသည်။

"သူ အခုရော နှင်း၊ လိုက်လာဦးမှာလား"

"မလိုက်နိုင်တော့ပါဘူး ကိုထိုက်၊ သူက ရှက်လေ့တစ်စီးနဲ့ လိုက်သွားရာက ရှက်လေ့ပျက်လို့ သေရှာပါပြီ ကျွန်မကလဲ ရှင့်ရဲ့သစ္စာကို ဖောက်မိပြီးတဲ့နောက် သူ့သစ္စာကို ထပ်ပြီးမဖောက်ချင်တာနဲ့ နေရတာပါ၊ တစ်နေ့မှတော့ စိတ်မချမ်းသာခဲ့ပါဘူးရှင်"

မနှင်းအိမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် လေးဘက်နာကဲ့သို့သော ရောဂါမျိုးစွဲကပ်လာခဲ့ရာ နှလုံးမှာလည်း အားနည်းနေလေသည်။



မိဘပစ္စည်းများကိုလည်း သူမသည် မမက်မောတော့ဘဲ ညီအစ်ကိုမောင်နှမများကိုသာ ပေးဝေပြီး ထိုက်ကျင်ထံသို့ ထွက်ခွာလာကြောင်း ပြောပြသည်။

ထိုက်ကျင်သည် မနှင်းအိကို သချိုင်းဇရပ်ကြီးတွင် ခေါ်၍ အတူနေရခြင်းကို မနှစ်သက်ပါ။ သို့သော် မနှင်းအိသည် ထားဝယ်မြို့ထဲ၌ မနေလိုကြောင်း ပြောသဖြင့် ဇေက်ကြီးသချိုင်းမှာသာ ဆက်၍နေခဲ့ကြသည်။

မနှင်းအိမှာလည်း မိဘပေးစားသော ယောကျ်ားကို ယူ၍ လောကစံတရားကို ပြင်းစွာခံစားရပြီး ချစ်သူထံရောက်လာရာ ဂုဏ်ပကာသနများကို မမက်တော့ချေ။

သို့သော် မနှင်းအိသည် သူ အလွန်ချစ်မြတ်နိုးသော ထိုက်ကျင်၏ ရင်ခွင်တွင် တစ်နှစ်သာသာ ကြာခဲ့ပြီးနောက် စွဲကပ်လာခဲ့သော လေးဘက်နာရောဂါကြောင့်ပင် ကွယ်လွန်သွားရှာလေတော့သည်။

"အဲဒီကတည်းက လောကကြီးမှာ ငါ ဘာမှမမက်တော့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပါဟော့ တင်မောင်ဦးရာ၊ ဟိုခရေပင်အောက်က မြေပုံလေးဟာ မနှင်းအိကသူသေရင် မြှုပ်ဖို့ပြခဲ့တဲ့ နေရာပေါ့၊ ဒီသချိုင်းမှာ သူရှိနေသမျှ ငါလဲ ဘယ်မှ မသွားတော့ဘူးလို့ ဆုံးဖြတ်ပြီးနေခဲ့တာပါ၊ ဦးညိုကြီးကတော့ သူဆုံးပြီး သုံးနှစ်လောက်ကြာမှ သေရှာတာပါ၊ ဟိုညောင်ပင်အောက်က မြေပုံက ဦးညိုကြီးနေရာပေါ့"

"ကဲ . . ဟင်းတွေ ထမင်းတွေလဲ ကျက်ပြီ၊ ဦးထိုက်ကျင် ဘဝဇာတ်လမ်းလဲ ဆုံးပြီ၊ဆိုတော့ စားဖို့ပဲ လိုတော့တာပေါ့"

ငှက်ပျောဖက်များကို ခုတ်ယူ ကာ ဩဇာသီးက ဇရပ်ပေါ်တွင် ခင်းလိုက်လေတော့သည်။

ဿ ဿ ဿ

အစားအသောက်ကို နိုင်ငံခြားရှိ စားသောက်ဆိုင်ကြီးများတွင် ထိုင်ကာ ကျကျနန ခရင်း၊ ဓွန်းနှင့်စားခဲ့ရသော တင်မောင်ဦးသည် ဇရပ်ပျက်ကြီးပေါ်၌ ငှက်ပျောဖက်ခင်းကာ ထမင်းပူပူ၊ ဟင်းပူပူကို စားရသော အရသာနှင့် နိုင်းယှဉ်ကြည့်မိလေသည်။



အစားအသောက်ဆိုသည်မှ ခင်မင်သော မိတ်ဆွေများနှင့် စာ သောက်ရခြင်း၊ ပူပူနွေးနွေး စားသောက် ရခြင်း၊ နှစ်သက်သော အစားအစာမျိ စားရခြင်းသည် အရသာအရှိဆုံး ဖြ သည်။

"တင်မောင်ဦး"

ဦးထိုက်ကျင်က လှမ်းခေါ် သည်။

"ဗျာ"

"မင်းက လူငယ်ဆိုတော့ ‹ လင်းတွေ ဖောက်ကွာ၊ မင်းက ဘ သောက်မှာလဲ ဝီစကီလား"

"ဝီစကီ မကြိုက်တော့ပါဘူ ဗျာ၊ ထားဝယ်က မီးတောက်တဲ့ ဆ အရက်က ပိုပြီးအရသာရှိတယ်၊ အဲဒါပဲ သောက်မယ်"

"ဟား . . ဟား . . ဟား . . မင်းလဲ ထားဝယ်သားတွေလို အရသာ ခံတတ်နေပြီကိုး၊ ဥဩရေ မင်းကော တော့ ထားဝယ်က ခွာနိုင်ပါ့မလား မသိ ဘူး"

ဦးထိုက်ကျင်က ဥဩကို တိုင် တည်ကာ 'ပြောလိုက်လေသည်။



"မခွာလို့တော့ မဖြစ်ဘူးဗျ၊ ရန်ကုန်မှာက သူ့သံယောဇဉ်ရှိတယ်၊ မနက်ဖြန်တော့ သူ သုံကြိုးရိုက်ဦးမှာ ပေါ့ဗျာ၊ ဟိုကပဲ လိုက်လာမလား၊ သူက ပဲ ပြန်မလားဆိုတာ ကြည့်ရသေးတာ ပေါ့"

အရက်ကို ရေနွေးကြမ်းပန်းကန်ထဲ ထည့်ကာ မော့ရင်း ဥဩက ပြောလိုက်သည်။

"ကျုပ်က အင်းဝခေတ်က ရှင်မဟာရဋ္ဌသာရရေးတဲ့ 'ပုရေနိသင်' ချိုရတုကို သိပ်သဘောကျတာ၊ တော်ကြာ တင်မောင်ဦး အဲဒီရတုထဲကလို ဖြစ်နေဦးမယ်"

ဥဩက အရက်တစ်ခွက် မော့သောက်ပြီး ထမင်းကို လက်နှင့်ဆုပ်ကာ ဝါးရင်း ပြောသည်။

မှောင်ရီပျိုးစအချိန်ဖြစ်၍ သူတို့ဇရပ်ထဲတွင် ဖယောင်းတိုင်မီးများလင်းလျက် ရှိနေလေပြီ။ ဩဇာသီးနှင့် ကျောက်မီးသွေးက ဝါဆိုဖယောင်းတိုင်လို ဖယောင်းတိုင်ကြီးများ ထွန်းလျက် ဇရပ်တန်းများပေါ်နှင့် ထမင်းဝိုင်းအလယ်တွင် ထားပြီးမှ ဝင်စားကြသည်။



ပထမဆုံး နှစ်ယောက်စလုံး ချထားသောအရက်ကို သောက်နေကြသည်။

"ဘယ်လို စပ်ထားလို့လဲ ဥဩရဲ့"

ဦးထိုက်ကျင်က မေးလိုက်သည်။ သူသည် တရုတ်ကပြားပင် ဖြစ်သော်လည်း မော်လမြိုင်ဖက်မှ လာကသော မြန်မာအငြိမ့်၊ ဇာတ်ပွဲများကို မလွတ်တမ်း ကြည့်တတ်သူပင် ဖြစ်လေသည်။

"ဒေသနိမိတ်၊ သက်ကြီးဆိတ်လည်း၊
မမှိတ်မျက်တောင်၊ သည်းခေါင်းဆူလည်း၊
ရှိချိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်၊
ဖူးချိန်သင့်ကို၊ မျှော်လင့်နိုးရှာပေတော့မည်"

တဲ့။ လူ့ဘဝက ရှင်မဟာရဋ္ဌသာရအလောင်း 'ဓမောင်မောက်'က သူ့ချစ်သူ ဘုရင်မင်းခေါင်သမီးလေး လွမ်းသလိုပေါ့ဗျာ၊ မောင်တင်မောင်ဦးပဲ လွမ်းမှာပေါ့"

ဥဩ၏ စကားကြောင့် အာလုံးပြုံးစေ့စေ့ ဖြစ်သွားကြလေသည်။

"ဦးလေးဥဩ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မီးသွေးက ခေါ်လိုက်သည်။

"ခုမှ ကျွန်တော် စဉ်းစားမိတယ်၊ ကျွန်တော်တို့များ ငရဲကြီးမလားမသိဘူး"

"ဘာကိုလဲ ကျောက်မီးသွေးရ"

"တင်မောင်ဦးက သူ့ဖနီးလောင်းနဲ့ လက်ထပ်တော့မယ့်ဆဲဆဲ ရတ်ကရက် ဦးလေးဥသြက ခေါ်လာတော့ တင်မောင်ဦးရော၊ ရန်ကုန်က မိန်းကလေးပါ စိတ်ညစ်ကြရတယ်၊ သူ့ကို ပြန်ပို့ဖို့ မစဉ်းစားသေးဖူးလား"

ကျောက်မီးသွေးက ရင်းနှီးသူများဖြစ်နေပြီကို သိ၍ အရက်ငှဲ့ရင်း ပြောလိုက်သည်။

"ဟုတ်တယ် . . ကျုပ်တော့ လူငယ်တွေရဲ့ အချစ်ကို ဂရုစိုက်ကူညီဖို့ ဆုံးဖြတ်ထားတယ်"

"ဘာဖြစ်လို့လဲ ဦးလေးထိုက်ရဲ့"

တင်မောင်ဦးက မေးလိုက်သည်။

"ဟာ . . ချစ်သူနဲ့ကွဲတဲ့ ဝေဒနာဆိုတာ ကိုယ့်ကိုယ်ကို သက်သေချင်လောက်အောင် စိတ်ညစ်ရတာလား၊ ဒါမျိုးက ခံစားဖူးမှသိတာ"

"ခုကျတော့ရော ဒီလိုပဲ ခံစားနေရသေးလို့လား ဦးထိုက်ကျင်ရဲ့"

ဥသြက မေးလိုက်ခြင်း ဖြစ်သည်။

"ခုကျတော့ဗျာ အသက်အရွယ်ကလဲ ကြီးလာ၊ လောကဓံအတွေ့အကြုံတွေကလဲ များလာတော့ ငယ်ဘဝကလိုတော့ မဆိုးတော့ပါဘူး၊ ဒါပေမယ့် တမြေ့မြေ့တော့ ရှိသေးတာပဲ"

"ကျွန်တော် မသိလို့ မေးပါရစေ၊ တမြေ့မြေ့ဆိုတာ ဘယ်လိုနေလဲ"

အရက်နှစ်ခွက် လောက်သောက်ပြီးနေသော ဩဇာသီးက ဝင်မေးလိုက်သည်။

"ဩဇာသီး"

"ဗျာ"

"မင်း ရည်းစားမထားဖူးဘူးလား"

"အင်း . . ကိုယ်ကကြည့်ပြီး ကြိုက်တာတော့ ရှိတာပေါ့၊ ဒါပေမယ့် ဘုကြီးတွေ ပေါက်နေတဲ့ ကိုယ့်မျက်နှာကို ပြန်ကြိုက်တဲ့ မိန်းကလေးတော့ မရှိပါဘူးဗျာ"

"ဟား . . ဟား . . ဟား"

ဇရပ်ပေါ်မှ ညစာစားပွဲကား ပျော်စရာကောင်းနေလေသည်။

❧ ❧ ❧

ရန်ကုန်က စီးလာသော ရွက်လှေကြီးမှာ ဒေါက်တင်၍ ပြင်ဆင်လိုက်ရာ ရွက်သင်္ဘောကြီးတစ်စီးကဲ့သို့ ခိုင်ခံ့သွားသည်ကို တွေ့ရလေသည်။ ကုန်းပတ်ဘေးမှာ ဟောင်းနေသော လှေနံရံအကာများကို သစ်သားအသစ်များဖြင့် အစားထိုးလိုက်သည်။

ပင်လယ်ပြင်တွင် မည်မျှကြံ့ခိုင်မှုရှိမရှိကို စမ်းသပ်သည့် အနေဖြင့် မြိတ်ကျွန်းစုထဲရှိ 'ခဲနောက်ကျွန်း'ကို ရှာဖွေကြရန် ရသေ့ကြီးဦးဝိရက မိန့်မှာထားသည်။

နံနက်ဆယ်နာရီခန့် အချိန်တွင် ရွက်လှေကြီးပေါ်သို့ တင်မောင်ဦးနှင့်တကွ သူတို့အဖွဲ့သားများ ရောက်ရှိနေကြလေတော့သည်။

သံဖနောင့်နှင့် ဩဇာသီးမှာ ပင်လယ်ပြင်တွင် ရွက်သင်္ဘောများဖြင့်





သွားလာသော အတွေ့အကြုံရှိပြီးဖြစ်ရာ ဥသြက ဝိစိမှုတ်လိုက်သည်နှင့် ရွက်များကို ဆင်ပြီးကြလေပြီ။

လှေပေါ်တွင် စားသောက်ဖွယ်ရာရိက္ခာများကို တစ်ရက်နှစ်ရက်ကတည်းက စုဆောင်းထားပြီး ကျောက်မီးသွေးက ကျောက်ကြိုးကို ဖြုတ်ကာ လှေပဲ့ရှိ သံလက်ကိုင်ပါသော ဘီးကြီးကို ရစ်ကာ တင်လိုက်သည်နှင့် ရွက်တိုင်သုံးခုပါသော လှေကြီးမှာ လှုပ်ရှားကာ ပင်လယ်ပြင်သို့ တရွေ့ရွေ့ ထွက်လာလေတော့သည်။

တင်မောင်ဦးသည် ကုန်းပတ်ပေါ်ရှိ လှေကြီးနံရံတွင် ကာထားသော သံဇကာကိုမှီကာ ပင်လယ်ပြင်ကို ကြည့်လျက် လိုက်ပါလာလေသည်။ ဥသြသည် ပဲ့ပိုင်းရှိ ဩဇာသီးတို့နှင့် စကားပြောပြီး ထွက်လာရာတွင် တင်မောင်ဦး ထိုင်နေသည်ကို တွေ့၍ လာထိုင်လေသည်။

ပဲ့စပ်တွင် လူတစ်ဦးဦး အမြဲရှိမှသာ စိတ်ချရမည် ဖြစ်သောကြောင့် ပဲ့ကိုင်သုံးဦးကို ထားဝယ်ဆိပ်ကမ်းမှ ငှားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုင်လိုက်လာသော လူသုံးယောက်မှာ ကျွဲပေါက်များနှင့် တူပြီး အပေါ်ပိုင်းတွင် အင်္ကျီမဝတ်ဘဲ အမြဲလို နေတတ်ကြသူများလည်း ဖြစ်ပေသည်။

စုံသွားလျှင် မကောင်းဟု ဆိုသော ရက်ပတ်ဖြစ်၍ မဂ္ဂဇာ န်းဖြစ်အောင် လူဆယ့်တစ်ဦးလေ့ပေါ် တင်ထားရသည်။ သူတို့ငါးဦးနှင့် ကုန်းပတ်သန့်ရှင်းရေး ရွ ်တိုင်ထိန်းသိမ်းရေး လူသုံးဦး စုစုပေါင်း ငှားလာသူ ခြောက်ဦးရှိလေသည်။

လှေငှားအားလုံးမှာ ဖျတ်လတ်၍ ပင်လယ်ပြင် အတွေ့အကြုံရှိသူများပင် ဖြစ်လေသည်။ နေရောင်ခြည်အောက်တွင် ထားဝယ်မြို့နှင့် မောင်းမကန်ဆိပ်ကမ်းတို့သည် တဖြည်းဖြည်း ဝေး၍လာလေသည်။

တင်မောင်ဦးသည် ပင်လယ်ပြင်ထဲသို့ ငေးကြည့်ရင်း ရွက်လှေမှာ ပေါ့ပါးစွာ လေဆောင်ယူရာသို့ ရွေ့လျားနေသည်ကို ကြည့်ရှုနေလေသည်။

"ဦးလေးဥညြ"

"ဟေ"

"ရန်ကုန်က ကျွန်တော်တို့လာ တုန်းက ဒီလှေကြီးဟာ သွားနှုန်း ဒီလောက် မရှိဘူးနော်"

"ဟုတ်တယ် . . ရေစူးနေရ က ပေါက်လို့ အမြဲသဘိထားနေရတာ ကိုး၊ ခုတော့ စိတ်ချလက်ချ ပင်လယ် ပြင်ကို သွားလို့ရပါပြီ"

ပင်လယ်ပြင်ကျယ်ကြီးမှာ ယ ခုအခါ တင်မောင်ဦးအဖို့ အစိမ်းကြီး မဟုတ်တော့ပေ။ ဖြတ်သန်းသွားလ သော ရွက်လှေများ၊ တံငါလှေများကို တွေ့နေရခြင်းအားဖြင့် ထားဝယ်နှင့် သိပ်ဝေးသော ပင်လယ်ပြင်မဟုတ်သေး ဆိုသည်ကို သိရှိနိုင်လေသည်။

ထားဝယ်နှင် ရေမိုင်နှစ်ဆယ် လောက်တွင်

ခလိကျွန်းနှင့် ပု ကျွန်းတို့ ရှိသည်။ ထိုကျွန်းများပေါ်တွ ပုလဲမွေးမြူရေး လုပ်ငန်းများ လုပ်ကို သူတို့ ရှိလေသည်။

ကင်းလှည့်နေသော သင်္ဘောများသည်လည်း ထားဝယ် မြိတ်ကျွန်းစုများ တစ်ဝိုက်တွင် လှ လည်ပျော် ရှိနေလေသည်။





နံနက်စာ စားသောက် ချိန်သို့ ရောက်သောအခါတွင် ကမ်းခြေ၌ သောင့်ပြင်ကျယ်နှင့် အုန်းပင်များရှိသော ကျွန်းတစ်ကျွန်းကို တွေ့လိုက်ကြရသည်။

"အဲဒါ ဘာကျွန်းလဲ ဦးလေးဥညြ"

"အဲဒါက ပုလဲကျွန်းပါကွာ၊ ကျွန်းပေါ်က အဆောက်အဦ က ရေဘပ်က အဆောက်အဦးပဲ"

ကျွန်းပေါ်ရှိ သစ်ပင်များကြားတွင် ခပ်ပြားပြား အဆောက်အဦ ကို တွေ့မြင်လိုက်ရသည်။

ဆ ဆ ဆ

တောင်ဘက်ပိုင်းသို့ ပို၍ ရောက်လာလေ ကျွန်းစုများမှာ ပို၍ များလာလေ ဖြစ်သည်။ ရေ့နောက်ဝဲယာ နှစ်ဖက်တွင် သစ်ပင်လေးများ၊ သစ်တောအုပ်များ၊ ပေါက်ရောက်နေသည့် ကျွန်းများကို တွေ့ရသည်။

အချို့ကျွန်းများမှာ အိမ်လေးနှစ်လုံးသုံးလုံး တွေ့မြင်ရပြီး အချို့ကျွန်းတို့မှာ လူနေပုံမရချေ။ သဲသောင်ပြင်နှင့် သစ်ပင်စိမ်းညို့ညို့ကြီးများ ရှိသည်။ ကျွန်းကြီးများပေါ်တွင် တောင်တန်းကြီးများလည်း ရှိနေလေသည်။

စိမ်းလန်းသော ကျွန်းများ သောင်များကို မြင်ရသောကြောင့် ကျွန်းတစ်ကျွန်းတွင် စခန်းချညအိပ်ကြရန် ရွေး ချယ်နေကြသည်။

"တင်မောင်ဦး"

"ဗျာ"

"မင်းအခုနေနဲ့ကတော့ သိပ်ထူးဆန်းနေမှာပဲနော်၊ ဟိုကျွန်းကို ကြည့်စမ်း လှေကားထစ်တွေလိုပဲ တောင်တွေနဲ့ ကျောက်လွှာတွေက အဆင့်ဆင့် ဖြစ်နေတာ တွေ့လား"

ဥညြက သူတို့ဘက်မှ မြင်နေရသော ကျွန်းကို လက်ညှိုးထိုးပြသည်။ လှေကားဆိုသည်မှာ လူတို့က တောင်ကြောပေါ်သို့ တက်နိုင်ရန် အဆင့်ဆင့် လုပ်ထားခြင်း ဖြစ်သည်။

ယခုကား ထိုသို့ မဟုတ်။ လျှောင်ကြောင့်သော်လည်းကောင်း၊ မြေလွှာပြတ်ရွေ့သောကြောင့်သော်လည်း ကောင်း ဖြစ်ပေါ်လာသော လှေကား



www.burmeseclassic.com

www.burmeseclassic.com



ထစ်ကြီးများ ဖြစ်နိုင်သည်။

ပြားပြားနှင့် ရှည်ရှည်များ ဖြစ်နေသော မြေကြီးမှာ လူတို့ပြုလုပ်ထားသည် နန်းတော်တို့၏ လှေကားများထက်ပင် ရှည်လျားကာ အပြားလည်း ကြီးသည်။

အရှည်မှာ မိုင်ဝက်ခန့်မကရှိ၍ တစ်ထပ် တစ်ထပ်လျှင် ပေတစ်ရာကျော်ခန့် အနံရှိပြီး အမြင့်မှာ ပေငါးဆယ်ကျော်မျှ ဖြစ်ရာ ကြည့်၍အလွန်ကောင်းလေသည်။

မြေနီနှင့် ကျောက်လွှာပေါင်းထားသော မြေသားမျိုးဖြစ်၍ အရောင်မှာ ပန်းရောင်သမ်းနေကာ အချို့နေရာများတွင် သစ်ပင်ငယ်လေးများ ပေါက်နေသည်။ လှေကားပေါ်တွင် ပေါက်နေသော သဘာဝသစ်ပင်ပန်းပင်များပင် ဖြစ်လေသည်။

ကျွန်းများမှာ တစ်ကျွန်းနှင့်တစ်ကျွန်း တစ်မိုင်နှစ်မိုင်မျှဝေး၍ အချို့ကျွန်းများမှာ သေးငယ်ပြီး လူနေစရာပင် မရှိသလောက် သစ်ပင်စုလေးများသာ ရှိနေလေသည်။ အချို့ကျွန်းများမှာကား ရေထဲတွင် မြွေတစ်ကောင်လို ပိန်လိုရှည်မျောနေလေသည်။



သို့သော် တောင်တန်း တော[...]ကုန်းများရှိ၍ သဘာဝသယံဇာတမျ[...]လည်း ကျွန်းပေါ်တွင် ရှိနေဟန်တူ[...]သည်။

"တင်မောင်ဦး ဒါတွေဟ[...] မြန်မာပြည်က ပိုင်တဲ့သဘာဝသယံ[...] တတွေပေါ့ကွာ၊ ခုတော့ အင်္ဂလိပ်လက်[...] အောက်ကို အကုန်ရောက်ရတော့တ[...] ပဲ၊ ဟော . . မင်းက အောက်စဖို့ဒ်ထွက်[...] ဆိုတော့ မေးရဦးမယ်"

"မေးပါဗျာ သိတာဆိုလဲ ဖြေ[...] မှာပေါ့"

"အင်္ဂလိပ်အစိုးရက အိန္ဒိယ[...] ပြည်ရော မြန်မာပြည်ရော လက်နက်[...] အားကိုးနဲ့ လက်အောက်ခံလုပ်ထား[...] တယ် မဟုတ်လား"

"ဟော . . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျာ့ . .

ဥဩသာမက အနီးတွင်ရှိ[...] သော ဩဇာသီးနှင့် သံပရာနောင့်တို့က[...] ပါ နားထောင်နေကြသည်။

"ငါတို့ကတော့ ဇာတိမာန်နဲ့[...] အင်္ဂလိပ်တွေကို မြန်မာပြည်ထဲက[...]





မောင်းထုတ်ပြီး ကိုယ့်ပြည်ကိုယ် အုပ်ချုပ်ချင်တာပဲ တင်မောင်ဦးရေ"

"ဒါဆိုရင်တော့ ကျွန်ုပ်ဘဝက လွတ်အောင် စည်းကမ်းရှိဖို့ စနစ်ရှိဖို့ တော့ လိုမှာဗျ"

"အဲဒါက နောက်ပိုင်းပေါ့ တင်မောင်ဦးရာ၊ လောလောဆယ်တော့ ဒီကျွန်းတွေ ဒီမြေဒီရေတွေ တို့ပြန်ရအောင်တော့ လုပ်ကြရမှာ မဟုတ်လား၊ ခုဆို ထားဝယ်မှာတောင် ဝံသာနုအသင်းတွေ ဘာတွေ ပေါ်နေပြီ"

တင်မောင်ဦးကဲ့သို့ နိုင်ငံခြားပြန်များအဖို့ကား အင်္ဂလိပ်စနစ်နှင့် အင်္ဂလိပ်ပညာရေးကို အထင်ကြီးလေးစားနေမည်မှာ မလွဲပေ။

✦ ✦ ✦

အင်္ဂလိပ်အစိုးရမှာ ပုလဲငုပ်၍ရသော မလိကျွန်းနှင့် ပုလဲကျွန်းကဲ့သို့ ကျွန်းကြီးများတွင်သာ ကင်းရေယာဉ်များဖြင့် အုပ်စိုးထားရာ တောင်ပိုင်းသို့ကျသော ကျွန်းများဖက်သို့ကား အုပ်ချုပ်မှု ဩဇာသိပ်မလွှမ်းနိုင်သေးချေ။



'ခဲ နောက်ကျွန်း' သို့ မရောက်မီ သူတို့သည် စိမ်းညို့သော သစ်တောနှင့် တောင်ကုန်းများ ရှိနေသည်။ 'ကျွန်းသာယာ' တွင် တစ်ညတာ အိပ်စက်ရန် ဝင်ရောက်နား ခိုလိုက်ကြရတော့၏။

ကျွန်းသာယာဆိုသည်မှာ သူတို့ပေးသော အမည်မဟုတ်။ စိမ်းလန်းသောကျွန်းနှင့် သာယာသော သောင်ပြင်ရှိသောကြောင့် လှေသင်္ဘောများက ဤကျွန်းကို ကျွန်းသာယာဟု အမည်ပေးခြင်းပင် ဖြစ်သည်။

ကျွန်းပေါ်တွင် ဝက်၊ ကြက်၊ ဘဲ စသောသားကောင်များရှိနိုင်၍ ကမ်းစပ်တွင် ချက်ပြုတ်စားသောက်သော မီးဖိုရာများကို တွေ့နိုင်လေသည်။

ကျွန်းစုများတွင် လှည့်လည်သွားလာသူတို့အတွက် အဓိက အရေးကြီးသည်ကား ရွက်လှေကြီးပင် ဖြစ်လေသည်။ ရွက်လှေကိုကား နေ့နေ့ညည သတိဖြင့် စောင့်ကြည့်ကြရသည်။ ရွက်လှေကို အနိုင်ခံရလျှင် မြို့ပေါ်သို့ လူစီး[...]သောကား ပျောက်သည်ထက် ဂိ[...]ပေမည်။



www.burmeseclassic.com

ထို့ကြောင့် ကျွန်းထဲသို့ စီးဝင်သွားသော ချောင်းလေးထဲသို့ ရွက်တိုင်များလှဲချကာ လှေကြီးကို ကြိုးဖြင့်ဆွဲယူသူကယူ တွန်းသူကတွန်းဖြင့် ပင်လယ်ပြင်မှ မမြင်ရအောင် လုပ်ကြရသည်။

ပေနှစ်ဆယ်မျှ ကျယ်သော ချောင်းဖြစ်၍ သစ်ပင်ကြီးများက ကမ်းနှစ်ဖက်မှ မိုးနေရာ လှေကြီးကို ပေငါးဆယ်မျှ ဝင်ခဲ့ပြီးသည်နှင့် ဆက်ဝင်၍ မရတော့။ ချောင်းက ကျဉ်းကာ သစ်ပင်များကလည်း ပိတ်ဆို့သွားသောကြောင့်ပင် ဖြစ်၏။

"တော်ပြီဟေ့ . . တို့ လှေငေါ် မှာပဲ အိပ်တာ ကောင်းမယ်၊ တောထဲမှာက ဘာရှိမှန်းမသိသေးဘူး"

ငှက်များနှင့် မျောက်များက တော့ ကျွန်းတိုင်းလိုလိုပင် ရှိနေရာ ငှက်အုပ်ကြီးများ ပျံသန်းသွားသကဲ့သို့ပင် တကွဲကွဲအော်၍ တောထဲသို့ ပြေးဝင်သွားသော မျောက်များကိုလည်း တွေ့ရသည်။

တင်မောင်ဦးနှင့် ကျောက်မီးသွေးတို့သည် ဥသြ၏ရှေ့တွင် ရပ်လိုက်ကြသည်။





"ဒီမှာ ဟိုသေတ္တာကို သယ်ယူပြီးလာခဲ့"

ဥသြက ပဲ့ပိုင်းလှေနံရံတွင် ကပ်ကာ သော့သုံးလုံးခတ်ထားသော သေတ္တာကို ဖြုတ်ယူလာနိုင်းသည်။

ကျောက်မီးသွေးနှင့် သြဇာသီးတို့က သော့သုံးလုံး ခတ်ထားသည့် သုံးပေခန့်ရှည်သော သေတ္တာပြားလေးကို ဖြုတ်ယူလာကြသည်။

"လာ လာ . . ဒီမှာ မချွန်း ဦးခန်းထဲကို ယူခဲ့"

ငှားလာသော အလုပ်သမားများမှာ ရွက်ဟိုင်များပေါ်မှ ရွက်များကို ချနေ၍ သူတို့လူစု အိပ်ကြသော လှေကြီး၏ဦးခန်းသို့ သေတ္တာရှည်လေးကို ဆွဲယူလာကြသည်။

"လာ . . တင်မောင်ဦး မင်းပါလိုက်ခဲ့"

ကိစ္စရှိသည်ဟု ထင်မှတ်သောကြောင့် တင်မောင်ဦးလည်း လိုက်ပါလာခဲ့သည်။

"တံခါးပြန်ပိတ်လိုက်"

ကျောက်မီးသွေးက တံခါးပြန်ပိတ်လိုက်လေသည်။ ဦးဘက်ရှိ မှန်တံ





ခါးမှ အလင်းလေးသာ အခန်းထဲသို့ ထိုးဝင်နေလေသည်။

"ဒီမှာ ဒါထားဝယ်က ပွဲစားကြီး ဦးစံတင်နဲ့ လယ်ဝန်ဦးခင်တို့ကိုင်တဲ့ သေနတ်တွေပဲ တင်မောင်ဦး မင်းသေနတ်ပစ်တတ်လား"

"ကျွန်တော် ၃.၅ မီလီမီတာနဲ့ ဝင်ချက်စတာရိုင်ဖယ်တော့ ပစ်တတ်ပါတယ်"

အောက်စဖို့ဒ်တွင် နေစဉ်က သေနတ်ပစ်အသင်းဝင်ခဲ့၍ ထိုသေနတ်မျိုး ပစ်တတ်နေခြင်း ဖြစ်သည်။

ရိုင်ဖယ်ပြောင်းရှည် နှစ်လက်ကို ထုတ်ကာ ဥသြက တစ်လက်ကိုင်၍ တင်မောင်ဦးကို တစ်လက်ပေးလိုက်လေသည်။

"ကဲ . . ကျောက်မီးသွေးနဲ့ သြဇာသီးပါ လိုက်ခဲ့၊ ဟင်းစားသွားရှာရအောင်"

ဖ ဖ ဖ

တင်မောင်ဦးသည် ကျည်ဆန်နှစ်တောင့်ကို ထည့်ယူလာကာ အဆင်သင့် ပစ်ခတ်နိုင်ရန် ပြုလုပ်ထားလိုက်သည်။ ထားဝယ်မြို့ထဲတွင် ထိုသေနတ်များကို လူမြင်သူမြင်ကိုင်ပါက လက်နက်မှုဖြင့် အဖမ်းခံရနိုင်သည်။

မိမိကိုယ်ကို ကာကွယ်ရန်နှင့် အမဲလိုက်ရန်အတွက်မူ သုံးခွင့်ရှိပေသည်။ သို့သော် ဥသြကဲ့သို့ လူမျိုး ငှားရမ်းခြင်းကား တရားမဝင်ပါပေ။

သို့သော် အင်္ဂလိပ်ခေတ်က မုဆိုးများသည် အရေးပိုင်၊ မြို့ပိုင်နှင့် သစ်တောဝန်ထောက်တို့နှင့် ရင်းနှီးမှသာ သေနတ်ကို သိသိသိပ်သိပ် ကိုင်ခွင့်ရရှိကြသည်။

လယ်ဝန်ဦးခင်က တစ်ဆင့် ပွဲစားဦးစံတင်ဆီကပါ ရိုင်ဖယ်ပြောင်းရှည်ရအောင် ဥသြက ကြံစည်ခဲ့ခြင်းပင် ဖြစ်လေသည်။

လှေလိုက်လာသော လူငါးခြောက်ဦးကို အုပ်ချုပ်ရန် သံဖနောင့်ကို ထားခဲ့ပြီ သူတို့လေးဦး တောထဲသို့ ဝင်လာကြသည်။ တောထဲသို့ မရောက်မီကတည်းက သူတို့၏ နှာခေါင်းထဲတွင် ညှီစို့စို့အနံ့ကြီးတစ်ခုကို ရခဲ့လေသည်။

"ဟာ . . ဒါဘာနံ့လဲ၊ တင်မောင်ဦး သေချာရှုကြည့်စမ်း"

တင်မောင်ဦးက ရှူ၍ အနံ့ခံ





www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

"ဒါ . . သတ္တဝါတစ်ကောင်ကောင် သေပြီး ပုတ်စော်နံနေတာပဲ၊ ကျွန်းပေါ်မှာ ကျားတွေ ဘာတွေ ရှိမလားမသိဘူး"

တင်မောင်ဦးက ထိတ်လန့်စွာဖြင့် ပြောလိုက်သည်။

"ကျားရှိတော့ရော ကြောက်ရမှာလား တင်မောင်ဦးရာ၊ မင်းရဲ့ နှစ်လုံးပြူးကျည်က ဆင်တောင် ပစ်လို့ရပါတယ်ကွ"

တင်မောင်ဦးမှာ ကျားနှင့် နင်လား ငါလား ရင်ဆိုင်ဖူးသူ မဟုတ်ပေ။ သူတို့သည် ချောင်းဖျားရှိရာ တောင်ကြောဖက်သို့ တက်လာရာ ချောင်းထဲသို့ ရေဆင်းသောက်နေသော တောဝက်တစ်ကောင်ကို တွေ့လိုက်ရလေသည်။ ခြေသံကို လုံအောင် လျှောက်လာသောကြောင့် တောဝက်က သူတို့ကို သတိမပြုမိပေ။

တောဝက်၏ အစွယ်ကြီးနှစ်ချောင်းမှာ ပါးစောင်ဘေးသို့ ထွက်၍ ပင်ကောက်နေလေသည်။ တင်မောင်ဦးသည် သစ်ပင်ခွတွင် သေနတ်ပြောင်းတင်ကာ သူ့ဘေးမှ ဥဩကို မေးငေါ့မေးလိုက်သည်။

သဘောမှာ တောဝက်ကို ပစ်ရမလားဟု မေးမြန်းလိုက်ခြင်းပင် ဖြစ်၏။

ဥဩက ခေါင်းညိတ်ပြလိုက်သည်။ တောဝက်၏ လက်ပြင်နောက်ပိုင်း အသဲနှလုံးနေရာကို ချိန်ထားသော တင်မောင်ဦးသည် မောင်းကို ဆွဲဖြုတ်လိုက်သည်။

"ဒိုင်း"

"ဝုန်း"

"ဝေါ"

တစ်တောလုံး လှုပ်လှုပ်ရှားရှား ဆူညံသွားလေတော့သည်။ ချောင်းဘေးမှ ပြေးသွားသော သားကောင်များ၏ အသံကို ကြားလိုက်ရသည်။ အရေးကြီးသည်မှာ ကျည်ဆန်ကို ချွေတာသုံးစွဲဖို့ပင် ဖြစ်လေသည်။

သူ၏သေနတ်ကျည်မှာ တောဝက်၏လက်ပြင်အောက်သို့ တန်းတန်းမတ်မတ် ဝင်သွားသည်။ တောဝက်သည် ချောင်းသစ်ပင်များကြားသို့ ကျကာ တခွီးခွီးနှင့် လှုပ်ရှားနေသည်။





သို့သော် ဝင်ချက်စတာ ကျည်ဆန်က ချက်ကောင်းကို ထိမှန်သွားသောကြောင့် ရုန်းကန်နိုင်ခြင်း မရှိတော့ဘဲ ငြိမ်သက်သွားလေတော့သည်။

တောဝက်ကို ဩဇာသီးနှင့် တင်မောင်ဦးတို့က ဝါးလုံးရှိကာ ထမ်းလိုက်သည်။

"ဟာ . ဒီမှာ ယုန်တစ်ကောင် လန့်ပြီး ကျောက်တုံးနဲ့တိုက်သေနေတယ်"

ကျောက်မီးသွေးက ဝဝတုတ်တုတ် ယုန်လေးကို နားရွက်မှ ဆွဲယူလိုက်သည်။ ချောင်းစပ်ရှိ တောဝက်နှင့် မနီးမဝေးမှာပင် အခြားယုန်တစ်ကောင်လည်း သစ်ပင်နှင့် တိုက်ကာ မူးလဲနေသည်ကို တွေ့၍ ဥဩက ဆွဲယူလာခဲ့လေသည်။

+ + +

ထိုနေ့ညနေစာအတွက်ကား တောဝက်တစ်ကောင်၊ ယုန်နှစ်ကောင်နှင့် လှေကြီးပေါ်တွင် ပါလာသော ဆတ်သားခြောက်များကို ယူကာ ချက်ပြုတ်စားသောက်ဖို့ ပြင်ဆင်ကြလေသည်။

"မဆလာတွေ ငရုတ်ကောင်းတွေ ပါသေးလား ကျောက်မီးသွေး"

"ပါတာပေါ့ဗျာ၊ . . ပုန်းနဲ့ထည့်ထားတာ၊ ကဲ . . သွားယူကွာ၊ ဟိုကောင်လေးတွေ မီးဖိုလုပ်ကွာ"

"ဘယ်နားမှာ လုပ်မလဲ"

"အင်း . . ကြည့်လိုက်ဦးမယ်"

ဥဩသည် လှေကို ခေါင်းဆောင်လာသူဖြစ်၍ ထမင်းဟင်းချက်ရန် နေရာထိုင်ခင်းကို ရွေးချယ်လိုက်လေသည်။ လှေကြီးဘေးရှိ တက်၍ဆင်း၍ ကောင်းသော သဲပြင်ပေါ်မှ ချုံနွယ်များကို ခုတ်ခိုင်းလိုက်၏။

"ဒီအပင်တွေ ခုတ်ကွာ၊ ဒီနားမှာ မီးဖိုလုပ်တာ ကောင်းမယ်"

ထားဝယ်သား သုံးလေးဦးသည် ဓားများကိုင်ကာ ချုံနွယ်များကို ခုတ်ပစ်လိုက်သည်။ ထို့နောက် မြေကြီးကို တူးကာ မီးဖိုလုပ်လေသည်။

ကျောက်မီးသွေးက လမုနှင့် ကနစိုကိုင်းခြောက်များကို ခုတ်ကာ ပစ်ချပေးလိုက်လေသည်။

ပြီးသည်နှင့် ချောင်းစပ်တွင် ဝက်ကြီးကို ဩဇာသီးနှင့်အတူ ဖျက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှ ယူလာသော အိုးထဲသို့ ကလိစာများကို ရေစင်စင်ဆေးကာ ခုတ်ထစ်၍ ထည့်လေသည်။ ဝက်ကလီစာအချို့ကို စွတ်ပြုတ်ပြုတ်ပြီး အချို့ကို ဆီပြန်ချက်၍ စားရန် ဖြစ်လေတော့သည်။

"ဒီနေရာက ကောင်းတော့ ကောင်းတယ် ကျောက်မီးသွေးရ၊ ဒါပေမယ့် ခြင်များကိုက်မလားတော့ မသိဘူး"

ကျောက်မီးသွေးက မီးဖိုမှ မီးတောက်ပေါ်တွင် စွတ်ပြုတ်အိုးကို တင်ရင်း

"ခြင်ကိုက်တာက မသေပါဘူးဗျာ၊ တော်ကြာ ကျားတွေ ကျားသစ်တွေ လာမှာပဲ ကြောက်တယ်"

ဟု ပြောလိုက်သည်။

ကျောက်မီးသွေး ပြောသော စကားက မှန်သည်။ ချောင်းဘေးသစ်ပင်မြင့်ပေါ်တွင် သေနတ်တစ်လက်ဖြင့် တင်မောင်ဦးက ကင်းတက်စောင့်နေသည်။ နေရောင်ရှိသည့်အချိန်ကတော့ ကိစ္စမရှိ။

ခပ်ဝေးဝေးမှ သောင်ပြင်နှင့် တောတန်းကို မြင်နေရသည်။ သောင်ပြင်သို့ ထွက်လာသော မျောက်များနှင့် ရေသောက်ဆင်းလာသည့် ဖြူဖြူရှည်ရှည်ခွေးနှင့် တူသော အကောင်ကြီးတစ်ကောင် နှစ်ကောင်ကို တွေ့မြင်ရလေသည်။

ဖြူဖြူအကောင်မှာ နှုတ်သီးရှည်၍ အမွေးဖွားသည်။ အမြီး က ပို၍ဖွာနေသည်။

"တင်မောင်ဦးရေ လာဟော့ ဟင်းတွေကျက်ကုန်ပြီ၊ စားသောက်ပြီး စောစောနားကြရအောင်"

ဥသြက လှမ်း၍ ခေါ်လိုက်၏။

ဆ ဆ ဆ

မှောင်ရီမသမ်းမီမှာပင် သူတို့ ချက်ပြုတ်နေသော ဝက်သားကင်၊ ဝက်သားပေါင်းနှင့် ဝက်စွပ်ပြုတ်တို့သည် အနံ့တထောင်းထောင်း ထွက်လာတော့၏။

ယုန်ကလေးများကို မီးမြိုက်ကာ အသားထွင်၍ ကြွပ်ကြွပ်ကြော်ထားရာ မဆလာချင်းတို့ကြောင့် မွှေးပျံ့၍နေလေသည်။





ဆာလောင်နေသော တင်မောင်ဦးမှာ ဟန်မဆောင်နိုင်တော့ဘဲ ထမင်းပွဲကို ငှက်ပျောဖက်ပေါ်တွင် လာချသည်။ ဆီ ချားသော ယုန်သားကြော်နှင့်အားရပါးရ စားနေမိလေတော့၏။

"ဟ . . တင်မောင်ဦးရ၊ စားနေပြီလား"

"ဟုတ်တယ် ဦးလေးဥသြရေ၊ ကျွန်တော် တော်တော်ဆာနေပြီ၊ ဒါနဲ့ ပြောရဦးမယ်"

"ဘာလဲကွ"

"ကျွန်တော် သစ်ပင်ပေါ်မှာတက် ကင်းစောင့်တုန်းကလေ နှုတ်သီးရှည်ရှည် အမြီးဖွားဖွားနဲ့ကောင်တွေ တွေ့တယ်"

"သူတို့အမွေးတွေကရော"

"သူတို့အမွေးတွေက အဖြူရောင်တွေပေါ့"

"ဟင်"

"ဟာ"

တင်မောင်ဦး စကားကြောင့် ထမင်းစားနေသည့် သူများ ထမင်းလုတ်များကို ပါးစပ်ထဲမှာ မထည့်ဖြစ်ဘဲ ဖက်ပေါ်သို့ ပြန်ချကာ ထမင်းစားသည့် ဖက်ကို ထုပ်လိုက်သည်။

"မြန်မြန်လုပ် ထမင်းအိုး ဟင်းအိုးတွေ လှေပေါ်ကို ကြိုးနဲ့ဆွဲတင်ကြ"

ဥသြ၏ အမိန့်ပေးသံကြောင့် လူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လှေတွင် အငှားလိုက်လာသော လှေငယ်လေးများက ပို၍မြန်သည်။

သူတို့သည် ထမင်းအိုးနှင့် ဟင်းအိုးများကို ကြိုးနှင့် ဆွဲတင်ကာ လှေပေါ်သို့

ပို့ကြသည်။

မီးတောက်နေသော မီးဖိုများကို ရေနှင့်ငြိမ်းကြ၏။

"ဘွတ်"

"ဘု"

ထိုအချိန်မှာပင် ခွေးအအော်သံများ ကြားရလေတော့သည်။

"တင်မောင်ဦး"

"ဗျာ"

"သေနတ်ကို ကျည်ထည့်ထား၊ တောဘက်ကို ချိန်ထား"

"ဟုတ်ကဲ့"

ဝင်ချက်စတာ ပြောင်းရှည်သေနတ်ထဲသို့ ကျည်ထည့်ကာ ဥသြ ပြောသကဲ့သို့ပင် တောစပ်ဘက်သို့ ချိန်ရွယ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်မှ လှေပေါ်သို့ ပက်သားခြမ်းကင်များ၊ စားစရာများအားလုံး တင်ပြီးသောအခါမှ တင်မောင်ဦးနှင့် ဥသြတို့က တက်ခဲ့ကြ၏။ ကျောက်မီးသွေးနှင့် သံဖနောင့်တို့က ငှက်ပျောဖက်များကို သဘော်ပဲ့ပိုင်းတွင် ခင်းနေကြလေသည်။

ရွက်လှေကြီးမှာ ပေသုံးဆယ်ခန့်မြင့်၍ ကုန်းဘောင်ပြားကို လှေပေါ်သို့ ဆွဲတင်လိုက်သည်။ ရေတက်ချိန်ဖြစ်သောကြောင့် လှေကြီးမှာ သစ်ပင်တွင် ကြိုးချည်ထားသည့် ကြားမှ အပေါ်သို့ မြင့်လာကာ လှုပ်နေလေသည်။

"တော်သေးတာပေါ့ကွာ ရေတက်ချိန်ဆိုတော့ ဝံပုလွေတွေက ချောင်းရေဖြတ်ပြီး မလာနိုင်ပါဘူး"

ဥသြက မှတ်ချက်ချလိုက်သည်။

"အု"

"အု"

ခွေးအအော်သံများ နီးလာသောကြောင့် တောထဲသို့ လှမ်းကြည့်လိုက်ရာ အမြီးဖွားဖွားနှင့် ဝံပုလွေအုပ်ကြီး တောထဲမှ ပေါ်လာသည်ကို တွေ့ရသည်။

ဝံပုလွေအုပ်များနောက်မှ ခွေးအများက တအုအု အော်မြည်ရင်းလိုက်ပါလာသည်။ ဝံပုလွေ စားသောက်၍ကျန်သည်တို့ကို ခွေးအများက စားသောက်ရန် လိုက်လာခြင်းပင် ဖြစ်ပေတော့သည်။

"အဲဒါ ဝံပုလွေတွေလား"

တင်မောင်ဦးက မေးလိုက်သည်။

"ဟုတ်တယ် . . ဒီညတော့ ဒီလှေပေါ်မှာ ကောင်းကောင်း အိပ်ရမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့က လှေပေါ်ကို တက်ဖို့နည်းလမ်းရှာဖွေနေတာကို စောင့်ကြည့်ရမယ်"

ဥသြက ညည်းညူပြောဆိုလိုက်၏။

✦ ✦ ✦

"ဒီကျွန်းဟာ ဝံပုလွေကျွန်းပဲ၊ ဒါကြောင့် လူသူအရောက်အပေါက်နည်းလို့ သားကောင်တွေ ပေါနေတာ၊ တော်သေးတာပေါ့၊ တို့အမဲပစ်တုန်းက ဝံပုလွေအုပ်နဲ့ မတိုးတာ"



"ဝံပုလွေအုပ်နဲ့ တိုးရင် ဘာဖြစ်လို့လဲ"

တင်မောင်ဦးက မြိတ်ကျွန်းစုအတွေ့အကြုံနည်း၍ ထပ်မေးလိုက်သည်။

"ဘာဖြစ်ရမလဲ ဝံပုလွေစာဖြစ်သွားမှာပေါ့ တင်မောင်ဦးရဲ့၊ မင်းသစ်ပင်ပေါ်က မြင်တာ စောသွားလို့ပေါ့"

ဝံပုလွေများသည် လှေပေါ်သို့ ခေါင်းမော့ကာ ကြည့်လိုက်၊ ဟိုပြေးသည်ပြေးလုပ်လိုက်နှင့် လှေပေါ်သို့ တက်သည့်လမ်းကို ရှာဖွေနေကြသည်။

"ကွီ . . ကွီ . . ကွီ"

သစ်ပင်ပေါ်တွင် မျောက်များက ရောက်လာသည်။ တင်မောင်ဦးက မျောက်များကို သေနတ်ဖြင့် ချိန်လိုက်သည်။

"မပစ်နဲ့ တင်မောင်ဦး"

"ဘာဖြစ်လို့လဲ ဦးလေးရဲ့"

"ဟာ . . မင်းက သူတို့မျောက်အုပ်ထဲက တစ်ကောင်ကို သွားပစ်ရင် ဆူညံနေအောင် အော်ပြီး လှေပေါ်ကို ခုန်ချ၊ ပစ္စည်းတွေဆွဲ လူတွေကို ကုတ်လိမ့်မယ်"

ဝံပုလွေကျွန်းအကြောင်း သိထားသော ဥသြက သတိပေးလိုက်သည်။

"ကွီ"

"ကွီ . . ကွီ"

သစ်ပင်ပေါ်မှ ခုန်ကူးလာသောမျောက်များမှာ လှေဝန်းကျင်ရှိ သစ်ကိုင်းများပေါ်တွင် တဖြည်းဖြည်းများပြားလာလေတော့သည်။

ကျောက်မီးသွေးသည် လှေပဲ့နှင့် သစ်ပင်ကို ချည်ထားသော ကြိုးကို ပေါက်ဆိန်နှင့် ခုတ်ဖြတ်ချလိုက်လေတော့သည်။

"ဒုတ်"

လှေကြီးသည် ချောင်းထဲတွင် လှုပ်ရှားလာသည်။ ဝါးများဖြင့် သစ်ပင်ကို ထိုးကာ လှေကို ချောင်းထဲမှ ထွက်အောင် လုပ်ကြသည်။

"အု"

"အု"

ခွေးအများက လှေပေါ်တွင် လှုပ်လှုပ်ရွရွဖြစ်နေသော လူများကို ကြည့်ကာ အားမလို အားမရအော်ကြသည်။ ဝံပုလွေများက ကမ်းပေါ်တွင် ဟိုပြေးဒီပြေး လုပ်နေသည်။ လှေပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ တက်ရန် ဟန်ပြင်နေသော မျောက်များကို တုတ်နှင့် ဖော့ယမ်းလိုက်၏။

မျောက်များက ပြန်ခုန်ထွက်ပြေးကြသည်။ လှေကြီးသည်လည်း တဖြည်းဖြည်း ပင်လယ်ပြင်သို့ ထွက်လာလေတော့သည်။

မှောင်စပျိုးလာပြီး ဝံပုလွေကျွန်းမှ သူတို့သည် ရွက်လွှင့်ကာ ထွက်လာရင်း ဝံပုလွေကျွန်းနှင့် ခပ်ဝေးဝေးနေရာသို့ ရောက်တော့မှပင် ထမင်းဝိုင်းကို ပြန်စလိုက်ကြလေတော့သည်။

"ကံကောင်းလို့ တင်မောင်ဦးရေ၊ တို့က ထမင်းမစားရဘဲ ဝံပုလွေတွေ ကိုက်တာနဲ့ ကံကောင်းလို့ မသေတာ"

ပင်လယ်ပြင်တွင် ကျွန်းစုလေးများကို တွေ့မြင်နေရသည်။ ကြီးမားသော သဲသောင်ပြင်ကြီးရှိသည့် ကျွန်းကြီးကို မြင်သောအခါတွင် ကျောက်မီးရှူးအား တင်မောင်ဦးက

"ဦးလေး ကျောက်မီးသွေး"

ဟု ခေါ်လိုက်သည်။

"ဟေ"

"ဒီကျွန်းကြီးမှာ လှေကပ်ပြီး



အိပ်ရင် မကောင်းဘူးလား"

"ဘယ်ကျွန်းလဲကွ"

ဦးသြက လှည့်ကြည့်ရင်း မေးသည်။

"ဒီကျွန်းကို ပြောတာပါဗျာ၊ သောင်ပြင်ကျယ်ကြီးနဲ့ကျွန်း"

"ဒီကျွန်းမှာ သွားမကပ်နဲ့"

"ဟင် . . ဘာဖြစ်လို့လဲ"

"ကျွန်းသားတွေ ရှိတယ်၊ ပုန်းနေကြတာ ဒီကျွန်းက ကျွန်းသားတွေက လှေတွေ သင်္ဘောတွေလာရင် သဲသောင်ပြင်ကို အကြောင်းပြုပြီး တက်လု ယက်တတ်ကြတယ်။ ပြီးတော့ သူတို့ရွာတွေရှိတဲ့ တောထဲကို ဝင်ပြေးကြရော"

ဦးသြက ဝံပုလွေကျွန်းကျော်လျှင် တွေ့ရတတ်သည့် ကျွန်းများကို သိနေလေသည်။

❦ ❦ ❦

"ဒီနားမှာ ရောင်ရမယ့်ကျွန်းနှစ်ကျွန်းရှိတယ်"

"ဘာတွေလဲ ဦးလေးရဲ့"

တင်မောင်ဦးက မေးလိုက်သည်။



"ဒါက လူရိုင်းကျွန်းပဲ၊ နောက်ကျွန်းက မြွေကျွန်း၊ ရှေ့က မြင်နေရတာ မြွေကျွန်းထင်တယ်"

ရွက်လှေကြီးသည် သစ်ပင်များနည်းပါး၍ နေရောင်ခြည်အကြွင်းအကျန်အောက်တွင် တောင်ကုန်းများ၊ တောင်ပို့များသာရှိသော ကျွန်းကို လက်ညှိုးထိုးပြလိုက်လေသည်။

မြေကြီးများမှာ မြေဝါဟုခေါ်သော မြေဖြူမြေဝါများသာရှိသော ကျွန်းဖြစ်သည်။ ကျွန်းပေါ်တွင် အဖြူရောင်မြွေများ ဖြတ်သန်းသွားလာနေသည်ကို တွေ့ရသည်။

အချို့က တောင်ကုန်းပေါ်ကို တက်နေကြသည်။ ရေထဲမှ လှေကြီးကိုမူ မြွေဖြူများသည် လှည့်၍ပင် ဂရုမစိုက်ကြပေ။

"သူတို့ ဒီကျွန်းပေါ်မှာ ဘာစားနေကြလဲ"

တင်မောင်ဦးက ကလေးတစ်ယောက်လို သိလိုစိတ်ဖြင့် မေးလိုက်သည်။ ဩဇာသီးက ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာရင်း

"သူတို့အတွက်ကတော့ အစားအသောက် ဘယ်ရှားပါ့မလဲကွာ၊ ပင်လယ်ထဲ ဆင်းပြီး ငါးတွေ ဖမ်းလိုက် ဗိုက်ပြည့်ရင် ကျွန်းပေါ်က သူတို့တွင်းထဲ ဝင်နေလိုက် လုပ်တာပေါ့၊ အဲဒီ မြွေဖြူတွေဟာ အဆိပ်သိပ်ပြင်းတယ်"

"လှေကပ်ရင်တော့ လူတွေကို ကိုက်မှာပေါ့"

"ဒါပေါ့ ပင်လယ်ဓားပြတွေတောင် ဒီကျွန်းဆိုရင် ဝေးဝေးကရှောင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

မြိတ်ကျွန်းစု၏ ထူးခြားသော ကျွန်းများထဲတွင် မြွေဖြူကျွန်းလည်း ပါလေသည်။ မြွေဖြူကျွန်းကို နိုင်ငံခြားသားများနှင့် ထားဝယ်သား၊ မြိတ်သားတို့သည် ကောင်းကောင်းသိနေကြသည်။ မြွေဖြူကျွန်းသည် လှေ၏နောက်တွင် တဖြည်းဖြည်း ကျန်ခဲ့လေတော့သည်။

မြွေဖြူကျွန်းကို ကျော်လွန်လာပြီးနောက် ကျွန်းတစ်ကျွန်းပေါ်တွင် မီးတောင်ကဲ့သို့ မြင့်မောက်နေသော တောင်ကို အဝေးမှ မြင်ရသည့်ကျွန်းတစ်ကျွန်းကို တွေ့ရသည်။

''ဟုတ်ပြီ အဲဒီကျွန်းကိုကပ်၊ အဲဒါ ခဲနောက်ကျွန်းပဲ''

ဦးသြက ဝမ်းသာအားရ အော်ပြောလိုက်သည်။ ခဲနောက်ကျွန်းဆိုသည်မှာ သူတို့ရှာဖွေနေသည့် ကျွန်းပင်ဖြစ်လေသည်။

ကျွန်း၏ အနောက်ဖက်တွင် မောင်းမကန်နှင့် ငပလီကဲ့သို့သာယာသော ပင်လယ်ကမ်းခြေရှိသည်။ ဝင်လုဆဲနေရောင်ဖြင့် ကျွန်းလေးသည် သာယာသည့် မြင်ကွင်းကို ဖော်ပြနေ၏။

ရွက်လှေကြီးသည် အုန်းပင်များနှင့် ကျောက်ဆောင်များရှိရာ ကမ်းခြေသို့ ဖြေးဖြေး ချဉ်းကပ်လာသည်။ လှေကို ဒီရေများက တိုးသောကြောင့် လှုပ်ခတ်နေသည်။

''သတိထား ကျောက်မီးသွေးလှေနဲ့ ကျောက်ဆောင်ကြီး ဝင်မဆောင့်ရင် လှေကွဲပြီး အားလုံးဒုက္ခရောက်ကြမယ်''

"ဝုန်း"

ဒီရေများက လှေကြီးကို ရိုက်၍ ကမ်းဖက်သို့ ပို့နိုးသွားသည်။

သံပနောင့်နှင့် ကျောက်မီးသွေးတို့မှာ ကျောက်ဆောင်နှင့် ဝေးသော ကမ်းပါးစောက်ကြီးရှိ သစ်ပင်သို့ကြိုးကို ပစ်တင်ကာ လှုပ်ခါ ခုန်တက်သွားကြသည်။

မကြာမီ ဒီရေက ကမ်းပေါ်ရောက်လာမည် ဖြစ်သောကြောင့် လမုပင်ကြီး၏အပေါ်ပိုင်းတွင် လှေကို ကြိုးချည်ထားလိုက်သည်။ နိုင်အောင်ချည်ပြီးမှ ပြန်ဆင်းလာကြကာ လှေပေါ်တွင် မီးအိမ်ထွန်းညှိ၍ ထမင်းဝိုင်းကို စားကြသည်။

[illegible]



သူတို့သည် ထမင်းမစားမီ အရက်ဝအောင် မသောက်ရသေး၍ အရက်ကို စတင်ကာ သောက်ကြပြန်လေသည်။

''ခဲနောက်ကျွန်းဆိုတာ ဝံပုလွေကျွန်းနဲ့ မြွေကျွန်းကို ကျော်လာပြီးမှ ရောက်တာနော်၊ ရသေ့ကြီးက မေးရင် ဖြေနိုင်အောင် မှတ်ထားကြ''

ဦးသြက လှေကြီးတွင် ပါလာသော လူအားလုံးကို အသိပေးလိုက်သည်။

သည်နောက်တော့ ဝမ်းဗိုက်ဆာလောင်နေသော တင်မောင်ဦးတို့မှာ ဝက်သားဟင်းနှင့် ထမင်းကို အားရပါးရ စားကြလေသည်။

ယုန်သားကြော်ကား အရက်နှင့် မြည်းရင်း တက်ဟက်စင်အောင် ပြောင်သွားပြီ ဖြစ်၏။

✦ ✦ ✦

ခဲနောက်ကျွန်း၏ သောင်ပြင်တွင် သဲများနှင့်အတူ ရောနှောနေသော ခရုတုံးလေးများကို တွေ့ရသည်။

ဂျွဲအိမ်ကလေးများဖြင့် ထားဝယ်မှ ငှားလာခဲ့သော လှေလိုက်သော ကောင်လေးများသည် ခဲနောက်ကျွန်းတွင် ခဲများကောက်ကာ ထားဝယ်ရှိ သံဖြူဆိုင်များတွင် ပြန်လည် ရောင်းချရန် စိတ်ကူးရှိကြသည်။

ပုံနှိပ်ခဲစာလုံး လုပ်သူများ၊ သံရည်ကြိုလုပ်ငန်းနှင့် ခဲပုံသွင်း အရုပ်များ လုပ်သည့် လုပ်ငန်းတို့တွင် အသုံးဝင်သောကြောင့် ဈေးရသည့် ပစ္စည်းပင် ဖြစ်သည်။

နံနက်နေရောင်ခြည်က အုန်းတောနှင့် သောင်ပြင်ပေါ်တွင် ဖြာကျလျက် ရှိနေလေသည်။ ကျောက်မီးသွေးသည် နံနက်စောစော လှေသမားလေးနှစ်ယောက်ကို အုန်းပင်ပေါ်သို့ တက်ကာ အုန်းသီးများကို အနိုင်လိုက်ခူး၍ လှေပေါ်သို့ တင်နိုင်းနေလေသည်။

ကျောက်မီးသွေးက အုန်းရည်နှင့် ဆန်အရက် ရောသောက်ရခြင်းကို သဘောကျလေသည်။

ဦးသြသည် သူယူလာသော ဘောင်ခတ်ထားသည့် ကားချပ်ကြီးကို ထောင်ကာ ဆေးဘူးနှင့်စုတ်တံများကို ထုတ်လျက် ခဲနောက်ကျွန်း၏ အ

[illegible]

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖက်မှ မြင်ကွင်းကို ပန်းချီဆွဲလျက် ရှိလေသည်။

ဆေးစပ်သော ကတ်ပြားနှင့် စုတ်တံထည့်သော ဘူးတို့မှာ ပန်းချီဆရာကြီးများ ကိုင်သည့်ဟန်အတိုင်းပင် ဖြစ်လေသည်။ ဦးချွန်ချွန်နှင့် ခရုလေးများကို ကျောက်မီးသွေးနှင့် ညြဲဇာသီးတို့က လိုက်ကောက်နေကြ၏။

တင်မောင်ဦးသည် မျက်နှာသစ်ပြီးနောက် သူဝယ်လာသော နို့ဆီဘူးကို ဖောက်ကာ ကော်ဖီမှုန့်၊ သကြားတို့နှင့် ကော်ဖီဖျော်ကာ ကြွေရည်သုတ်ခွက်ကလေးထဲသို့ ထည့်ကာ လှေကြီးပေါ်မှ ဆင်းလာသည်။

သဲသောင်ပြင်တွင် စုတ်တံနှင့်တိုင်းကာ ပန်းချီဆွဲစပြုနေသော ဥညြဲကို တွေ့၍ ထိုနေရာသို့ တန်းလာခဲ့သည်။

"ဦးလေးဥညြဲက ပန်းချီလဲ ဆွဲတတ်ဘာကိုး ကျွန်တော်က မသိဘူး"

"အေးလေ ငါလဲ ပန်းချီကို လိုမှ ဆွဲတဲ့ကောင်ကိုး၊ ဒါပေမယ့် ရသေ့ကြီးက ဆွဲနိုင်းရင်တော့ မဆွဲဘဲမနေရဲဘူး၊ ဦးဝိရိယကျောင်းမှာ ချိတ်ထားတဲ့ ပန်းချီကားတွေက ငါ့လက်ရာတွေပေါ့"

"အော် . . သိပြီ၊ ထားဝယ်ဆိပ် ကမ်း သက္ကရာဇ် ၁၈၀၀-ပုံတို့ ရွှေသာလျောင်းဘုရားကြီးပုံ တို့ဟာ ဦးလေး ဥညြဲလက်ရာကိုး"

ဥညြဲသည် ပန်းချီပညာကို ကောင်းစွာ အခြေခံရှိသူဖြစ်ကြောင်း စုတ်တံကိုင်ပုံ ဆေးများတို့ပုံကို ကြည့်လျက် သိရှိနိုင်သည်။

ဥညြဲ အနောင့်အယှက် ဖြစ်မည်စိုးသောကြောင့် ခဏတဖြုတ်ကြည့်ကာ သောင်ပြင်ကို ဖြတ်၍ အိုးများသယ်ယူသွားသော တောစပ်သို့ လျှောက်လှမ်းလာခဲ့သည်။

တောစပ်တွင် ပင်လယ်ပြင်မှ လှေဖြင့် လာရောက်နားခိုသူတို့၏ ထမင်းဟင်းချက်သော မီးဖိုရာတို့ကို တွေ့မြင်ရလေသည်။

မီးပေါ်မှ တောထဲသို့ ပျံသန်းသွားသော ငှက်သံများကို ကြားရသည်။ အလယ်တွင် မီးတောင်သေကြီးမှာ ပေါင်းထောင်ကျော်မြင့်၍ မှုဂျီရာမ မီးတောင်ကဲ့သို့ပင် အဝဟောက်ပက်ဖြစ်နေသည်ကို တွေ့ရသည်။





ထိုမီးတောင်သည် ခဲနောက်ကျွန်း၏ သင်္ကေတပင် ဖြစ်သည်။ မီးတောင်သေကြီး၏ ပတ်ပတ်လည်တွင် စိမ်းလန်းသော တောအုပ်ရှိသည်။

ပတ်ဝန်းကျင်တွင်လည်း ကျောက်ဆောင်များ ပတ်လည်ဝိုင်းနေသောကြောင့် လှပသာယာသော ကျွန်းလေးဖြစ်သည်။

ဤကျွန်းမှာ မြောက်ပိုင်းကျကာ အန္တရာယ်ရှိသော ကျွန်းများကို လွန်မှ ရောက်ရှိနိုင်သောကြောင့် ၎င်းပိနန်ကျွန်း၊ စက်ာပူကျွန်းတို့ ဖြတ်သန်းသွားလာသော လမ်းကြောင်းနှင့်လည်း ဝေးသောကြောင့်၎င်း လူသူအရောက်အပေါက်နည်းလှသည်။ အကြောင်းမရှိဘဲ တကူးတကလာသူဟူ၍ မရှိသလောက်ပင် ဖြစ်သည်။

ခရုများကို ကောက်လာပြီးနောက် ပြုတ်စားရန် တောစပ်တွင် အိတ်ကို ချထားလိုက်ပြီး ကျောက်မီးသွေးက

"ကဲ . . ညြဲဇာသီးရေ၊ လှေရှိရာ ပြန်ပြီး ချက်ဖို့အိုးတွေ ညှကဟင်းတွေနဲ့ ဆန်ပါ ယူမှပေတော့"

ဟု မှာလိုက်သည်။

"ငါ တစ်ယောက်ထဲ ဘယ်ရမလဲဟ"

"ဒါဆို တင်မောင်ဦး ဒီမှာ ခရုထုပ်ကို စောင့်ကြည့်ပေတော့"

"ရပါတယ်ဗျာ"

* * * * *



www.burmeseclassic.com

www.burmeseclassic.com

ခဲနောက်ကျွန်း၏ အနေအထားကို နှစ်ရက်မျှ အချိန်ယူကာ လှည့်လည်ကြည့်ရှုပြီးနောက် တင်မောင်ဦးတို့သည် လမ်းကြောင်းနှင့် ကျွန်းအနေအထားကို မှတ်သားကာ ထားဝယ်သို့ ရွက်ပြန်လွှင့်ခဲ့လေသည်။

ခဲနောက်ကျွန်း၏ လက်ရှိပန်းချီကားကို ရှေးယခင်က ရရှိထားသော ပန်းချီကားနှင့် ရသေ့ကြီးက တိုက်ကြည့်လိုက်သည်။

"ဟာ . . ကျွန်းက တော်တော်ကြီးလာတာပဲ၊ ပင်လယ်ရေပြင်တွေက တစ်နှစ်ယက်တစ်နှစ် လျော့လာတဲ့ သဘောပဲ"

ဥသြက ရှေးဟောင်းပန်းချီကားကို ကြည့်လျက်

"ဟုတ်တယ် . . အရင်က ကျွန်းဟာ သစ်ပင်တွေ သည်ထက် တောင် နည်းသေးတယ်။ မီးတောင်ခြေက စတာပဲ၊ ဒါ ခဲနောက်ကျွန်းရဲ့ ပန်းချီပုံဆိုတာတော့ သေချာတယ်နော်"

"သေချာတာပေါ့ . . ပန်းချီထဲက မီးတောင်ဟာ လက်ဝဲဘက်က နည်းနည်းနိမ့်တာပဲ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ရသေ့ကြီး၊ တပည့်တော်ကိုယ်တိုင် ဆွဲတော့လဲ လက်ဝဲဘက်တောင်ကြောက နည်းနည်းနိမ့်တယ်၊ မီးတောင်နှုတ်ခမ်းက လက်ဝဲဘက်တိုနေတာကိုး"







ပန်းချီလက်ရာမှာ ရှေးဟောင်းပန်းချီရေးဆွဲသူက ပို၍ကောင်းကြောင်း တင်မောင်ဦးက သတိထားမိသည်။ တောင်ကြီးပေါ်မှ ရေခဲသောနေရာကို အဖြူရောင်ဖြင့် ကျကျနန ဆွဲထားသည်။

ဥသြကား စက္ကူအဖြူ(ကင်းပတ်)သားကိုသာ ချန်ထား၍ အနုစိတ် ခြယ်မှုန်းထားခြင်း မရှိပေ။

"ကဲ . . ပန်းချီကားတစ်ခုနဲ့ တစ်ခုက ဘယ်လောက်နှစ်ကြာကြာ ရှိပြီလဲ"

တင်မောင်ဦးက မေးလိုက်သည်။

"အင်း . . ၁၈၇၀-မတိုင်မီကနဲ့ ၁၉၂၄ ဆိုတော့ နှစ်ပေါင်း ၆၀-ကျော်ကြာခဲ့၊ ကွာခဲ့ပြီပေါ့"

အနှစ် ၆၀-၇၀ အတွင်း၌ ပင်လယ်ရေပြင်၏ ပြောင်းလဲမှုကို ပန်းချီကားနှစ်ချပ်က ဖော်ပြနေလေသည်။

တင်မောင်ဦးသည် ရှေးဟောင်းကျောက်စာနှင့် ပန်းချီရုပ်လုံးများ ကွာခြားမှု ဆေးသားပြောင်းလဲမှုများကို ကောင်းစွာ သင်ကြားခဲ့ရာ အနှစ် ခြောက်ဆယ်မကာ လွန်ခဲ့သော အနှစ် (၈၀) လောက်က ပန်းချီကားဖြစ်ကြောင်းကို ခန့်မှန်းမိလေသည်။

"တပည့်တော် ခန့်မှန်းရသလောက်တော့ အနည်းဆုံး အနှစ်(၈၀)ကြာတဲ့ ပန်းချီကား ဖြစ်နိုင်ပါတယ်"

"ဒကာလေး တင်မောင်ဦးက ဒီလိုထင်သလား"

"ဟုတ်ပါတယ်ဘုရား၊ ဒီမှာကြည့်ပါလား၊ အဲဒီတုန်းက ပင်လယ်ကမ်းစပ်မှာ ကညင်ပင်ကြီးတွေ အင်ကြင်းပင်ကြီးတွေ ရှိနေတာပဲ"

ရှေးပန်းချီကားထဲမှ သစ်ပင်များကို ထိုးကြည့်လိုက်သည်။

ဟုတ်သည်။ ကညင်ပင်မှာ မြင့်၍ အခြားအပင်များနှင့် မတူ။ ကညင်သီးများက အတောင်ပံလို အရွက်နှစ်ခုပါ၍ လေထဲမှာ လည်ကာ ဆင်းလာတတ်သည်။ ရသေ့ကြီးဦးဝိရက ပန်းချီကားကို အနီးကပ်ကြည့်သည်။

"ဟာ . . ဒကာလေးပြောတာ ဟုတ်တယ်၊ ကညင်သီးတွေ ကြွေကျနေတာနဲ့ အင်ကြင်းပင်က ပွင့်သည်က ထွက်ပြီး အပွင့်ပွင့်တာကို ပေါ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားတာပဲ"

"အဲဒါ ကုန်းပိုင်းကျပြီး မြေသြဇာ မြေသားပေါ်လို့ ပေါက်တဲ့အပင်ပဲ ဘုရား၊ ခု အဲဒီအပင်တွေက မုန်တိုင်းကျ ရေဖုံးကိုက်စားလို့ ရေအောက်မြုပ် မျောသွားပြီ ထင်တယ်။ သဲတွေကို ပင်လယ်ရေက သယ်လာပြီး ကျွန်းသောင် ဖြစ်အောင် ဖို့တာနဲ့ အနှစ်လေးငါးဆယ် ဆိုရင် လှေတစ်စင်းတောင် မြုပ်သွားနိုင်တာပဲဘုရား"

"အေး . . ဟုတ်တယ်၊ ဉသြ ဒကာကြီးရော ဘယ်လိုသဘောရသလဲ"

"တင်ပါ့ တင်မောင်ဦးက ပညာရှင်ဆိုတော့ သူပြောတာ ဖြစ်နိုင်ပါတယ်ဘုရား"

"ဒီကျွန်းမှာ ရတနာတွေပါတဲ့ ပေါ်တူဂီလှေ ရှိနိုင်လို့လား"

"ထင်ကြေးပဲ ရှိပါတယ် ဒကာလေးရာ၊ အထောက်အထားက လိုပါသေးတယ်၊ ဒကာလေးလို လူမျိုးကို ဒါကြောင့် ကျုပ်တို့က လိုလားနေတာပေါ့၊ ခုတော့ ဒကာလေးလဲ တော်တော်သိနေပါပြီ၊ ဒကာလေးရဲ့ ထင်မြင်ချက်ကို ပြောပါဦး"

"ပေါ်တူဂီလှေရှိရင်တောင် တစ်နေရာရာမှာ မြုပ်နေလောက်ပါပြီဘုရား"

ဿ ဿ ဿ

သုဘရာဇာကြီး ဦးထိုက်ကျင်သည်လည်း ချစ်သူ သေဆုံးသွားသော သချိုင်းမှ ပီနန်ကျွန်းသို့ မပြန်နိုင်တော့ပေ။

ဦးထိုက်ကျင်သည် နှစ်ကာလပေါင်းများစွာ ကြာသည့်တိုင်အောင် မနှင်းအိကို မမေ့နိုင်သေးဘဲ သေဆုံးသွားသည့် မြေပုံမှတ်တိုင်လေးတွင် နှင်းဆီပန်း၊ စံပယ်ပန်းလေးများကို နေ့စဉ်လိုပင် ဝယ်ကာ ချိတ်ဆွဲထားတတ်သည်။

မြေပုံမှ မှတ်တိုင်ဟောင်းလျှင် တိုင်သစ်မြေပုံပေါ်တွင် လှာ၍ စိုက်လေသည်။

သူနှင့်အတူ အမြဲလိုနေလေ့ရှိသော ဦးအောင်ဘွင့်မှာ ဦးထိုက်ကျင်နှင့် နေသည်မှာ ကြာပြီဖြစ်၍ ထားဝယ်ဈေးသို့ သွားတိုင်း စံပယ်ကုံးလေး၊ နှင်းဆီပန်းလေး ဝယ်လာတတ်သည်။



"ထိုက်ကျင်ရေ"

"ဟော"

"ဒီနေ့တော့ ငါ စံပယ်ပန်း ဝယ်လာတယ်ဟေ့"

"အေး အေး . . ကောင်းတယ်၊ ပေးပေး ငါ မှတ်တိုင်မှာ သွားပြီးတော့ ချိတ်လိုက်ဦးမယ်"

ဦးထိုက်ကျင်က စံပယ်ပန်းကုံးလေးကို ယူကာ မှတ်တိုင်တွင် ချိတ်ရင်း

"နှင်းရေ ငါ ပိုက်ဆံရှိရင်တော့ အုတ်ဂူလှလှလေး လုပ်ပေးမှာပါ၊ ခုတော့ ငါလဲ ငွေမရှိသေးတော့ နှင်းအတွက် ပန်းလေးတွေပဲ ဝယ်နိုင်တယ်၊ နှင်း ကျေနပ်ပါနော်"

ဟု ပြောသည်။

ထိုက်ကျင်သည် တတွတ်တွတ် ရေရွတ်ရင်းဖြင့် မနှင်းအိ မြေပုံနားတွင် ပြောပြီးမှ ဦးအောင်ဘွင့် ချက်ပြုတ်ရန် ပြင်ဆင်နေသည့်နေရာသို့ လာခဲ့သည်။

"ခဲနောက်ကျွန်းသွားတဲ့ လူတွေ ပြန်ရောက်လာကြပြီဆို"

"အင်း . . ရသေ့ကြီးရဲ့ ကျောင်းမှာ စကားပြောနေကြမှာပေါ့၊ ဉသြကတော့ တို့နဲ့နေတာဆိုတော့ သူ ပြန်လာရင် အကျိုးအကြောင်း သိရမှာပေါ့"

ဦးအောင်ဘွင့်က ပြောလိုက်သည်။ မကြာမီ အိတ်တစ်လုံးကို ဆွဲကာလာသော ဉသြက သချိုင်းထဲသို့ ဝင်လာသည်ကို တွေ့ရလေသည်။

"ဟော . . ဉသြ၊ ကောင်လေးရော"

တင်မောင်ဦးကို မေးလိုက်ခြင်း ဖြစ်သည်။

"ကောင်လေးကတော့ ရွှေလင်းပိုင်ကို ပြန်ပြီးနားပြီပေါ့၊ သူကတော့ ဓာတ်ကြီးထက် ရွှေလင်းပိုင်မှာ နေချင်မှာပေါ့ အောင်ဘွင့်ရ"

"အေး . . ဒါလဲ ဟုတ်တာပဲ၊ ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာပဲ မဟုတ်လား"

"အားလုံး ကောင်းပါတယ်၊ တို့ ခဲနောက်ကျွန်းကို ရောက်သွားတယ်၊ မင်းတို့အတွက်လဲ သြဇာသီးက ဖမ်းလာတဲ့ ပင်လယ်ငါးတွေ ယူလာတယ်"

"အများကြီးဆို တို့လဲ မစားနိုင်ဖူးနော်"

"မပူပါနဲ့ကွာ သြဇာသီးနဲ့ ကျောက်မီးသွေးက သိပါတယ်၊ ထိုက်ကျင်ကြိုက်တဲ့ ငါးမန်းခြောက်တွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါတယ်''

ထိုက်ကျင်က အိတ်ကို လှမ်းဆွဲကာ ဇရပ်ပေါ်သို့ အိတ်ကို ထားလိုက်လေသည်။

''အင်း . . ဇရပ်ပေါ်ရောက်ပြီဆိုတော့ အဲဒီအိတ်ကိုသာ ဖွင့်ပြီးတော့ ငါးအစိုက်တွေ ကင်ချင်လဲကင်ကွာ၊ ငါ့ခြောက်ဖုတ်ချင်လဲ ဖုတ်ပေတော့၊ ငါတော့ တရေးအိပ်လိုက်ဦးမယ်''

''အေး . . အိပ်ကွာ၊ မင်းလဲ လှေပေါ်မှာ စိတ်ချလက်ချ အိပ်ရမှာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား''

''အေးကွာ . . ဝံပုလွေကျွန်းကို ရောက်သွားသေးတယ်၊ ကံကောင်းလို့ပေါ့၊ စိတ်ချလက်ချသာ အိပ်ရင်တော့ ဝံပုလွေစာဖြစ်မှာပဲ''

ဇရပ်ပေါ်တွင် ဖျာခင်းကာ ခေါင်းအုံးချရင်း ပြောလိုက်သည်။

''ဟာ . . အဲဒီကျွန်းမှာ မျောက်တွေနဲ့ ဝံပုလွေက ပေါင်းပြီး တိုက်တာ၊ မျောက်တွေက လှေပေါ်ကို ဝံပုလွေတွေ တက်နိုင်အောင် သစ်ကိုင်းကျိုးတွေနဲ့ တံတားခင်းပေးတယ်ဆိုပဲ''

''မင်းပြောတာ ဖြစ်နိုင်တယ်၊ အောင်ဘွင့်ရေ ဝံပုလွေနဲ့ ခွေးအတွေလဲ လာရော မျောက်တွေပါ သစ်ပင်တွေပေါ်က ခုန်ပြီး ရောက်လာတာပဲ၊ တို့က လှေမြန်မြန်ခွာပေလို့ပေါ့''

⁂ ⁂ ⁂

ရောက်ရောက်ချင်း ရွှေလင်းပိုင် တည်းခိုခန်းတွင် တံခါးပိတ်ကာ တင်မောင်ဦးသည် အိပ်ရေးအဝ အိပ်လိုက်၏။ ရသေ့ကြီးကျောင်းတွင် ထမင်းစားလာသောကြောင့် ခဏအတွင်းမှာပင် အိပ်ပျော်သွားလေသည်။

သူ တံခါးဖွင့်၍ ထွက်လာသောအခါတွင် မြိတ်မင်းသားက ဧည့်ခန်းမှာ ထိုင်စောင့်နေသည်ကို တွေ့ရ၏။ ထုံးစံအတိုင်းပန်းနုရောင် ပိုး အင်္ကျီ၊ ချိတ်ပန်းရောင် တောင်ရှည်နှင့် လှလှပပ။

''ခဲနောက်ကျွန်း ရောက်ခဲ့ကြလား''

တွေ့သည်နှင့် မြိတ်မင်းသားက မေးမြန်းလိုက်သည်။

''တွေ့တာပေါ့ဗျာ ကျွန်းအခြေအနေ ကြည့်ရတာတော့ သောင်ကတော်တော်ကျယ်လာတာပဲ''





''သောင်ကျယ်လာတာ ပင်လယ်ရေက ကျသွားလို့လား တင်မောင်ဦး''

တင်မောင်ဦးက ဧည့်ခန်းတွင် ဝင်ထိုင်လိုက်လေသည်။

''ရေကျတယ်လို့ ပြောတာထက် ကုန်းမြေဖြစ်နေတဲ့ နေရာကို ပင်လယ်က သဲတွေ ဒီလှိုင်းက ယူပြီးတော့ ဖို့သလိုပေါ့၊ ခင်ဗျား ထားဝယ်လဲ အရင်ကထက် ပင်လယ်ဘက်ကို ပိုကျယ်လာတယ်၊ ဆိပ်ကမ်းက ရှည်လာတယ် မဟုတ်လား''

''သတိမထားမိပါဘူး ညီလေးရာ၊ ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ ငါက ထမင်းစားဖို့ စောင့်နေတာ၊ လာ အတူတူသွားစားကြရမယ်''

''ပွဲတော်အုပ်က ရောက်နေပြီလား''

''ရောက်လာလို့ စားသောက်ဆိုင်က စားပွဲထိုးတွေ သိမ်းနိုင်းထားရတယ်''

စားသောက်ဆိုင်သို့ ရောက်သည်နှင့် စားပွဲထိုးလေးတစ်ဦးက တင်မောင်ဦးရှိရာသို့ ရောက်ရှိလာသည်။

''အစ်ကိုက တင်မောင်ဦးဆိုတဲ့ လူလား''

''ဟော . . ဟုတ်တယ်''

''ဒါဆို အစ်ကို့အတွက် ဘတစ်စောင် ရွှေလင်းပိုင်တည်းခိုခန်းက မန်နေဂျာဆီ ရောက်နေတယ်''

''ဘယ်က ပို့တာလဲ မသိဘူး''

''ရန်ကုန်က ပို့တဲ့စာ နေမှာပေါ့''

မြိတ်မင်းသားက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

''ခဏလေး အစ်ကိုကျော်စွာ ကျွန်တော် စာသွားယူလိုက်မယ်''

ပွဲတော်အုပ်ကို ယူနိုင်းကာ မြိတ်မင်းသားက ညနေနေရောင်ခြည်လာနေသော ပင်လယ်ကမ်းစပ်ဖက်တွင် ထိုင်ရင်း တင်မောင်ဦးကို စောင့်နေသည်။ တင်မောင်ဦးက စာကိုဖောက်၍ ဖတ်နေသည်။

တင်မောင်ဦး၏ မျက်နှာကို အကဲခတ်ရင်း မြိတ်မင်းသားက

''ကြည့်ရတာ ငါ့ညီရဲ့စာက မိန်းမပျိုတစ်ယောက်ဆီက စာလာပါရဲ့၊ ဘာတွေများ အရေးတကြီး ရေးသားထားလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

"အင်း . . ကျွန်တော်နဲ့ လက်ထပ်ဖို့ မိဘတွေက သဘောတူထားတဲ့ မိန်းကလေးဆီက စာပါ၊ ကျွန်တော် ပင်လယ်မထွက်ခင် သံကြိုးရိုက်ထားတာ ခုအကြောင်းပြန်တာပေါ့၊ ကျွန်တော် မကြာခင် ပြန်လာမယ်ဆိုတော့ မြန်မြန်ပြန်လာပါလို့ မှာတာပေါ့၊ သူတို့ကို နှုတ်ဆက်အသိပေးပြီးတော့ ထွက်လာတာ မဟုတ်လို့ အပြစ်တင်ထားတာပေါ့ ကိုကျော်စွာရယ်"

"အေး . . လူတစ်ဦးနဲ့ သံယောဇဉ်ဖြစ်မိရင် အဲဒီလိုပဲ၊ သွားတဲ့လာတဲ့အခါ အပြစ်တင်ခံရတာပဲ၊ ဒါကြောင့် အစ်ကို့က ဘယ်လောက်ကိုယ့်ကို ရင်းနှီးပြီး ချဉ်းကပ်ပေမယ့် မိန်းကလေးဆိုရင်တော့ ခပ်အေးအေး ခပ်တည်တည်ပဲ ဆက်ဆံတယ်"

မိန်းမပျိုများကသာ သူ့ကို ခင်မင်ရင်းနှီးလိုကြသော်လည်း မိန်းမပျိုများကို ကြောက်ရွံ့သည့် မြတ်မင်းသားက သူ့ခံစားချက်ကို ပြောပြလေသည်။

ခဏအတွင်းမှာပင် ပင်လယ်ဂဏန်း ပင်လယ်ငါးဟင်းများ ချက်ထားသော ပွဲတော်အုပ်ထဲမှ ထမင်းဟင်းများကို သူတို့ စားသောက်ကြလေသည်

✦ ✦ ✦

ထမင်းစားသောက်ပြီး တစ်ယောက်တည်း စဉ်းစားကာ လမ်းလျှောက်လိုသဖြင့် ရွှေလင်းပိုင်ဟိုတယ် မျက်နှာစာဖြစ်သော ပင်လယ်ကမ်းစပ်သို့ လျှောက်လှမ်းလာခဲ့သည်။

သူသည် ညနေလေးညင်းကို အုန်းပင်များကြား၌ ခံစားရင်း ယခင်နေ့များက ရောက်ခဲ့သည့် ပင်လယ်ကမ်းစပ်မှ ကျောက်ဆောင်များရှိရာသို့ ရောက်ခဲ့သည်။

ထိုအခါ ပင်လယ်ဘက်သို့ ထွက်နေသော ကျောက်ဆောင်ကြီးပေါ်တွင် ထိုင်နေသော မိန်းမပျိုကို တွေ့လိုက်ရလေသည်။

သူသည်လည်း မိန်းမပျိုကို တွေ့လို တွေ့ငြား လျှောက်လာရာ ကျောက်ဆောင်အနီးသို့ ရောက်သည်နှင့် အနီရဲရဲဝတ်စုံဖြင့် ထိုင်နေသော မိန်းမပျိုကို တွေ့လိုက်ရလေတော့သည်။

မနိုးလက်ဆောင်



"ဟင်"

"အို"

မိန်းမပျိုကလည်း သူ့ကို ကြည့်ကာ အံ့အားသင့်သွားလေသည်။ မိန်းမပျို၏မျက်နှာမှာ သူရှာဖွေနေသည့် အရာကို တွေ့ရှိရသကဲ့သို့ အံ့အားသင့်သွားသည်ကို သူသတိထားမိသည်။

နှင်းဆီဖူးလို လှပသော နှုတ်ခမ်းနှစ်လွှာက ပွင့်ဟသွားသည်။ တောက်ပဝင်းလက်သော မျက်လုံးများက ဝိုင်းစက်သွားသည်။

ရက်ပိုင်းအတွင်း သူ၏စိတ်တွင် စွဲလမ်းမိသော မိန်းမပျိုကို ပြန်တွေ့သဖြင့် စကားပြောဆိုရန် သောင်ပြင်ပေါ်မှ ပင်လယ်ဘက်သို့ အစွန်းထွက်နေသော ကျောက်ဆောင်ပေါ်သို့ တက်ကာ လျှောက်လှမ်းလာခဲ့လေတော့သည်။

ကျောက်ဆောင်ပေါ်သို့ တက်လာသော တင်မောင်ဦးကို မျက်လုံးဝိုင်းဖြင့် ကြည့်ရင်း မိန်းမပျိုက အံ့သြနေသည်။

နောက်တော့ တဖြည်းဖြည်း ပြုံးလာသည်။ မိန်းမပျိုသည် ပြုံးရင်း ရှက်ရွံ့သွားပုံရပြီး ခေါင်းကို ငုံ့နေ၏။

သူမသည် ပင်လယ်ဘက်သို့ လှည့်ကာ ကျုံ့ကျုံ့ထိုင်နေခြင်း ဖြစ်သောကြောင့် တင်မောင်ဦးကို ကျောခိုင်းသော အနေအထားဖြစ်သွားလေတော့သည်။

တင်မောင်ဦးသည် ခေါင်းငုံ့နေသော မိန်းမပျို၏ ဘေးတွင် ထိုင်လိုက်သည်။

"မင်းကို ငါ တွေ့တာ ဒါပါနဲ့ ဆို သုံးခါရှိပြီ"

"ရှင်"

မိန်းမပျိုက အံ့အားသင့်သွားသည်။

"ကျွန်မကတော့ နှစ်ခါပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်"

ခပ်တိုးတိုး အသံနှင့် ပြန်ပြောသည်။

"ဘာဖြစ်လို့ မင်းက နှစ်ခါလို့ ပြောရတာလဲ ပြောပါဦး"

"အော် . . ဟိုတစ်ပတ်က ဒီပင်လယ်ကမ်းစပ်မှာပဲ တစ်ခါလေ၊ ခုတစ်ခါ နှစ်ခါပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

တင်မောင်ဦးက ငြင်းလိုက်သည်။

မနိုးလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဘာဖြစ်လို့လဲ"

"မင်းဟာ ဒေက်ကြီးသချိုင်းကို အ-သုဘလိုက်ပို့တုန်းက တစ်ခါလေ"

"ဟင်"

မိန်းမပျိုက အံ့အားသင့်သွားသည်။ ထိုစဉ်က နေရောင်ကြောင့် တင်မောင်ဦးကို သူ မမှတ်မိပေ။ ထို့အပြင် သတိထားမိခြင်းလည်း မရှိပေ။

"အော် . . ဆယ်ရက်လောက်ရှိပြီ ထင်တယ်၊ အဲဒါ ကျွန်မတို့ တံငါရွာက ဦးဆင်ကြီး အသုဘပါ၊ ရှင်က အဲဒီသချိုင်းကို ဘာလို့လာရတာလဲ"

မိန်းမပျို၏အသံက ခပ်ဝဲဝဲလေး ဖြစ်သည်။ တိုးလည်းတိုး၍ မနည်းအာရုံစိုက်နားထောင်ရ၏။

"အဲဒီသချိုင်းက သုဘရာဇာကြီးက အစ်ကို့ရဲ့ မိတ်ဆွေလေ၊ သူက အသုဘလာချရင် ကြွင်းတူးထားတဲ့နေရာလိုက်ပြတဲ့ ကတုံးဆံတောက်နဲ့ လူကြီးပေါ့" "အော် . . သိပြီ . . သိပြီ၊ ရှင်က ကျွန်မကို အဲဒီမှာ မှတ်မိသွားတာကိုး"

မိန်းမပျိုက ပြုံးခနဲ့နဲ့ဖြင့် ပြောသည်။

မိန်းမပျိုမှာ ပြုံးလိုက်သောအခါ ပါးချိုင့်လေးများနှင့် ချစ်စရာကောင်းနေ၏။ သူမ၏ မျက်နှာမှာ ကလေးငယ်တစ်ဦးလို ရိုးစင်းလွန်းသည်ဟု တင်မောင်ဦး ထင်မိလေသည်။

"ညနေဆိုရင် ဒီသောင်ပြင်ပေါ်က ကျောက်ဆောင်မှာ မင်း ဒီလိုပဲ လာထိုင်စောင့်နေသလား"

"ဟုတ်တယ်"

"ဘယ်သူ့ကို စောင့်တာလဲ"

"အို . . ဒါတော့ မမေးပါနဲ့ ရှင်"

ပခုံးပေါ်တွင် ကျနေသော ဆံနွယ်များကို လက်နှင့်သပ်နေရင်းမှ မိန်းမပျိုက ရှက်ရွံ့ခေါင်းငုံ့သွားသည်။

"ပြောပါ မင်းကို ငါ ကူညီနိုင်ရင် ကူညီရမှာပေါ့"

မိန်းမပျိုက ခေါင်းခါလိုက်သည်။

"ကျွန်မရဲ့အဖေအမေတွေတောင် မကူညီနိုင်တာ ရှင်လဲ ကူညီနိုင်မှာ မဟုတ်ပါဘူး"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်မနာမည် သက်ဝေ"





"ဒါဆို မသက်ဝေပေါ့"

"ကျွန်မက မထည့်ခေါ်တာ မကြိုက်ဘူး၊ မမထည့်ဘဲ သက်ဝေလို့ ခေါ်တာပဲ ကြိုက်တယ်"

"ကောင်းပါပြီ . . သက်ဝေ၊ ကဲ . . သက်ဝေက ဘယ်သူ့လာစောင့်တာလဲ"

"အို . . ဒီမေးခွန်းကို မေးပြန်ပြီ"

"ဟုတ်တယ်လေ မေးတာ ဘာဖြစ်လဲ"

"ကျွန်မ မကြိုက်ဘူး၊ ပြောလဲ မပြောချင်ဘူး"

သက်ဝေ၏ အမူအရာက စိတ်ဆိုးသကဲ့သို့ နှုတ်ခမ်းစူထားသည်။ တင်မောင်ဦးသည် ပင်လယ်ပြင်ကြီးကို ကြည့်ကာ

"သက်ဝေ လာကြည့်တဲ့နေရာက တကယ့်နေရာကောင်းပဲ"

"ဘာဖြစ်လို့လဲရှင့်"

"အော် . . ပင်လယ်ကမ်းစပ်ကို ဝင်လာတဲ့လှေလေးတွေကို မြင်နိုင်တဲ့ ဒီသောင်စပ်က အမြင့်ဆုံးနေရာပဲ၊ ဒါကြောင့် သက်ဝေ လာထိုင်တာ ဟုတ်တယ်မဟုတ်လား သက်ဝေ"

သက်ဝေက တည်ကြည်သောမျက်နှာဖြင့် တင်မောင်ဦးကို လှည့်ကြည့်သည်။ သူမ၏မျက်လုံးများတွင် တင်မောင်ဦးကို ကြည့်တိုင်း အံ့ဩသည့်အသွင် ပေါ်နေလေသည်။

တင်မောင်ဦးက သူ့ကို အကဲခတ်ကြည့်နေသည်ကို သိ၍ သက်ဝေကို ပြန်၍ ပြုံးပြရင်း ကြည့်နေ၏။

နေရောင်က တင်မောင်ဦး၏ မျက်နှာပေါ် ရောက်နေသည်။ ပင်လယ်ပြင်သို့ ဝင်လုနီးနေရောင်မှာ နီဝါရောင်သမ်းနေပြီး တင်မောင်ဦး၏ မျက်နှာကို ဆလိုက်ထိုးပေးထားသလို ဖြစ်နေ၏။

အတန်ကြာ ကြည့်ပြီးတော့မှ သက်ဝေ၏မျက်နှာသည် ညှိုးကျသွားကာ ပင်လယ်ပြင်ဖက်သို့ ပြန်လှည့်သွားတော့၏။

"သက်ဝေ"

ထူးသံ မကြားရပေ။

"သက်ဝေ အစ်ကို ခေါ်တာ ကြားရဲ့လား"

သက်ဝေက နှုတ်မှ မဖြေဘဲ ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်ဝေ မပြောပေမယ့် သက်ဝေ ဘယ်သူ့ကို မျှော်တယ်ဆိုတာ အစ်ကို ရိပ်မိပါတယ်"

"အံ့မယ် လာလဲလာတဲ့သူ ပြောပါဦး"

သက်ဝေက ကလေးငယ်လို တင်မောင်ဦး စကားကို မယုံသက်ဟန် ဖြင့် နှုတ်ခမ်းထော်ကာ ပြောလိုက်လေသည်။

"အင်း . . သက်ဝေ မျှော်နေတာက ပင်လယ်ထဲကလာမယ့်လူ"

"ဟုတ်တယ် ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ ပင်လယ်ကို ကြည့်ပြီး မျှော်နေတာကိုး၊ သက်ဝေ ပင်လယ်ထဲကလူကို ခုလို မျှော်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"အနှစ်တစ်ရာ ကျော်ပြီ"

"ဟင်"

ဿ ဿ ဿ

"မဖြစ်နိုင်တာ သက်ဝေရာ၊ သက်ဝေရဲ့ အသက်က အခုမှ နှစ်ဆယ် တောင်ပြည့်ရဲ့လား"

"မပြည့်တပြည့်ပေါ့ရှင်"

"ဒါဆို ဘယ်လိုလုပ် အနှစ်တစ်ရာကျော် နေရတာပဲ"

"ဒါက ဒီဘဝ အသက်ကိုး၊ ရှင့်နာမည်လဲ ကျွန်မ မသိရသေးဘူး"

"တင်မောင်ဦးပါ"

"ကိုတင်မောင်ဦးက ဟိုဘဝကို မယုံဘူးလား"

"မယုံလို့ရယ်လို့တော့ မဟုတ်ပါဘူး မသက်ဝေ၊ ဟိုဘဝဆိုတာလဲ ရှိမှာပေါ့၊ ကိုယ်မှ မသိနိုင်တဲ့ဟာ"

သက်ဝေက မျက်မှောင်ကျုံ့လိုက်လေသည်။

"ကျွန်မကတော့ သိတယ်လို့ ပြောရမှာပဲ၊ ဒါကြောင့် မယုံတဲ့သူတွေကို ဒီစကားတွေ သိပ်မပြောချင်ဘူး၊ ကဲ . . နေလုံးကြီးတောင် ပင်လယ်ထဲကို တစ်ဝက်လောက် ဝင်နေပြီ၊ ကျွန်မ ပြန်တော့မယ်"

"ဘယ်ပြန်ရမှာလဲ သက်ဝေ"

"အော် . . ဒီအုန်းတောရဲ့ နောက်က မှိုင်းလုံးရွာဟာ ကျွန်မတို့ရွာပါပဲ၊ သွားမယ်နော်"

"လိုက်ပို့မယ်လေ သက်ဝေ"





"မလိုပါဘူးရှင် . . ဒီအုန်းတောထဲက လူတွေရော လမ်းတလျှောက်ရှိတဲ့ လူတွေပါ ကျွန်မကို သိနေကြတာပါ၊ ဒါ ကျွန်မပြန်တဲ့ အချိန်ပဲလေ"

"အော်"

တင်မောင်ဦးက သောင်ပြင်ပေါ်သို့ ဆင်းကာ လမ်းဖယ်ပေးလိုက်သည်။

"နောက်တွေ့ကြသေးတာပေါ့"

သက်ဝေက နှုတ်ဆက်စကားဆိုကာ အုန်းတောထဲသို့ ပြေးဝင်သွားလေသည်။

တင်မောင်ဦးသည်သာ သက်ဝေကို ငေးမောကာ ကျန်ရစ်ခဲ့တော့သည်။ သက်ဝေထံမှ ယခင်ဘဝက အကြောင်းများကို သူ သိချင်နေသည်။

လေပြင်းတိုက်သောကြောင့် အုန်းပင်များသည် လေသံမြည်ကာ ပင်လယ်ပြင်ဘက်သို့ ငိုက်စောင်းနေကြသည်။ လေသံက တဝီဝီ မြည်နေသည်။ လေထဲတွင် မိုးငွေ့မိုးသက်များ ပါနေသည်။

"အင်း . . ဒီညတော့ မိုးတွေ လေတွေ ကျလိမ့်မယ် ထင်ပါရဲ့"

တင်မောင်ဦးသည် သက်ဝေဆိုသော ထူးဆန်းသည့် မိန်းကလေး တစ်ယောက်ကို စွဲလမ်းခဲ့မိသည်။ သက်ဝေသည် ရိုးသားပုံရသည်။ ပင်လယ်ပြင်ထဲမှ သူမသည် ပြန်မလာနိုင်သော လူတစ်ယောက်ကို စောင့်ကြိုနေခြင်း ဖြစ်နိုင်ပေသည်။

သို့သော် ထူးဆန်းသည်က အနှစ်တစ်ရာကျော်ပြီဟု ဆိုသည်။ မည်သူသည် မိန်းမပျိုတစ်ဦးကို အနှစ်တစ်ရာကျော် ခွဲထား၍ ရပါမည်နည်း။

သက်ဝေနှင့် ပတ်သက်သော စဉ်းစားစရာများမှ ရှုပ်ထွေး၍ ကွဲကွဲပြားပြား မသိနိုင်။ သက်ဝေသည် မျက်နှာဝိုင်းဝိုင်းလေးနှင့် ချောမောလှပသော မိန်းကလေးဟုသာ တင်မောင်ဦး သိရှိနိုင်တော့သည်။ သက်ဝေက သူ့ကို ထပ်၍ တွေ့လိုသောစိတ်ရှိပုံ ရသည်။

"နောက်လဲ တွေ့ကြတာပေါ့"

ဟု ပြောသွားသည်။ အောက်စဖို့(ဒ်) တက္ကသိုလ်မှ ထွက်လာသော တင်မောင်ဦးသည် ထူးဆန်းသော ဘဝတစ်ခုကို လေ့လာရန် စိတ်ဝင်စားမိသည်။ သူသည် သက်ဝေဆိုသော မိန်းကလေး၏ ဘဝနောက်ကြောင်းကို သိလိုစိတ်



www.burmeseclassic.com

www.burmeseclassic.com





ပေါ်လာလေသည်။

သက်ဝေနှင့် တွေ့ဖို့ကတော့ လွယ်ပါသည်။ ပင်လယ်ကမ်းစပ်ရှိ အမြင့်ဆုံး ကျောက်ဆောင်ရှိရာသို့ လာခဲ့ဖို့ပင် ဖြစ်သည်။ သူ ရွှေလင်းပိုင်သို့ အပြန်တွင် နေလုံးပျောက်သွားသောကြောင့် မီးရောင်များပင် ထွန်းလင်းနေပြီ ဖြစ်သည်။

တစ်ဖက်ခန်းမှ မြိတ်မင်းသား၏ ဘုရားရှိခိုးသံကို ကြားနေရသည်။ ရန်ကုန်မှ မထားရီ၏ စာကို တစ်ခေါက် ပြန်ဖတ်ရန် စိတ်ကူးလိုက်မိသည်။

* * * * *

သက်ဝေသည် ချစ်သောသူအား မိမိအသက်ကို တစ်ဝက်ခွဲဝေပေးနိုင်သော စိတ်သဘောရှိသည့် မိန်းကလေးမျိုးဟု တင်မောင်ဦးက ကိုယ်လိုရာ ကိုယ်ဆွဲတွေးသည်။

သက်ဝေ၏ မျက်နှာတွင် အထူးခြားဆုံးမှာ မျက်လုံးများပင် ဖြစ်၏။ ထိုမျက်လုံးမျိုးမှာ မိန်းကလေး တစ်ထောင်တွင် တစ်ယောက်ရှိဖို့ ခက်ခဲသည့် မျက်လုံးမျိုးဟု ဆိုနိုင်သည်။

စိတ်သဘောထား ကောင်းမွန်၍ ရယ်မောနေသော မျက်လုံးများဟု ဆိုရမည်။ ဧည့်ခန်းတွင်ရှိသော ကြိမ်ကုလားထိုင်တွင် ထိုင်ကာ သက်ဝေ၏ အကြောင်းကို တွေးနေသည်။ သူသည် မျက်နှာကြက်ရှိ မီးပန်းဆိုင်းကို ကြည့်ရင်း ပြုံးနေမိသည်ကို သတိမထားမိပေ။

"ဟာ . . ဟေ့ တင်မောင်ဦး၊ မင်း ဘာတွေသဘောကျနေလဲကွ"

အခန်းတံခါးဖွင့်ကာ ထွက်လာသည့် မြိတ်မင်းသားက မေးလိုက်တော့မှပင် လန့်ကာ လှည့်ကြည့်မိသည်။ မြိတ်မင်းသားသည် အဖြူရောင်ပိုးအင်္ကျီနှင့် ပိုးပဝါကို ပေါင်းထားလေသည်။

အမြဲ ကြော့မော့နေတတ်သည့် မြိတ်မင်းသား ကိုကျော်စွာမှာ အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်ပြီးမှ အပြင်ထွက်လာတတ်၏။

"ဘာမှ သဘောမကျပါဘူးဗျာ"

"မဟုတ်သေးပါဘူးကွာ . . ငါ သိပါတယ်၊ မင်း မျက်နှာက ကိုယ့်အတွေးနဲ့ကိုယ် သဘောကျပြီး ပြုံးတဲ့အပြုံးမျိုးကြီးပါ"







မြိတ်မင်းသားသည် လူကဲခတ် အလွန်ကောင်းသူ ဖြစ်သည်။ မျက်နှာအမူအရာသည် မည်သို့ဖြစ်နေလျှင် စိတ်ထဲမှာ ဘာဖြစ်နေသည်ဟု သိသော အကဲခတ်မှုမျိုးကို မြိတ်မင်းသားက ဖျတ်ကနဲ ရိပ်မိလိုက်သည်။

"ကိုကျော်စွာရာ ခင်ဗျားကတော့ လူကဲခတ် တကယ်တော်တဲ့သူပဲ၊ ဟုတ်တယ် ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ ပင်လယ်ကမ်းခြေမှာ တွေ့လာလို့"

"ဘယ်နားမှာလဲ"

"အနန်းတောအလွန် ကျောက်ဆောင်ပေါ်မှာပေါ့"

"အော် . . သိပြီ၊ သူ့ရဲ့ချစ်သူက ပင်လယ်ထဲက ပြန်မလာသေးဘူးဆိုတဲ့ မိန်းကလေး သက်ဝေလား"

"ဟင် . . အစ်ကိုကျော်စွာ သိနေတယ်"

"သိနေတာပေါ့ကွာ . . ဒီ မောင်းမကန် ပတ်ဝန်းကျင်က လူတွေဟာ သူ့အကြောင်းသိတဲ့သူ များတာပေါ့၊ ငါ့ဆီတောင် လာပြီးတော့ သူ့ချစ်သူ မြန်မြန်ပြန်လာအောင် ဆုတောင်းပေးပါဆိုပြီး သူ့မိဘတွေနဲ့ ဆွမ်းအုပ်လာပို့ဖူးတယ်"

"ဟုတ်လား . . ဒါဆို အစ်ကို ကျော်စွာဆီကို လာပြီး ဆွမ်းအုပ်ပို့တဲ့သူတွေက သူတို့အခက်အခဲတွေကို ဆုတောင်းနေတာ၊ ယတြာချေနေကြတာပေါ့"

တင်မောင်ဦးက သူ့အနီးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သော မြိတ်မင်းသားကို ကြည့်ရင်း ပြောလိုက်၏။

"မင်း စဉ်းစားကြည့်လေ၊ လူတွေရဲ့ သဘာဝကိုက ထူးခြားမှုကို မြင်လွယ်တယ်၊ နှစ်သက်မြတ်နိုးတယ်၊ ပြီးတော့ တစ်စုံတစ်ရာ အာနိသင်ရှိရမယ်လို့ ထင်ကြတယ်၊ ငါကလဲ သူတို့ရဲ့ စိတ်အလိုဆန္ဒကို ဖြည့်ပေးတာပဲ၊ ဒါမှလဲ ငါ့ရဲ့ အလိုဆန္ဒပြည့်မယ်လို့ ထင်တယ်" "ဗျာ"

ယနေ့မနက် မြိတ်မင်းသား ကိုကျော်စွာ၏ စကားများမှာ ထူးဆန်းနေသည်ဟု ထင်မိသည်။

မြိတ်မင်းသားသည် လူ့သဘာဝများကို ကြည့်ရှုပြီး လူတို့၏ စိတ် အာသာပြေအောင် ပြုလုပ်နေသည်။ သူက သူ့ကိုယ်သူ ပြောနေ၏။ တင်မောင်ဦး

မိုးလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ယုံရခက် မယုံရခက်။

သို့သော် အောက်စဖို့ဒ် တက္ကသိုလ်တွင် နေစဉ်က 'ဆိုက်ကိုလိုဂျီ' ခေါ် စိတ်ပညာနှင့် ပတ်သက်၍ လေ့လာလိုက်စားဖူးသူဖြစ်သည်။ လူ့စိတ်မှာ အာရုံခံစားမှုပေါ်တွင် မူတည်နေကြောင်း သိထားသည်။

"ဒါဆိုရင် သက်ဝေတို့ မိသားစုနဲ့ ကိုကျော်စွာနဲ့ ခင်တာပေါ့နော်"

"ဒါပေါ့ကွာ ခင်တာပေါ့၊ မိန်းကလေးရဲ့ စိတ်အလိုဆန္ဒတွေကို မတားမြစ်ဖို့ သူ့စိတ်ကို ချုပ်တီးပစ်တာ မလုပ်ဖို့ ငါပြောတယ်၊ ဒါကြောင့် သူတို့

ဖေ အမေတွေဟာ မစိုးရိမ်တော့

ကျောက်ဆောင်ကို သွားခွင့်ပြုထားတ

နှစ်နဲ့ချီနေပြီပဲ၊ မိန်းကလေးက ရုပ်ရည်

လေး၊ သနားကမားပဲ"

"ဟုတ်တယ် . . သူ့ရုပ်ရည်

မြင်ရသူ စွဲလမ်းလောက်တယ်"

"မင်း စွဲလမ်းနေပြီ မဟုတ်

လား"

ဟု မြတ်မင်းသားက မေ

သည်။

ႁ ႁ ႁ

တင်မောင်ဦးသည် မြတ်မင်းသား၏အမေးကို အင်းမလှုပ်အဲမလှုပ်သာ နေခဲ့သည်။ သို့သော် သူ့စိတ်အာရုံတွင်ကား သက်ဝေဆိုသည့် မိန်းမချောလေးကို တွေ့လိုစိတ် ဖြစ်ပေါ်နေသည်။

ညနေစောင်းသည်နှင့် သူသည် ပင်လယ်ပြင်ဘက်သို့ လမ်းလျှောက်လာခဲ့၏။ ပင်လယ်ပြင်သို့ ရောက်သည်နှင့် ပင် သက်ဝေဆိုသည့် မိန်းကလေး တွေ့နေကျ ကျောက်ဆောင်ပေါ်တွင် ရှိမရှိ လှမ်းကြည့်၏။

တွေ့နေကျနေရာတွင် သက်ဝေကို မမြင်ရလျှင် သူ့ရင်များ ပူဆောင်သွားသည်ဟု ထင်ရသည်။ သူသည် သက်ဝေတို့ရွာဘက်သို့ လှမ်းကြည့်သည်။ မည်သူ့မျှ အသွားအလာမရှိပါ။ ကျောက်ဆောင်ဘေးတွင် တင်မောင်ဦး ရပ်ကာ ပင်လယ်ပြင်ဘက်သို့ ငေးကြည့်နေမိသည်။

"အော် ... ကိုတင်မောင်ဦးက ရောက်နေပြီကိုး"

မှတ်ချက်ချသံနှင့်အတူ သက်ဝေအသံကို ကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





သက်ဝေသည် လှလှပပ လိမ်းခြယ်ထား ပန်းနုရောင်ဝတ်စုံလေးဖြင့် သောင်ပြင်ဘေးသို့ ရောက်လာသည်။

"သက်ဝေ ရောက်နေပြီ ထင်လို့"

"သက်ဝေကလဲ ကိုတင်မောင်ဦး ဒီနေ့တော့ ရောက်လာမှာပဲလို့ ထင်နေတာ"

"ဘာဖြစ်လို့ ထင်နေတာလဲ"

"သက်ဝေ စိတ်ထဲက အလိုလို ထင်မိတာပေါ့၊ သက်ဝေ ကိုတင်မောင်ဦးနဲ့ စကားပြောရတာ ပျော်တယ်လေ၊ ကြည့်ပါလား ကိုတင်မောင်ဦးက မျက်လုံးကြီးတွေနဲ့ စူးစိုက်ပြီး ကြည့်နေတာ အဲဒီမျက်လုံးကြီးတွေက သူနဲ့သိပ်တူတာပဲ"

"ဘယ်သူနဲ့ တူတာလဲ"

"ပင်လယ်ထဲက ပြန်မလာတဲ့ ဟိုတစ်ယောက်နဲ့ တူတာပေါ့"

"ဟောဗျ"

"ဘာဟောဗျတာလဲ"

"ပင်လယ်ထဲက ပြန်မလာတဲ့ သူက ဘယ်လောက်ကြာပြီလဲ"

"အနှစ်တစ်ရာကျော်ပါပြီလို့ မနေ့ကတည်းက ပြောထားတဲ့ဟာ"

သက်ဝေက နှုတ်ခမ်းလေးမှ ကာ ပြောသည်။ ထိုအမူအရာလေးမှ ချစ်စရာ သနားစရာလေး ဖြစ်နေသည် မျက်ဝန်းများတွင် မျက်ရည်ကြည်လေး များ ခိုတွယ်နေသည်ဟု ထင်ရ၏။

ထိုမျက်ဝန်းမှ မျက်ရည်ကြည် များလဲ့နေသော မျက်လုံးအစုံကို ရင်ထဲ မှာ စွဲသွားမိသည်။

"သက်ဝေ"

"ရှင်"

"သက်ဝေ မကြိုက်ရင် ကိုတင် မောင်ဦး မမေးတော့ပါဘူးနော်"

သက်ဝေက မျက်လုံးအိမ်ထဲမှ မျက်ရည်များ လိမ့်ဆင်းလာကာ တရှိုက် ရှိုက်ဖြင့် ငိုနေလေတော့သည်။

"အဟင့် . . ဟင့် . . ဟင့်"

"သက်ဝေ မငိုနဲ့လေ ဘာလို့ ငိုနေတာလဲ"

"ကိုဝင်းအောင်နဲ့တူလို့ သူ့ကို ခင်မင်မိတာကို သူက လူကို မယုံသလို ထပ်မေးတယ်၊ အဟင့်"

"သက်ဝေ . . သက်ဝေ မ ကြိုက်ရင် ဘယ်တော့မှ မမေးတော့ဘူး နော်"







သက်ဝေ၏ မျက်ရည်များကို တင်မောင်ဦး မကြည့်ရက်ပေ။

✦ ✦ ✦

သက်ဝေ၏ မျက်ရည်စများကို သူသုတ်ပေးချင်သော်လည်း သူနှင့် သက်ဝေ ဘာမှုမဟုတ်သေးသည်ကို သတိရမိ၍ အသာကြည့်နေရသည်။ ခဏနေတော့မှ သက်ဝေ အငိုတိတ် သွားသည်။

တင်မောင်ဦးက မသိချင် ယောင်ဆောင်ကာ ပင်လယ်ပြင်ဖက် သို့ ငေးနေသည်။ သက်ဝေသည် သူ့ အိမ်က လိမ်းခြယ်လာသော မှုန့်သာ များ ပြယ်သွားလေပြီဟု ထင်ပုံရသည်။

"ကိုတင်မောင်ဦး"

"ဗျာ"

"ကြည့်ပါလား"

"ဗျာလို့မထူးပါနဲ့ဆို"

"ဘယ်လိုထူးရမှာလဲ"

"ဟင်လို့ ထူးပေါ့"

"ကဲ . . ဟင်"

သက်ဝေအလိုကျ သူက 'ဟင်' ကနဲ ထူးလိုက်မိသည်။

"အဲလိုမှပေါ့ ကိုဦးက သိပ် လိမ္မာတာပဲ"

ညနေနေရောင်အောက်တွင် သက်ဝေသည် တင်မောင်ဦး၏ကျောကို ခေါင်းနှင့် မှီထားလိုက်သည်။ တင် မောင်ဦး ရင်ထဲတွင် နွေးခနဲ ဖြစ်သွား လေသည်။

"ကျောက်ဆောင်ပေါ်ကို မ တက်တော့ဘူးလား သက်ဝေရဲ့"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ကိုတင်မောင်ဦးရှိနေတဲ့ အ ချိန်လေးတွေကို နမြော့လို့ တော်ကြာ ကိုတင်မောင်ဦးက ပျောက်ချင်ပျော သွားမှာ"

သက်ဝေသည် သူမျှော်လင့် နေသည့် ကိုဝင်းအောင်ဆိုသော လူနေ ရာတွင် အစားထိုးလိုက်ပြီ ထင်သည်။

"ဒါဆို လမ်းလျှောက်ရအောင် နော်"

"ကောင်းသားပဲ"

သက်ဝေက တင်မောင်ဦး လက်ကို ဆွဲရင်း သောင်ပြင်ပေါ်တွင် လမ်းလျှောက်နေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ရှိတယ်ကွ၊ သက်ဝေဟာ ဒီအတိုင်းဆိုရင်တော့ မင်းကို ဟိုးဘဝက ပင်လယ်ထဲကို လှေနဲ့ ထွက်သွားတဲ့ ဝင်းအောင်အစား ခင်တွယ်နေတာပဲ"

"ဟုတ်တယ် အစ်ကိုကြီးရေ၊ ကျွန်တော့် မျက်လုံးတွေနဲ့ ကိုဝင်းအောင် မျက်လုံးတွေ တူတယ်လို့ ပြောတာပဲ"

"မင်းကရော"

"ကျွန်တော်ကလဲ ချစ်စရာ၊ သနားစရာကောင်းတဲ့ သက်ဝေလေးကို သံယောဇဉ်ဖြစ်နေမိတယ်။ သူက ညနေတိုင်း ကျွန်တော့်ကို မျှော်နေမယ်လို့ ပြောတယ်"

မြတ်မင်းသားက သူ့မေးစေ့ကို ပွတ်ကာ စဉ်းစားသည်။

"အင်း . . ထူးတော့ ထူးတယ်ကွ၊ မင်းရော အိပ်မက်ထဲတွေ ဘာတွေမှာ သက်ဝေကို အိပ်မက်မမက်ဖူးဘူးလား"

"ကြဲကြဲဖန်ဖန်ဗျာ၊ မမက်ဖူးပါဘူး၊ ဒါပေမယ့် သူ့မျက်လုံးတွေ အကြည့်က ကျွန်တော့်ရင်ထဲမှာ စူးခနဲ နင့်ခနဲ ဖြစ်သွားမိတာပဲ သတိထားမိ...

"ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"အဲဒါ အချစ်ပဲကွ၊ မင်း ဒီကောင်မလေးကို ချစ်နေပြီ၊ စွဲလမ်းနေပြီ"

"ဟာဗျာ အဲဒီလိုလဲ မဟုတ်ပါဘူး၊ ရန်ကုန်မှာက ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ထား ရှိနေတာပဲ"

"ရန်ကုန်မှာ ထားရှိပေမယ့် ခုမရှိဘူးလေ၊ ဒီအကြောင်းတွေကို ရန်ကုန်က မင်းရဲ့ထားဆီကို ငါ သံကြိုးရိုက်လိုက်ရမလား"

"ဟာ . . မလုပ်စမ်းပါနဲ့ ကိုကျော်စွာရာ၊ ကျွန်တော် စိတ်ရှုပ်လာပြီ"

တင်မောင်ဦးက ခေါင်းကုပ်၍ ပြောလိုက်သည်။ မြတ်မင်းသားကတော့ တဟားဟား ရယ်နေသည်။

"ကိုကျော်စွာ ခင်ဗျားကတော့ ရယ်နိုင်တာပေါ့"

"ရယ်နိုင်တာပေါ့ကွာ . . သက်ဝေကို ငါက မင်းရဲ့ အရင်တွေ့ခဲ့တာပဲ၊ ဒါပေမယ့် သက်ဝေက ငါ့ကို သူ့ချစ်သူ ပြန်လာအောင် ဆုတောင်းပေးမယ့် သူလို့ပဲ ဆက်ဆံတယ်၊ သူ့ချစ်သူနဲ့တူတဲ့လူလို့ မထင်ဘူး"





"ကျွန်တော့်ကျတော့ ဘာလို့ ဒီလိုထင်လဲ"

တင်မောင်ဦးက မေးမြန်းလိုက်သည်။

"မင်းကတော့ ရေစက်ပါလို့ ဖြစ်မှာပေါ့"

"လုပ်ပြီဗျာ ကျွန်တော့်မှာ နံပါတ်ကြီးနဲ့ပါလို့ ပြောနေသားပဲ"

"ဟား . . ဟား . . ဟား . . လူတွေရဲ့ အကြောင်း ငါအသိဆုံးပါ တင်မောင်ဦးရာ၊ အဲဒီလိုနံပါတ်ရှိတဲ့ လူတွေက နံပါတ်တွေပြုတ်၊ မပြုတ်ရင်လဲ ဖြုတ်ချပြီး နောက်မိန်းမယူကြတာတွေ အများကြီးပေါ့"

"ဟင်း"

တင်မောင်ဦးသည် သက်ပြင်းချလိုက်သည်။

သူ၏ စိတ်ထဲမှာလည်း တကယ်ပင် မတင်မကျ ဖြစ်နေသည်။ မထားရီထက်ပင် သက်ဝေကို သူ စွဲလမ်းနေမိပြီလားဟု တွေးနေ၏။ စားသောက်ဆိုင်ထဲသို့ နံနက်နေရောင်ခြည်သည် ဖြာကျနေ၏။

မြတ်မင်းသားသည် ဘော်ငွေရောင် ရေနွေးအိုးလေးထဲမှ ရေနွေးပူပူများကို လက်ဖက်ရည်ပန်းကန် နှစ်လုံးထဲသို့ ထည့်နေ၏။ သူတို့နှစ်ဦး၏ အလယ်တွင် ဆီထမင်းနှင့် ငါးရံ့ခြောက်ကြော်ပန်းကန်မှာ အငွေ့တထောင်းထောင်း ထနေလေသည်။

"မင်း ဆယ်ကျော်သက်တော့ မဟုတ်တော့ပါဘူးနော်"

မြတ်မင်းသားက ငါးရံ့ခြောက်ကြော်တစ်ဖတ်ကို ဝါးရင်း ပြောလိုက်သည်။ \

"မဟုတ်တော့ပါဘူးဗျာ . ကျွန်တော် နှစ်ဆယ့်တစ်နှစ်ထဲမှာ"

"အင်း . . ဒီအရွယ်ကလဲ အချစ်နဲ့ပတ်သက်ရင် စွဲစွဲလမ်းလမ်း ရှိတတ်သေးတဲ့ အရွယ်ပဲပေါ့ကွာ၊ မင်း ဆီထမင်းလေး ဘာလေးစားပါဦး"

မစားနိုင် မသောက်နိုင် ပင်လယ်ပြင်ဘက် ငေးနေသော တင်မောင်ဦးကို သတိပေးလိုက်၏။ တင်မောင်ဦးက သည်တော့မှ ဆီထမင်းကို လက်နှင့် ဆုပ်ကာ ပါးစပ်ထဲ ထည့်ဝါးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစာအဟာရကတော့ စားဟော့၊ သဗ္ဗေသတ္တာ အဟာရဋ္ဌိတိကာ တဲ့၊ သတ္တဝါရဲ့အသက်ကို အဟာရက စောင့်တယ်ကွ"

"ကျွန်တော် ဘာမှမစားချင်ဘူး"

"မင်းရင်ထဲမှာ အချစ်တွေပြည့်နေပြီကိုး"

ဿ ဿ ဿ

မြတ်မင်းသား ပေဖန်သလိုပင် အချစ်တွေနှင့် ပြည့်နေပြီလားမသိ။ စားဖို့သောက်ဖို့ထက် ညနေပိုင်းရောက်လာလျှင် သက်ဝေနှင့်တွေ့ဖို့ ပြင်ဆင်နေမိသည်။ ဘဏ်တိုက်မှ ငွေလွှဲစာအုပ်ဖြင့် ငွေထုတ်ကာ ပို့ပေးဖို့ မထားရီကို မှာထားသည်။

ငွေငါးရာကို အိတ်ထဲ၌ ထည့်ကာ ခေါင်းကို ကျကျနနဖြီး၍ ခါးပတ်ပတ်ကာ ထွက်လာသည်။ မြတ်မင်းသားက ဧည့်ခန်းထဲတွင် ထိုင်နေရင်းမှ

"သွား . . တင်မောင်ဦးရေ၊ သမိုင်းပေးတာဝန်ကို ထမ်းဆောင်လိုက်ဦး"

ဟု နောက်လိုက်၏။

တင်မောင်ဦးက ဘာမျှမပြောတော့။ မနေ့ကတည်းက သက်ဝေကို အုန်းမောကထဲက အကြော်ဆိုင်ကို စောစောလာဖို့ မှာထားသည်။ ထို့ကြောင့် တင်မောင်ဦးသည် မြတ်မင်းသားကို လက်ပြကာ အပေါ်ထပ်မှ ဆင်းသွားသည်။

မောင်းမကန်ကို အမြန်ရောက်စေရန် လမ်းမလျှောက်တော့။ ရွှေလင်းပိုင်တည်းခိုခန်းရှေ့မှ မြင်းလှည်းကို ငှားကာ စီးသွားသည်။ အုန်းတောထဲမှ အကြော်ဆိုင်သို့ ရောက်သောအခါတွင် သက်ဝေက အရင်ရောက်နေကြောင်း တွေ့ရသည်။

သက်ဝေသည် အနီရဲရဲအင်္ကျီ လက်ပြတ်နှင့် ပိုးချိတ်ထမီအနီရင့်ရောင်ကို ဝတ်ဆင်ထားသည်။ လှပညီညာစွာ လိမ်းခြယ်ထားသော မျက်နှာပြင်က ချောမွေ့ညက်ညောနေသည်။ ဆံပင်များကို သပ်သပ် ရပ်ရပ် စုစည်းကာ ကျောပေါ်သို့ ချထား၏။

လက်ပြတ်အင်္ကျီ ဝတ်ဆင်ထားသောကြောင့် ဝင်းဝါသော အသား





အရည်မှာ တင်ရင်းပေါ်လွင်နေသည်။ မို့မောက်သောရင်၊ ရှပ်ဟိုက်သောခါးနှင့် စွင့်ကားသောတင်တို့က လမ်းသွားလမ်းလာများပင် လှည့်၍ ကြည့်သွားရသည်အထိ။

"ကိုဦး"

"ဗျာ"

"လာပြန်ပြီဗျာ"

"ဒီနေ့ ကိုဦးကို အိမ်အလည်ခေါ်သွားမလို့"

"ဘာလို့လဲ"

"ဖေဖေတို့က ကိုဦးကို တွေ့ဖူးချင်လို့တဲ့၊ အဲဒါ ဝေက ကိုဦးကို ရှက်အောင် စကားမပြောရဘူး၊ စိတ်ဆိုးအောင် မလုပ်ရဘူးလို့ ကတိတောင်းထားတယ်"

"ဘယ်သူ့ကိုလဲ"

"ဖေဖေဦးရွှေအေးနဲ့ မေမေဒေါ်မိမိကိုပေါ့"

"မကြားဖူးပါဘူး သက်ဝေရယ်၊ သမီးက မိဘတွေကိုပဲ ကတိတောင်းရတယ်လို့"

"ဟုတ်တယ်လေ ကိုဦးရဲ့၊ သူတို့က မချေမငံပြောလို့ ကိုဦးက ဝေဆီကို မလာတော့ရင် ဝေပဲ တစ်သက်လုံး ငိုနေရမှာ သိလား"

မျက်ခုံးလေးတစ်ဖက်ပင့်ကာ ပြောလိုက်သော သက်ဝေ၏အမူအရာလေးမှာ ကလေးဆန်၍ ချစ်စရာကောင်းနေသည်။

သက်ဝေမှာ သူ့ကို အတော်ပင် စွဲလမ်းနေပြီဖြစ်ကြောင်း သိရသည်။ သူသည် ရန်ကုန်မှ မထားရီကို ရုတ်တရက် တွေးလိုက်မိသည်။ ထို့ကြောင့်

"သက်ဝေ"

ဟု ခေါ်လိုက်၏။

"ရှင်"

"လူ့ဘဝက်ကြမ္မာဆိုတာ ဘာမှပြောလို့ မရဘူးနော်"

ဟု သတိပေးစကား ဆိုလိုက်၏။

"ပြောလို့ရပါတယ် ကိုဦးရဲ့"

သက်ဝေက အတွန့်တက်လာသည်။

"ဘာပြောလို့ရတာလဲ"

"သက်ဝေလေ မွေးကတည်းက ကံမကောင်းဘူး၊ ခုတော့ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



လာပြီလေ၊ ကိုဦးက သက်ဝေ့အနားမှာ တစ်သက်လုံးနေတော့မှာ မဟုတ်လား"

"အို . . ဘယ်သူက အာမခံလို့ ရမှာလဲ"

"ကြည့် . . ဝေ ငိုအောင်စမနေနဲ့နော်၊ ဝေက ကိုဦးနဲ့ ပက်သက်ရင် အပွန်းအပဲ့လေးတောင် မခံနိုင်ဘူး၊ ဝေ့မှာ ကိုဦးကို အမြဲစိတ်ထဲမှာ ထည့်ထားရတာ ရင်တွေတောင် တင်းကြပ်နေတာပဲ၊ စမ်းကြည့်ပါလား"

သက်ဝေက တင်မောင်ဦး၏ လက်ကို ဆွဲကာ သူမရင်အစုံပေါ် တင်လိုက်သည်။

"မကောင်းပါဘူး ဝေရဲ့"

"ဘာမကောင်းတာလဲ"

"ဟိုမှာ လူတွေကြည့်သွားတယ်"

"အင်း . . ဟုတ်တယ်နော်၊ နောက်ကို လူမရှိတဲ့နေရာကို သွားရအောင်သိလား"

* * * * *



သက်ဝေမှာ ဘာဆိုဘာမျှ မသိ။ ပကတိ ကလေးငယ်တစ်ဦးလို ဖြစ်နေသည်။ သက်ဝေတို့အိမ်ကို လိုက်သွားတော့ ရွာထဲက ဟိုလူကကြည့် သည်လူကကြည့်။

တင်မောင်ဦးလို ခံ့ညားၡ၍ အနောက်တိုင်းဝတ်စုံကို ကျကျနန ဝတ်ဆင်ထားသော ရန်ကုန်သားတစ်ယောက် လိုက်လာသည်ဆိုတော့၊ ရွာထဲရှိ အိမ်များပေါ်က လူတို့အကြည့်က အံ့သြသောအကြည့်။ ဝမ်းသာသော၊ အားကျသော အကြည့်မျိုးဖြင့် ကြည့်သူများလည်း ရှိသည်။

သက်ဝေကတော့ ခေါင်းကို မော့၊ ရင်ကိုကော့နေသည်။ သူမအသွင်က ကဲ သက်ဝေဆိုတာ ဘယ်လိုမိန်းမစားလဲဆိုတာ သိကြပြီလားဟု ကြွားလာပုံရသည်။

ငါးဖမ်းပိုက်များကို ဝါးနှင့်ထောင်ကာ လှမ်းထားသော နှစ်ထပ်အိမ်ကြီးထဲသို့ သက်ဝေက ဝင်သွားလေသည်။

သက်ဝေ၏အဖေမှာ အသက်ငါးဆယ်ကျော်အရွယ် ခံ့ညားသော တောဝယ်သားကြီး ဖြစ်သည်။ သက်ဝေ၏အမေကလည်း အဖြူရောင်လေထီးပိတ်အင်္ကျီနှင့် ဆံထုံးကို ကျကျနန ထုံးထားသည်။

ခြံထဲ၌ ပိုက်များကို ထောင်ကာ လှမ်းနေသော အလုပ်သမားနှင့် ပိုက်



www.burmeseclassic.com

www.burmeseclassic.com



များဖာထေးချုပ်လုပ်နေသော အမျိုးသမီးများ ရှိသည်။

"မမမြ့တို့ မိုးချုပ်ပြီလေ၊ ခုထိ အလုပ်လုပ်နေတုန်းလား"

တင်မောင်ဦး ပါလာ၍ သက်ဝေက အသံပေးလိုက်သည်။

"အော် . . သက်ဝေလေး လာပြီကိုး၊ ဟော . . ညွှန့်သည်လည်း ပါလာတာကိုး"

"ညွှန့်မဟုတ်ပါဘူး မမမြ့ရဲ့၊ ဒါ သက်ဝေရဲ့ ကိုကိုလေ၊ ကိုဦးဆိုတာ သူပေါ့"

"သက်ဝေကလဲကွာ"

တင်မောင်ဦးက ရှက်၍ ခပ်တိုးတိုး တားလိုက်သည်။ အိမ်ပေါ်မှ သက်ဝေ၏ အဖေ နှင့်အမေက စိုးရိမ်သော မျက်လုံးများဖြင့် ကြည့်နေသည်။

ဦးရွှေအေးက ပြုံး၍

"သမီးက ပြောတဲ့အတိုင်း တကယ်ခေါ်လာတာကိုး၊ လာ . . သား အိမ်ပေါ်တက်၊ သမီးကတော့လေ ဖွတ်တရွတ်ချည့်ပဲ"

ဟု ပြောလိုက်သည်။

သက်ဝေကို အိမ်ကလူများက ကလေးတစ်ယောက်လို ဆက်ဆံကြကြောင်း သိသာသည်။

ငါးခြောက်ကြော်များ၊ ဆိတ်သားခြောက်ကြော်များဖြင့် ရေနွေးကြမ်းသောက်ရန် ပြင်ဆင်ထားသည်။ တင်မောင်ဦးက တည်ကြည်စွာဖြင့် ဝင်ထိုင်လိုက်သည်။

"သမီးက ဆိုးတယ်ကွယ်၊ အိမ်က လူတွေကတော့ ရိုးနေပြီ၊ သူက မောင်တင်မောင်ဦးကိုလဲ အတော်သံယောဇဉ်ကြီးရှာတယ်ကွယ့်"

သက်ဝေ၏အမေ ဒေါ်မိမိက သနားစဖွယ် သမီးဘက်မှ ကာကွယ်ပြောရှာသည်။

"ခက်ပြီ" တင်မောင်ဦးသည် သက်ဝေတို့အိမ်သို့ ဘာလို့များ လိုက်လာမိပါလိမ့်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။

သက်ဝေကို ချစ်သော၊ သက်ဝေ၏စိတ်တိုင်းကျ ဖြစ်စေချင်သော မိဘနှင့် ညီအစ်ကို မောင်နှမများကို တွေ့ရသည်။ တင်မောင်ဦးသည် ဆုတ်ရခက်သော အခြေအနေသို့ ရောက်ပြီဖြစ်ကြောင်း အလိုလို သတိထားမိသည်။





သက်ဝေ၏အစ်ကိုဖြစ်သော ကိုရင်မောင်က ပိုက်များကို စစ်ဆေးနေရာမှ အပေါ်သို့ တက်လာသည်။

"ငါ့ညီ လာမယ်လို့ ညီမလေးက ပြောတာ၊ တို့က နောက်နေတယ် ထင်တာ၊ ငါ့ညီက လူချောပဲကွ၊ ဒီမှာ ထမင်းစားသိလား"

ရိုးသားသော တံငါသုံးပစ္စည်းများ ပြုလုပ်ရောင်းချသည့် ထားဝယ်သားကြီးက တင်မောင်ဦးကို ရင်းနှီးခင်မင်စွာ ပန်းပုတ်၍ ပြောလိုက်သည်။

"ကျွန်တော်က ရွှေလင်းပိုင် တည်းခိုခန်းမှာ တည်းတာပါ၊ ဦးလေးတစ်ယောက်နဲ့ လာပြီးတွေ့တာ"

"ရန်ကုန်ကဆို"

ကိုရင်မောင်က ထပ်မေးသည်။

"ဟုတ်ပါတယ်"

"ဘယ်တော့ပြန်မှာလဲ"

"လောလောဆယ်တော့ ပြန်ဖို့ရက် မသေချာသေးပါဘူး"

"သေချာရင် ကြိုပြောနော်၊ ထားဝယ်လက်ဆောင် ပေးလိုက်ချင်လို့" ကိုရင်မောင်က ရေနွေးကြမ်းဝိုင်းတွင် ထိုင်ကာ စကားပြောသည်။

"သမီးက လူကို ခင်ခဲတယ်။ ဘယ်သူ့မှ ရင်းရင်းနှီးနှီးနေတာ မဟုတ်ဘူး၊ ခု သားကို ခုလိုခင်တယ် ချစ်တယ်ဆိုတာ ဦးတို့တောင် အံ့သြတယ်"

ဦးရွှေအေးက ရိုးရိုးကြီး ပြောသည်။

"ဟုတ်တယ် မောင်တင်မောင်ဦး"

ဒေါ်မိမိကလည်း ရေနွေးကြမ်းငှဲ့ပေးရင်း ပြောသည်။

"ကိုဦး ထမင်းစားပြီးမှ ပြန်ရမယ်နော်"

"ဟင့်အင်း . . တည်းခိုခန်းကျမှ စားမယ်"

သက်ဝေက နှုတ်ခမ်းစူလိုက်သည်။

"မရဘူး"

ဖ ဖ ဖ

သက်ဝေသည် နှစ်ထပ်အိမ်ကြီးအောက်ထပ်သို့ ဝင်သွားသည်။ ထမင်းစားပန်းတွင် တင်မောင်ဦးစားရန် ထမင်းချက်များကို ညွှန်ကြားစေနိုင်းရန်ဖြစ်သည်။ ကိုရင်မောင်က လေသံတိုးတိုးဖြင့်

"မောင်တင်မောင်ဦး ညီမလေးက သနားစရာ ကောင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းစပ်မှာ သွားသွားပြီး ထိုင်တဲ့ စိတ္တဇရှိတယ်၊ သူ့ဟိုဘဝက ချစ်သူက ပင်လယ်ထဲက ပြန်မလာဘူး ဆိုတဲ့အစွဲ ရှိတယ်''

ဟု ပြောသည်။

''သိပါတယ် . . သက်ဝေက ကျွန်တော့်ကို ပြောပြတယ်၊ ကိုဝင်းအောင်ဆိုလား ကျွန်တော့်ကို သူနဲ့တူလို့တဲ့''

''အေး . . ဟုတ်တယ်၊ ဂရုစိုက်ပါ မောင်တင်မောင်ဦးရယ်၊ မင်း ရုတ်တရက် သူ့ကို နှုတ်ဆက်ပြီး ထွက်သွားရင် သူ တစ်ခုခုဖြစ်မှာပဲ''

ကိုရင်မောင်က သူညီမ သက်ဝေအကြောင်းကို အကြောင်းသိ၍ စောစောစီးစီး ပြောပြသည်။

''နှုတ် ဆက်ပြီး ထွက်သွားတော့ရော မင်းညီမက ရမလား၊ ဒီကလေးမ စိတ်အစွဲအလမ်း သိပ်ကြီးတာ၊ မေမေ စိတ်ပျက်တယ် ရင်မောင်''

သူတို့မိသားစုကြားတွင် တင်မောင်ဦး အနေရခက်နေသည်။

''ဟူး . . ဒီသမီးကလေးက်ကောင်းပါစေလို့ ငါကတော့ ဆုတောင်းရတာပဲ၊ သွားဦးမဟော့ ဟိုမှာ ပိုက်ပြင်ဖို့ အပ်တဲ့သူတွေ လာနေပြီ''

အိမ်ရှေ့တွင် တံငါများက ပိုက်များပေါက်သည့် ပြသည့်ကို ပြင်ဆင်ရန် လာနေကြ၍ ဦးရွှေအေးက နှုတ်ဆက်ကာ ဆင်းသွားသည်။

''မောင်တင်မောင်ဦး''

''ဗျာ''

''ကြားတဲ့အတိုင်းပဲကွယ် . . ဒေါ်ဒေါ်တို့ကတော့ သိပ်စိတ်ပူတယ်၊ စိတ်ပူတာက သူ့ကို လူရှုပ်လူပွေတွေနဲ့ တွေ့ပြီး ဒုက္ခရောက်မှာ စိုးလို့ပါ၊ မောင်တင်မောင်ဦးတို့လို တည်တည်ကြည်ကြည်လူနဲ့ကတော့ စိတ်ပူစရာ မရှိပါဘူး၊ ကဲ . . လွတ်လွတ်လပ်လပ် နေနော်၊ အားမနာနဲ့''

''ဘာမှ အားနာစရာမရှိဘူး''

ကိုရင်မောင်ကလည်း ပြောကာထွက်သွားတော့၏။ ယခုတော့ အိမ်ရှေ့ဧည့်ခန်းတွင် ရေနွေးဇန်းပြင့် တင်မောင်ဦး တစ်ယောက်ထဲသာ ကျန်ရစ်ခဲ့သည်။

တင်မောင်ဦးသည် ယခုမှ လမ်းခွဲနှစ်ခုဆုံရာ ရောက်နေသည်။





ရန်ကုန်က ထားကလည်း အပြစ်ကင်းမဲ့စွာ သူ့ကို ချစ်မြတ်နိုးသော မိန်းကလေးတစ်ဦးပင် ဖြစ်သည်။ ထားပေါ်တွင် သစ္စာဖောက်ရာ ကျပြီလားဟု တင်မောင်ဦး စဉ်းစားသည်။

''အို . . ထားကို ငါ လက်ထပ်ထားတာမှ မဟုတ်ဘဲ''

ဟု စိတ်ကို ဖြေလိုက်ရတော့၏။

''ဟော . . ကိုဦး ဘာတွေတွေးနေတာလဲ''

ရုတ်တရက် သူ့ဘေးနား လာထိုင်သော သက်ဝေက မေးလိုက်သည်။

''ဘာမှ မတွေးပါဘူး''

''တွေးပါတယ် ဝေသိတယ်၊ တွေးကို တွေးတယ်၊ မျက်လုံးကြီးကစိုက်ပြီး တွေးနေတာ''

''မဟုတ်ရပါဘူး ဝေရယ်''

''ကဲ . . မဟုတ်ရင်လဲပြီးရော၊ မျက်နှာကြီးက အဲသလို တင်းမနေပါနဲ့၊ ကိုဦး မျက်နှာတင်းနေရင် ဝေမနေတတ်ဘူး သိလား''

''ဪ . . ဝေရယ်''

''ဟုတ်တယ် . . ဝေက ကိုဦးနဲ့ ဘယ်တော့မှ မခွဲဘူးလို့ မေမေတို့ကို ပြောပြီးပြီ၊ ဒါကြောင့် အိမ်ကို ခေါ်လာတာပေါ့၊ ဒီအိမ်က ကိုဦး ကြိုက်သလိုနေ၊ ဘယ်သူမှ ကိုဦးကို နှောင့်ယှက်မယ့်သူ မရှိဘူး၊ ဝေ ရှိတယ်''

သက်ဝေက သူမအိမ်ကို သူမပိုင်ကြောင်း ပြောပြသည်။ ထမင်းစားခန်းသို့ ထလိုက်စဉ်မှာပင် တင်မောင်ဦး၏စိတ်တို့သည် လေးလံလှဘိတော့၏။ ခက်လဲခက်ပါလား ဝေရယ်။

ဿ ဿ ဿ

''အဲဒါ ဦးလေးဥသြကြောင့် ခုကျွန်တော် ဘယ်လိုလုပ်မလဲ၊ ဘာဆက်လုပ်ရမလဲ''

တင်မောင်ဦးသည် ဇဒက်ကြီးသချိုင်းသို့ ရောက်လာကာ အရက်ဝိုင်းတွင် ဦးထိုက်ကျင်၊ ဦးဒေါင်ဘွင့်နှင့် ဥသြတို့ကို တွေ့သည်နှင့် ရင်ဖွင့်ပြောဆိုလိုက်တော့၏။

''တင်မောင်ဦး''

''ဗျာ''

''မင်း စကားကို ကြည့်ပြောစမ်းပါကွာ''

''ဘာကြည့်ပြောရမှာလဲ၊ ရည်းစားပွဲမှာ ကျွန်တော့်ကို လာခေါ်တာကင်



www.burmeseclassic.com

www.burmeseclassic.com



ဗျား‌ပဲ၊ ခင်ဗျားလာလို့ ကျွန်တော်က ဘာလဲဆိုတာ သိချင်လို့ လိုက်ရင်း ထားဝယ်ရောက်လာတာ၊ ကျွန်တော့်ကို ဒီလောက်နှိပ်စက်ရရင် တော်ရောပေါ့ဗျာ"

တင်မောင်ဦးက ခံစားချက်ကို မထိန်းနိုင်ဘဲ ပြောလိုက်တော့၏။

"သေချာလဲ စဉ်းစားပြီးမှ ပြောပါ တင်မောင်ဦးရာ၊ ငါက မင်းကို သေနတ်နဲ့ချိန်ပြီး ခေါ်တာလဲ မဟုတ်ဘူး၊ ကြိုးနဲ့ချုပ်ပြီး ခေါ်လာတာလဲ မဟုတ်ဘူး"

"ဒါပေမယ့် ခင်ဗျားတို့ ကျွန်တော့်ကို လှေရဲ့ဝမ်းထဲမှာ ပိတ်ပြီး ခေါ်လာတယ်လေ"

"အဲဒါ ငါ မဟုတ်ဘူးကွ၊ ကျောက်မီးသွေး လုပ်တာ"

"ဘာ . . ကျောက်မီးသွေးလဲ၊ ဒီရောက်တော့ ရသေ့ကြီးဦးဝိရ ခေါ်နိုင်းလို့ဆို"

"အဲ . . ဟုတ်တယ်၊ ရသေ့ကြီးက မင်းကို ကျောက်စာတွေကိစ္စ ဘာလက်တင်စာကိစ္စလား၊ အဲဒီကိစ္စအတွက် ခေါ်ဖို့ပြောတာ"



"အို . . ဘာဖြစ်ဖြစ်ဗျာ၊ ကျ
တော် ထားဝယ်ရောက်လာတာ ခင်
တို့ကြောင့်ပဲ၊ ခင်ဗျားတို့ လုပ်လို့ ဒီ
ဖြစ်ရတာ"

စိတ်ပျက်လက်ပျက်ဖြင့် ရက်ဗိုင်းတွင် ထိုင်ရင်း တင်မောင်ဦး ပြောလိုက်၏။

"ဟုတ်တယ်ပဲ ထားပါတော့
ကွာ၊ ဒါပေမယ့် ငါတို့က မင်းတွေး
လိုမျိုး လုပ်တာမဟုတ်ပါဘူး၊ သူ့ဟာ
ပဲ ဖြစ်ချင်ရာဖြစ်နေတာပါ၊ ဘာပဲဖြ
ဖြစ်လေ တို့အပြစ်လို့ ထားချင်လဲထာ
ပေါ့"

တင်မောင်ဦးမှာ ဘာဆက်
ပြောရမှန်း မသိတော့။

"ခင်ဗျားတို့ ဘာတွေပြောနေ
တာလဲ"

"မပြောတတ်ပါဘူးကွာ၊ မင်း
က အပြစ်တင်တာနဲ့ တို့လဲ ပါးစပ်ထဲ
တွေ့ရာပြောမိတာပါပဲ၊ ခု ဘာတွေဖြစ်
နေလို့လဲ၊ အရက် လေးဘာလေး
သောက်ပါဦးကွာ"

"ဟူး"

တင်မောင်ဦးက လေပူများကို





မှတ်ထုတ်ကာ ဦးထိုက်ကျင်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဦးအောင်ဘွင့်ကလည်း ခေါင်းကြီးငုံ့နေသည်။

ဤလူကြီးများသည် သဘောထားအလွန်ဆိုးကြသူများ မဟုတ်ကြ။ သူက သိပ်ဖိနှိပ်ပြော၍လည်း မကောင်းဟု တင်မောင်ဦး တွေးမိလာသည်။

ဦးထိုက်ကျင် ကြားဝင်၍ ဖြေပေးရန် ဆုံးဖြတ်လိုက်မိလေသည်။

"မောင်တင်မောင်ဦး"

"အခု မင်း အခြေအနေက ဘာဖြစ်နေလဲ"

"ဘာဖြစ်နေရမလဲဗျ . . အခု သက်ဝေဆိုတဲ့ ကောင်မလေးက ကျွန်တော့်ကို နှစ်သက်သတဲ့၊ သဘောကျသတဲ့၊ ကြိုက်နေပြီတဲ့၊ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"ဟား . . ဟား . . ဟား"

ဦးထိုက်ကျင်က ပေါ့ပေါ့ပါးပါး ရယ်လိုက်တော့မှ ဦးအောင်ဘွင့်၊ ဦးထိုက်ကျင်တို့ လိုက်ရယ်ကြသည်။

"ဖြစ်ရလေ တင်မောင်ဦးရာ၊ မိန်းကလေးတစ်ယောက်က မင်းကို ကြိုက်တာပဲ ဝမ်းနည်းနေရသေးလား၊ နေစမ်းပါဦး ဘယ်ကောင်မလေးကများ မင်းကို မျက်စိလည်ပြီး သဘောကျသွားပါလိမ့်"

ဥသြက' ငါးရဲ့ခြောက်ဖုတ်နေရာမှ

"ဒီကောင် ထားဝယ်ဆိပ်ကမ်းမှာ လမ်းသလားနေတာ တစ်ယောက်ယောက်နဲ့ တွေ့တော့မှာပေါ့"

ဟု ပြောလိုက်လေသည်။

✦ ✦ ✦

တင်မောင်ဦး မျက်နှာက ခပ်တည်တည်ကြီး ဖြစ်နေသောကြောင့် ငှက်ကြီးဥသြမှာ မနောက်ပြောင်ရဲတော့ပါ။

ဦးထိုက်ကျင်လည်း တင်မောင်ဦးစကားများကို နားထောင်၍ စဉ်းစားသွားသည်။ ဦးအောင်ဘွင့်ကတော့ ခေါင်းတညိတ်ညိတ်နှင့်။

"အဲဒါ အခက်ပဲ တင်မောင်ဦး၊ တကယ့်အခက်အခဲပဲ"

ဟု လေးလေးပင်ပင် ပြောလိုက်၏။

"ကျွန်တော် သိတယ်၊ သက်ဝေက ကျွန်တော့်ကို 'နောက်ပြောင်နေတာ မဟုတ်ဘူး၊ သူ့စိတ်ထဲက သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တကယ့်အိမ်ထောင်ဖက်၊ လက်ထပ်ရမယ့်ချစ်သူလို့ သဘောထားနေတာပဲ"

"ဟုတ်တယ် . . မင်းပြဿနာက အပျက်အပျက်နဲ့ တော်တော်မလွယ်တဲ့ အနေအထား ရောက်သွားပြီ တင်မောင်ဦး"

ဦးထိုက်ကျင်က ထရပ်ကာ အညောင်းဆန့်ရင်း ပြောလိုက်လေသည်။ ဥသြက အရက်တစ်ခွက်ကို ကိုင်ကာ မော့လိုက်သည်။

"နေပါဦး တင်မောင်ဦးရဲ့၊ ငါ မေးပါရစေဦး"

"ဦးလေးဥသြ ခင်ဗျား ဘာမေးမှာလဲ မေးဗျာ၊ ကျွန်တော်ကတော့ မ စဉ်းစားတတ်အောင် ခေါင်းရှုပ်နေပြီ"

"ခဏနေပါဦးကွာ အေးအေးဆေးဆေး စဉ်းစားကြတာပေါ့၊ မင်းက ပင်လယ်ကမ်းစပ်က ဦးရွှေအေးအိမ်ကို ဘာလို့ လိုက်သွားရတာတုန်း"

တင်မောင်ဦးက တောက်ခေါက်လိုက်သည်။

"ကျွန်တော့်ကိုယ် ကျွန်တော် မကျေနပ်တာလဲ အဲဒါပဲ၊ ဝေက ချော့တာ မော့တာနောက်ကို ကျွန်တော် မထိန်းနိုင်ဘဲ ပါသွားတာပဲလို့ ထင်တယ်"

"ကောင်းကွာ"

ဦးထိုက်ကျင်က မှတ်ချက်ချလိုက်၏။

"ဘာကောင်းတာလဲဗျ"

"မင်းလုပ်ပုံလေ့ သိပ်ကောင်းတာပေါ့၊ ဒီမိန်းကလေးက ကိုယ့်ကြိုက်နေပြီဆိုတာသိမှ ကိုယ်က အပျော်အပါး သဘောထားတယ်ဆိုရင်လဲ ဝေးဝေးက ရှောင်နိုင်ရမှာပေါ့၊ ခုတော့ မင်းက မိုးဖလဲမျိုး မီးကိုတိုးပြီးမှ"

ဦးထိုက်ကျင်ပြောသော စကားကလည်း မှန်လှသည်။

"ဒါနဲ့ မင်းက ရန်ကုန်သားဆိုကွ၊ တို့က ရန်ကုန်သားဆိုတော့ မိန်းမကိစ္စလောက်တော့ အပျော့ဘဲလို့ အောက်မေ့လို့ သည်အတိုင်း ဘာမှမပြောဘဲ လွှတ်ထားတာ၊ မင်းက ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်းမသိတဲ့ ကောင်ကိုးကွ"

ဦးအောင်ဘွင့်ကပင် မပြော ဘူး တင်မောင်ဦးကို အပြစ်တင်စကား ဆိုလိုက်သည်။ တင်မောင်ဦးသည် ဆံပင်များကို နောက်သို့သပ်ကာ

"ပြောကြဗျာ ခင်ဗျားတို့ ပြော ချင်သလိုသာ ပြောကြတော့၊ ကျွန်တော် ခုတော့ တံတွေးခွက်မှာ ပက်လက်မျော





ရတော့မှာပဲ"

ဟု စိတ်ပျက်သံဖြင့် ပြောလိုက်သည်။

ဦးထိုက်ကျင်က ဇရပ်ပေါ်တွင် ပက်လက်လှန်နေသော တင်မောင်ဦးဘေးတွင် ထိုင်လိုက်၏။

"တင်မောင်ဦး ပျော့ပျော့ပါးပါး နေစမ်းပါကွာ"

"နေလို့မှမရဘဲ ဦးထိုက်ကျင်ရာ၊ ခု ကျွန်တော် သေချင်နေပြီ"

"ကဲ . . သေချင်နေပြီတဲ့ အောင်ဘွင့်ရေ၊ သေချင်တဲ့သူတွေအတွက် ထုံးစံအတိုင်း တို့က ကြွင်းဟူးပေးရမှာပေါ့၊ ကဲ . . အောင်ဘွင့် သွားတူးကွာ"

"တကယ့်ပြောတာလား ဦးထိုက်ကျင်"

"သူ့ သေချာမေးပြီး လုပ်သင့်ရင် လုပ်လိုက်ကွာ၊ လောကကြီးမှာ လူတစ်ယောက်သေတာ ဘာဆန်းတာမှတ်လို့"

ဦးထိုက်ကျင်က အရက်ဗိုင်း ရှိရာသို့ ပြန်သွားထိုင်လိုက်သည်။

"ပစ်ထားလိုက်ပါ ဥသြရာ၊ အချိန်တန်ရင် ဒါမျိုးက သူ့ဟာသူ အဆင်ပြေသွားမှာ၊ တို့က တစ်ခုခု ဝင်ပြောမိရင် တို့ကြောင့်ဆိုပြီး အပြစ်လွှဲချဦးမယ်"

ဥသြက သူ ကင်ထားသော ငါးရံ့ခြောက်ကို ယူလာရင်း

"ဟုတ်တယ် . . ဟုတ်တယ် တင်မောင်ဦးရေ၊ ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ပေတော့"

ဟု ပြောပြန်၏။

❧ ❧ ❧

"ခင်ဗျားတို့ဟာ ဘာမှမပူပင်တတ်တဲ့သူတွေပဲ"

တင်မောင်ဦးက ပက်လက်လှန်ရာမှ ထလာသည်။ သူသည် အရက်ဗိုင်းတွင် တင်ပျဉ် ခွေ ဝင်ထိုင်လိုက်၏။

"ဟုတ်တယ် တင်မောင်ဦး၊ မင်း ခုမှ အမှန်အတိုင်း မြင်တတ်လာတယ် အောင်ဘွင့်ရေ"

"ဘာလဲ"

"ကောင်လေးကို အရက်မူးအောင် တိုက်စမ်းပါကွာ၊ ဒါမှ သူ့ခေါင်းထဲက စကားတွေ ယိုထွက်လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးထိုက်ကျင်က တင်မောင်ဦး ဘေးတွင် ရှိနေသော ဦးအောင်ဘွင့်ကို ပြောလိုက်သည်။

"ပေးဗျာ ကျွန်တော် မှုးအောင် သောက်မယ်၊ ဒါမှ စိတ်ညစ်ပြေမှာ"

"သောက်ကွာ ဒါ မီးတောက် အရက်တွေပဲ"

ကြမ်းပေါ်သို့ လောင်းကာ ဥသြက မီးခြစ်ဖြင့် တို့ပြလိုက်သည်။ ဟုတ်ခနဲ မီးတောက် ပြာလဲ့လဲ့ အရောင်လေး သမ်းလာသည်။

တင်မောင်ဦးက အရက်ခွက်ကို ယူကာ မော့လိုက်သည်။

"အား . . ကောင်းတယ် ပူ တယ်"

"များများသောက် တင်မောင် ဦး၊ ဒါမှ မင်းရင်ထဲက ချစ်ဝေဒနာက သက်သာမှာ"

ဥသြက မြှောက်ပေးသည်။ တင်မောင်ဦးသည် အရက်ကို နောက် တစ်ခွက်ယူကာ ထပ်မော့လိုက်ပြန်လေ သည်။

"ဟူး"

တင်မောင်ဦးသည် ခေါင်းမှ ဆံပင်များကို လက်ချောင်းများ ထိုးသပ် ဘင်လိုက်၏။ ပြင်းထန်သော ဆန်အ ရက်ဖြစ်သောကြောင့် သူ့မျက်လုံးများ ရီဝေဝေ ဖြစ်လာလေသည်။

"တင်မောင်ဦး"

"ဗျာ"

"ခု ဘယ်လိုနေသေးလဲ"

"ကောင်းတယ် . . ဒါမှ ကျွန် တော် ဇော်ကိုရော ထားကိုပါ မေ့ပစ်နိုင် မှာ"

ဦးအောင်ဘွင့်က တင်မောင်ဦး ပခုံးကို ကိုင်လိုက်သည်။

"တင်မောင်ဦး"

"ဗျာ"

"သတိရသေးတယ်နော်"

"ရပါတယ်ဗျာ"

"အေး . . သတိရရင် ကြည့် သောက်၊ တော်ကြာ မင်းအူတွေ ပြတ် ကုန်မယ်၊ အရက်တွေက သိပ်ပြင်း တယ်"

ဦးအောင်ဘွင့်က စေတနာနှင့် ပြောလိုက်ခြင်းပင် ဖြစ်သည်။

"ပြင်းပါစေ ဦးလေးရဲ့၊ ကျွန် တော် သေချင်လဲ သေသွားပါစေ၊ ကျွန်





[illegible]တ်ဆိုတဲ့ကောင်က သေသွားမှ အေး [illegible]ပါ"

တင်မောင်ဦးက အာလေးလျှာ [illegible]လေးသံဖြင့် ပြောလိုက်သည်။ သူသည် [illegible]ရက်ပြင်းအရှိန်ကြောင့် ကောင်း [illegible]ကောင်းပင် မထိုင်နိုင်တော့ပေ။

"အိပ်မယ် . . အိပ်ချင်တယ်"

တင်မောင်ဦးက ဦးအောင်ဘွင့် [illegible]ကို မှိုရင်း ပြောသည်။

"အိပ်ကွာ . . မူးရင်လဲ အိပ် [illegible]တော့၊ ဒီည မင်းတည်းခိုခန်း မပြန်နဲ့ [illegible]မှာပဲအိပ်"

ဦးထိုက်ကျင်က တင်မောင်ဦး [illegible]ခုံးကို ပုတ်လိုက်သည်။

"တင်မောင်ဦး"

"ဗျ"

"မင်း ဘယ်သူ့ကို ချစ်သလဲ"

"ဇော်ကို ချစ်တယ်၊ ဝေက သိပ် [illegible]နားစရာ ကောင်းတယ်၊ ဇော်ကို ကျွန် [illegible]တော် လက်ထပ်မယ်ဗျာ"

တင်မောင်ဦးက အာလေးလျှာ [illegible]လေးဖြင့် ပြောသည်။ သည့်နောက် [illegible]တော့ တင်မောင်ဦးသည် အိပ်ပျော်သွား [illegible]လေတော့သည်။

အရက်မူး၍ အိပ်ပျော်သွား သော တင်မောင်ဦးကို ဇရပ်ပျက်ကြီး ၏ အခန်းလေးထဲသို့ ဦးအောင်ဘွင့်နှင့် ဦးထိုက်ကျင်တို့က မ၍ရွှေ့ကြသည်။ ပြီးနောက် ခြင်ထောင်ထောင်ကာ ကျ ကျနန သိပ်ထားလိုက်သည်။

"ကောင်လေးတော့ အိပ်သွား ပြီ ဥသြရေ၊ အိပ်တာ ကောင်းတယ်၊ နို့မို့ သိပ်ဂျီကျတယ်ဗျာ"

ဦးထိုက်ကျင်က ကြွက် သား ကြော်ကို စားရင်း ပြောလိုက်သည်။ အ ပြင်တွင် မှောင်မဲ့နေပြီ ဖြစ်သည်။ ဘချိုင်းထဲသို့ တင်မောင်ဦး ဝင်လာ သည့်အချိန်မှာပင် ညခြောက်နာရီခွဲ ကျော်ခဲ့ပြီ ဖြစ်၏။

"သူ ဂျီကျတာ သူ ဆုံးဖြတ်မှ ခက်နေလို့ ဦးထိုက်ကျင်ရဲ့"

ဦးအောင်ဘွင့်က ဟိုင်ကိုမှီရင်း ပြောလိုက်သည်။

"ဟုတ်တယ် ဥသြ၊ ဒီကောင် လေးဟာ ရင်မောင့်ညီမ သက်ဝေကို စွဲနေပြီ၊ ဟိုကလေးမကလည်း သနားအ ရာချစ်စရာလေး ထင်ပါရဲ့"

"ငါ သိပါတယ် ထိုက်ကျင်ရ၊ မိန်းမချောလေးကွ၊ စိတ္တဇလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်နေတဲ့ဟာလေး ထင်ပါရဲ့"

"သနားစရာပဲကွာ၊ တော်ကြာ တို့ တင်မောင်ဦးကို ထားဝယ်မြို့ ခေါ်လာမိတာ စိတ်မချမ်းသာစရာတွေ ဖြစ်နေပါ့မယ်"

ဦးအောင်ဘွင့်က နှလုံးသား နူးညံ့သူပီပီ ညည်းညူလိုက်သည်။

"တို့လဲရှိတာပဲ ဝိုင်းထိန်းရမှာပေါ့၊ ကဲ . . လက်စဖြတ်ကြ ညဉ့်နက်ပြီ"

ဥသြက ဇရပ်ဘေးမှ မီးဖိုကို ရေနှင့် ချန်းရင်း သတိပေးလိုက်သည်။ သချိုင်းသည် ပကတိငြိမ်သက်လျက် ရှိနေသည်။

တင်မောင်ဦးကား အိပ်မက်ထဲတွင် လှေတစ်စီးဖြင့် သက်ဝေကို ခေါ်ကာ လှော်သွားသည်ဟု မြင်မက်နေလေသည်။

အားလုံး မီးမှိတ်ကာ အိပ်ရာများပေါ် လှဲလိုက်စဉ်

"မုန်တိုင်းကျတော့မယ် . . မုန်တိုင်းကျတော့မယ်"

ဟု တင်မောင်ဦးက အော်လိုက်သည်။

"ဟင် . . ဘယ်မှာလဲ မု[န်] တိုင်း"

ဥသြက ထမေးသည်။ ဦး[း] ထိုက်ကျင်က

"တင်မောင်ဦး ယောင်နေတ[ာ] ပါကွာ၊ ပြန်အိပ်စမ်းပါ"

ဟု ပြောလိုက်လေသည်။

ဿ ဿ ဿ

တင်မောင်ဦးသည် ညက အ[...] ရက်ရှိန်ကြောင့် ဦးထိုက်ကျင်တို့ ဦးအောင်ဘွင့်တို့ နိုးသည်အထိ မနိ[ုး] သေးပေ။ သချိုင်းဘေးတွင် ဇိုက်ခင်[း] လေး ရှိသည်။

အလကား မနေတတ်သော ဦးအောင်ဘွင့်က ငရုတ်ပင်၊ မုန်ညင်[း] ပင်နှင့် ချဉ်ပေါင်စေ့လေးများ ကြဲ[...] ဇိုက်ခင်းလေးများ ပြုလုပ်ထား၏။

နံနက်နေရောင်ခြည်အော[က်] တွင် ဇိုက်ခင်းလေးများမှာ စိမ်းလန်း[...] ပြေနေသည်။ ဦးအောင်ဘွင့်က မြော[င်] ဘောင်ဘေးရှိ မြက်များကို ပေါက်တူ[း] နှင့် ပေါက်ကာ ရှင်းလင်းနေသည်။



သချိုင်းဇရပ်ဘေးတွင် ဦးထိုက်ကျင်က ရေနွေးအိုး တည်ထားသည်။ နံနက်စာအတွက် ရွာထိပ်သို့ သွားကာ ကောက်ညှင်းပေါင်း ဝယ်ပြီးပြီ ဖြစ်သည်။

မြိတ်မင်းသားက သူတို့အတွက် ပေးထားသော ငါးမန်းခြောက်သုံးချောင်းကို မီးတွင် ခြောက်အောင် ကျွတ်အောင် ဖုတ်ထား၏။

ပင်လယ်ငါးများထဲတွင် ငါးမန်းပေါက်များမှာ အသားချို၍ စားကောင်းလှသည်။ ယာခင်းလေးတွင် ပေါင်းသင်နေသော ဦးအောင်ဘွင့်သည် မိန်းမပျိုတစ်ဦး၏အသံကို ဦးစွာကြားလိုက်ရသည်။

"သူ ဒီမှာရှိတာ သေချာလို့လား ဦးရယ်"

"သေချာပါတယ် ရွှေလင်းပိုင်တည်းခိုခန်းကို ပြန်လာမအိပ်ဆိုရင်တော့ သူ အိပ်ဖို့နေရာဟာ ဒီနေရာရှိတာပဲ၊ ကျောက်မီးသွေးတို့ ရွက်လှေရှိတဲ့ နေရာတော့ သွားမှာ မဟုတ်ပါဘူး"

ဦးအောင်ဘွင့်က နဘူးချုံပင်များဘေးမှ ချောင်းကြည့်လိုက်သည်။

ခေါင်းစည်းကြိုး အဝါရောင်လေးစည်းထားပြီး လှပကျော့ရှင်းသော မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရသည်။ ဥသြသည် ခုမှနိုးကာ ဇရပ်ဘေးရှိ စဉ့်အိုးထဲသို့ ရေခပ်လိုက်၏။

သချိုင်းဘေး လမ်းပေါက်မှ ဝင်လာသော မြိတ်မင်းသားနှင့် သက်ဝေတို့ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။

သက်ဝေ၏အိမ်သို့ ဩဇာသီးနှင့် ငါးဖမ်းပိုက်ဝယ်ရန် သွားရင်းမှ သက်ဝေ၏အဖေ ဦးရွှေအေးနှင့် ရင်းနှီး၏။ သက်ဝေကိုလည်း တွေ့ဖူးမြင်ဖူး စကားပြောဖူးသည်။

"ဟော . . မသက်ဝေက မြိတ်မင်းသားနဲ့ လိုက်လာတာကိုး၊ ဘာကိစ္စ"

ဥသြက သိလျက် မသိချင်ယောင်ဆောင်ကာ မေးလိုက်လေသည်။

"ဦးလေးဥသြက ဒီရောက်နေတာကိုး၊ ကျွန်မက ကိုဦးကို လိုက်ရှာတာ"

"ကိုဦးဆိုတာ တင်မောင်ဦးကို ပြောတာလား"

ဥသြက ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးရဲ့၊ ကိုတင်မောင်ဦးနဲ့ သမီးနဲ့ တကယ့်အရင်းအချာ ဖြစ်နေပြီလေ"

မျက်နှာလေးက ပြုံးနေသည်။ မြိတ်မင်းသား စကားအရ ဇရပ်ထဲတွင် ရှိနေမည်ဟု သက်ဝေက ယုံကြည်ပုံရသည်။

ငယ်ရွယ်နုနယ်သော သူတို့၏ အချစ်၊ စိုးရိမ်မှုနှင့် သံယောဇဉ် မည်မျှကြီးမားသည်ကို ဦးထိုက်ကျင်က ကိုယ်ချင်းစာတတ်သည်။

"သူက မလာတာ ကြာနေပြီ သမီးရဲ့၊ သမီးက ဒီကိုလာမယ် ထင်လို့လား"

ဥညြက ခပ်တည်တည် ပြောလိုက်သော စကားကြောင့် သက်ဝေ မျက်လုံးလေးဝိုင်းသွားသည်။

"ရှင်"

သက်ဝေက စိုးရိမ်သည့်အသွင် ပေါ်သွားသည်။ ဦးထိုက်ကျင်က မကြည့်ရက်တော့ပေ။

"အလကားပါ သမီးရယ်၊ ဟိုဖက်အခန်းထဲမှာ အိပ်နေတယ်၊ ညက အရက်တွေ သောက်တာများသွားလို့"



"အို . . သတိမှရရဲ့လား"

လေကားထစ်တွင် ဖိနပ်လေးချွတ်ကာ ပြေးဝင်သွားလေတော့သည်။ မိန်းကလေးတစ်ဦးသည် တကယ်ချစ်မိပြီဆိုပါက ကြောက်ရလန့်ရကောင်းမှန်း အန္တရာယ်ရှိမှန်းလည်း မတွေးပေ။

သာမန်အချိန်ဆိုလျှင် ဤကဲ့သို့ လူစိမ်းများရှိသော သချိုင်းထဲသို့ ခြေဦးလှည့်မိမည်ပင် မဟုတ်။ အသုဘပို့ပြီးလျှင် နောက်ဆုံး၌ မကျန်ခဲ့ရအောင် သတိထား၍ ပြန်သွားမည်သာ ဖြစ်သည်။

အခန်းထဲတွင် စောင်များ၊ ခေါင်းအုံးများက မသိမ်းရသေး။ လှပချောမွေ့သော သက်ဝေဆိုသည့် မိန်းမပျိုလေးနှင့် သချိုင်းဇရပ်မှာ မည်သို့မျှ မလိုက်ဖက်ပေ။

အိပ်ပျော်နေသော တင်မောင်ဦးကတော့ သက်ဝေ ရောက်လာသည်ကို မသိသေးပေ။

"ကိုဦး . . ကိုဦး"

"အင်"

ဖွာ ဖွာ ဖွာ





"ဘာဖြစ်လို့ သွားပြီး ပြောရတာလဲ ထိုက်ကျင်ရာ"

ဥညြက တင်မောင်ဦး အိပ်နေသည့် အခန်းကို ပြောလိုက်၍ ခပ်တိုးတိုး မကျေနပ်သံဖြင့် ပြောလိုက်သည်။

"အော် . . သူချစ်သူကို စိုးရိမ်စိတ်နဲ့ ဟာရှာတာ တွေ့သွားမှ ကောင်းမှာပေါ့"

"မင်းဟာလေ အဲဒါကြောင့် က်နေတာ၊ တာဝါလိန်းလမ်းမှာ သူနဲ့ လက်ထပ်မယ့် မိန်းကလေးက ရှိနေတယ်၊ တင်မောင်ဦးက ထားဝယ်မှာ နေမှာတဲ့လား"

ဥညြမှာ တင်မောင်ဦးကို သွားရောက်ခေါ်ငင်လာသူ ဖြစ်၍ အခြေအနေ အရပ်ရပ်ကို သိနေသည်။ စိန်ရွှေအဝင်းဝင်းနှင့် ဧည့်ခံပွဲ၌ ထိုင်နေသော ဝတ်လုံတော်ရ ဦးမြင့်၏သမီး မထားရီကိုလည်း သတိထားမိခဲ့သူ ဖြစ်၏။

မထားရီမှာလည်း ပြစ်မျိုးမဲ့မတင် စင်ကြယ်ချောမွေ့သူဖြစ်၍ ဂုဏ်သရေရှိ အသိုင်းအဝိုင်း၌ တင့်တယ်သူ ဖြစ်သည်။



မြိတ်မြို့မှ တံငါပိုက်များ ပြင်ဆင်သည့် လုပ်ငန်းလုပ်သူ ဦးရွှေအေး၏သမီး သက်ဝေနှင့် ဝတ်လုံတော်ရ ဦးမြင့်၏သမီး မထားရီတို့နှစ်ဦး ယှဉ်၍ ရွေးခိုင်းသော် တင်မောင်ဦးသည် မည်သူ့ကို ရွေးမည်နည်း။

"ဥညြ"

"ဟေ"

"မင်း သိပ်မှားတယ်ကွာ၊ တင်မောင်ဦးကို ထားဝယ်ကို ခေါ်လာတာ သိပ်မှားတယ်"

ထိုက်ကျင်က နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ဇာတ်လမ်းကို စဉ်းစားလျက် အပြစ်တင်လိုက်သည်။

"သူ့ကို မခေါ်လို့မှ မဖြစ်တာ ထိုက်ကျင်ရာ၊ အခုတော့ တို့အခြေအနေက အဆင်ပြေကာနီးပါပြီ"

"ဘာအဆင်ပြေကာ နီးတာလဲ"

ထိုက်ကျင်က နားမလည်သလို မေးလိုက်သည်။

"သူ့အဖေ လက်ထက်က မရှာ ဖွေနိုင်တဲ့ ရတနာတွေဟာ သူ့သား လက်ထပ်မှာ ရှာတွေ့တော့မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



မြိတ်မင်းသားက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။ မြိတ်မင်းသားသည် မည်သည့်ကိစ္စကို ရည်ရွယ်၍ ပြောမှန်းတော့ မသိရပေ။

တစ်ဖက်ခန်းတွင်လည်း သက်ဝေသည် စိုးရိမ်စိတ်ဖြင့် ရင်ဘတ်ကို လှုပ်ကာ နိုးနေသည်။

"ကိုဦး . . ကိုဦး"

"အင်"

အင်ဟုသာ ထူးသံကြားရပြီး ကိုဦးမှာ မျက်လုံးမဖွင့်နိုင်ပေ။

"ဘယ်သူလဲ"

"ဝေလေ၊ ကိုဦး၊ မနက်အစောကြီး ကိုဦးကို ဘုရားသွားဖို့ လာခေါ်တာ"

"ဝေ"

"ပြော ကိုဦး"

"ကို့ဦး ခေါင်းတွေ အရမ်းကိုက်နေတယ်၊ ထလို့ရမှာ မဟုတ်ဘူးဝေ"

"ဟင် . . ဒုက္ခပဲ"

သက်ဝေသည် ခြင်ထောင်ကို မတင်လိုက်သည်။ ပြီးနောက် တင်မောင်ဦးအတွက် ရှူဆေးဖြစ်စေ၊ လိမ်းဆေးဖြစ်စေ ရလိုရငြား ရှာဖွေနေသည်။

အခန်းထဲမှာက ပစ္စည်းတွေက ရှုပ်ပွနေသည်။ ဆေးဟူ၍ မတွေ့ရ။ သက်ဝေ အပြင်သို့ ထွက်လာ၏။

"ဦးလေးဥညြ"

"နှိုးလို့ မရဘူးလား"

"ရပါတယ် ကိုဦးခေါင်းတွေ အရမ်းကိုက်နေတယ်၊ အဲဒါ ပရုပ်ဆီရှိလား"

ဦးထိုက်ကျင်က

"အော် . . ပရုပ်ဆီရှိတယ်၊ သူ့ခေါင်းပေါ်က ဆင့်တန်းပေါ်မှာကြည့်"

"ဟုတ်ကဲ့ . . ကျေးဇူးပဲ"

သက်ဝေသည် နားထင်နှစ်ဖက်ကို ပရုပ်ဆီလိမ်းကာ ဇက်ကြောကိုပါ ဆွဲပေးနေသည်။

"အားနာတယ် ဝေရဲ့"

"အို . . သောက်တုန်းက သောက်ပြီးတော့ နာတာတော့ နည်းနည်းအောင့်ခံရမှာပဲ"

"အား . . တော်ပြီ"

"ကြည့်စမ်း ဇက်ကြောကြီးတင်းနေတယ်၊ ဒါကြောင့် ခေါင်းကိုက်နေတာပေါ့"

သက်ဝေက တင်မောင်ဦးကို ပြုစုနေသော အသံများကို ဥညြ၊ ထိုက်ကျင်နှင့် မြိတ်မင်းသားတို့ အတိုင်းသားကြားနေရလေသည်။

✦ ✦ ✦

ခဏကြာတော့ တင်မောင်ဦးသည် သက်ဝေ၏ တတွတ်တွတ်မြည်ကာ နှိပ်နယ်ပေးသည်ကို မခံနိုင်တော့ပဲ အိပ်ရာထဲက ထလာရတော့သည်။

"မျက်နှာသစ် ကျွန်မ စောင့်နေမယ်"

သက်ဝေသည် ဇရပ်ကြီးထဲရှိ ဦးထိုက်ကျင်တို့ ရှိရာသို့ ဝင်လာသည်။

"ဦးလေးတို့ကလဲ သူ့ကိုယ်သူ မချိန်ဆတတ်တဲ့လူကို အရက်တွေ အများကြီးတိုက်တာကိုး"

သက်ဝေက ခါးထောက်ကာ ဥညြတို့ကို အပြစ်တင်လိုက်သည်။

"မဟုတ်ပါဘူး သက်ဝေရာ၊ သူ့သဘောနဲ့သူ သောက်တာပါ၊ သူ သိပ်စိတ်ညစ်တယ်၊ သေချင်တယ်လို့ ပြောပြီး သောက်တာပါပဲ"

ဥညြက သာသာထိုးထိုးလေး ပြောလိုက်သည်။ သက်ဝေ မျက်လုံးဝိုင်းသွားသည်။



"လျှောက်ပြောတယ် . . သူ ဒီအတိုင်းပဲ ပြောသလား၊ ကိုဦးမှာ ဘာစိတ်ညစ်စရာရှိလို့လဲ"

"ရန်ကုန်မှာ သူ့အဆက်တွေ ဘာတွေ ရှိမှာပေါ့ဟာ"

ဥညြက သွေးတိုးစမ်းကာ ပြောလိုက်သည်။ ချစ်စရာ မျက်စောင်းလေးကို သက်ဝေက ထိုးလိုက်သည်။

"တော်ပါ ဦးလေးက ကျွန်မကို သက်သက်စနေတာ"

မယုံရင် ထိုက်ကျင်ကို မေးကြည့်"

"ဟုတ်တယ်ဟ သူ ရန်ကုန်နဲ့ ထားဝယ် ဘယ်ကိုရွေးရမှန်း မသိဘူးတဲ့၊ မေးကြည့်တာတော့ မမှားဘူးပေါ့ဟာ"

ဦးထိုက်ကျင်ကပါ ဝင်ပြောလိုက်၍ သက်ဝေ မျက်မှောင်လေး ကျုံ့သွားသည်။ ဘာပဲဖြစ်ဖြစ် သက်ဝေ၏ ရင်ထဲတွင် သံသယလေးတစ်ခုတော့ အစပျိုးပေါက်ရှိသွားခဲ့ပြီ ဖြစ်ပေသည်။

တင်မောင်ဦးသည် မျက်နှာသစ် အဝတ်အစားလဲကာ ထွက်လာသည်။ ခေါင်းကိုက် နည်းနည်းသက်သာသည်။ ညာလက်ကတော့ နားထင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖိထားသည်။

"ဘယ်လိုနေသေးလဲ ကိုဦး"

"နည်းနည်းတော့ သက်သာပါတယ်"

"ဒါဆို ရွှေသာလျောင်းဘုရား သွားရအောင်နော်၊ အကိုက်အခဲပျောက်ဆေးလဲ ဝင်ဝယ်သောက်တာပေါ့"

"ကိုဦး ဒီလိုဝတ်လာလို့ ရပါတယ်နော်"

သူ ဝတ်လာသော အနောက်တိုင်းဝတ်စုံကို ခါးဆန့်ကာ ပြလိုက်သည်။

"ရပါတယ် ကိုဦးရယ်၊ ကိုဦးက ချောပြီးသားပဲ၊ လာ . . သိပ်နေမြင့်ရင် နေပူနေမယ်"

ထားဝယ်မြို့ထဲရှိ ရွှေသာလျောင်းဘုရားသို့ သွားရန် သချိုင်းထဲမှ နှစ်ယောက်သား လက်ချင်းတွဲကာ ထွက်လာသည်။

"ဟော့ . . သွားကြတော့မလား"

ဥဩက လှမ်းအော်လိုက်သည်။

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် ညကိုတော့ ရွှေလင်းပိုင် ပြန်မယ်"

"အေး အေး . . စိတ်ကောက်ပြေအောင် ချော့လိုက်ဦး"

ဥဩက လှမ်းအော်လိုက်သည်။

"အဲဒီ ဦးလေးကြီးတွေက သိပ်နောက်တာပဲနော်"

"ဝေ့ကို ဘာတွေပြောလို့လဲ"

"အို . . ပိုက်စနေတာပဲ၊ ကိုဦးက ရန်ကုန်မှာလဲ တစ်ယောက်ရှိတယ်တဲ့"

တင်မောင်ဦး ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ မြင်းလှည်းတစ်စီးကို လှမ်းမြင်လိုက်ရ၍ သက်ဝေက အာရုံပြောင်းသွားသည်။

"ဟိုမှာ မြို့ထဲက ငှားလာတဲ့ မြင်းလှည်း ပြန်တယ်ထင်တယ် ကိုဦး၊ အဲဒီမြင်းလှည်းကို လှမ်းခေါ်လိုက်ရင် ကောင်းမယ်"

"ဝေ ခဏလေး၊ ကိုဦး ခေါ်လိုက်မယ်"

တင်မောင်ဦးက သချိုင်းမှ ထွက်သည့် သဲလမ်းလေးသို့ ပြေးကာ မြင်းလှည်းကို လက်ခုပ်တီးခေါ်လိုက်သည်။ မြင်းလှည်းသမားက ရပ်စောင့်နေ၏။



"လာ . . နေမြင့်အောင် ဘယ်အထိ ကိုဦးက အိပ်နေမလဲ မသိဘူး၊ ယောက်ျားလေးတွေဟာ ပြောမယ့်သူမရှိရင် မရှိသလိုပဲ၊ အိမ်က ကိုကိုလဲ ဒီအတိုင်းပဲ"

တင်မောင်ဦးက ရှိုးရိမ်စရာ ရှိနေသောကြောင့် သက်ဝေကို ဘာမျှ ပြန်မပြောနိုင်ဘဲ အတွေးထဲတွင် နစ်နေသည်။ မြင်းလှည်းရှိရာသို့ သူတို့နှစ်ဦး ရောက်ရှိလာကြ၏။

* * * * *

ဘုရားဖူးပြီးနောက် ထားဝယ်ဆိပ်ကမ်းရှိ စားသောက်ဆိုင်လေးသို့ တင်မောင်ဦးနှင့် သက်ဝေတို့ ရောက်ရှိလာကြသည်။ နှစ်ယောက် အတူတူ ကြာခံဆီချက်ကို စားနေရင်းမှ

"ကိုဦး"

ဟု ခေါ်လိုက်သည်။

"ဟင်"

"ကိုဦးကို ဒီနေ့ကြည့်ရတာ တစ်မျိုးပဲ"

"မနေ့က အရက်သောက်တာ များသွားလို့ ထင်တယ်၊ ခေါင်းထဲက သိပ်မရှင်းဘူး"

သက်ဝေက ပါးနပ်သော မိန်းကလေးဖြစ်၍ ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး . . မဟုတ်ဘူး၊ တခြားအကြောင်း ရှိရမယ် ဟုတ်တယ်မို့လား"

"မဟုတ်ပါဘူး ဝေရယ်"

"ဒါဆို ဝေမေးတဲ့ မေးခွန်းတွေ မှန်မှန်ဖြေနော်"

"ဘာလဲ ဝေက ကိုဦးကို စာမေးပွဲစစ်နေတာလား"

သစ်ပင်ရိပ်ရှိ ချထားသော စားပွဲအားခုံ ပေါ်တွင် ထိုင်နေသော တင်မောင်ဦးက သစ်ပင်ကို ကျောမှီကာ ပြောလိုက်သည်။ တင်မောင်ဦး၏ နောက်ပြောင်သော အမေးကြောင့် သက်ဝေက နှုတ်ခမ်းစူလိုက်သည်။

"ကိုဦး"

"ဘာလဲ"

"ဒါ နောက်စရာ မဟုတ်ဘူး"

"ကဲ . . မေးပါ ဖြေပါ့မယ်"

"ကိုဦးမှာ ရန်ကုန်ကို လွမ်းစရာရှိသေးလား"

"ရှိတာပေါ့ဗျာ"

"ကြည့်စမ်း ဦးလေးဥဩပြောတာ မှန်နေပြီ၊ ရှိရင်ပြော ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထား တည်နေသည့် သက်ဝေကို ကြည့်ကာ တင်မောင်ဦး မပြောဝံ့ပေ။ သူ့ကို ခွဲခွဲလမ်းလမ်း ချစ်နေရှာသော သက်ဝေ စိတ်ထိခိုက်သွားမှာ စိုးရိမ်သည်။

"ပြောလေ ဘယ်သူလဲ"

တင်မောင်ဦးက ခေါင်းကို လက်ထိုးကာ ဖွရင်း ခေါင်းခါလိုက်သည်။

"မဖြစ်ပါဘူး . . မဖြစ်ဘူး"

"ဘာ . . ရန်ကုန်မြို့က ကောင်မလေးကို ဖွင့်မပြောဘူးပေါ့လေ ဟုတ်လား၊ ဝေ စုံစမ်းပြီး လိုက်သွားရမှာလား၊ ဝေက ကိုယ့်ချစ်သူအတွက် အသက်မစွန့်ရဲဘူး ထင်လို့လား"

သက်ဝေသည် ခတ်ဆတ်ဆတ်ကြဲ ဖြစ်သည်။ တင်မောင်ဦးနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ ခွင့်လွှတ်မည့်ပုံ မပေါ်ချေ။

"တော်ပြီ မစားတော့ဘူး၊ ဝေကတော့ ကိုဦးကို ဝေနဲ့ပတ်သက်ရင် အဟုန်ပြောပြတယ်၊ မိဘတွေနဲ့ပါ ခေါ်ပြီး တွေ့ပေးတယ်၊ ကိုဦးကတော့ ဝေ့ကို လှည့်ချင်ပတ်ချင်တယ်"

"မဟုတ်ဘူး ဝေ၊ ကိုဦး ဒီလို မဟုတ်ပါဘူး"

"မဟုတ်ရင် ပြောပေါ့၊ ကိုဦး အဖေနာမည်က ဘယ်သူလဲ"

"ဦးစိန်မြတ်"

"ဘယ်မှာနေလဲ"

"အခု နတ်ပြည်ရောက်သွားပြီ"

"ဒါက ဘာစကားလဲ"

"အဖေက မရှိတော့ဘူးလေ ဆုံးသွားပြီ"

"ဒါဆိုရင် အမေကရော"

"ကြာပြီ ဆုံးတာ"

"ညီအစ်ကို မောင်နှမ"

"မရှိ"

"ဒါဖြင့် ရန်ကုန်မှာ ဘယ်သူနဲ့နေလဲ"

"ဘယ်သူနဲ့မှ မနေဘူးဗျ၊ နိုင်ငံခြားက ရောက်တဲ့နေ့က ဦးမြင့်အိမ်မှာ တစ်ညပဲ အိပ်တယ်၊ မနက်ကျတော့ ဦးလေးဥသြက ထားဝယ်ကို လေ့နဲ့ ခေါ်လာရော"

"အော်"

တင်မောင်ဦး၏ မိဘဆွေမျိုး





များနှင့် ပတ်သက်သော ကိစ္စကို စူးစမ်းလိုသော သက်ဝေမှာ ကျေနပ်သွား၏။ တင်မောင်ဦး၏ စကားတစ်ခုတည်းတော့ ယုံ၍မဖြစ်။ ဦးလေးဥသြကို မေးကြည့်ဦးမည်။

"ခု ဖြေခဲ့တာတွေ အမှန်ပဲနော်"

"အမှန်ပါပဲ ဝေ"

"အင်းပါ . . ဦးလေးဥသြကို မေးကြည့်တော့မှ ပေါ်လာရင် ကိုဦး မလွယ်ဘူး"

ဥသြကို မေးမည်ဆို၍ တင်မောင်ဦးရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

+ + +

တင်မောင်ဦးသည် မကြာမီ သူ၏အကြောင်း သက်ဝေ စုံစမ်းသိရှိတော့မည်ကို သိနေသည်။ သက်ဝေက ကြည့်နေသည့် အကြည့်ကို မခံနိုင်သောကြောင့် ပင်လယ်ပြင်ရှုခင်းကို ငေးကြည့်နေသည်။ ပင်လယ်ထဲတွင် ရွက်လှေလေးများက ရွက်လွှင့်ကာ သွားလာနေကြသည်။

လေက တဖြူးဖြူး တိုက်ခတ်နေသည်။ သူမ မေးသည့်မေးခွန်းများကို တင်မောင်ဦးက အမှန်အတိုင်း ဖြေသည်ဟု ယူဆနေသော သက်ဝေက စိတ်ကူးအာရုံပြောင်းသွားသည်။

"ကိုဦး"

"ဟင်"

"ဘာသာစကား ဘယ်နှစ်မျိုး ရှိလဲဟင်"

သက်ဝေက ကလေးတစ်ယောက်လို သူ့စိတ်ကူးထဲကို ပေါ်လာသည့်မေးခွန်းအား မေးလိုက်သည်။

"ဘာသာစကားတွေကတော့ အများကြီးပေါ့ ဝေရယ်၊ ကမ္ဘာပေါ်မှာ ရှိတဲ့ ဘာသာစကားတွေ အားလုံးကို တစ်ယောက်တည်း အကုန်သင်လို့တောင် မရအောင် များတယ်သိလား"

"အို . . ဟုတ်လား"

"ဟုတ်တာပေါ့ ဝေ ဘာသာစကား ဘယ်နှစ်မျိုး ပြောတတ်လဲ"

"နှစ်မျိုး"

"ဘာစကားနဲ့ ဘာစကားလဲ"

"ထားဝယ်စကားနဲ့ မြန်မာစကားပေါ့"



www.burmeseclassic.com

www.burmeseclassic.com





"ဒါဆို ဝေ အင်္ဂလိပ်စကား၊ တရုတ်စကား၊ အိန္ဒိယစကား၊ ဂျာမန်စကား၊ ပြင်သစ်စကား၊ ယိုးဒယားစကား၊ ဝေ မတတ်တာတွေ အများကြီးပေါ့"

"ဟုတ်တယ် . . ဟုတ်တယ်၊ ကိုဦးကရော"

"ကိုဦးလဲ နှစ်မျိုး သုံးမျိုး၊ အဲ . . လေးမျိုးလောက်တော့ တတ်တာပေါ့ဝေ"

"ဘာတွေတတ်လဲ"

"မြန်မာ၊ အင်္ဂလိပ်၊ ပါဠိ၊ လက်တင်ပေါ့"

"လက်တင် ဟုတ်လား"

"ဟုတ်တယ် ဝေရဲ့ ဘာဖြစ်လို့လဲ"

"ကိုဦးကို ထူးထူးဆန်းဆန်း ပြောရဦးမယ် သိလား"

"ပြောပါဦး"

သက်ဝေက တင်မောင်ဦး၏ လက်ကလေးကို ဆွဲကာ သူမ လက်နှစ်ဖက်နှင့် ကိုင်ရင်း

"ဝေက ငယ်ငယ်ကတည်းက ပင်လယ်ခမည်းလိုတယ်လေ၊ ပင်လယ်ထဲက မျောလာတာ တစ်ခုခု ခမည်းပေးရမယ်ဆိုလို့ ဖေဘကြီးက ဖေ့ကို ပုလင်းတစ်လုံး ပေးထားတယ်"

"အဲဒီပုလင်းက ပင်လယ်ထဲက မျောလာတာလား ဝေ"

"ဟုတ်တယ် ဘကြီးက ကွန်ပစ်ရင်းနဲ့ ရေပြင်ပေါ်က မျောလာတဲ့ ပုလင်းကို ဆွဲမိလို့ ဖေ့ကို လာပေးထားတာ၊ အံ့မယ် အဲဒီပုလင်းက အသေပိတ်ထားပြီး အထဲမှာ စာလိပ်ကလေး ပါတယ်"

စာလိပ်ကလေး ပါတယ်ဟု ဆိုသောကြောင့် တင်မောင်ဦး စိတ်ဝင်စားသွားသည်။

"စာတွေကို မြင်ရလား"

"ဝေက ငယ်ငယ်က ပုလင်းကို ပွတ်ဆေးပြီး အထဲက စာတွေကို ချောင်းဖတ်ကြည့်တယ်။ လက်ဝါးကပ်တိုင်လို စာလုံးမျိုးတွေ ရေးထားတာတွေ့ရတယ်"

"ဟုတ်လား"

"ဟုတ်တယ် . . အဲဒါကို ဆွမ်းခံကြွတဲ့ ဘုန်းကြီးကို ပြကြည့်တော့ လက်တင်စကားတွေပါလို့ ပြောတယ်







ကိုဦးရဲ့၊ အဲဒီပုလင်းကြောင့် သမီး ကျွန်းဖလာတာလို့ မေမေတို့က ထင်ကြတယ်၊ အရင်က ခဏ ခဏဖျားတယ်တဲ့၊ ကိုဦးက လက်တင်စာဖတ်တတ်ကယ်ဆိုတော့ ဝေ ယူလာခဲ့ဦးမယ်"

"ယူခဲ့လေ စာတွေကို ဖေ့ကို ဖတ်ပြမှာပေါ့"

"တကယ်နော်"

"တကယ်ပေါ့ ဝေရယ်၊ ဘယ်တော့ ယူလာမှာလဲ"

"ကိုဦး စိတ်ဝင်စားရင် မနက်ဖြန်ကို ယူလာခဲ့မှာပေါ့"

ဿ ဿ ဿ

စကားတစ်ခွန်းကို ပြောပြီးလျှင် သက်ဝေသည် မေ့သွားတတ်သူမျိုး မဟုတ်ချေ။ ရွှေလင်းပိုင် တည်းခိုခန်းရှိပ်သာသို့ နောက်တစ်နေ့ မနက်စောစောမှာပင် သူမ၏ တယုတယ သိမ်းထားသော ပုလင်းလေးကို ယူလာသည်။

ပုလင်းမှာ ရသေ့ကြီးဝီရထံတွင် စုထားသော ပုလင်းမျိုးဖြစ်၍ လည်သိမ်နေသော ပေါ်တူဂီပုလင်းမျိုးပင် ဖြစ်သည်။

အဝအချင်းဝက် တစ်လက်မခွဲခန့်ရှိသောကြောင့် လေလုံနေ၍ စာရွက်လိပ်လေးမှာ ပုလင်းထဲတွင် အကောင်းပကတိ ဖြစ်သည်။ စာရေးထားသော စက္ကူမှာ ဆီစိမ်စက္ကူဖြစ်သောကြောင့် နှစ်ပေါင်းများစွာ ရေလေဒဏ်ကို ခံနိုင်သော စာရွက်မျိုး ဖြစ်သည်။

စာရွက်လိပ်ကလေး ဇာဂနာနှင့်ညှပ်ကာ အပြင်သို့ သက်ဝေက ဆွဲထုတ်လိုက်သည်။

ပြီးနောက် ခုတင်ပေါ်တွင် အတူယှဉ်ကာ ထိုင်နေသည်။ တင်မောင်ဦးအား

"ကဲ . . ရော့ ဖတ်ပြပါဦး"

ဟု ပြောလိုက်သည်။ တင်မောင်ဦးက သက်ဝေ၏ခါးကို လက်တစ်ဖက်ဖြင့် ဖက်ထားရာမှ စာရွက်ကို ဖြန့်လိုက်ပြီး စတင်ဖတ်လိုက်တော့သည်။

"၁၈၇၀– ဖရင်းဂရစ်တဲ့ ဝေရဲ့"

"ဖရင်းဂရစ်ဆိုတာ ဘာလဲ ကိုဦးရဲ့"

သက်ဝေက တင်မောင်ဦး ပါးနားကပ်ကာ ခပ်ဘိုးတိုး မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဖရင်းဂရစ်ဆိုတာ လူနာမည်ပေါ့ကွာ၊ ပေါ်တူဂီလူမျိုးရဲ့ နာမည်ပေါ့"

တင်မောင်ဦးက နားနားသို့ကပ်ကာ ပြောရင်း သက်ဝေ၏ ပါးမို့မို့လေးကို ရွှတ်ခနဲ နမ်းလိုက်လေသည်။

"အို"

"ဘာဖြစ်တာလဲ"

"စာဖတ်ပြမယ်ဆိုပြီး ကိုဦးက အသားယူတာကိုး"

"အသားမယူပါဘူး ရနံ့ယူတာပါ၊ အသားယူတယ်ဆိုတာက ဒါမျိုး"

"အို့ . . ကြည့်ပါ့လား"

တင်မောင်ဦးက ခပ်တင်းတင်းလေး ဖက်လိုက်၍ သက်ဝေက အသက်ရှုကျပ်ကာ တင်မောင်ဦး၏ခါးကို တွန်းရင်း အော်လိုက်သည်။

"စာကို ကောင်းကောင်းဖတ်ကွာ၊ သူ့နားမှာတောင် မနေရဲတော့ဘူး"

သက်ဝေက ရှန်း၍ထကာ ခုတင်ဘေးမှ စားပွဲလေးရှိ ကုလားထိုင်တွင် ထိုင်လိုက်သည်။

"ဆက်ဖတ်ရမှာလား"

"ဖတ်ပေါ့"

တင်မောင်ဦးက စိတ်ဖြင့် ဖတ်ကြည့်လိုက်သည်။

ထိုအခါ ရသေ့ကြီး ဦးဝိရထံတွင်ရှိသော ပုလင်းနှင့် ထည့်သည့်စာများကို သတိရလာသည်။ လက်ရေးမှာ မတူသော်လည်း ပေါ်တူဂီသင်္ဘောအကြောင်း ရေးသားထားသည့် စာဖြစ်သည်ကို တွေ့ရ၏။

ဖရင်းဂရစ်မှာ ပင်လယ်ဓားပြကြီး ဟိုးဒင်း၏ ရွက်သင်္ဘောကို လိုက်ပါလာသူ ဖြစ်သည်။

"ဘာသံမှ မကြားရပါလား"

ကုလားထိုင်ပေါ်မှ သက်ဝေက မျက်စောင်းထိုးကာ ပြောလိုက်သည်။

"ဘယ်ကြားရမလဲ ဝေက ကိုယ့်နားမှာမှ မရှိတာ"

"ဝေ့ကို မကောင်းမကြံနဲ့နော်"

သက်ဝေက မချိုမချဉ် ပြောသည်။

"တကယ်ပြောတာ ဝေရဲ့၊ လာ ဒီနားကို ကိုဦး ဘာမှမလုပ်ပါဘူး"

"ယုံရမှာလား"

"အော် . . တကယ်ပြောတာ"

"ဒါဖြင့်ပြီးရော"



သက်ဝေက တင်မောင်ဦးကို ကိုယ်လုံးနှင့်တိုက်ကာ ကပ်ထိုင်လိုက်သည်။ တင်မောင်ဦး၏ လက်ကလည်း သက်ဝေ၏ ခါးကို လှမ်းဖက်ထားလိုက်သည်။

"ကတိမဖျက်နဲ့နော်"

"အင်းပါ"

"ကဲ . . ဖတ်"

"ဒီစာကို ရေးတဲ့သူက ဖရင်းဂရစ်တဲ့ ဝေရဲ့၊ သူက ပင်လယ်ဓားပြ၊ သူတို့လှေကြီး ပျက်စီးသွားတဲ့ အကြောင်းရေးထားတာ"

"အော်"

❀ ❀ ❀

"ကျွန်ုပ်တို့ မထင်မှတ်သော အဖြစ်သည် ရုတ်တရက် ဖြစ်ပေါ်လာလေတော့၏။ ကျွန်ုပ် ဖရင်းဂရစ်သည် ခေါင်းဆောင်ကြီး ဟိုးဒင်း ပြောသည့်အတိုင်း ခဲနောက်ကျွန်းမှာပင် ရွက်သင်္ဘောကြီးကို စောင့်ကာ နေခဲ့ရတော့မည်။

ကျွန်ုပ်တို့၏ ရွက်သင်္ဘောမှာ ရွက်တိုင်နှစ်တိုင် ကျိုးလျက် တစ်တိုင်သာ အကောင်းကျန်ရှိနေလေတော့သည်။

သည်ကြားထဲတွင် သဲသောင်များ ဖို့လာသော ကျွန်း၏ အနောက်ဖက်တွင် သောင်တင်လျက် ရှိနေသေး၏။ မကြာသေးမီက ရရှိလာသော ရွက်လှေငယ်လေးနှင့် ဟိုးဒင်းသည် မသေမပျောက် ကျန်ရှိသော လူရှစ်ယောက်ကို တင်ကာ ထားဝယ်သို့ ဆေးကုသရန် ထွက်ခွာသွားလေပြီ။

ကျွန်ုပ်နှင့် အတူထားခဲ့သော 'ယူဂေးအယ်ကီလာမာ'သည်လည်း ဆိုးရွားလှသော ပုလိပ်ရောဂါစွဲကပ်ကာ ရွက်လှေပေါ်မှာ နောက်တစ်နေ့တွင် သေဆုံးသွားခဲ့လေသည်။

ရွက်လှေပေါ်တွင် ကျွန်ုပ်သာ ကျန်ရှိတော့သည်။ သဲပြင်များသည် ရွက်လှေကြီးတစ်ဝက်ကိုပင် ဖုံးနေပြီ ဖြစ်သည်။

လှုသူမရောက်ပေါက်ဘဲ ဤအတိုင်းသာ ပင်လယ်မှ ဒီရေများ သယ်ယူလာသော သဲပြင်ဖုံးနေလျှင် နောင်လေး၊ ငါး၊ ဆယ်နှစ်အတွင်း ကျွန်ုပ်တို့၏ရွက်လှေသည် သဲများအောက်သို့ နစ်မြုပ်သွားတော့မည် ဖြစ်၏။

ပင်လယ်ဓားပြကြီး ရှစ်ချက် ဟိုးဒင်း ရောဂါပျောက်ကောင်း၍ ရွက်

www.burmeseclassic.com

www.burmeseclassic.com



လေ့သို့ ပြန်လာနိုင်ပါစေဟုသာ ဆုတောင်းရတော့သည်။

ကျွန်ုပ်သည် 'ယူဂေးအယ်ကီမာလာ'၏ အလောင်းကို ရှိသမျှ ခွန်အားဖြင့် သောင်ပြင်ပေါ်မှာသာ သဲများကို ယက်ကာ မြှုပ်နှံလိုက်ရတော့သည်။

ဤသည်မှာ ကျွန်ုပ်၏ အကောင်းဆုံး သင်္ဂြိုဟ်ခြင်းပင် ဖြစ်လေတော့သည်။ ခဲနောက်ကျွန်း၌ ယူဂေးသည် မထသောအိပ်ခြင်းဖြင့် အိပ်ပျော်သွားလေပြီ။

ကျွန်ုပ်ကား ရွှေငွေရတနာများ ဝမ်းအထဲတွင်ရှိသော ရွက်လှေကြီးပေါ်မှ ဆင်းကာ ကျွန်းပေါ်တက်လာခဲ့သည်။

ကျွန်ုပ်၏ ဘဝသည်လည်း ကျွန်းပေါ်မှာပင် အဆုံးသတ်တော့မည် ထင်ရသည်။

ဤစာကို ကျွန်ုပ်တို့ ပေါ်တူဂီလူမျိုးများ ရရှိပါက ခဲနောက်ကျွန်းမှ ရတနာများနှင့် ကျွန်ုပ်ကို ကယ်တင်နိုင်ရန် ရေးသားလိုက်ခြင်းပင် ဖြစ်ပေတော့သည်။"

ဖရင်းဂရစ်

"စာက ဆုံးသွားပြီ သက်ဝေရဲ့"

"ဟင် . . အောက်က ဘာလဲ"

"အောက်က ရွက်လှေကို သဲတစ်ဝက်ဖုံးတဲ့ နေရာပဲ၊ ဟာ . . ဒါဆိုရင် ဒီနေရာက တို့ တက်ပြီး သွားခဲ့တဲ့ သောင်ပြင်ပဲ"

"ဟုတ်လား ကိုဦး၊ ဒါဆို ခဲနောက်ကျွန်းကို ကိုဦး ရောက်ဘူးတာပေါ့"

"ရောက်ဘူးတာပေါ့ ဝေရဲ့၊ ဦးလေးဥသြတို့နဲ့ ရောက်သွားတာပေါ့"

"ကိုဦး တို့က အဲဒီကျွန်းမှာ ရတနာတွေပါတဲ့ လှေကြီး ပျက်စီးသွားတာ မသိဘူးလား"

"သိပါတယ် . . ကျွန်းရဲ့ ဘယ်နေရာမှာဆိုတာသာ မသိတာ ဒီစာကတော့ ရတနာရွက်လှေကြီး သဲတွေ ဖုံးလွှမ်းသွားတဲ့နေရာကို အတိအကျ ပြတာပဲ၊ ရသေ့ကြီး ဦးဝိရ သိရင်တော့ တော်တော်ဝမ်းသာမှာပဲ"

"ရသေ့ကြီး ဦးဝိရ ဟုတ်လား၊ ဦးဝိရဆိုတာ ဘယ်သူလဲ"





"ဦးဝိရဆိုတာက ဖဒက်ကြီး သချိုင်းကို မကြာခဏ ကြွလာတဲ့ ရသေ့ကြီးပဲ၊ ဦးလေးဥသြတို့နဲ့လဲ ခင်မင်တယ်လေ"

"အော် . . သိပြီ . . သိပြီ၊ မျက်ခုံးထူထူနဲ့ ရသေ့ကြီး ထင်တယ်၊ တစ်ခါ တစ်ခါ ဦးလေးဥသြနဲ့ ပင်လယ်ကမ်းစပ်ကို ပါလာတတ်တယ်"

"ဟုတ်တယ် . . ဝေပြောတာ မှန်တယ်၊ ဒီစာကို ကိုဦးကို ပေးခဲ့နော်"

"ကြည့်ပါလား လူကိုတော့ နင်တယ်ပေါ့လေ၊ ဒါပဲနော် ခဲနောက်ကျွန်းကို ဝေ့ကို ခေါ်မယ်ဆိုမှ ယူထား၊ မခေါ်ဘူးဆိုရင် ယူမထားနဲ့"

"ဝေ"

"ဘာလဲ"

"ဝေနဲ့ ကိုဦး တိုင်ပင်စရာတွေ အများကြီး ရှိသေးတယ်"

* * * * *

ရသေ့ကြီး၏ကျောင်းတွင် ဥသြ၊ ဦးအောင်ဘွင့်၊ ရသေ့ကြီး၊ တင်မောင်ဦးနှင့် သက်ဝေတို့ ဆုံမိကြလေသည်။

တင်မောင်ဦးက စာပါအကြောင်းအရာများကို ရှင်းပြလျက် ဆီစိမ်စက္ကူနှင့် လက်တင်စာများ ရေးသားထားသော စာရွက်ကို ရသေ့ကြီးအား ပေးအပ်လိုက်သည်။

ရသေ့ကြီးမှာ ထိုသတင်းစကားကြောင့် ခဲနောက်ကျွန်းသို့ သွားရန် အစီအစဉ် ဆွဲလေတော့သည်။

"အင်း . . ခုမှပဲ ငါ့ကျောင်းရဲ့ အမည်နဲ့ ငါတို့ကိစ္စက လိုက်ဖက်တော့တယ်"

"ဘာဖြစ်လို့လဲ ရသေ့ကြီး"

ဥသြက မေးလိုက်သည်။

"ဘာဖြစ်ရမှာလဲကွ . . ငါ့ကျောင်းရဲ့နာမည်က 'ဇေယျဒီပ'လို့ ပေးထားတယ် မဟုတ်လား၊ ဇေယျဆိုတာက အောင်မြင်တာပေါ့၊ ဒီပဆိုတာ ကျွန်းလေ၊ 'ကျွန်းကိုအောင်မြင်တဲ့ကျောင်း'လို့ အဓိပ္ပာယ်ရတာကိုး"

"ဟာ . . ဟုတ်သားပဲ"

ဥသြက ထောက်ခံလိုက်လေသည်။

"ကဲ . . ဒါဆိုရင်တော့ ဥသြရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"တို့က ခဲနောက်ကျွန်းကို သွားဖို့လှေနဲ့ လူရွေးရလိမ့်မယ်"

"လှေကတော့ ဩဇာသီးတို့ ကျောက်မီးသွေးတို့ လှေရှိပြီး ကျွန်းပေါ်မှာ အချိန်ယူပြီး လှေလာရမယ်၊ တူးရမယ်၊ ရှာရမယ်၊ ဒီတော့ အစားအသောက် ရိက္ခာပဲ စုံအောင်ယူရမယ်၊ ဟိုမိန်းကလေးကရော လိုက်မှာလား"

သက်ဝေကို လက်ညှိုးထိုးကာ ရသေ့ကြီးက မေးလိုက်သည်။

"တပည့်တော်မကလဲ ချက်ပြုတ်ရေးမှာ ကူညီဖို့လိုက်ပါ့မယ်ဘုရား၊ တပည့်တော်မရဲ့ အစ်ကို ကိုရင်မောင်နဲ့ သူ့လူလေးယောက်တို့ကလဲ ရသေ့ကြီးတို့ကိစ္စကို လိုက်ကူညီချင်တယ် ပြောပါတယ်"

"ဟော . . သူတို့က ဒီလက်တင်စာအကြောင်းကို သိသွားပြီလား"

ရသေ့ကြီးက စိုးရိမ်သံဖြင့် မေးလိုက်လေတော့သည်။

"မသိလို့ မဖြစ်ပါဘူးဘုရား၊ ဒီဆီစိမ်စာရွက်က အဲဒီသက်ဝေနဲ့ ကိုရင်မောင်တို့ မောင်နှမ သိမ်းထားတဲ့ ပုလင်းထဲက ရတာပါ"

"အော်"

ရသေ့ကြီးက သိပ်တော့ နှစ်သက်ပုံ မပေါ်ပေ။ သို့သော် သက်ဝေနှင့် တင်မောင်ဦးတို့မှာ ရင်းနှီးပုံရသောကြောင့် မည်သို့မျှ မပြောတော့ပေ။

"ကဲ ကဲ . . ဒါဆိုလဲ နှစ်ရက်သုံးရက် အတွင်းမှာ ခရီးထွက်ကြ[ရ]အောင် စီစဉ်ရမယ်"

ရသေ့ကြီးက လမ်းခရီးတွင် လို[အ]ပ်သည့် ကိစ္စနှင့် ပတ်သတ်သော[] ပစ္စည်းများကို ပြောကြားနေသည်။ တ[]ကယ်တော့ ရသေ့ကြီးဦးဗိရမှာ ထိုရတ[]နာသိုက်ကို နှစ်ပေါင်းလေးဆယ်ကျော်[]စောင့်စားစုံစမ်းနေသူဖြစ်သည်။

သူသည် တင်မောင်ဦး၏အ[]ဖေ ကျောက်စာဝန် ဦးစိန်မြတ်ကို အား[]ကိုးကာစုံစမ်းခဲ့ရသော်လည်း ဥဩ[]မြိတ်မင်းသား၊ ကျောက်စာဝန် ဦးစိန်[]မြတ်နှင့် ရသေ့ကြီးတို့မှာ ခဲနောက်ကျွန်း ဝန်းကျင်၌သာ ရတနာများ တင်[]ဆောင်ထားသော ရွက်သင်္ဘောပျက်ရှိ[]နိုင်သည်ဟုထင်မြင်ရှာ နောက်ဘက်[]ကမ်းရှိသောင်ပြင်ထဲတွင် သဲဖုံးကာနစ်





မြုပ်သွားကြောင်းကိုမူ သက်ဝေတို့အိမ်မှပုလင်းရမှသာလျှင် သိရှိရခြင်းဖြစ်သည်။

သက်ဝေကို မောင်တင်မောင်ဦးက သူတို့ပင်လယ်ကမ်းစပ်ရှိ ရွာလေးသို့ လိုက်ပို့သည်။ သူတို့လူစု၏ ပင်လယ်ခရီးအတွက် တိုင်ပင်ဆွေးနွေးရန်ကို ဇာက်ကြီးသချိုင်းရှိ ဇရပ်ပျက်ကြီး၌ ဆွေးနွေးရန် တိုးတိုးတိတ်တိတ် ညှိနှိုင်းခဲ့ကြသည်။

အုန်းတောထဲသို့ ရောက်သောအခါတွင် သက်ဝေက

"ကိုဦး" ဟု ခေါ်လိုက်သည်။

"ပြောပါဝေ"

"ဝေ့ကို မခေါ်ဘဲ မထားခဲ့နဲ့နော်၊ ကိုဦးရဲ့လူတွေကြည့်ရတာ ပင်လယ်ထဲကို ဝေလိုက်တာမကြိုက်သလိုပဲ"

"မကြိုက်တာ မဟုတ်ပါဘူး ဝေရယ် အန္တရာယ်များလို့ပါ၊ တော်ကြာ လှိုင်းတွေ မုန်တိုင်းတွေနဲ့တစ်ခုခုဖြစ်မှာ စိုးတာပါ"

"မဟုတ်တာပဲ ကိုဦးရယ်၊ ကိုဦးတစ်ယောက်လုံးလဲ ပါတယ်၊ ဝေ့ရဲ့ အစ်ကို ကိုရင်မောင်လဲ ပါမယ့်ဟာကို ဝေ ဘာပူစရာရှိလဲ၊ ဝေတို့ရွာထဲက မိန်းမတွေဆိုရင် မြိတ်ကျွန်းစုတွေကိုသွားပြီး ငါးရှာတာ အလုပ်လုပ်တာ ရိုးနေပြီ"

သက်ဝေက ပင်လယ်ကမ်းစပ်သူပီပီ သူ့ကိုအထင်မသေးအောင် ပြောလိုက်သည်။

"ကိုဦး"

"ဟင်"

"ခဲနောက်ကျွန်းကို ကိုဦးနဲ့အတူတူ သွားရမှာ ဝေတော့သိပ်ပျော်တာပဲ"

✦ ✦ ✦

"မိန်းကလေး ဣန္ဒြေတွေ ဘာတွေ ထိန်းနေလို့ မဖြစ်တော့ဘူး မေမေ၊ တော်ကြာရင် ကိုဦးက ထားဝယ်က မိန်းကလေးရဲ့ လက်ထဲရောက်သွားလိမ့်မယ်"

မထားရီက သူ့အမေကို အိမ်ခန်းထဲမှာ မျက်ရည်စများနှင့် ပြောသည်။ ဝတ်လုံတော်ရ ဦးမြင့်မှာ ကိစ္စအရေးကြီး၍ မနက်စောစောပင် ထွက်သွားပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးဖေဖေ့ကို သမီး မသနားဘူးလား"

"သနားတာပေါ့ ဒီလမ်းထဲအရပ်ထဲမှာလဲ ကိုဦးနဲ့ သမီးကို သမုတ်ပြောဆိုနေကြတာ ကြာပြီဆိုတာ မေမေ သိတယ် မဟုတ်လား"

"သိပါတယ် သမီးရယ်၊ မောင်တင်မောင်ဦးကလဲ သမီးကို အရှက်ကွဲအောင်တော့ မလုပ်ပါဘူး"

"မေမေကလဲ ကိုဦးမိတ်ဆွေ ဦးခင်အောင်က ကိုဦးရဲ့အကြောင်းကို မဟုတ်တာတော့ မရေးပါဘူး"

"ဘယ်ရေးမလဲ သမီးရဲ့၊ ဧည့်ခံပွဲမှာတုန်းက သူက မောင်တင်မောင်ဦးကို ကောင်းကောင်း မှတ်မိသွားတာပဲ၊ ပြီးတော့ မိန်းကလေးတစ်ယောက်နဲ့ တည်းခိုခန်းမှာ တွေ့တယ်ဆိုတာလဲ မှန်လို့ဖြစ်မှာပေါ့"

ဒေါ်ခင်ခင်ရီက ခုတင်ပေါ်တွင် ထိုင်ရင်း သက်ပြင်းရှည်ကို ချလိုက်သည်။

"မေမေ စဉ်းစားကြည့်၊ ကိုဦးလို နိုင်ငံခြားပြန် ရန်ကုန်မှာလဲ ငွေကြေးချမ်းသာတဲ့သူဆိုတာသိရင် ထားဝယ်က ကောင်မတွေက အပိုင်ချိုင်မှာပေါ့ မဟုတ်ဘူးလား"

"သမီး တွေးသလောက် ဟုတ်ချင်မှ ဟုတ်မှာပါ သမီးရယ်၊ မောင်တင်မောင်ဦးက လူငယ်၊ နိုင်ငံခြားမှာလည်း အပျော်အပါး အကျင့်လေးဘာလေး"

"အိုး . . ကိုဦးအကြောင်း သမီးသိတယ်၊ ကိုဦးက ဒါမျိုးတွေ ဝါသနာမပါဘူး၊ ထားဝယ်ကို သူ့ခေါ်သွားတဲ့ လူတွေမှာကို ဟိ အကြံရှိချင်ရှိမှာ လိုက်မသွားလို့တော့ မဖြစ်ဘူးမေမေ"

မထားရီ၏အပူမှာ ဒေါ်ခင်ခင်ရီကိုသာမက ဝတ်လုံတော်ရဦးမြင့်ကိုပါ ကူးစက်နေပြီ ဖြစ်သည်။ ဦးမြင့်သည်လည်း သူ့လုပ်ငန်းများကို တပည့်ဖြစ်သူ ရှေ့နေနှင့် လွှဲပေးခဲ့ကာ ထားဝယ်သို့ လေယာဉ်လက်မှတ်ရရန် စီစဉ်နေလေတော့သည်။

အဆင်မပြေမည်ကို စိုးသောကြောင့် ဝတ်လုံတော်ရ ဦးမြင့်သည် လေယာဉ်လက်မှတ်ယူခြင်းကိစ္စကိုကား စိတ်မချမ်းသာဖြစ်နေသော သမီးမထားရီနှင့် ဒေါ်ခင်ခင်ရီတို့ကို မပြောသေးပေ။



သို့သော် ကုသိုလ်ကံ ဟူသည်ကား ဆန်းကြယ်လှပေသည်။ သူ၏အလုပ်တာဝန်များ လွှဲပေးခဲ့ရသည့် တပည့်ကပင် လေကြောင်းကုမ္ပဏီ၌ သူ၏အသိမိတ်ဆွေတွေရှိရာ ရန်ကုန်

မင်္ဂလာဒုံမှ ထားဝယ်လေဆိပ်သို့ သွားသည့် လက်မှတ်သုံးစောင်ကို လာရောက်ပေးအပ်လေတော့၏။

"ဟင် . . ဒါဘယ်နေ့သွားရမှာလဲ"

"မနက်ဖြန်ညနေပဲ ဆရာ၊ မသွားဖြစ်ရင် မနက်ဖြန်မနက် ကျွန်တော့်ကို ဖုန်းဆက်ပါ၊ ကျွန်တော် လက်မှတ်လာယူပြီး လေဆိပ်ကို ပြန်အပ်လို့ရပါတယ်"

"အတော်ပဲကွာ ငါ့မိသားစုကလဲ ထားဝယ်ကို သွားချင်နေကြတာ၊ မင်းကို ငါဖုန်းဆက်ပါ့မယ်"

ဝတ်လုံတော်ရ ဦးမြင့်၏ တပည့် မောင်ကိုသည် သူ့ဆရာသွားလျှင် အမှုသည်များနှင့် တိုင်ပင်စရာ ရှိသောကြောင့် ထိုသို့ လေယာဉ်လက်မှတ်ယူကာ ပေးခြင်းဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ အလုပ်တာဝန်များ ပိနေသော ဦးမြင့်သည်လည်း ခရီးသွားဖို့ စိတ်ဝင်စားနေလေတော့သည်။ အိမ်သို့ ဝင်သည်နှင့် မထားရီကို ခေါ်လိုက်လေသည်။

"သမီးရေ မထားရီ"

"ရှင်၊ လာပါပြီ ဖေဖေ"

မထားရီ ပြေးထွက်လာသည်။

"လူတစ်ယောက်က ဘာတွေလာပေးမှန်း မသိဘူးသမီးရဲ့၊ ဒီမှာကြည့်စမ်း"

မထားရီသည် လေယာဉ်လက်မှတ်သုံးစောင်ကို သေချာကြည့်ကာ ဝတ်လုံတော်ရ ဦးမြင့်၏ လည်တိုင်ကို ခုန်ဖက်ကာ "အဲဒါကြောင့် ဖေဖေ့ကို ချစ်တာ" ဟု ပြောလိုက်လေသည်။

✦ ✦ ✦

သူတို့ ပင်လယ်ပြင်သို့ သွားမည့်လှေကို ရသေ့ကြီးက 'ငမန်းနီ'ဟု နာမည်ပေးထားလေသည်။ ငါးမန်းနီပေါ်တွင် ပစ္စည်းများကို ဝယ်ယူဆောင်းနိုင်းလိုက်ပြီး ဒေက်ကြီးညချိုင်းထဲတွင် တင်မောင်ဦးတို့လှေ ရှေ့ဝေးတိုင်ပင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး ဦးဝိရသည် သူတို့လူစု၏ ခေါင်းဆောင်ကြီးပင် ဖြစ်သည်။ ယနေ့ညအဖို့ ရသေ့ကြီးသည်ပင် သုသာန်ကျောင်းတွင် ကျိန်းမည်ဖြစ်ရာ သူတို့အဖို့ အရေးကြီးသောနေ့ပင် ဖြစ်ကြောင်းသိကြ၏။

"သက်ဝေရဲ့အစ်ကို ရင်မောင်ဆိုတာကတော့ လူရိုးပဲ ဒကာလေးတင်မောင်ဦး၊ ဒါပေမယ့် ရင်မောင်ရဲ့အိမ်မှာ ပိုက်ပေါက်တွေဖာတဲ့ ကျွဲကြီးတို့ကတော့ ဒုစရိုက်သမားတွေပဲ"

"နာမည်က ကျွဲကြီးတဲ့လားဘုရား"

"ဟုတ်တယ် . . လူကလဲ ကျွဲပေါက်လိုပဲ၊ မဲမဲဝဝပဲ၊ ပင်လယ်ထွက်နေကျ လူတွေပေါ့၊ ဒီကောင်တွေက လူဆိုးလူမိုက်တွေ၊ သူတို့ ဒီသတင်းကိုကြားရင်တော့ မကောင်းဘူး"

"ထားဝယ်က အရေးပိုင်ကိုရော ရသေ့ကြီးက ငါးမန်းနီပေါ်မှာ ပုလိပ်တွေ ထည့်ပေးဖို့ မပြောဘူးလား"

"ပြောထားပါတယ်၊ ရိုင်ဖယ်သေနတ်ကိုင်တဲ့ ပုလိပ်အပြင် မောင်စိန်နဲ့ သူ့လူသုံးယောက်ကို ထည့်ပေးလိုက်မယ် ပြောတယ်"

ပုလိပ်အစောင့်များ လှေပေါ်တွင် ပါလာမည်ဆို၍ ဥသြကာ စိတ်အေးသွားသည်။

"ဒီသတင်းကို ကိုရင်မောင်ကတော့ သူပိုင်ပစ္စည်းစာရွက်က ရတာဆိုတော့ အသိတော့ ပေးရမှာပဲလေ၊ တို့လူအားလုံးပေါင်း ဘယ်လောက်ရှိသလဲ"

ရသေ့ကြီးက လူစာရင်းကောက်လိုက်သည်။

"ရင်မောင်တို့က ငါးယောက်၊ တပည့်တော်တို့က ခုနစ်ဦး၊ ပုလိပ်အဖွဲ့က လေးယောက်ဆိုတော့ ဆယ့်ခြောက်ယောက်၊ ဆယ့်ခုနစ်ယောက်လောက် ရှိမှာပါဘုရား"

"အေး . . လှေက ကြီးသားပဲ၊ ပစ္စည်းတွေက ဘာတွေလိုသေးလဲ"

"ဘာမှတော့ မလိုပါဘူး၊ သံတူရွင်းနဲ့ ပေါက်တူးတွေလဲ ရှိနေပါပြီ၊ အသီးအနှံတွေလဲ ရေခဲနဲ့ ကြာကြာခံအောင် လုပ်ပြီးယူဖို့ သွားမယ့်မနက်မှ ထားဝယ်ဈေးက ဝယ်မယ်လို့ ဥသြကာ ပြောတယ်"

ဦးထိုက်ကျင်ကတော့ ရေနွေးအိုးကို ဖြည့်ပေးနေသည်။ ရသေ့ကြီး





သည် ည(၈)နာရီအထိ မှာစရာရှိတာများမှာကာ သချိုင်းထောင့်ရှိ သုသာန်ကျောင်းသို့ ကြွမြန်းသွားလေတော့သည်။

"ကဲ . . ရသေ့ကြီးတော့ ကြွသွားပြီ အောင်ဘွင့်ရေ၊ ပုလင်းတွေထုတ်တော့၊ တင်မောင်ဦး ဘာငိုင်နေတာလဲ၊သင်္ဘော ဘက်ခါပင်လယ်ထွက်မှာ"

"အင်း . . သိပါတယ် ဦးလေးဥသြရာ၊ ဒီနေ့ ရန်ကုန်က မိသားစုက မနက်ဖြန်မှာ ထားဝယ်လေဆိပ်လာကြို ဖို့ ပြောတယ်"

"ဘယ်တော့လဲ"

"ညနေခြောက်နာရီ လေယာဉ်ဆိုက်မယ် ပြောတယ်"

"ဟင်"

ဿ ဿ ဿ

တင်မောင်ဦး၏ စကားကိုကြားသောအခါ ရွှေရောင်ပိုးအကျီနှင့် အဝါရောင် ချိတ်လုံချည်ကို ဝတ်ဆင်ကာ ပိုးပဝါစကို နဖူးတွင် ပေါင်းထားသော မြိတ်မင်းသားသည် ခေါင်းဗာညိတ်ညိတ်ဖြင့်



"ညီလေးတင်မောင်ဦး၊မင်း ပြဿနာက ရင်မဆိုင်လို့ မရတော့ဘူး၊ ဒီထားဝယ်က ရင်မောင်တို့မိသားစုကတော့ သူတို့နှမလေး သက်ဝေနဲ့ မင်းကို သဘောတူနေကြပြီ"

ဟု ပြောလိုက်သည်။

"ရန်ကုန်က မထားရီနဲ့ အဖေရော အမေရောကလဲ ကျွန်တော်နဲ့ သဘောတူတာပါပဲဗျာ၊ ခုလဲ ထားဝယ်ကို မိသားစုတစ်စုလုံး လာမှာ မထားရီရဲ့ အဖေက နာမည်ကျော် ဝတ်လုံတော်ရ ဦးမြင့်ဆိုတာပဲ"

"ဟော့ ကြည့်လဲလုပ်ပါဦး၊ တော်ကြာ တို့ပါ ကြံရာပါဆိုပြီး ဝတ်လုံတော်ရကြီးက ထောင်ထဲပို့နေပါဦးမယ်"

ထိုခေတ်က ဝတ်လုံတော်ရ ဟူသော အရှိန်အဝါမှာ သေးလှသည် မဟုတ်ပေ။ အမှုကိစ္စများ၌ ဝတ်လုံတော်ရကို ရုံးပြင်ကနား၌တွင် အားကိုးရသူဖြစ်ပြီး၊ အိန္ဒိယဥပဒေမှာလည်း နိုင်မြဲလှသောကြောင့် လူ့အသိုင်းအဝိုင်းတွင် ပေါ်လွင်ထင်ရှားလှ၏။

ရှေ့နေ ဝတ်လုံတော်ရတစ်ဦး ဖြစ်ဖို့ဆိုသည်မှာလည်း လွယ်သည်မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်။ အိန္ဒိယဥပဒေ၊ အင်္ဂလန်ဥပဒေ၊ စသဖြင့် ဥပဒေကို တန်ဘိုးထားကာ တိတိကျကျ ဆောင်ရွက်တတ်သော အင်္ဂလိပ်အစိုးရအကြိုက် လေ့လာထားရသည်။

မြန်မာအရေးပိုင် မြို့ပိုင်တို့ထက် အိန္ဒိယဝတ်လုံတော်ရများသည် ရုံးတော်၌ အားကိုးစရာ ဖြစ်နေသည်မှာလည်း မဆန်းလှပေ။

"ဝတ်လုံတော်ရ ဦးမြင့်က သဘောကောင်းပါတယ်ဗျာ၊ ဘာမဆို မှုမှုတတလဲ ဆောင်ရွက်တတ်ပါတယ်၊ ကျွန်တော်တို့အဖေရဲ့ မိတ်ဆွေပါပဲ၊ ဦးလေးဥညြတို့နဲ့တွေ့ရင် ဖေဖေ့အကြောင်းပြောရင် ရင်းနှီးသွားနိုင်ပါတယ်"

"အင်း . . ငါ့တော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲပေါ့"

ဥညြက အရက်တစ်ခွက်ကို မော့သောက်ရင်း ပြောလိုက်လေသည်။

"တင်မောင်ဦး"

"ဗျာ"

"ဟိုတစ်နေ့ကလို ကောက်ညှင်းအရက်တွေ တအားမသောက်နဲ့နော်၊ တော်ကြာ ရန်ကုန်က မင်းယောကျ်ားမလောင်း အဲလေ မင်းယောကျ်ားမက ဘယ်သူဖြစ်မယ်မှန်း မသိသေးပါဘူး၊ မင်း မိတ်ဆွေတွေလာရင် တစ်မျိုးထင်သွားမယ်၊ ပြီးတော့ မင်း ဒီဇာက်ကြီးသချိုင်းကို ခေါ်မလာပါနဲ့ကွာ"

ဦးထိုက်ကျင်က မေတ္တာရပ်ခံလိုက်လေသည်။

"ဘာဖြစ်လို့လဲဗျာ"

"ငါက ဂုဏ်တွေ ဝိသေသတွေနဲ့ တရားမရသေးတဲ့ သူတွေနဲ့ သိပ်စကားမပြောချင်ဘူး၊ သူတို့ ကြွားတာလဲ သိပ်မခံချင်ဘူး တင်မောင်ဦး၊ မြေကြီးထဲဝင်ရမယ့် လူအချင်းချင်း အပိုတွေ ပြောတယ်လို့ ငါက ထင်တယ်"

ဦးထိုက်ကျင်၏ စကားကို ဦးအောင်ဘွင့်က တဟားဟား ရယ်ရင်း ထောက်ခံလိုက်သည်။

"ဟုတ်တယ် တင်မောင်ဦးရေ၊ ငါတို့က ဘယ်သူနဲ့မှ စကားမပြောဘဲ လွတ်လွတ်လပ်လပ် နေချင်တာကွ"

မြိတ်မင်းသားက

"အော် . . လောကကြီးက နေချင်တိုင်းလဲ မနေရ၊ သေချင်တိုင်းလဲ





မသေရတဲ့၊ ခု တင်မောင်ဦးကို ဒီကိုခေါ်လာတာ ဥညြပဲ၊ ပြဿနာဖြစ်စရာရှိရင် တင်မောင်ဦးနဲ့ ဥညြတို့ပဲ ဖြစ်မှာပဲ၊ ဟုတ်တယ် မဟုတ်လား တင်မောင်ဦးရေ"

ဟု ပြော၏။

"ဟာဗျာ . . ခင်ဗျားတို့ကလဲ ကျွန်တော် ပြဿနာ ဘယ်လိုရှင်းရမှန်း မသိ ဖြစ်နေတာ၊ အားပေးစကားမပြောဘူး"

"ကဲ . . ကဲ . . အားပေးစကားပြောမယ်၊ မင်းဟာ ဒီပြဿနာကို ရင်မဆိုင်လို့ မရဘူး၊ ဒီတော့ မင်းက တည်းခိုခန်းကို ကြိုစီစဉ်ထားပြီး လေဆိပ်သွားကြို၊ ပြီးတော့ သက်ဝေတို့မိသားစုအိမ်ကို ခေါ်သွား"

မြိတ်မင်းသားစကားကြောင့် သူတို့ တဟားဟား ရယ်လိုက်ကြ၏။

❧ ❧ ❧

"ငါ တစ်ခုစဉ်းစားဝယ်ကွ တင်မောင်ဦး"

ဦးထိုက်ကျင်က သူ့မေးကို ပွတ်၍ ပြောလိုက်သည်။

"ပြောပါဦး ဦးလေး"

"မင်းကို ခေါ်လာတာ ဥညြပဲ၊ ဒီတော့ မင်းပြဿနာကို သူက အဆင်ပြေအောင် နည်းလမ်းတစ်မျိုးမျိုးရှာပြီး အကြံပေးဖို့ ကောင်းတယ်"

ဇရုပ်ပျက်ကြီး၏ တိုင်ကို မှီထိုင်နေသော တင်မောင်ဦးက မနက်ဖြန်တွင် ရင်ဆိုင်ရမည့် ပြဿနာကို တွေးကာ မပျော်မရွှင် ဖြစ်နေသည်။ ဥညြက အရက်တစ်ခွက်ကို ကိုင်ကာ တင်မောင်ဦးဘက်သို့ ထလာသည်။

"တင်မောင်ဦး"

"ဗျာ"

"မင်း တော်တော်စိတ်ညစ်နေသလား"

"ဒါတော့ ကိုယ်ချင်းစာကြည့်ပေါ့ဗျာ၊ ခင်ဗျားတို့နဲ့ ဘာရန်ငြိုးရန်စရှိလို့ ဒီထားဝယ်ကို ခေါ်လာတာလဲ"

ကလေးတစ်ယောက်က ရန်တွေ့သလို ဥညြနှင့် ဦးထိုက်ကျင်တို့ကို တင်မောင်ဦးက ရန်တွေ့လိုက်သည်။

"တင်မောင်ဦးရေ ပြဿနာတစ်ရပ် ဖြစ်ပေါ်လာရင် ဘယ်သူ့ကို အပြစ်ဟင်ရမလဲလို့ စဉ်းစားတာ သိပ်သဘာဝမကျဘူးကွ၊ ဒီဖြစ်ပေါ်လာတဲ့ ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲလို့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြေရှင်းပြီးတွေးတာ ဖြေရှင်းတာ အမှန်ဆုံးနည်းလမ်းပဲ''

ဥဩြက တည်တည်ကြည်ကြည် ပြောလိုက်၍ အားလုံးငြိမ်သက်သွား၏။

''ဟုတ်ပါတယ် ဥဩြရာ၊ မင်းက သူများထက်စာရင် အကြံဉာဏ်အရှိဆုံးပါ၊ ရသေ့ကြီးက ဒီလက်တင်စာတွေကို ဦးစိန်မြတ်လို ဖတ်တတ်တဲ့ လူတစ်ယောက် လာကူညီရင် ကောင်းမယ်ဆိုတော့ မင်းပဲ တင်မောင်ဦး၊ အောက်စဖို့ဒ်မှာ တက်နေတာကို ထားဝယ်ခေါ်ဖို့ သတိရတာ မဟုတ်လား''

မြိုတ်မင်းသားက အတိတ်က ဖာတ်ကြောင်းကို ပြန်၍ ပြောပြလိုက်သည်၊

''ဒီတော့ မင်းတို့ကလဲ ထောက်ခံတယ် မဟုတ်လား''

''ထောက်ခံတယ်လေ . . ကျောက်စာဝန် ဦးစိန်မြတ်က ကျုပ်သားကို ကျုပ်ထက် ပိုတော်တဲ့ အရှေ့ဖျားဘာသာစကားတွေ နားလည်တဲ့သူ ဖြစ်ရမယ်ဆိုတဲ့ စကားကို မင်းက ကိုးကားတာကိုး''





တင်မောင်ဦးသည် သူ ထားဝယ်မရောက်မီက သူတို့အကြံအစည်ကို ပြောနေကြသည်ကို ငြိမ်၍ နားထောင်နေ၏။ သူ့အဖေက သူ့ကို မျှော်လင့်ချက်ကြီးစွာ ထားကြောင်း သိရသည်။

သူ့အဖေ တွေ့စေချင်သော လူများမှာ ဤလူများပင် ဖြစ်ရမည်။ ထူးခြားသော ကိစ္စတစ်ရပ်ဆိုသည်မှာ ခဲနောက်ကျွန်းတွင် နစ်မြုပ်နေသော ရတနာရွက်သင်္ဘောကြီးကို ဖော်ဖို့ကိစ္စပင် ဖြစ်ပေလိမ့်မည်။

မည်သို့ပင် ဖြစ်စေ သူ ထားဝယ်သို့ ရောက်ရှိလာခြင်းသည် သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ဖို့ ရောက်လာခြင်းပင် ဖြစ်နိုင်ပေသည်။

သူ့ခေါင်းပေါ်သို့ တင်မောင်ဦးပြဿနာက ရောက်ရှိလာသောကြောင့် ဥဩြသည် တင်မောင်ဦးအားတွင် ထိုင်ကာ

''ငါအကြံတစ်ခုတော့ ရပြီ''

ဟု ပြောလိုက်သည်။

''အေး . . လုပ်ပါ ဥဩြရာ၊ ကောင်လေး သနားပါတယ်၊ တော်တော် စိတ်ရှုပ်ထွေးနေပြီ၊ တည်းခိုခန်းအပေါ်ကတောင် ခုန်ချသေမှာ စိုးရိမ်



ရတယ်''

မြိုတ်မင်းသားက ဝင်၍ နောက်လိုက်သည်။ တင်မောင်ဦးက ရယ်ကျဲကျဲဖြင့်

''ဟာဗျာ အဲသလိုတော့ မလုပ်ပါဘူး''

ဟု ပြောလိုက်သည်။

''ဘယ်လုပ်ပါ့မလဲကွာ မင်းက ပညာတတ်ပဲ၊ ကိုယ့်ဘဝကိုယ် တွေးမှာပေါ့၊ ဘာမဟုတ်တဲ့ မိန်းမနှစ်ယောက်ကိစ္စနဲ့ ကိုယ့်ဘဝကိုယ် နစ်မွန်းခံဖို့ မလိုဘူး၊ သတ္တိရှိရှိ တစ်ခုခုကိုသာ ဖြေရှင်းလိုက်ပါကွာ''

ထိုစကားမှာ စကားနည်းသော ဦးအောင်ဘွင့်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဦးအောင်ဘွင့်သည် စကားနည်းသည်။ တစ်ခုခုကို လုပ်စရာရှိသည်ဆိုလျှင် တွေးနေခြင်း၊ ဆက်လက်တွေးဆလုပ်တတ်သူဖြစ်ကြောင်း တင်မောင်ဦးက သတိထားမိသည်။

''ဒီလိုလုပ်ဟေ့ ငါအကြံရပြီ၊ မိန်းကလေးဆိုတာ သနားတတ်တယ်ကွ၊ အခု မင်း ထားဝယ်မှာ သက်ဝေနဲ့ ချစ်ကြိုက်နေပြီဆိုတာ မထားရီ ချက်ချင်းသိလို့ မဖြစ်ဘူး''



''ဟုတ်တယ် ကျွန်တော်လဲ ဒီလိုပဲ စဉ်းစားတယ်''

✦ ✦ ✦

''ဒါပေမယ့် သိပ်အကြာကြီးတော့ မသိဘဲနေမှာ မဟုတ်ဘူး ဥဩြ၊ မထားရီ ရောက်လာတဲ့အချိန်မှာကို သက်ဝေက သူလာချင်သလို လာနိုင်တယ်''

ဦးထိုက်ကျင်က ဆတ်သားခြောက်ကို ဝါးရင်း ပြောကြားလိုက်သည်။

''ဟုတ်တယ် ဥဩြ၊ စဉ်းစားဦးနော်၊ တစ်ကွက်မှားလို့ မရဘူး''

မြိုတ်မင်းသားက ဝင်ပြောသည်။

''စဉ်းစားပါတယ်ကွာ၊ ငါလဲ ဒီကိစ္စကို မစဉ်းစားဘဲ ဘယ်နေပါ့မလဲ၊ မင်းတို့ နားထောင်ကြ၊ မထားရီကတော့ တင်မောင်ဦးကို ဘယ်လောက်ချစ်သလဲ မသိဘူး၊ သက်ဝေကတော့ တင်မောင်ဦးကို အရှက်တို့ သိက္ခာတို့ မငဲ့ကွက်ဘဲ သူ့ကိုယ်သူပါ ပုံချစ်တာ ငါတို့သိတယ် မဟုတ်လား''

''ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မှန်တယ်"

ထိုက်ကျင်နှင့် ဦးအောင်ဘွင့်တို့က ရှေ့ဆင့်နောက်ဆင့် ထောက်ခံလိုက်သည်။ မြိတ်မင်းသားက အရက်တစ်ခွက်ကို မော့၍ သောက်နေ၏။

"ဒီတော့ သက်ဝေက ဘယ်လိုပြဿနာမျိုးကြုံကြုံ တင်မောင်ဦးကို ခွဲမှာမဟုတ်ဘူး"

"မထားရီကလဲ ပညာတော်သင်မသွားခင်ကတည်းက စေ့စပ်ထားတာ၊ သုံးလေးနှစ်စောင့်ဆိုင်းနေရတဲ့ဘဝကို အလွယ်တကူ ဘယ်စွန့်လွှတ်နိုင်မလဲ"

မြိတ်မင်းသားက အကွက်ရသည်နှင့် ဝင်ပြောလိုက်လေသည်။

"ကဲ . . ကြားထဲက ဝင်မပြောကြနဲ့ဦး၊ အတွေးပျက်သွားဦးမယ်၊ ကျုပ်တို့အစိုးရိမ်ရဆုံး 'အဲ' တင်မောင်ဦးအတွက် အစိုးရိမ်ရဆုံးက ဘာလဲ"

ဦးသြကခေတ္တရပ်ကာ စဉ်းစားသည်။

"ဒါက လွယ်လွယ်လေးကွာ သက်ဝေ ဆိုတဲ့ ကောင်မလေးနဲ့ မထားရီဆိုတဲ့ ကောင်မလေးနှစ်ယောက် မျက်နှာချင်းဆိုင် တွေ့မှာပေါ့"

"တွေ့ရင် ထားဝယ်မှာ သက်ဝေဆိုတဲ့ ကောင်မလေးနဲ့ ချစ်နေတာပေါ်မယ်၊ သက်ဝေကလဲ ရန်ကုန်မှာ လက်ထပ်ဖို့ ဖန်းလောင်းရှိတယ်ဆိုတာ သိမယ်၊ ပြဿနာက မခန့်မှန်းနိုင်အောင် ကြီးကျယ်မယ်၊ သက်ဝေက ဖြစ်ဖြစ် မထားရီကဖြစ်ဖြစ် ကိုယ်ထိလက်ရောက် လုပ်ချင်လဲ လုပ်မယ်၊ ဆဲဆိုအော်ဟစ်ပြီး ထွက်သွားချင်လဲ ထွက်သွားမယ်၊ ဟုတ်တယ် မဟုတ်လား"

ဦးထိုက်ကျင်က ဖြစ်နိုင်ချေများကို ခန့်မှန်းပြောဆိုလိုက်လေသည်။

တင်မောင်ဦးက ခေါင်းကုတ်ကာ

"ကျွန်တော် စိတ်ချောက်ချားအောင် သိပ်မပြောပါနဲ့ဗျာ၊ လူချင်းတွေ့လို့ကတော့ မဖြစ်ဘူး"

ဟု ပြောသည်။

"တင်မောင်ဦး စိတ်နိုင်နိုင်ထား"

"ဘာလို့ စိတ်နိုင်နိုင်ထားရမှာလဲ"

"သက်ဝေနဲ့ မထားရီနဲ့က တွေ့ကို တွေ့ရမှာ၊ တွေ့မှလဲ ပြဿနာက ရှင်းမှာ"





ဦးသြက တည့်တည့်ပြောလိုက်၍ တင်မောင်ဦးမှာ ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

"ဟော့ . . ဘာမှကြောက်မနေနဲ့၊ ဦးသြ ပြောတာ နားထောင်"

မြိတ်မင်းသားက မူးသံကြီးဖြင့် အော်လိုက်သည်။

"ကဲ . . ဦးသြ ဆက်ပြော"

"ဒီလိုဗျာ မထားရီနဲ့ တွေ့တဲ့အခါ သက်ဝေကို သနားအောင် ပြောထားရမယ်၊ ဘယ်လိုပြောရမလဲဆိုတော့ တင်မောင်ဦး စီးလာတဲ့လေယာဉ် ထားဝယ်ဆိပ်ကမ်း ကပ်ကာနီးကျတော့မှ မှောက်တယ်"

"ဘာလို့မှောက်ရမှာလဲ"

ဦးထိုက်ကျင်က အကြောင်းပြချက် ဦးသြကို တောင်း၏။

"ဟိုကွာ လေပြင်းတိုက်လို့ မထင်မှတ်ဘဲ လှိုင်းတွေ ထန်လို့ပြီးတော့ ညအချိန်ကြီး ဒီမှာ ရင်မောင်က တင်မောင်ဦးကို ကယ်တယ်၊ သက်ဝေက ပြုစုတယ်၊ အဲသက်ကယ်တဲ့ ကျေးဇူးရှိတယ်၊ ဒါတွေက စာထဲမှာ ထည့်ရေးမကောင်းလို့၊ နောက်တော့ သက်ဝေက သူ့ကို တစ်ဖက်သတ် ကြိုက်နေတာ သိရ၊ သနား လို့မထားရီကို ပြောပေါ့"

တင်မောင်ဦး ခေါင်းထောင်လာသည်။

"ဦးလေးဦးသြ ပေးတဲ့အကြံ မဆိုးဘူး"

* * * * *

"မဆိုးတာ မဟုတ်ဘူး တင်မောင်ဦး၊ အဲဒါ မင်းအတွက် ထွက်ပေါက်ပဲကွ၊ ပင်လယ်ထဲမှာ မင်း ရေနစ်သေမှာကို မထားရီက စိုးရိမ်မယ်၊ ကယ်တဲ့ကျေးဇူးရှင်ကို သူပါ ကျေးဇူးတင်ရမယ်၊ ဘာမှ သူသိတာ မဟုတ်ဘူး၊ သေလုမျောပါး ဖြစ်နေတာကို သက်ဝေက အအိပ်ပျက်ခံ အစားပျက်ခံ ဆေးတိုက်ကု၊ ဘယ်လောက်ကောင်းလဲ"

"ဟား . . ဟား . . ဟား၊ ဦးသြကတော့ တော်တော်ဉာဏ်ကောင်းတဲ့ကောင်ပဲ"

မြိတ်မင်းသားက တဟားဟားရယ်ရင်း ချီးကျူးလိုက်သည်။

"ငါ ဉာဏ်ကောင်းလို့ မင်းနဲ့ ဝတ်စုံနဲ့ ဖြစ်နေရတာ မဟုတ်လား ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုဝိရကနေ ရသေ့ကြီးဝိရ ဖြစ် ရတယ် မဟုတ်လား''

တင်မောင်ဦးက ကိစ္စရပ်အားလုံးမှာ ဥဩ၏စီစဉ်မှုများဖြစ်ကြောင်း သိလိုက်ရသည်။

''ကြည့်စမ်း လက်စသတ်တော့ ဦးလေးဥဩ လက်ချက်တွေကိုး''

''ဟုတ်တယ် . . ဒါပေမယ့် အဲဒီအထဲမှာ မင်းအဖေလဲ ပါတယ်ကွ၊ လူတန်းစားအမျိုးမျိုးဆီက လက်တင်စာနဲ့ ရတနာလှေကြီးရဲ့ မြေပုံတို့ဘာတို့ ရအောင်ကြံစည်တာပဲ၊ ခုတော့ တင်မောင်ဦးက ဒီတာဝန်ကို ထမ်းဆောင်သွားပြီ''

တင်မောင်ဦးသည် ပင်လယ်ဓားပြဝဲ့၏ ရတနာသေတ္တာများ ထည့်ကာ ပျက်စီးသွားသော လှေကြီး၏နေရာကို သိလိုသောကြောင့် ဥဩ၊ ရသေ့ကြီးဝိရနှင့် ဦးအောင်ဘွင့်တို့ ကြံစည်နေကြသည်ကို ယခုမှ အားလုံးသိရတော့သည်။

သူသည် အရက်ပုလင်းကို ယူကာ အရက်တစ်ခွက် စသောက်လိုက်သည်။

''ဦးလေးဥဩ''

''ဟေ''

''စောစောက စကားဆက်ပါဦး''

''ဒီတော့ မထားရီက မင်းရဲ့ အသက်သခင် ဖြစ်တဲ့ သက်ဝေကို ရန်မူဖို့ ကော်တော် ဝန်လေးသွားမယ်''

''သက်ဝေက အမှန်ဖွင့်ပြောရရင်ရေးဗျာ''

တင်မောင်ဦးက သူ စိုးရိမ်သော မေးခွန်းကို မေးလိုက်လေသည်။

''မှတ်ထား ငအရဲ့၊ မထားရီ ရှိပြီဆိုတာ သိတာနဲ့ သက်ဝေက မင်းကို သူရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ တွေးမယ်၊ မင်းက သူ့ဖက်ပါအောင် သက်ဝေက ချော့လဲရောထိုင်လိုက်မှာ သေချာတယ်''

ဥဩက သူ့အစီအစဉ်ကို အဆုံးသတ်ရန်အတွက် အရက်တစ်ခွက်ကို ငှဲ့နေသည်။

''နေပါဦး''

တင်မောင်ဦးက အရက်ငှဲ့သော လက်ကို လှမ်းဆွဲလိုက်သည်။





''ဘာလဲကွ''

''သက်ဝေက လူရှေ့မှာ ကိုဦးက ကျွန်မကို ကြိုမပြောဘူး၊ လိမ်တယ် ညာတယ် ဖုံးထားတယ်ပြောရင်ရော''

''ဒါတော့ ငါလဲ မတတ်နိုင်ဘူး ဒါလဲ ဖြစ်လာနိုင်တာပဲ''

တင်မောင်ဦးက ဥဩစကားကြောင့် သက်ပြင်းချလိုက်ရပြန်လေသည်။

''အင်း . . မနက်စောစောလေယာဉ်ကွင်းမသွားခင် သက်ဝေကို နားဝင်အောင် ပြောပြရရင် ကောင်းမလား''

''ကောင်းတယ် တင်မောင်ဦး၊ သက်ဝေကို ချော့ပြီး ရန်ကုန်က မင်းဖနီးလောင်း လိုက်လာမယ့်အကြောင်းကို ပြောပြ၊ ပထမ သက်ဝေက တော်တော်ခံစားရမယ်၊ နေပေ့စေ နောက်တော့ မင်းကို လက်လွှတ်မှာစိုးလို့ မင်းအလိုကို လိုက်မှာပဲ''

ဥဩကလည်း အတွေးကို ဖြတ်သားစွာ ပြောရာ တင်မောင်ဦးက ခေါင်းခါလိုက်၏။

''အင်း . . ကျွန်တော်လဲ မကောင်းတော့ပါဘူးဗျာ''

''အေး . . ဒါလဲ တို့က အဲဒီလိုဖြစ်အောင် အကြံပေးတိုက်တွန်းတာ မဟုတ်ဘူး၊ ပင်လယ်ကမ်းစပ်မှာ မင်းဟာမင်း သက်ဝေကို တွေ့ပြီး ငြိခဲ့တာပဲ တင်မောင်ဦးရဲ့၊ ခု ရင်ဆိုင်ရတော့မယ် ဆိုမှ ဘာကြောက်စရာရှိလဲ ကြောက်ရင်လဲ မင်း မိန်းမနှစ်ယောက်ကြား ဗျာများသေမှာပဲ၊ သေရင် ဦးထိုက်ကျင် ခင်ဗျား ကြွင်းသာတူးထားလိုက်တော့''

''မဦးမချွတ်ဗျာ''

တင်မောင်ဦးက အနည်းငယ် စိတ်ပေါ့ပါးသွားသည်။ သူသည် ဥဩ အကြံပေးသည့်အတိုင်း လုပ်ဖို့စိတ်ဆုံးဖြတ်လိုက်လေသည်။

ဿ ဿ ဿ

နံနက်စောစော တင်မောင်ဦးက ခြံထဲသို့ ဝင်လာသည်ကို တွေ့ရ၍ သက်ဝေ အပေါ်ထပ်တွင် ဘုရားရှိခိုးနေရာက အံ့အားသင့်သွားသည်။

''အို . . ဘာကိစ္စရှိပါလိမ့်''

တဘက်ကလေး ပခုံးပေါ်တွင်ကာ ဆင်းလာသည်။ မိခင်နှင့်မခင်က



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေဆဲရှိသေးသည်။ သူမသည် အောက်ထပ်သို့ ဆင်းကာ အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်။ တကယ်ကျတော့ တင်မောင်ဦးသည် သက်ဝေကို ပြောပြရန် ဝန်လေးနေသည်။

"ကိုဦး စောလှချည့်လား"

"အင်း"

"ကိစ္စရှိလား"

"သက်ဝေကို ပြောစရာရှိလို့"

"အရေးကြီးလား"

"နည်းနည်းအရေးကြီးတယ် ဆိုပါတော့"

"အိမ်ပေါ်တက်လေ . . အိမ်ပေါ်မှာ စကားပြောလို့ မရဘူးလား"

"ဝေနဲ့ ဟိုတစ်ခါထိုင်တဲ့ အုန်းခြံထဲက အကြော်ဆိုင်သွားမလားလို့"

"ကောင်းသားပဲ . . အဲဒီအကြော်ဆိုင်က အစောကြီးထွက်တယ် ခဏစောင့်နော်"

"ရပါတယ်"

တင်မောင်ဦးက ဧည့်ခန်းမှာ ထိုင်စောင့်နေသည်။ သက်ဝေက အိမ်နောက်ရေချိုးခန်းမှာ ရေမြန်မြန်ချိုးသည်။ ပြီးတော့ သနပ်ခါးလိမ်းသည်။



ဟိုစဉ်မှာပင် အပေါ်ထပ်မှ ရင်မောင် ဆင်းလာ၏။

"ဟင် . . တင်မောင်ဦး"

"ဟုတ်တယ် ကျွန်တော်ပါ"

"လှေနဲ့သွားဖို့ ရက်ပြောင်းလို့လား"

"မပြောင်းပါဘူးဗျာ . . သက်ဝေကို လမ်းလျှောက်လာခေါ်တာပါ"

"သက်ဝေ နိုးပြီလား"

ရင်မောင်က မေးသည်။

"နိုးပြီ ရေချိုးအလှပြင်နေတယ် ထင်တယ်"

"အင်း . . ဒီကောင်မလေးက ဒါမျိုးဆို ဝီရိယကောင်းပါတယ်၊ ဟော . . ပြောရင်းဆိုရင်း လာပြီ၊ ဟဲ့ . . အလှူသွားမှာကျနေတာပဲ"

ပိုးလုံချည် အနက်ရောင်ပေါ်တွင် ပန်းပွင့်အဖြူနှင့် အဖြူရောင်ပိုးအင်္ကျီလက်ပြတ်ကို ဝတ်ဆင်ထားသော သူ့ညီမကို ရင်မောင်က စလိုက်သည်။

"သူများ ဝတ်တာစားတာ ကြည့်ပြီး လိုက်ပြောနေတာပဲ"

သက်ဝေက မျက်စောင်းထိုးကာ အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်နေသော တင်မောင်ဦးရှိရာ ရောက်လာသည်။

[illegible]



"သွားစို့"

တင်မောင်ဦးက ထကာလိုက်လာသည်။

"မနက်ဖက်က လမ်းလျှောက်ရတာ ကောင်းတယ်နော်၊ စိတ်ကြည်လင်တယ်"

သက်ဝေက သူ့ဆံစလေးများကို နားရွက်နောက်ကို သပ်ရင်းပြောသည်။

"အင်း"

"ကိုဦးကို ဒီလိုမနက်စောစောတွေ့ရတာ ဝေတော့ သိပ်ပျော်တာပဲ"

ခြံပြင်ရောက်သည်နှင့် သက်ဝေက လက်လေးနှစ်ဖက် စုံလွှဲကာ ပြောလိုက်သည်။

"ကိုဦး"

"ဘာလဲ"

"ကိုဦး ပြောစရာရှိတယ်ဆို သက်သက်လမ်းလျှောက်ချင်လို့ လာခေါ်တာ မဟုတ်လား"

"အော် . . မသိတတ်လိုက်တဲ့ ကလေးမရယ်"

ဟု တင်မောင်ဦး ကရုဏာသက်သွားမိသည်။



"မဟုတ်ဘူး ဝေရဲ့၊ ဝေ့ကို ကိုဦး အရေးကြီးတဲ့စကား ပြောစရာ ရှိတာတော့ အမှန်ပဲ"

"ဒါဆိုပြောလေ ဝေဘာလုပ်ပေးရမလဲ၊ ဝေ ဘာကူညီရမလဲ၊ ကိုဦးအတွက်ဆို ဝေ အချိန်မရွေး ရှိတယ်"

သက်ဝေက ရွှင်လန်းနေသည်။ တက်ကြွနေသည်။ ယခုထိ သူမတွင် ဘာခံစားမှုမှ မရှိသေး။

အဖြူရောင် သက်သက်နုလုံးသားပိုင်ရှင်ကို စိတ်သောကဖြစ်အောင် လုပ်ရမှာ တင်မောင်ဦး ဝန်လေးသွားမိသည်။

"ဘာငိုင်နေတာလဲ ကိုဦးရဲ့"

* * * * *

ပင်လယ်ကမ်းစပ် အုန်းခြံထဲသို့ သူတို့နှစ်ဦး ရောက်ရှိလာကြသည်။ အုန်းခြံထဲတွင် အုန်းပင်များသည် လေတိုက်သောကြောင့် ယိမ်းထိုးနေကြသည်။

သက်ဝေခေါင်းမှ ဆံနွယ်စများသည်လည်း လေထဲတွင် တလူလူလွင့်နေသည်။ နားရွက်နောက်မှ လွင့်လာ

[illegible]

www.burmeseclassic.com

www.burmeseclassic.com





သော ဆံနွယ်များကို သက်ဝေသည် လက်ကလေးနှင့် သပ်ကာ တင်နေသည်။

"ပြောစရာရှိတာ ပြောပါ ကိုဦးရယ်၊ ဝေ ဝမ်းသာစရာလား ဝမ်းနည်းစရာလား"

သက်ဝေက စိတ်ကောင်းမွေးထားသည့်အသွင်ပြင်ဖြင့် ပြုံးကာ ပြောသည်။ ရုတ်တရက် တင်မောင်ဦးသည် စကားပြန်မပြောနိုင်။ စ၍ ပြောရန် စကားလုံး ရွေးနေမိလေသည်။ လော လောဆယ်တော့ သက်ဝေ မေးသည့် စကားလုံးများကို ဖြေ၍ မဖြစ်သေး။

"ကိုဦး"

"ဘာလဲ"

"ကိုဦး တစ်ခါမှ ဒီလိုမငိုင်ဖူးပါဘူး၊ ဘာလဲ ကိုဦး သုံးစရာငွေ လိုနေပြီလား"

လက်မောင်းကို ဖက်ကာ ခေါင်းမှီ၍ ပြောလိုက်သည်။

"မဟုတ်ဘူး ဝေရဲ့၊ ရန်ကုန်က ဧည့်သည်တွေက လာလည်မှာ"

"အို . . ဘာဖြစ်လဲ လာလည်ရင် ဝေတို့အိမ်ပို့လိုက်ပေါ့၊ ဝေတို့အိမ် အပေါ်ထပ် တင်ထားလိုက်ပြီးရော"

"အော် . . ဝေရယ်" ဟု စိတ်ထဲမှ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်၊ အခု လာမှာက မင်း ပျော်ပျော်ပါးပါး လက်ခံရမယ့် ဧည့်သည်မဟုတ်ဘူး ဝေ၊ မင်းကို ဝမ်းနည်းအောင် ကြေကွဲအောင် လုပ်မယ့် ဧည့်သည်တွေဟုလည်း စိတ်မကောင်းစွာ တွေးနေမိသည်။

"ကိုဦး"

"ဟင်"

"ဧည့်သည်တွေအတွက် စိတ်မရှုပ်စမ်းပါနဲ့ကွာ၊ ကိုဦးနဲ့ ဝေနဲ့ပင်လယ်ထဲက ခနောက်ကျွန်းကို သွားဖို့ တွေးစမ်းပါ၊ ဝေကလေ ကိုဦး ကြိုက်တဲ့ ပုစွန်ခြောက်ကို ငရုပ်သီးစပ်စပ်နဲ့ ကြော်ပြီးပြီ"

"အင်း"

"ပြီးတော့ ငါးပိကြော်၊ ငါးသ လောက်ဥကြော်နဲ့ ငါးခြောက်ကြော်ဖေွလဲ အများကြီး ကြော်ထားတယ်၊ ကြွေရည်သုတ် ငါးဆင့်ချိုင့်သုံးလေးလုံး ထည့်ပြီးပြီ၊ ကိုဦးမှာ အနွေးထည်ထူထူ မရှိဘူးနော်၊ ကိုကို့အရပ်နဲ့ သိပ်မကွာဘူး၊ ဝေ ထားဝယ်ဈေးက သွားဝယ်ချင်တယ် ဒိုက်ပို့ပါ့လား"







သူ့အတွက်ကို တွေးကာ စီစဉ်နေသော သက်ဝေကို သူမချိတရိ သနား မိသည်။

"ဝေ"

"ရှင်"

"ဝေ့ကို ကိုဦး စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ ကိုဦး ခုပြောမယ့် ကိစ္စဟာ ဝေစိတ်ဆင်းရဲရမယ်ဆိုရင် ကိုဦးကို ဝေကြိုက်သလိုလုပ်ပါ"

"အို . . ကိုဦးက ဝေ့ကို ဘယ်တော့မှ အပြစ်မပေးဘူး၊ ကိုဦးကို ဝေက အပြစ်မမြင်ရက်အောင် ချစ်ခင်လျက်ပါလို့"

"နောက်တောက်တောက် လုပ်မနေနဲ့ဝေ"

တင်မောင်ဦးအသံက အနည်းငယ် မာသွားသည်။ သက်ဝေ ခြေလှမ်းများက အုန်းတောထဲတွင် တုံ့ ကနဲ ရပ်သွားသည်။ မျက်ဝန်းအိမ်တွင် မျက်ရည်များဝေ့ဝဲလာသည်။

"ဝေ ကိုဦးမကြိုက်တာ ဘာလုပ်မိလို့လဲဟင်"

"ကိုဦး စကားအတည်ပြောမလို့ ဝေ၊ ခု ရန်ကုန်က လာမှာက ကိုဦးနဲ့ သဘောတူထားတဲ့ မိန်းကလေးနဲ့ သူ့မိဘတွေပဲ"

"ဟင်"

သက်ဝေမှာ သူ့နားနှစ်ဖက်ကို လက်နှင့်အုပ်လိုက်သည်။

"ကိုဦး ဒါနောက်စရာ မဟုတ်ဘူး၊ ဝေ့ကို မနောက်ပါနဲ့ ကိုဦးရယ်"

သက်ဝေက ငိုသံလေးနှင့် တောင်းပန်ကာ မျက်ရည်များပါးပေါ် စီးကျလာသည်။ တင်မောင်ဦးသည် အုန်းပင်ခြေရင်းတွင် ထိုင်ကာ သူ့ခေါင်းကို သူလက်သီးနှင့် ထုနေ၏။

✦ ✦ ✦

"သေကွာ သေကွာ . . မင်းဟာ သေဖို့ကောင်တဲ့ ကောင်ပဲ"

သက်ဝေက တင်မောင်ဦး၏ လက်နှစ်ဖက်ကို လာချုပ်သည်။

"ကိုဦး ဒီလိုမလုပ်ပါနဲ့၊ အပြစ်ရှိတာက ဝေပါ၊ ဝေ့ကိုသာ သတ်ပါ ကိုဦးရယ်၊ ကိုဦး ဒီလို ကိုယ့်ကိုယ်ကို နှိပ်စက်နေတာ ဝေ မမြင်ပါရစေနဲ့"

သက်ဝေ၏ အသံက လှိုက်လှိုက်လှဲလှဲ ရှိုက်လှသည်။ မနက်စောစောက လိမ်းလာသော သနပ်ခါးများမှာ အုန်းတောထဲတွင် မျက်ရည်များနှင့် အလှပျက်လေပြီ။



www.burmeseclassic.com

"ကိုဦး တော်ပါတော့နော်၊ ကိုယ့်ကိုယ်ကို နာအောင် မလုပ်ပါနဲ့"

သက်ဝေက တင်မောင်ဦးဘေးတွင် ထိုင်ကာ လက်များကို ချုပ်ထားရင်း တောင်းပန်သည်။ သက်ဝေကို သနားလွန်းသောကြောင့် တင်မောင်ဦးမျက်ဝန်းအိမ်မှလည်း မျက်ရည်များ လျှံကျလာ၏။

"အို . . ကိုဦး ငိုနေတာလား၊ မငိုပါနဲ့ ကိုဦးရယ်၊ ဝေလေ ကိုဦးငိုတာကို မခံနိုင်ဘူး"

သက်ဝေက တင်မောင်ဦး မျက်ရည်များကို သုတ်ပေးကာ ရှိုက်ငိုနေသည်။

"ဝေ"

"ပြောပါ ကိုဦး"

"ဝေ ကိုဦးကို ချစ်လားဟင်"

"ဝေ ထွက်သက်ဝင်သက် ရှိသမျှ ချစ်နေမှာပဲ ကိုဦး"

"ဝေ့ရဲ့မေတ္တာနဲ့ ကိုဦးနဲ့ မတန်ပါဘူးကွယ်၊ ကိုဦးဟာ ဝေ ထင်သလို ရိုးသားဖြင့်မြတ်တဲ့သူ မဟုတ်ဘူး"

တင်မောင်ဦး၏ ပါးစပ်ကို သက်ဝေက လက်ချောင်းလေးများဖြင့် ပိတ်လိုက်သည်။



"တော်ပါတော့ ကိုဦး၊ ဝေက တော့လေ ကိုဦးကို ဘယ်တော့မှ အပြစ်မမြင်ဘူး၊ ဝေ အားတင်းထားပါတယ်၊ ခုရန်ကုန်ကလာမယ့်ကိုဦးရဲ့ဇနီးလောင်းက ဘယ်သူလဲ"

"မထားရီ"

"မထားရီ ဟုတ်လား"

"ဟုတ်တယ် ဝေ"

"နာမည်လေးက လှသားပဲ၊ ဝေ့ထက် ကြီးလား ငယ်လားဟင်"

"ဝေ့ထက် နည်းနည်းကြီးမှာပေါ့၊ ဟုတ်တယ်-တစ်နှစ်နှစ်နှစ်လောက်ကြီးမယ်ထင်တယ်"

"ဘာနဲ့လာမှာလဲ"

"လေယာဉ် လာမှာပေါ့၊ ညနေလေယာဉ်ကွင်းကို သွားကြိုရမယ်"

"ဟင် . . ဟုတ်လား၊ ဝေ လိုက်ခဲ့မယ်နော်၊ ဝေ ဒီလောက်သွေး မကြောင်ပါဘူး"

သက်ဝေက အံလေးကြိတ်ကာ ပြောလိုက်သည်။

✦ ✦ ✦





သက်ဝေသည် ညှိုးသည်များကိစ္စကို ဆက်၍မပြောရန် ညနေမှ လေဆိပ်သွားကြိုရန် စကားအဆုံးသတ်လိုက်သည်။ ပိုက်ဆံအိတ်လေးထဲမှ မှန်ဝိုင်းလေးကို ထုတ်ကာ မျက်နှာပြင်ကို ပေါင်ဒါရိုက်သည်။

"ကိုဦး"

"ဟင်"

"ဝေ ကိုဦးအခန်းကို လိုက်ခဲ့မယ်နော်"

"အိမ်ပြန်နားပါလား ဝေရဲ့၊ ညနေကျတော့ ကိုဦး လာခေါ်မှာပေါ့"

သက်ဝေက ခေါင်းခါလိုက်သည်။

"ကိုဦး ကျွန်မ ကိုဦးကို တစ်ယောက်တည်း မလွှတ်နိုင်ဘူးရှင့်၊ တော်[illegible]ယာဉ်လက်မှတ် ဝယ်ပြီးတော့ [illegible]နကို ပြန်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒီလောက်လဲ မပူပါနဲ့ ဝေရာ"

"ပူရတယ်ရှင့်၊ ခုပဲ ဝေ တစ်သက်လုံး မမျှော်လင့်တဲ့ ပြဿနာ ပေါ်လာပြီ မဟုတ်လား၊ မပူပါနဲ့ ကိုဦး၊



ဝေ့ကို တင်ငါသည်သမီးဆိုပြီး ရှိုင်းရှိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံမယ်လို့ ထင်လို့လား"

"မထင်ပါဘူး ဝေရယ်၊ ဒီလို မပြောပါနဲ့"

"ဒါဆို ဝေ လိုက်လာတာ လက်ခံရမှာပေါ့၊ ဝေက ကိုဦးရဲ့ညီမလေးလို နေမှာပါနော် ကိုဦး၊ ဝေ့ကို ယုံတယ် မဟုတ်လား"

"ယုံပါတယ် ဝေ"

သက်ဝေမှာ တော်တော်လေး သနားစရာ ကောင်းသည်။ ဝတ်လုံတော်ရှည်းမြင့်၏ သမီးဟု သိရသည်နှင့် သူ့ကိုယ်သူ သိမ်ငယ်သွားသည်။

တင်မောင်ဦး၏ အပါးမှ မခွာတော့။ ရွှေလင်းပိုင် တည်းခိုရိပ်သာသို့ ရောက်သည်အထိပင် လိုက်လာသည်။

မြိတ်မင်းသားက သူတို့နှစ်ယောက်၏ အရိပ်ကို တွေ့သည်နှင့် အခန်းထဲသို့ ဝင်ကာ တံခါးပိတ်နေလိုက်သည်။ မြိတ်မင်းသားမှာ ပြဿနာအကြီးအကျယ် ပေါ်နေပြီဟု ယူဆလေသည်။

သူများ ပြဿနာထဲတွင် ဝင်ပါ၍ မဖြစ်။ တော်ကြာ တင်မောင်ဦးကို

www.burmeseclassic.com



စိတ်ဆိုးသမျှ သက်ဝေက ပတ်ဝန်းကျင်ကို လှည့်ရမ်းတတ်သည်။

တင်မောင်ဦးကလည်း အခန်းတံခါးဖွင့်ကာ အထဲဝင်သွားသော မြိတ်မင်းသား၏ အရိပ်ကို မြင်လိုက်သည်။

"ကိုကျော်စွာ"

"ဘယ်သူ့ကို သွားခေါ်နေတာလဲ"

"မြိတ်မင်းသားကြီးလေ"

မြိတ်မင်းသားက ရုတ်တရက် မထူးပေ။ သူသည် သက်သေထူခံရမည်ကို စိုးနေပုံရ၏။

"လာပါရှင် ဘာလဲ ကျွန်မတို့နှစ်ယောက်နဲ့ စကားမပြောချင်လို့လား"

"မဟုတ်ပါဘူး . . ငါ့ကြောင့်မင်းတို့စကားပြောရမှာ မလွတ်လပ်မှာစိုးလို့"

မြိတ်မင်းသားက ထွက်လာသည်။ ယနေ့ အပြာရောင်ပိုးဝတ်စုံ ခေါင်းပေါင်းနှင့် ဖြစ်သည်။ အသားဖြူ၍ မျက်ခုံးထူသော မြိတ်မင်းသားမှာ ဓာတ်မင်းသားကြီး ဦးဖိုးစိန်နှင့်ပင် တူနေသေးတော့သည်။

"ကိုကျော်စွာ"

"ဟေ"

"ခင်ဗျားနဲ့ ဒီဝတ်စုံနဲ့ လိုက်သဗျ"

, "ဒီဝတ်စုံက ဒီနေ့နောက်ဆုံးလေကွာ၊ မနက်ဖြန် ရွက်လှေငမန်းနီပေါ် ရောက်တော့ ဒီဝတ်စုံက ချွတ်ရပါပြီ"

"ကိုကြီးမြိတ် ခေါ်ပေးတာနဲ့ ပင်လယ်ကနေ ကိုဦး ရောက်လာတာနော်"

အားငယ်သံလေးဖြင့် သက်ဝေက ပြောလိုက်သည်။

"ဟုတ်တယ်လေ သက်ဝေမျှော်နေတဲ့လူ အမြန်ရောက်လာပါစေလို့ ဘုရားရှေ့မှာ ကိုကြီးမြိတ် ဆုတောင်းပေးတယ် မဟုတ်လား"

"ဟုတ်တယ် . . ဟုတ်တယ်"

"ခုလဲ ထပ်ဆုတောင်းပေးဦးနော်" "ဘာတောင်းပေးရမှာလဲ"

"ကိုဦး ထားဝယ်မှာ ဝေနဲ့ အတူနေရပါစေ၊ ဝေ့ကို ပစ်ပြီး ရန်ကုန်ကို လိုက်မသွားပါစေနဲ့လို့"

နောက်ဆုံး စကားသံတွင် ငိုသံပါနေ၏။



ဿ ဿ ဿ



"ကြည့်ပြောပါဦးဗျာ ဝေက တော်တော် စိတ်ခံစားမှု ဖြစ်နေတယ်"

"ဘယ်တတ်နိုင်မလဲ ကလေးရယ်၊ ကိုယ်က ဖြစ်ချင်သလို လောကကြီး ဖြစ်နေတာ မဟုတ်ဘူး၊ ကိုယ် မဖြစ်စေချင်တာတွေလဲ တစ်ခါတစ်ခါ ထဖြစ်တတ်တယ်"

"ဟုတ်တယ်နော် မြိတ်အစ်ကိုကြီး၊ ဝေက စိတ်မပျော့ပါဘူး၊ စိတ်တင်းပါတယ်၊ စိတ်ကို ခိုင်အောင် ထားတယ်သိလား၊ ဘာဖြစ်ဖြစ်ပေါ့"

သက်ဝေက စကားပြောရင်း ငိုသံပါလာကာ မျက်ရည်စများက ထွက်လာ၍ လက်ထဲမှ လက်ကိုင်ပဝါဖြင့် တို့လိုက်သည်။

သက်ဝေသည် ဝမ်းနည်းသောစိတ်က အတွင်းဓာတ်ခံ ဖြစ်နေသောကြောင့် စကားပြောရင်းပင် မျက်ရည်လေး ကလည်လည် ဖြစ်နေလေသည်။

"ကိုကျော်စွာ လေဆိပ်ကို လိုက်ခဲ့ပါလားဗျာ"

တင်မောင်ဦးက ကြံမိကြံရာ ပြောလိုက်သည်။

"ဟာကွာ၊ ငါက ဘာဆိုင်လို့လဲ"

"တော်ကြာ ကျွန်တော်ကလွဲပြီး ဝေ့မှာ စကားပြောစရာ အဖော်မရှိမှာစိုးလို့"

"ဟုတ်ပါတယ် ကိုကြီးမြိတ်ရယ် လိုက်ခဲ့ပါနော်၊ တကယ်လို့ ရန်ကုန်က လူတွေကလေ ကိုဦးကို အတင်းခေါ်ပြီးတော့ ဝေ့ကို အဖက်မတန်သလို ဆက်ဆံရင် ဝေဒုက္ခရောက်ပြီ"

သက်ဝေက ပို၍ ပူပန်လာသည်။ နေရင်းထိုင်ရင်း ထိုအပူသည် မြိတ်မင်းသားကို ကူးစက်သွား၏။

"အင်း . . ခက်တာပဲ"

"မခက်ပါဘူးဗျာ ညနေပိုင်း ကိုကျော်စွာလဲ ဘာအလုပ်မှ ရှိတာမှ မဟုတ်ပဲ"

"လိုက်ခဲ့ပါ ကိုကြီးမြိတ်ရယ်၊ ကျွန်မမှာ တိုင်ပင်ဖော်တောင် မရှိဘဲ ဖြစ်မှာစိုးလို့"

မြိတ်မင်းသားက သက်ပြင်းချလိုက်၏။

"ကဲ . . ကဲ . . ငါကလဲ ဒေက်ကြီးသွားဖို့ ချိန်ဆနေတာ၊ ခုတော့ ထောင်ချောက်မိသလို ဖြစ်တာပေါ့ကွာ၊ လိုက်ခဲ့ရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦးသည် မနက်စာကို အတူစားကြသည်။ ပွဲတော်အုပ်လာပို့သူများကို မြိတ်မင်းသားက မနက်ဖြန်မနက် လာ၍ပို့ဖို့မလိုကြောင်း စားသောက်ဆိုင်ကိုလည်း အကယ်၍ လာပို့သူရှိပါက မြိတ်မင်းသား ခရီးထွက်ခွာသွားပြီဖြစ်ကြောင်း ပြောပြရန် မှာကြားခဲ့လေသည်။

နေ့လယ်ခင်းတွင် မထားရီအကြောင်းကို တွေးရင်း တင်မောင်ဦး၏ အခန်းထဲမှ ခုတင်ပေါ်တွင် သက်ဝေအိပ်ပျော်သွားလေသည်။ သက်ဝေသည် ငိုရလွန်း၍ မောကာ အိပ်ပျော်သွားသည်ဟုလည်း ဆိုရမည်။

တင်မောင်ဦးက ချော့သည်။ သက်ဝေက တီတီတာတာ ပြောကာ ငိုရင်းအိပ်သွားသည်။ တင်မောင်ဦးသည် အသာပင် သက်ဝေဘေးမှ ထကာ ဧည့်ခန်းသို့ ထွက်လာသည်။ ဧည့်ခန်းထဲတွင် မြိတ်မင်းသားက ထိုင်စောင့်နေသည်။

မြိတ်မင်းသားက တင်မောင်ဦးကို ကြည့်ကာ ခေါင်းခါလိုက်သည်။

"မင်းစတော့ မပြောတတ်ဘူး တင်မောင်ဦး၊ ငါတောင် ရင်ထဲမှာ ဆို့နစ်နစ်ကြီး ဖြစ်နေတယ်"

"ကျွန်တော်ဆို ပိုဆိုးတာပေါ့ ကိုကျော်စွာ၊ ဘာစကားပြောပြော သတိထားနေရတယ်"

"ဟုတ်တာပေါ့ လေယာဉ်ကလည်း (၄)နာရီဆိုက်မှာလား"

"မဟုတ်ဘူး (၅)နာရီ ဆိုက်မှာ"

"ဒါဆိုရင်တော့ တို့(၃)နာရီလောက်မှာ အဆင်သင့်ဖြစ်အောင် လုပ်ရမယ်၊ ငါတစ်ရေး အိပ်လိုက်ဦးမယ်နော်"

"အိပ်ပါ ကျွန်တော် နှစ်နာရီလောက်နှိုးမယ်"

"မင်းကရော"

"ကျွန်တော်ကတော့ ခေါင်းရှုပ်နေတယ်၊ ကယ်ပိတန် စီးကရက်ရှိသေးလား"

"ရော . . ဘူးပါယူထားလိုက်"

တင်မောင်ဦးက အတွေးအကြံရှိသောသူဖြစ်၍ မူလကတည်းက လူများများ စီးနိုင်သည့် ဘဲလ်အဲယားကွန်ကြီးကို ငှားထားသည်။ လေဆိပ်မှ



အပြန်တွင် ပါလာသော ပစ္စည်းများကို ဘဲလ် ယား ကားကြီး၏ နောက်ဖုံးတွင်ထည့်၍ လူခြောက်ယောက် ကောင်းကောင်းဆံ့ သည့် ကားမျိုးဖြစ်သည်။

နောက်မှာငါးယောက် ရှေ့ခန်းတွင် တစ်ယောက်ထိုင်၍ ရသည်။

လေယာဉ်သို့ သွားအကြိုတွင် တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြ။ မြိတ်မင်းသားက ရှေ့ဆုံးမှာထိုင်ပြီး နောက်ခန်းမှာက တင်မောင်ဦးကို သက်ဝေကမှီ၍ လိုက်လာသည်။

"ကိုဦး"

"ဟင်"

"ဝေ မှီလို့ရပါတယ်နော်"

"ရပါတယ် ဝေရယ်၊ ထားဝယ်မှာ သူတို့ကြာကြာနေမှာ မဟုတ်ပါဘူး၊ သူတို့နဲ့ ကိုဦးက ဒီရက်ပဲ စကားပြောရမှာ၊ မနက်ဖြန်ကျတော့ ငမန်းနီနဲ့ ကိုဦး ပင်လယ်ကိုထွက်ရမှာ၊ ဝေလဲပါတာပဲ"

"ဟုတ်တယ်နော် ကိုဦးပြောတာ မှန်သားပဲ"

"အေးလေ . . ကလေးက အပိုတွေစိတ်ပူနေတယ် ဧည့်သည်တွေရှေ့မှာ ဣန္ဒြေမပျက်စေနဲ့နော်"

"ဟုတ်ကဲ့ စိတ်ချပါ"

ထားဝယ်လေဆိပ်သို့ ရောက်သောအခါတွင် လာရောက်ကြိုဆိုသူများပင် သိပ်မရောက်သေး၊ လေဆိပ်မှ လက်ဘက်ရည်ဆိုင်တွင် ထိုင်မိသည်။

"တကယ်တော့ ကိုဦးက ရန်ကုန်က မမရီအကြောင်းကို စောစောကတည်းက ပြောခဲ့ဖို့ကောင်းတယ်"

လက်ဘက်ရည်ဆိုင်တွင် သက်ဝေက မကျေနပ်ချက်ကို ထပြောလာပြန်သည်။

"လေယာဉ်ဆိုက်ခါ နီးပြီ၊ ဝေရဲ့ ဒီစိတ်တွေကို ခဏမေ့ထားလိုက်တော်ကြာဝေ မျက်ရည်ဝဲလာဦးမယ်"

သက်ဝေသည် အံကြိတ်ကာ မျက်ရည်မကျအောင် အားတင်းထားလိုက်သည်။ ထိုအချိန်မှာပင် လေဆိပ်ရှိ စပီကာမှ ကြေညာသံကြားရသည်။

"လာရောက် ကြိုဆိုကြသော ဧည့်သည်တော်များ ခင်ဗျား၊ မကြာမီ ရန်ကုန်မှ လေယာဉ်ဆိုက်တော့မည်ဖြစ်ပါ၍ ရင်ထိုးတံဆိပ်များ တပ်ဆင်ပြီး လေယာဉ်ကွင်းထဲသို့ ဝင်ရောက်ကြိုဆိုနိုင်ပါပြီခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ ထိုင်တာ၊ ပြောတာ၊ ဆိုတာကအစ တင်မောင်ဦးမှာ အများကြီးဆင်ခြင်ရသည်။ တင်မောင်ဦးသာ မဟုတ် လမ်းသွားလျှင် တင်မောင်ဦး၏ လက်ကိုဆုပ်ကိုင်ကာ လိုက်လျှောက်ရှိသော သက်ဝေမှာလည်း သတိထားကာ လှမ်းလျှောက်ရသည်။

လေယာဉ်ကွင်းထဲမှ ညှိုကြိုသော စင်မြင့်လေးနားသို့ ရောက်လာသည်။ ဝရန်တာမှရပ်ကာ ကြိုဆိုနေစဉ် စပီကာမှ စကားသံနှင့်အတူ လေယာဉ်ကြီးသည် နိမ့်ဆင်းကာ ဘီးများချ၍ ထားဝယ်လေဆိပ်မှ လေယာဉ်ပြေးလမ်းထဲသို့ ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သက်ဝေ၏ရင်များ ဆူဝေလှုပ်ရှားလာသကဲ့သို့ တင်မောင်ဦးမှာလည်း ရင်တထိတ်ထိတ် ခုန်နေသည်။

မကြာမီ လေယာဉ်ပြေးလမ်းပေါ်၌ ဘိုးရင်းလေယာဉ်ကြီး ရပ်သွားကာ လေယာဉ်ကွင်း အလုပ်သမားများက လှေကားစင်ကို တွန်းရွှေ့လိုက်သည်။

အင်္ကျီအဖြူ စတစ်ကော်လာတွင် နက်ကတိုင်တပ်ကာ အပြာရောင်ကုတ်အင်္ကျီရှည် ဝတ်ထားသော တင်မောင်ဦးကို ထင်းခနဲ တွေ့လိုက်ရသည်။ တစ်ကိုယ်လုံး အနီရဲရဲရောင် ဝတ်ဆင်ထားသော မထားရီသည် ဖြူဝင်းသော အသားဖြင့် လှပကြော့ရှင်းနေသည်။

တင်မောင်ဦးက မြှောက်ကာ လက်ဝှေ့ရမ်းပြသကဲ့သို့ လှေကားမှ ဆင်းလာသော မထားရီကလည်း တင်မောင်ဦးကို ဝမ်းသာအားရ လက်ဝှေ့ယမ်း ပြသည်။

"ကိုဦး"

"ဟင်"

"အနီရဲရဲကတ္တီပါ လက်ပြတ်နဲ့ မမက မမရီလားဟင်"

"ဟုတ်တယ် ဝေ"

မြို့ဆန်ဆန် ခံ့ညားလှပသော မထားရီ၏ အလှကြောင့် သက်ဝေ သိမ်ငယ်သကဲ့သို့ ခံစားမိသည်။ အဖြူရောင် ဒေါက်မြင့်ဖိနပ်၊ ပါတိတ်အနီရဲရဲပေါ်တွင် သနပ်ခါးရောင်ပန်းခက်၊ အနက်ရောင်ကြီးရှည် ပိုက်ဆံအိတ်ဖြင့်



စိန်၊ ရွှေ၊ ငွေများ ဝတ်ဆင်ထားသော မထားရီကို သက်ဝေသည် နည်းနည်းပင် မကြည့်ရဲတော့ပါ။

တောက်ပစူးရှသော မထားရီ၏ အကြည့်ကြောင့် သက်ဝေ မြိတ်မင်းသားဖက်သို့ တိုးလိုက်မိသည်။

"ကြည့်ပါဦး မေမေ၊ ဟိုမှာ အပြာရောင် မင်းသားလို ဝတ်ထားတဲ့ လူနဲ့ ကောင်မလေးကို"

မထားရီက သူမအမေ ခင်ခင်ရီကို ပြောလိုက်သည်။

"အေးဟယ် လေဆိပ်ကို လာကြိုတာ အဝတ်အစားလဲခဲ့ဖို့ ကောင်းပါတယ်"

စကားများကို ရပ်လိုက်သည်။ လေဆိပ်အဆောက်အအုံထဲသို့ ရောက်လာပြီဖြစ်၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

"ဒါက မြတ်မင်းသားတဲ့"

တင်မောင်ဦးက မြတ်မင်းသားကို လက်ညှိုးထိုးပြကာ ဝတ်လုံတော်ရဦးမြင့်၊ ဒေါ်ခင်ခင်ရီနှင့် မထားရီတို့ကို မိတ်ဆက်ပေးလိုက်လေသည်။

"ဟုတ်ကဲ့ . . တွေ့ရတာ ဝမ်းသာပါတယ်"

ဘန်ကောက်လုံချည်နှင့် ပိုးတိုက်ပုံအနက်ကို ကျကျနန ဝတ်ဆင်ထားသော ဦးမြင့်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ဒေါ်ခင်ခင်ရီက နှုတ်ခမ်းတွန့်ရုံပြုံးကာ

"မောင်တင်မောင်ဦးရဲ့ မိတ်ဆွေတွေလား"

ဟု မေးသည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဟိုဖက်ရပ်နေတဲ့ မိန်းကလေးက သက်ဝေတဲ့"

"အော် . . မိန်းမချောလေးပဲ"

ဒေါ်ခင်ခင်ရီက ချီးမွမ်းလိုက်သည်။ သက်ဝေက ခေါင်းငုံ့နေလေသည်။

သက်ဝေသည် မည်သူ့ကိုမျှ ရဲရဲမကြည့်ရဲ။ ကြည်လင်တောက်ပသော မျက်လုံးညိုကြီးများက မျက်ရည်များ ဝေ့ဝဲမလာအောင် ထိန်းထားရသည်။ ကြာကြာတော့ ရလိမ့်မည် မထင်။



ထိုအချက်ကို မြတ်မင်းသားရော တင်မောင်ဦးပါ သတိထားမိနေကြသည်။

"ကဲ . . တင်မောင်ဦး မင်းကြို့တဲ့ ဧည့်သည် ရောက်လာပြီ၊ သွားပေတော့၊ ငါနဲ့ သက်ဝေလဲ ငါ့သူငယ်ချင်းကားကို ရှာလိုက်ဦးမယ်"

သက်ဝေက တစ်ချက်မော့ကြည့်သည်။ ထိုအကြည့်မှာ မည်သူ့ကိုမျှ မဟုတ်ဘဲ တင်မောင်ဦးကို ကြည့်သောအကြည့်ပင် ဖြစ်သည်။

"ကိုဦး သွားမယ်နော်"

အသံလေးက တိုးညင်းသည်။ ဝမ်းနည်းကြေကွဲသည့် အသံဟု တင်မောင်ဦး သိသည်။

"ကိုဦး" ဟုခေါ်သော စကားကြောင့် မထားရီ၏ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားသည်။

"ကိုဦး"

"ဟင်"

"ကားငှားပြီးပြီလား"

"ငှားပြီးပါပြီ၊ လာ . . ဒီအပေါက်ကထွက်"

မထားရီသည်လည်း စိတ်ခံစားမှုများကို အောင့်ထားတတ်သူ မဟုတ်ပါ။ ကားပေါ်သို့ ရောက်သည်နှင့် မထားရီက စုံစမ်းစစ်ဆေးရေး လုပ်လာတော့၏။

"ဟိုမင်းသားလို ဝတ်ထားတဲ့ လူကြီးနဲ့ ပါလာတဲ့ မိန်းကလေးနာမည်က ဘယ်သူ"

"သက်ဝေတဲ့"

"အင်း . . အဲဒီသက်ဝေက တစ်ခုခုကို စိတ်မကောင်းနေသလိုပဲနော်၊ ပြီးတော့ ကိုဦးကိုလဲ ထား ခေါ်သလို ကိုဦးလို့ ခေါ်တယ်၊ သူက တော်တော်ရင်းနှီးနေတဲ့ပုံပဲ၊ သူက ဘယ်ကလဲ ကိုဦးနဲ့ ဘယ်လို ပတ်သက်သလဲ"

မထားရီ၏ နှုတ်ခမ်းအစုံက သေနတ်ပစ်သလို စကားသံများ တရစပ် ထွက်လာလေတော့၏။

"အမယ်လေး မေးခွန်းတွေက များလိုက်တာ၊ မသက်ဆိုင်တာတွေရော ဝေါဟာရကို မကြိုက်တာတွေရော စုံနေတာပဲ"

"ဟုတ်ပါရဲ့ သမီးရယ်၊ ဒီလောက်မေးခွန်းတွေ များတော့ ဘယ်က

www.burmeseclassic.com

www.burmeseclassic.com



စပြီး မောင်တင်မောင်ဦး ဖြေရမှာလဲ''

တင်မောင်ဦးက စဉ်းစားချိန်ရ သွား၍ ပေါ့ပေါ့ပါးပါး ရယ်လိုက်သည်။

သူ ရယ်သည်မှာ ခပ်တိုးတိုး။ ဦးမြင့်ကလည်း ဘာကို သဘောကျ သည်မသိ။ တဟားဟားဖြင့် ရယ်လိုက် ၏။

''ကိုဦး''

''ဟင်''

''သူက ဘယ်ကလဲ''

''ကောင်းပြီ . . သူက ဘယ်က လဲ၊ ဘယ်သူလဲဆိုတာ ကိုဦး အရင်ဖြေ မယ်''

''သူက ထားဝယ်ဆိပ်ကမ်းက ငါးဖမ်းပိုက်တွေ ရောင်းတယ်၊ ပြင်တယ် ဆိုတဲ့ လုပ်ငန်းလုပ်တဲ့ ဦးရွှေအေးရဲ့ သမီးပဲ၊ သူတို့က ထားဝယ်ကမ်းဘက် ကို ထွက်နေတဲ့ ပင်လယ်ပြင်နဲ့ အနီး ဆုံးမှာ နေတယ်၊ ရန်ကုန်က ကိုဦး လိုက် လာတဲ့ လှေကြီးက ပင်လယ်ကမ်းစပ် မရောက်ခင် မုန်တိုင်းမိတယ်''

''ဟင် . . ဟုတ်လား''

''ရွက်လှေနဲ့သွားတာ ကြောက် စရာပဲ''

''သိပ်ပြင်းပြင်းကြီး မဟုတ်ပါ ဘူး၊ စိုင်ကလုံ မုန်တိုင်းလေးပါ၊ ဘယ် လှေမှ မမိဘူး၊ ကျွန်တော်တို့လှေတစ် စင်းထဲမိပြီး မှောက်သွားတာ''

''ဟင်''

''ဖြစ်မှဖြစ်ရလေ မောင်တင် မောင်ဦးရယ်''

''မသေကောင်း မပျောက် ကောင်းပါလား ကိုဦးရယ်''

အားလုံးသည် တကယ့်ဖြစ်ရပ် ဟု ထင်ကာ စိုးရိမ်သွားကြသည်။ တင် မောင်ဦး လိုချင်သည်မှာလည်း ထိုအ ခြေအနေပင် ဖြစ်လေသည်။

''လှေမှောက်တော့ မင်းရော လွင့်ကျတာပဲလား''

ဦးမြင့်က ဦးစွာမေးသည်။

✦ ✦ ✦

''ကျွန်တော်က အောက်စပို့ ကို စာသင်ဖို့ မသွားခင်ကတည်းက ရန်ကုန်မှာ ကန်တော်ကြီး ရေကူးကန်က လပ်အသင်းဝင်လေ၊ ဒီတော့ လှေ မှောက်တော့ ကိုယ့်အသက်ကိုယ် လွတ် အောင်ကူးရတော့တာပေါ့''





အားလုံးသည် မုန်တိုင်းမိ၍ ပင်လယ်ပြင်တွင် မှောက်သွားသော လှေကြီးနှင့် လှေပေါ်မှ ရေထဲသို့ လွင့် ကျသူများ။

တဝေါဝေါ တိုက်ခတ်နေသော မိုးသက်မုန်တိုင်းများကို မျက်လုံးထဲ မြင်ယောင်နေသည်။

''ဒါပေမယ့် ရေကူးကန်ဆိုတာ ကျဉ်းကျဉ်းလေးပဲ၊ ပြီးတော့ ပင်လယ် ပြင်လို လှိုင်းက မကြီးဘူး''

''အင်း''

''ဟုတ်တာပေါ့''

''ဖြစ်မှဖြစ်ရလေ ကိုဦးရယ်''

မထားရီက တင်မောင်ဦးလက် မောင်းကို ဖက်ကာ စိုးရိမ်သံဖြင့် ပြော ၏။

''တော်သေးတာပေါ့ မုန်တိုင်း က ရပ်ပြီး လှိုင်းလေငြိမ်သွားလို့ မြုပ် သွားတဲ့ လှေကြီးနဲ့ဝေးတဲ့ နေရာ ရောက်တော့ လှေတစ်စင်းက ကျွန် တော့်ကို ကယ်တယ်၊ လှေပေါ်လဲ ဆွဲ တင်ပြီးရော ကျွန်တော်လဲ ပင်ပန်းလွန်း လို့ သတိမေ့သွားတာပဲ''

''ကယ်မယ့်သူ ပေါ်လာလို့ တော်သေးတယ်''

ဒေါ်ခင်ခင့်ရီက မှတ်ချက်ချ ၏။

''အဲဒီလူက မင်းရဲ့ ကျေးဇူးရှင် ပဲ၊ အသက်သခင်ပဲ''

ဝတ်လုံတော်ရ ဦးမြင့်ကလည်း အားရပါးရ ပြောလိုက်လေသည်။

ထိုစကားသည်ပင် တင်မောင် ဦး လိုချင်သောအကွက် ဖြစ်နေတော့ ၏။

''ယာကယ်တဲ့သူက ကိုရင် မောင်ဝဲ့၊ နောက်မှ သိရတာပေါ့လေ၊ သတိရလာတော့မှ ကျွန်တော်ဟာ အိမ် တစ်အိမ်က အခန်းထဲ ရောက်နေမှန်း သိရတယ်၊ ကျကျနန သပ်သပ် ရပ် ရပ် ပါပဲ၊ နွေးနွေးထွေးထွေးလဲရှိပြီး သက် သာပါတယ်၊ ပထမဆုံး ကြားလိုက်ရတဲ့ အသံကတော့ ကိုကိုရေ ကိုကို့လူ သတိ ရလာပြီဆိုတဲ့ အသံပဲ''

''အော်''

''အဲဒါ ဘယ်သူလဲ''

''အဲဒါ စောစောက ထားမေး တဲ့ သက်ဝေဆိုတဲ့ မိန်းကလေးပေါ့''

မည်သူ့ထံကမှ မှတ်ချက်ချသံ ထွက်မလာ၊ အားလုံးလိုလို စဉ်းစားခန်း ဝင်နေတုန်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီဖို့ ကောင်းတာက ကျွန်တော့်ကိုယ်က လုပ်လို့မရဘူး"

"ဘာဖြစ်သွားတာလဲ"

ဒေါ်ခင်ခင်ရီက မျက်မှောင်ကြုတ်၍ မေးသည်။

"လှေကြီး လှိုင်းကြားမှာ ဟိုယိမ်းသည်ယိမ်း ဖြစ်နေတဲ့ အချိန်မှာ ဆောင့်မိနိုက်မိ ဖြစ်သွားတာ ဆိုတာ နောက်မှ သိရတယ်၊ ပြေးရင်းလွှားရင်း ရွက်တိုင်တွေ လှေနံရံတွေနဲ့ ရိုက်မိတာပေါ့၊ ပြီးတော့ ကုန်းပတ်ပေါ်မှာပဲ လဲတာပေါ့"

"အင်း . . ဟုတ်မယ်၊ များသောအားဖြင့် ပင်လယ်ထဲမှာ လှေမှောက်တဲ့ သူတွေဟာ သေကြတာများတယ်၊ မောင်တင်မောင်ဦး ကံကြီးပေလို့ ပဲ"

ဒေါ်ခင်ခင်ရီက မှတ်ချက်ချလိုက်သည်။

"သတိရလာတဲ့ အချိန်မှာ ညာ ဘက်ဒူးက နာလို့ကောင်းကောင်းမ ထောက်နိုင်ဘူး၊ ကိုရင်မောင်နဲ့ သက်ဝေတို့ မောင်နှမက ပြုစုလို့သာပေါ့၊ ကိုရင်မောင်က ငါးဖမ်းလှေနဲ့ လိုက်ရ ငါးဖမ်း ဝိုက်ကွေပြင်တဲ့သူတွေ ကြည့်ရဆိုတော့ သက်ဝေကပဲ ကျွန်တော့်ကို ဂရုတစိုက် ပြုစုရတာပေါ့"

"ဘယ်လောက် အဲဒီအိမ်မှာ ကြာလဲ ကိုဦး"

မထားရီက အဓိကကျသော အချက်ကို မေးလိုက်လေသည်။

"လမ်းမလျှောက်နိုင်မချင်း တည်းခိုခန်းကို မပြန်ပါနဲ့လို့ ဦးရွှေအေးက ပြောလို့ ဆယ်ရက်ကျော်ကျော် နေခဲ့ရတယ်၊ သက်ဝေက အဲဒီမှာ ရင်းနှီးသွားတာပါ"

စကားသံက ရပ်သွားသည်။ အားလုံးသည် ဆင်ခြင်စဉ်းစားစရာများနှင့် ငြိမ်သွား၏။ မထားရီကတော့

"အင်း . . စွပ်ပြုတ်တိုက်တာ၊ ထမင်းကျွေးတာကအစ ဒီသက်ဝေဆိုတဲ့ မိန်းကလေးက လုပ်ပေးနေတာ၊ ဒီတော့ သူဟာ ကိုဦးနဲ့ ရင်းနှီးမှာပဲ၊ ချောချောငယ်ငယ်လေး၊ သူတို့ဘယ်အဆင့်အထိ ဘာဖြစ်ခဲ့မယ်ဆိုတာကို ပြောလို့မရဘူး၊ အင်း . . ငါ့ရဲ့ကုသိုလ်ကံလို့ မှတ်ရတော့မှာပဲ"

ရွှေလင်းပိုင် တည်းခိုခန်းရှိရာ လမ်းပေါ်သို့ ရောက်လာသည်။





အားလုံးသည် ငြိမ်သက်နေကြဆဲ။

"မောင်တင်မောင်ဦး"

"ဗျာ"

"ဒီလမ်းလေးက သာယာသားပဲကွ"

"ဟုတ်တယ် ဦး၊ ရန်ကုန်က လူတွေနဲ့ နိုင်ငံခြားသားတွေ အသွားအလာများတဲ့လမ်းပေါ့"

ဗ္ဗ ဗ္ဗ ဗ္ဗ

လေဆိပ်သို့ မြိတ်မင်းသား လိုက်လာခြင်းသည်ပင် တင်မောင်ဦး အတွက် ကံကောင်းလှသည်ဟု ဆိုရပေမည်။ ဘဲလ်အဲယားကားအဝါရောင်ကြီး ပလေဆိပ်မှ ထွက်သွားသည်နှင့် ပြတင်းပေါက်ဘေးမှ ချောင်းကြည့်နေသော သက်ဝေမှာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့၏။

"သက်ဝေ"

"သက်ဝေ"

"ရှင်"

"မငိုနဲ့လေ လေဆိပ်မှာ လူတွေ အများကြီးပဲ၊ နင် အဲဒီမှာ ခဏနေဦး၊ ကားသွားငှားလိုက်ဦးမယ်"

အသံထွက်အောင် အော်မငိုသော်လည်း သက်ဝေက ရှိုက်၍ အားရပါးရ ကျိတ်ငိုသည်။ အားရတော့မှ လက်ကိုင်ပုဝါကို ထုတ်ကာ မျက်ရည်များကို သုပ်သည်။ ဖြတ်သွားဖြတ်လာများက သက်ဝေကို အံ့ကြိတ်သော အကြည့်ဖြင့် ကြည့်သွားကြ၏။

အငှားကားများ ရှိနေ၍ သိပ်မကြာမီ မြိတ်မင်းသား ပြန်ရောက်လာ၏။ မြိတ်မင်းသားကိုတော့ လူတို့သည် အမှတ်မထင်သာ ကြည့်ရုံမဟုတ်။ သေသေချာချာပင် ရပ်ကာ အကဲခတ်၍ ကြည့်သည်။ နောက်မှပင် လိုက်ကြည့်သူများ ရှိနေ၏။

"လာပါ သက်ဝေရယ်၊ ငါ့ကို လူတွေက စိတ်ဝင်စားကြည့်ရတဲ့ ကြားထဲ နင့်ကြောင့် တစ်မျိုးတစ်မည် ထင်နေပါဦးမယ်"

အော်စတင်ကား အနီလေးပေါ်သို့ သူတို့နှစ်ဦးတက်သွားသည်အထိ ကားကို ဝိုင်းကြည့်နေကြသူများက ကြည့်ဆဲပင်။ သူတို့ကိုငေးမောကာ တခြားကြည့်နေကြသည့် လူများ၏အကြည့်က သက်ဝေ ရင်ထဲသို့ မထိုးဖောက်နိုင်။

"သက်ဝေ အိမ်ကိုသာ တန်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေတော့၊ တည်းခိုခန်း လိုက်မနေနဲ့"

"သိပါတယ် ရှင်တို့သူများကို နှင်တော့မယ်ဆိုတာ"

"ဘာစကားလဲ သက်ဝေရာ၊ ငါပါ စက်ကွင်းမလွတ် ဖြစ်နေပါလား၊ ဟိုမှာ ဒီနေ့နဲ့ မနက်ဖြန်နေ့ခင်းလောက်ပဲ စကားပြောရမှာ၊ မနက်ဖြန်ညနေ လှေပေါ်မှာ နင်နဲ့အတူ ရှိနေမှာပဲ"

မြတ်မင်းသားက ဖျောင်းဖျလိုက်တော့မှ သက်ဝေ၏ ပူလောင်သော ဝေဒနာက သက်သာသွားသည်။

"ကျွန်မ မနက်စောစော လာခဲ့မယ်"

"ဘာလာလုပ်မှာတုန်း"

"လှေပေါ်ကို သွားဖို့ ကိုဦးကို လာခေါ်မှာ"

"ငါလဲ လိုက်မှာပဲ၊ ငါ ခေါ်လာမှာပေါ့၊ နင်နဲ့လှေပေါ်ကျရင် တွေ့ရမှာပဲဟာ"

"စိတ်မချဘူး၊ တော်ကြာ ဟိုမိသားစုက အတင်းကန့်ကွက်နေလို့ မလိုက်ဖြစ်ဘဲ နေဦးမယ်"

"တင်မောင်ဦးက လိုက်ဖို့ ဆုံးဖြတ်ပြီးသားပါဟာ"

"ဟင့်အင်း . . ဘာပဲဖြစ်ဖြစ် ကျွန်မ မယုံဘူး၊ ကျွန်မကိုယ်တိုင် လာပြီးခေါ်ရမှ စိတ်ချမယ်"

"ကဲ . . နင့်သဘောပဲ"

မြတ်မင်းသားက အလျှော့ပေးလိုက်သည်။ ကမ်းနားလမ်းတလျှောက် မီးများ ထိန်ထိန်လင်းနေသည်။ ထုံးစံအတိုင်း ထားဝယ်ဆိပ်ကမ်းသည် စည်ကားနေလေတော့၏။ မြတ်မင်းသားသည် သက်ဝေကို အိမ်အထိ လိုက်ပို့လိုက်၏။

ဦးရွှေအေးက မြတ်မင်းသားကို သိထားပြီး ဖြစ်လေသည်။

"မြတ်မင်းသားကြီး သမီးကို လိုက်ပို့တာပါလား၊ လာ . . အိမ်ပေါ်ကြွပါဦး"

"မကြွတော့ဘူး ကားငှားလာတော့ ကားသမားက နောက်ထပ်လေယာဉ်ခရီးစဉ်ရှိလို့တဲ့"

"အော် . . အော်"

"သွားမယ်နော်"

"ကောင်းပါပြီ"

သက်ဝေ အိမ်ပေါ်သို့ တက်လာခဲ့သည်။ သက်ဝေ၏မိခင်မှာ တစ်နေကုန် သက်ဝေ တင်မောင်ဦးနှင့် သွား





လာနေ၍ မနှစ်သက်ပေ။ လက်မထပ်ရသေးသော သမီးရည်းစားစုံတွဲသည် တစ်နေကုန် လည်နေသည်ဆိုပါက မည်သည့်အခြေအနေသို့ ရောက်သွားမည်နည်း။

"သမီး"

"ရှင်"

"လာပါဦး"

"ခဏလေး မေမေ၊ သမီး ရေချိုးလိုက်ဦးမယ်"

မိခင်ဖြစ်သူက ဆူတော့မည်ကို သိသော သက်ဝေသည် အဝတ်အစားလဲကာ ရေချိုးခန်းဝင်လာခဲ့သည်။ ရေချိုးပြီးလျှင် သူမသည် ထမင်းမစားဘဲ အိပ်ခန်းတံခါးပိတ်ကာ အိပ်တော့မည်သာ ဖြစ်သည်။

သက်ဝေ၏ အမေသည် ထိုအကြောင်းကို သိပြီးဖြစ်၍ ရေချိုးခန်းအပြင်ရှိ ထမင်းစားခန်းမှ စောင့်နေသည်။

"ဟော . . မေမေ"

"အေး . . အဝတ်အစားလဲပြီးရင် ထွက်လာခဲ့"

"ဟုတ်ကဲ့"

သက်ဝေက နားပူခံရတော့မည်ကို နားလည်လိုက်တော့၏။

ဿ ဿ ဿ

မြတ်မင်းသား ပြန်ရောက်လာသည့်အချိန်တွင် စားသောက်ခန်းအတွင်း၌ ဝတ်လုံတော်ရ ဦးမြင့်၊ ဒေါ်ခင်ခင်ရီ၊ မထားရီနှင့် တင်မောင်ဦးတို့က ညစာစားသောက်နေကြပြီ ဖြစ်သည်။ မြတ်မင်းသားက ဖျတ်ခနဲ လှမ်းကြည့်ကာ

"စားတောင် နေကြပြီလား"

ဟု မေးသည်။

"အော် . . ကိုကျော်စွာ လာလေ၊ ဒီမှာ တစ်ခါတည်း ဝင်စား"

"ရပါတယ်ကွာ၊ ငါ့ရဲ့ပွဲတော်အုပ်က ရောက်နေပါပြီ"

မြတ်မင်းသားကို ဝတ်လုံတော်ရ ဦးမြင့်တို့မိသားစုက လှမ်းကြည့်သည်။

"သူ့ကို ဘယ်သူက ပွဲတော်အုပ်လာပို့တာလဲ"

"ပို့တဲ့လူတွေကတော့ အစုံပဲ ဦးလေးရေ၊ တစ်နေ့ မြတ်မင်းသားက အရိုက်အရာရရင် သူတို့စောင့်ရှောက်စေချင်တဲ့ စက်လှေပိုင်ရှင်တွေလဲ ပါတာပေါ့"

မထားရီ၏ မျက်နှာက သိပ်မကြည်သာ။ ကားပေါ်တွင် တင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဦး ပြောပြခဲ့သည့် သက်ဝေ၏ကိစ္စက သူမ၏ရင်ထဲတွင် နိုးလိုးခုလု ဖြစ်နေလေသည်။

"ဒီမှာ ငါးသလောက်ဥကြော် နဲ့ ငါးမန်းတောင်ဟင်းချို"

စားပွဲထိုးက ယွန်းခွက်အနီရောင်နှစ်ခုကို လာချပေးသည်။

"တို့မှာမှ မမှာဘဲ"

စားပွဲထိုးကို ဦးမြင့်က ကြည့်၍ ပြောလိုက်သည်။

"ဟို ဦးကြီးက ပို့ခိုင်းတာခင်ဗျ"

"အော် . . မြိတ်မင်းသားကိုကျော်စွာက ဒီဝိုင်းအတွက် ပို့ခိုင်းတာပါ စားစား"

ငါးသလောက်ဥတစ်ပိုင်းကို ယူကာ မထားရီ၏ ပန်းကန်ထဲသို့ ထည့်ပေးကြသည်။ စားသောက်ပြီးသောအခါတွင် ကော်ဖီနှင့် မုန့်များကို မှာကာ တင်မောင်ဦးက ကျွေးမွေးပြန်လေသည်။

"နေပါဦး တင်မောင်ဦးရဲ့ မင်းရန်ကုန်ဘက်က ငွေတွေလဲ မထုတ်ဘဲနဲ့ ဒီတည်းခိုခန်းမှာ ဘယ်လိုစားသောက်နေသလဲ"



ဝတ်လုံတော်ရဦးမြင့်က စုံစမ်းလိုက်သည်။

"ဒါက ဒီလိုပါ ဦးရယ်၊ ကျွန်တော့်အတွက် တည်းခိုခန်းခနှင့် စားသောက်ခကို ဦးလေးဥသြနဲ့ ဟိုက မြိတ်မင်းသားကြီးတို့က တာဝန်ယူတာပါ၊ ကျွန်တော် မနက်ဖြန် ပင်လယ်ထွက်ရမယ်"

"ဟင် . . မင်းဟာလဲ တို့က ရန်ကုန်ကို တစ်ရက်နှစ်ရက်နေ ပြန်မလားလို့"

ဒေါ်ခင်ခင်ရီက ဝင်ပြောလိုက်သည်။

"အစီအစဉ်က အစောကြီးကတည်းက လုပ်ထား[illegible]ပါ ခေါ်ခေါ်၊ ပြီးတော့ ခုကိစ္စက ကျွ . . ဟော့ဖေဖေ မသေခင်က မပြီးပြတ်ခဲ့တဲ့ကိစ္စပဲ"

ပင်လယ်ဓားပြ၏ ရတနာများ ထည့်ထားသော ရွက်လှေအကြောင်းကို လက်တင်စာအရ တွေ့ရှိပုံကို ရှင်းပြလိုက်သည်။ ဝတ်လုံတော်ရ ဦးမြင့်က ခေါင်းညိတ်လိုက်လေသည်။

"ပုလိပ်ဘက်က ပါမယ်ဆိုတော့ မဆိုးပါဘူး၊ နိုင်ငံတော်အတွက် လျှာဒါန်းဦးမှာလား"





"ဒါကတော့ အများသဘောပေါ့လေ၊ အင်္ဂလိပ်အစိုးရကတော့ ဥပဒေနဲ့ညီရင် ခွင့်ပြုမှာပါပဲ"

"အေး အေး . . တစ်ယောက်တည်းကိစ္စ မဟုတ်တော့လဲ လိုက်သွားရမှာပေါ့ မောင်တင်မောင်ဦးရယ်"

ဝတ်လုံတော်ရ ဦးမြင့်ကတော့ လူ့အသိုင်းအဝိုင်း၏ အခြေအနေကို သိသောကြောင့် ခွင့်ပြုလိုက်သည်။

ကော်ဖီနှင့်မုန့်များ စားသောက်ပြီးသောအခါ စားသောက်ဆိုင်ထဲမှ ထလာရင်း

"ဖေဖေ သမီး ကိုဦးနဲ့အောက်ထပ်မှာ စကားပြောဦးမယ်နော်"

"အေး အား . . အပြင်တော့ မထွက်ကြနဲ့တော့၊ ညဥ့်နက်နေပြီ သိလား"

"ဟုတ်ကဲ့"

ပန်းခြံမှာ စားသောက်ဆိုင်ဘေးတွင် ကပ်လျက်ရှိသည်။ လေညင်းခံသူများ အပန်းဖြေသူများ လမ်းလျှောက်နေကြ၏။

"ပန်းခြံထဲကို သွားကြတာပေါ့ ကိုဦး"



"ကောင်းတယ်"

"ကိုဦးကို ထား ပွင့်ပွင့်လင်းလင်းတစ်ခု မေးစရာရှိတယ်"

မထားရီ၏အသံများက မာကျောနေသည်။ တင်မောင်ဦး ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

"မေးပါ ထား"

"သက်ဝေဆိုတဲ့ မိန်းကလေးနဲ့ ကိုဦး ဘယ်အခြေအနေမှာ ရောက်နေသလဲ"

မထားရီ၏ မေးခွန်းက ပြတ်သားလှသည်။ တင်မောင်ဦး ရုတ်တရက် မဖြေနိုင်။

✦ ✦ ✦

"ကိုဦး"

"ဟင်"

"ထား မေးနေတယ်လေ"

"ကိုဦးလဲ ဘယ်နေရာက စပြီးဖြေရမလဲဆိုတာ စဉ်းစားနေတာပဲ ထား"

ပန်းခြံထဲရှိ ရေကန်ဘေးမှ နှစ်ယောက်ထိုင် အုတ်ခုံပုလေးများရှိရာ ရောက်လာသည်။ တင်မောင်ဦးက အုတ်ခုံလေးတွင် ဝင်ထိုင်ကာ သူ့ဘေးသို့ လက်တင်၍ ခေါင်းငုံ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားဟာ အင်မတန် နုံတဲ့အတဲ့ မိန်းကလေး၊ ကိုဦး လှည့်ချင်သလို လှည့်လို့ရမယ်လို့ ထင်နေသလား၊ ကိုဦး အောက်စဖို့ဒ် တက္ကသိုလ်မှာ သွားသင်လာရတာ ဒီပညာတွေလား"

မထားရီ၏ အသံက ခံစားမှုဝေဒနာကြောင့် တုန်ယင်နေသည်။

"ဘယ်လို ပြောလိုက်တာလဲ ထား"

"ကြားတဲ့အတိုင်းပဲလေ၊ ထားက မျက်နှာတွေကို အကဲခတ်ကြည့်တာနဲ့ နှစ်ယောက်လုံး မရိုးသားဘူးဆိုတာ သိတယ်၊ မိန်းမပုံကိုက မပွင့်မလင်းနဲ့၊ ငိုများငိုချင်နေသလားတောင် မသိဘူး"

"နေပါဦး ထား"

"မနေနိုင်ပါဘူး ကိုဦး၊ ကိုဦးဟာ ဘာလို့ ဒီလောက်သစ္စာမဲ့ရတာလဲ"

မထားရီ မျက်လုံးများက မီးဟုန်းဟုန်း တောက်တော့မည်လားဟု ထင်မှတ်ရသည်။

"ကိုဦးက သစ္စာဖောက်တာ မဟုတ်ပါဘူး၊ မမျှော်လင့်တဲ့ကိစ္စတွေက ဖြစ်လာတာပါ ထားရယ်"

"လူတင်ပါလို့ နွားကျားကိုက်တာပါ ကိုဦးရယ်၊ ကိုဦးက ငယ်ငယ်ချောချော တံငါသည်မလေးကို စွဲနေတယ်မို့လား၊ ဟိုက မျက်နှာကလဲ ထားကို မြင်ရတော့ ဟန်တောင်မဆောင်နိုင်ဘူး၊ ဖြစ်နေလိုက်ကြတာ ဘယ်လောက်အထိများ ခရီးလွန်နေကြပြီလဲဟင် ပြောပါဦး"

မထားရီက အပြစ်တင်စကားများ ပြောနေသလောက် တင်မောင်ဦးကတော့ ရေငုံနှုတ်ပိတ် ကန်ရေပြင်ကို ငေးကြည့်နေသည်။

"ပင်လယ်ထဲက ကယ်လာလို့ ကျေးဇူးဆပ်ဖို့ လိုတယ်ဆိုလဲ ငွေဘယ်လောက်ကုန်မလဲပြော၊ ထား ဘဏ်ကနေ ထုတ်ပေးပါ့မယ်၊ ကိုဦးမှာလဲ ရှိတာပါပဲ၊ ဒီကျေးဇူးတရားဟာ ငွေနဲ့ရှင်းလို့ မရဘူးလား"

မထားရီက ဂုဏ်ရှိသူ ငွေရှိသူပီပီ ငွေစကားပြောလာသည်။

"နေရာတကာမှာ ငွေနဲ့ရှင်းဖို့ ကြိုးစားရင်တော့ မှားမှာပေါ့ ထားရယ်"

"အော် . . ဒီစကားက ထားကို အပြစ်တင်တာပေါ့ ဟုတ်လား၊ ခုတော့ ရှင်က ထားကို အပြစ်မြင်နေပြီပေါ့ ဟုတ်လား ကိုတင်မောင်ဦး"



တင်မောင်ဦးက ပြုံးလိုက်သည်။ သူ့အပြုံးက တစ်စုံတစ်ရာ ဆုံးဖြတ်သည့်အပြုံး။

"ထား"

"ဘာလဲ"

"ကိုဦးကို အချိန်နည်းနည်း ပေးပါ"

"ဘယ်လောက် ပေးရမှာလဲ၊ တံငါသည်မ သက်ဝေနဲ့ ကလေးတစ်ယောက်ရတဲ့အထိလား"

မထားရီက မညှာနိုင်တော့။ ကြမ်းတမ်းသော စကားလုံးများ ပါးစပ်မှ ထွက်လာသည်။ တင်မောင်ဦးသည် ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး ထား၊ ထားလို ပညာတတ် မိန်းကလေးတစ်ယောက် ပါးစပ်က ဒီစကားလုံးမျိုး ရိုင်းရိုင်းစိုင်းစိုင်း မထွက်သင့်ဘူး"

"ရှင် ထားကို အပြစ်တွေ တစ်ခုပြီးတစ်ခု တင်နေပြီနော်၊ ဘာလဲ ရှင်က အားကိုးရှိလို့ ဒီလိုအပြစ်တင်စကားတွေ ပြောတာလား"

"ထားရယ် ထားနဲ့ကိုယ်နဲ့က တစ်သက်လုံး ပေါင်းကြရမယ့်သူတွေပါ၊ ဖြစ်သင့်တာကို မဖြစ်ရတော့ဘူးလား၊ ကိုဦးပြောတဲ့ စကားတွေ မမှန်လို့လား"

"တော်ပြီ ကိုဦး၊ ကျွန်မ အကုန်နားလည်သွားပြီ၊ ရှင်ဟာ သက်ဝေဆိုတဲ့ မိန်းကလေးဖက်က ကာကွယ်တဲ့သူ့ရဲကောင်းဖြစ်နေပြီ၊ ရှင့် ကျွန်မကို သံယောဇဉ် ရှိတယ်ဆိုရင် မနက်ဖြန်ကို ပင်လယ်လိုက်မသွားပါနဲ့"

"ဟာ"

"ဘာဟာတာလဲ"

"ဒါက ကိုယ်တစ်ယောက်ထဲ သဘောမဟုတ်ဘူးဆိုတာ ထား သိသင့်ပါတယ်"

"ကိုတင်မောင်ဦးမှာ ကျွန်မဆိုတဲ့ မိန်းမကလွဲပြီး ဘာအရေးကြီးတာ ရှိသေးလဲ"

* * * * *

မထားရီက စကားအဆုံးတွင် အုတ်ခုံလေးမှ ထထွက်သွားလေသည်။ တကယ်တော့ အချစ်နှင့်ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် မထားရီသည် သဘောထားတင်းမာလွန်းသည့် မိန်းကလေးဖြစ်ကြောင်း သိလိုက်ရသည်။

"ထား"

မထားရီနောက်သို့ပင် လှည့်မကြည့်တော့ပေ။ ပန်းချုံထဲမှ မြိတ်မင်းသားက ထွက်လာသည်။

"ကိုကျော်ရွှာ"

"ငါ အကုန်ကြားပြီးပါပြီ တင်မောင်ဦး၊ စိတ်မကောင်းလဲ ဖြစ်ပြီးပါပြီ၊ မထားရီကတော့ တော်တော်စကားပြောရခက်တဲ့ မိန်းကလေးပဲ"

"သက်ဝေရော ကိုကျော်ရွှာ"

"မင်း မေးနိုင်သေးတယ်နော်"

"မေးရမှာပေါ့ ကိုကျော်ရွှာ၊ မထားရီက ကျွန်တော့်ဖေဖေနဲ့ သူ့မိဘတွေက သဘောတူထားခဲ့တဲ့ မိန်းကလေးပါ၊ လက်မထပ်ရသေးဘူး၊ ဒါကို ကျွန်တော့် ဘဝတစ်ခုလုံးကို သူ ပိုင်တယ်လို့ ထင်နေတာ"

"တော်တော်မာနကြီးတဲ့ မိန်းကလေးပါကွာ"

"ကြီးတယ် ကိုကျော်ရွှာ၊ အစကတည်းကလဲ သူ့မှာ မာနရှိမှန်း သိ

တယ်၊ ဒါပေမယ့် ဒီလောက်အထိ တင်းမာလိမ့်မယ်လို့ မထင်ဘူး"

"အေး . . ပြောရတော့မှာပဲ၊ သက်ဝေကလဲ မင်းကို လုံးလုံးမယုံဘူး၊ မနက်ဖြန်ကို ရွှေလင်းပိုင်မှာ မင်းကို လာခေါ်မတဲ့"

"ဟာ . . အဲဒါ သက်ဝေ မဟုတ်တာပဲ"

"သူက မထားရီတို့ဘက်က တင်းမာရင် မင်း မငြင်းဆန်နိုင်ဖြစ်ပြီး ရန်ကုန်ကို ချက်ချင်းလိုက်သွားရမှာ စိုးနေတယ်"

"သက်ဝေ စိုးရိမ်မယ်ဆိုလဲ စိုးရိမ်စရာပဲ၊ မနက်ကျရင် မထားရီရဲ့အမေ ဒေါ်ခင်ခင်ရီကပါ ကျွန်တော့်ကို ပင်လယ်မသွားဖို့ တားမှာ သေချာတယ်၊ ပြီးတော့ ခု သက်ဝေကလဲ ဘယ်လောက်သနားစရာ ဖြစ်နေလဲ၊ လေဆိပ်အထိတောင် ကျွန်တော် စိတ်ချမ်းသာအောင် လိုက်ကြိုပေးရာတယ်"

"ငါတို့ထင်တဲ့ အတိုင်းပါပဲကွာ၊ ဝတ်လုံတော်ရသမီးဆိုတော့လဲ ဘဝင်မြင့်မာနကြီးမှာပေါ့၊ ကဲ . . တင်မောင်ဦး မင်းရဲ့ဘဝဟာ ဆုံးစွန်ကို ဆုံး





ဖြတ်ရမယ့်အချိန် ရောက်နေပြီ"

"ဟုတ်ပါတယ် . . ကျွန်တော်လဲ ဒါကို သဘောပေါက်နေပါပြီ ကိုကျော်ရွှာ"

"သဘောပေါက်ရင် မင်း ဘယ်လိုဆုံးဖြတ်မလဲ"

"သက်ဝေက ငမန်းနီနဲ့ ပင်လယ်ကို လိုက်တာ ကျွန်တော့်ကြောင့် လိုက်တာပဲ ကိုကျော်ရွှာ၊ နို့မို့ သူ ဘယ်တော့မှ လိုက်မှာ မဟုတ်ဘူး၊ ပင်လယ်ကို ထွက်တာ ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ ကိုကျော်ရွှာ သိပါတယ်၊ သက်ဝေကို ကျွန်တော် ခွဲမသွားနိုင်ဘူး"

"အေး . . မင်းစိတ်ကို မင်းနိုင်အောင်လဲ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ၊ မနက်ဖြန်မနက် ထမင်းစားချိန်အထိ မင်း မထားရီတို့မိသားစုနဲ့ ရင်ဆိုင်ရလိမ့်မယ်"

"ကျွန်တော် ရှောင်လိုက်တော့မယ်၊ ဒါဆိုရင် မထားရီက ကျွန်တော့် သဘောထားကို နားလည်သွားမယ်၊ ခု ဘယ်နှစ်နာရီ ထိုးပြီလဲ"

"ခု ဆယ်နှစ်နာရီကျော်ပြီ တင်မောင်ဦး"

"ကျွန်တော် သက်ဝေဆီ သွားမယ်"

"ဟာ . . ကောင်းပါ့မလား"

"ကောင်းပါတယ် ကိုကျော်ရွှာ၊ ကျွန်တော့်ကြောင့် သက်ဝေ အိပ်ပျော်မှာ မဟုတ်ဘူး"

တင်မောင်ဦးသည် ဟိုတယ်အပြင်သို့ ထွက်လာသည်။ သူသည် ဟိုတယ်အပြင်၌ ညဦးနက်မှ ပြန်သောအရက်သမားများကို စောင့်နေသည့် မြင်းလှည်းနှစ်စီးသုံးစီးကို တွေ့ရသည်။

"အုန်းတောကမ်းနားကို သွားချင်တယ်"

"ရပါတယ်"

ညပိုင်းတွင် ငွေပိုရတတ်သည်မို့ မြင်းလှည်းသမားက လိုက်ပို့သည်။ တင်မောင်ဦးသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ သက်ဝေတို့ နှစ်ထပ်အိမ်ကြီးရှိရာသို့ လျှောက်လှမ်းလာခဲ့လေသည်။ အောက်ထပ်တွင် မီးများလင်းနေ၏။

"ကိုရင်မောင် ကိုရင်မောင်ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် မောင်တင်မောင်ဦး လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်"

သက်ဝေသည် အပေါ်ထပ်အိပ်ရာပေါ်မှ တင်မောင်ဦးအသံကို မှတ်မိ၍ လူးလဲထသည်။ ညဝတ်အင်္ကျီကိုလဲကာ လိမ္မော်ရောင် လက်ပြတ်အင်္ကျီကို ဝတ်လိုက်၏။

❀ ❀ ❀

"ကိုဦး"

ဆံပင်များကို သပ်တင်ကာ လှေကားထိပ်မှ သက်ဝေ၏ ဂျပိုကရိ အသွင်ပေါ်လာသည်။

"ရင်မောင်က ခုနပဲ အိပ်ရာဝင်သွားတယ်၊ မနက်လေ့ထွက်ဖို့ ကိစ္စလား"

"ဟုတ်တယ် ဒေါ်ဒေါ်၊ စောစောလေ့ထွက်မလား စိတ်ကူးလို့"

"အေး . . သက်ဝေနဲ့ စကားပြောဦး၊ ဒေါ်ဒေါ်လဲ တစ်နေ့လုံး ညောင်းနေလို့ လှဲလိုက်ဦးမယ်"

သက်ဝေ၏ မိခင်က အပေါ်ထပ်လှေကားသို့ တက်ရင်း

"မောင်တင်မောင်ဦး အိပ်နေကျအခန်း ရှင်းပေးလိုက်ဦး သမီး"

ဟု ပြောသည်။

"ဟုတ်ကဲ့ မနက်ကတောင် ရှင်းထားပါသေးတယ်"

လှေကားပေါ်မှ ဆင်းလာသော သက်ဝေသည် ဟန်မဆောင်နိုင်တော့ပဲ လှေကားရင်းတွင် ရပ်နေသော တင်မောင်ဦးကို ဖက်ကာ ရင်ခွင်ထဲတွင် ခေါင်းကပ်ထားလိုက်သည်။

"ကိုဦး"

"ဟင်"

"ကိုဦး ဝေ့ဆီကို လာတယ် နော်"

"လာလို့ တွေ့တာပေါ့ ဝေရဲ့ ဘာလဲ ကိုဦး ရန်ကုန်လိုက်သွားမယ်လို့ ထင်လို့လား"

"အင်းပေါ့"

"ကဲ . . ကိုရင်မောင် ထွက်လာဦးမယ်၊ ခဏဖယ် အိမ်ပေါ်တက်ကြရအောင်"

"နေဦး ဝေ တံခါးတွေ ပိတ်လိုက်ဦးမယ်"

သူမမိခင်က ဖွင့်ခဲ့သည့် အိမ်



တံခါးပေါက်ကို ပြန်ပြီး ပိတ်သည်။ ကိုရင်မောင်က အောက်ထပ်မှာ အိပ်သည်။

"ကိုကို"

"ဟော"

"မီးတွေ ပိတ်ခဲ့ရမလား"

"မပိတ်နဲ့ ငါ အပြင်ထွက်ဦးမှာ"

ကိုရင်မောင်က အခန်းထဲမှ လှမ်းအော်သည်။ တင်မောင်ဦးက အပေါ်ထပ်တက်သွားသည်။ သူ့အခန်းထဲမှ မီးအိမ်လေးကို ထွန်းအပြီး သက်ဝေက လိုက်ဝင်လာသည်။

"ဝေ"

ခပ်တိုးတိုး ခေါ်သည်။

"ဘာလဲ"

"သွားတော့ ကိုဦး အိပ်တော့မယ်"

"အို . . မသွားပါဘူး၊ ဝေ ဒီအခန်းမှာပဲ နေမယ်"

"ခက်တဲ့ ကောင်မလေးပဲ၊ ပြောလို့မရဘူးလား၊ ဒေါ်ဒေါ့်ကို ခေါ်လိုက်ရမလား"

"ခေါ် ခေါ်၊ မေမေထူးရင် ဝေက ထွက်ပြေးသွားမှာပေါ့"

တင်မောင်ဦး၏ခါးကို ဖက်ထားရင်း ပြောသည်။ တင်မောင်ဦးသည် ခေါင်းငုံ့ကာ သက်ဝေ၏ နဖူးကို နမ်းလိုက်၏။

လက်များကလည်း သက်ဝေ၏ကိုယ်လုံးလေးကို ဖက်ထားလိုက်မိတော့သည်။ ပြတင်းပေါက်မှ လရောင်သည် အခန်းထဲသို့ ထိုးကျနေသည်။ ခန္ဓာကိုယ်ချင်း ပူးကပ်နေသော ချစ်သူနှစ်ဦးသည် တရွေ့ရွေ့ဖြင့် ခုတင်ရှိရာသို့ သွားနေကြသည်။

သစ်ရွက်များကို လေတိုက်သောကြောင့် တရှဲရှဲ အသံမြည်နေသည်။ နှင်းဦးလေသည် ခြံထဲရှိ မရမ်းပင်နှင့် ဝါးရုံပင်များကို တရှဲရှဲမြည်အောင် တိုက်ခတ်နေလေသည်။ ထိုညအဖို့ သက်ဝေသည် သူမအခန်းသို့ ပြန်တော့မည် မဟုတ်ပါချေ။

တင်မောင်ဦးမှာလည်း ချစ်စဖွယ်ကောင်းလှသော သက်ဝေဆိုသည့် မိန်းမချောလေး၏ ကမ္ဘာသို့ လိုက်ပါသွားမိလေတော့သည်။ ကိုရင်မောင်သည် သူ့အခန်းတံခါးကို ဖွင့်ကာ အောက်ထပ်မှ မီးများကို ပိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။ လရောင်အောက်တွင် ခြံထဲ၌ လှန်းထားသော ငါးဖမ်းပိုက်ကြီးများမှာ နှင်းများ တဖောက်ဖောက် ကျသည့်ဒဏ်ကို ခံနေကြရသည်။ ချစ်သူနှစ်ဦး၏ ကမ္ဘာလေးသည် လှပသာယာနေသည်။

ထားဝယ် ဆိပ်ကမ်းရှိ လေတဟူးဟူးတိုက်နေသော အရက်ဆိုင်လေးထဲတွင် ကျောက်မီးခဲတို့လူစုသည်လည်း အကြောင်းအရာတစ်ခုကို လေးလေးနက်နက် ဆွေးနွေးနေကြ၏။

ထိုတစ်ဖွဲ့လုံးကို ကျောက်မီးခဲက ခေါင်းဆောင်ထားလေသည်။

✦ ✦ ✦

'ကျောက်မီးခဲ'သည် နာမည်နှင့်လိုက်အောင်ပင် ဆိုးသွမ်း ရက်စက်သူ ဖြစ်သည်။ သူသည် မော်လမြိုင်ထောင်နှင့် မြောင်းမြထောင်တို့သို့ အခေါက်ခေါက်ဝင်ခဲ့ဖူးသူ ဖြစ်၏။

ကျောက်မီးခဲသည် အရက်ပုလင်းထဲမှ အရက်ကို ငှဲ့ထည့်လိုက်ရာ အနည်းငယ်သာ ကျန်တော့သည်ကို တွေ့ရ၍

"ဟော့ . . မွတ်တား အရ
ထပ်မှာဦး"

ဟု ပြောလိုက်သည်။

တစ်ဖက်ဝိုင်းမှ မဲမဲပုပု မွ
တားဟု အခေါ်ခံရသူသည် ဆိုင်ထဲ
အော်လိုက်သည်။

"ပေါက်ဆိန်အရက်တစ်လုံ
ထပ်ပေးဟေ့၊ ဟိုဘက်ဝိုင်းကိုပေး"

မကြာမီ အရက်တစ်လုံ
ရောက်လာ၏။

"လှေကတော့ အဆင်သင့်ပဲ
မင်းတို့ လိုက်မယ် မလိုက်ဘူးဆိုတာ
သာ စဉ်းစားကြ"

ကျောက်မီးခဲက သူ့ဝိုင်းမှ လူ
များကို ထပ်ပြောလိုက်သည်။

ပိန်ရှည်ရှည်နှင့် လူက

"ရင်မောင်တို့လှေက အဲဒီမြိတ်ကျွန်းစုတွေဘက်မှာ ရတနာတွေ ရှာဖို့ သွားမယ်ဆိုတာ တကယ်လား"

ဟု မေးသည်။

"ထီးရိုး မင်း ပါးစပ်ပိတ်ထားစမ်း၊ ငါက မသေချာဘဲ မပြောဘူးကွ"

ကျောက်မီးခဲက ဟောက်လိုက်၍ ထီးရိုးမှာ သူ့ရှေ့မှ ပုလင်းကို ယူကာ ငှဲ့နေသည်။





"ဒီမှာ ခင်ဗျားပြောတဲ့အတိုင်း ကျုပ်တို့လှေက ကျွန်းစုတွေမှာ ပုန်းပြီး လိုက်ရမှာလား"

မျက်နှာပြုပြုနှင့် သူတို့က ဝက်ကြီးဟုခေါ်သော သူက ဝင်မေးလိုက်သည်။

"ကြည့်လုပ်ရမှာပေါ့ကွာ၊ အရေးကြီးတာက သူတို့လှေနောက် နောက်ယောင်ခံပြီး လိုက်တယ်ဆိုတာ မသိဖို့ အရေးကြီးတယ်၊ ဒါမှ သူတို့အဖွဲ့က ရတနာတွေရပြီဆိုရင် တို့က အပိုင်စီးလို့ရမှာ"

"ပုလိပ်တွေ ပါတယ်ပြောတယ်နော် ဆရာ"

ဗလကြီးကြီးနှင့် လက်နှစ်ဖက်ဘေးမှာ ကားနေသော လူထွားကြီးက သတိပေးစကား ပြောလိုက်သည်။

"လက်ကား မင်း အသာနေစမ်းပါ၊ မင်းဆရာ ဝက်ကြီးနဲ့ ငါ စကားပြောနေတယ်"

"လက်ကား"ဟုခေါ်သော လူမှိုက်မှာ သူ့ဗလကြောင့် လက်နှစ်ဖက်က ဘေးကို ကားနေ၏။ ဝက်ကြီးဆိုသော လူဆိုး၏တပည့် ဖြစ်သည်။ ဝက်ကြီးက လှည့်မျက်စောင်းထိုးသည်နှင့် လက်ကားက စကားသံ တိတ်ဆိတ်သွားလေသည်။

"လမ်းမှာ စားဖို့သောက်ဖို့ ရိက္ခာနဲ့ အရက်စည်ကို တင်ထား၊ ဝက်ကြီး မင်းတပည့်တွေက တဖွတ်ဖွတ် သောက်နေတာ၊ သူတို့အဖို့က အစားအစာထက် အရက်က အရေးကြီးတယ်"

"စိတ်ချပါ ကျောက်မီးခဲရဲ့၊ ဒီအကြံအောင်မြင်ရင် ကျုပ်တို့သူဌေး ဖြစ်ပြီ၊ ပင်လယ်ထဲကို နောက်တစ်ခေါက် ဆင်းစရာ မလိုတော့ဘူး၊ ကျုပ်က စက်ဘွားမယ်"

ဝက်ကြီးက သူ့အကြံကို အားတက်သရော ပြောလိုက်သည်။

"စက်ဘွားက ဘာလုပ်မှာလဲကွ၊ ကောသောင်မှာ သူဌေးလုပ်ရင် ကိုယ်လိုချင်တာ အကုန်ရတယ်"

ထီးရိုးက ဝင်ပြောလိုက်ပြန်သည်။

ပင်လယ်ပြင်ထဲရှိ အရက်ဆိုင်တွင် သူတို့လူစုသာ တဟားဟားဖြင့် မောပြောဆိုနေကြသည်။

သူတို့ဆိုင်ထဲ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ပင်လယ်ကမ်းစပ်၌ ရပ်ထားသော လှေကြီးများကို မြင်နေရသည်။ လှေကြီးများတွင် လက်နက်ကိုင် လူစောင့်များရှိနေပြီး ကျောက်မီးခဲတို့လို လူဆိုးများ မကပ်နိုင်ရန် ကင်းစောင့်နေကြရခြင်းပင် ဖြစ်၏။

''ဒီည လှေတစ်စီးစီးပေါ် တက်လိုက်ရရင် မနက်ဖြန် မနင်းဆီရှိရာ သွားလို့ရတယ်''

ကတုံးတစ်ဦးက ထအော်နေသည်။

''ပင်လယ်ထွက်ပါ့မယ်ဆိုမှ ဒီစိန်ကတုံးကလဲ မနင်းဆီ လွမ်းနေပြန်ပြီ၊ မင်းလဲ မနင်းဆီအတွက်ပဲ အသက်ထွက်မှာပဲ''

ဝက်ကြီးက ကတုံးကို လှမ်းပုတ်၏။ ကတုံးက ခေါင်းငုံ့ကာ ရှောင်လိုက်၏။

သူတို့လူစု တစ်ခုလုံးသည် ဆိုးပေမိုက်ကန်းသော လူများချည့်သာ ဖြစ်သည်။ ကိုယ့်အသက် သေရမည်ကိုလည်း မနမြော။ ထောင်ကျမှာကိုလည်း မကြောက်သူများဖြစ်၍ အကြောင်းသိများက သူတို့ရှိရာ အရက်ဆိုင်သို့ မလာဝံ့ကြတော့ပေ။

ဃ ဃ ဃ

မထားရီသည် တစ်ညလုံး အိပ်မပျော်ပေ။

မထားရီကဲ့သို့ပင် သမီး၏ ဘဝရှေ့ရေးကို တွေးပူနေသော ဒေါ်ခင်ခင်ရီသည်လည်း အိပ်၍မရ။ ညဥ့်အတော်နက်သည့်တိုင်အောင် ဒေါ်ခင်ခင်ရီ၏ ချောင်းဟန့်သံကို ကြားရ၏။

နံနက် ခြောက်နာရီထိုးသံ ကြားရတော့မှပင် ဒေါ်ခင်ခင်ရီထံမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသောအသံမျိုးကို ကြားရသည်။

မထားရီသည် ခုတင်ပေါ်မှ ထကာ ပြတင်းပေါက်မှ ရွှေလင်းပိုင် တည်းခိုရိပ်သာ၏ အပြင်သို့ ကြည့်လိုက်သည်။ လရောင်သည် ပန်းခြံထဲသို့ ဖြာကျနေ၏။

ပန်းခြံထဲတွင် မော်တော်ကားများနှင့် ညစောင့်များ စကားပြောနေကြသည်၊ သူတို့၏ စကားပြောသံများမှာ လေအသင့်တွင် ကြားရလေသည်။

နံနက်စာ စားဖို့အတွက် တင်မောင်ဦး လာခေါ်မည်ဟု ထင်မှတ်နေသော ဝတ်လုံတော်ရ ဦးမြင့်နှင့် ဒေါ်ခင်ခင်ရီတို့သည် တံခါးခေါက်၍ ဖွင့်ပေးလိုက်သောအခါ ခရီးဆောင်အိတ်ကို လွယ်ကာ ရပ်နေသော မြိတ်မင်းသားကို ကျော်စွာကို တွေ့လိုက်ရလေသည်။

''မနက်စာ ဆီထမင်းနဲ့ ကိတ်မုန့်၊ ကော်ဖီ၊ နွားနို့တွေ စားသောက်ဆောင်မှာ အသင့်ပြင်ပြီးသားပါ ခင်ဗျာ၊ ဒီညွှန်ခန်းမှာ စားမယ်ဆိုရင်လဲ စားပွဲထိုးကို ပို့ခိုင်းလိုက်ပါမယ်''



www.burmeseclassic.com

www.burmeseclassic.com





မြိတ်မင်းသားမှာ မင်းသားလို မဝတ်ဘဲ ပုဆိုးနှင့် အင်္ကျီကော်လာ အနက်ရောင်ကို ဝတ်ဆင်ထား၍ သူတို့ အံ့အားသင့်သွားကြသည်။

"ရွက်သင်္ဘောက အစောကြီး ထွက်မှာလား မောင်တင်မောင်ဦးရော"

ပင်လယ်သို့ ထွက်မည်ဆိုလျှင် အနည်းဆုံးတော့ သူတို့မိသားစုကို တင်မောင်ဦးက လာရောက်နှုတ်ဆက်မည်ဟု ယူဆထားသည်။

"သူ ရွက်လှေမှာ လုပ်စရာရှိလို့ ထင်တယ်၊ ကျွန်တော့်ကိုတောင် မပြောဘူး၊ မနက်စောစော ထွက်ပြီ ထင်တယ်"

"ဟင်"

"ဟုတ်လား"

"ဟုတ်တယ် . . ကျွန်တော်နိုးတော့ သူ့အခန်းတံခါးက ပိတ်ပြီးနေပြီ"

ထိုအသံကြောင့် အိပ်ခန်းထဲမှ မထားရီ ထ၍ ထွက်လာသည်။

"ဒါဆို ဘယ်တော့ ပြန်လာမှာလဲ"

"နှစ်ရက်သုံးရက်တော့ အနည်းဆုံးကြာမယ်၊ ကိစ္စမရှိပါဘူး တင်မောင်ဦးက ဦးတို့မိသာစုအတွက် နှစ်ပတ်စာ ရွှေလင်းပိုင် တည်းခိုခန်းကို ငွေပေးထားတယ်၊ အစားအသောက်အပါပေါ့၊ ကဲ . . ကျွန်တော် သွားဦးမယ်"

မနေ့ကတည်းက တိုင်ပင်ထားသည်မှာ မြေနီရွက်လှေက နေ့ခင်းတစ်နာရီတွင် ထွက်ရန် ဖြစ်သည်။ သို့သော် သူလည်း ရွက်သင်္ဘောပေါ်သို့ စောစော တက်နေလိုက်သည်က ကောင်းမည်ဟု မြိတ်မင်းသား ကိုကျော်စွာက ယူဆသည်။

မြိတ်မင်းသားအထွက်တွင် တည်းခိုခန်းမှ လူများက ထူးဆန်းစွာ လိုက်ကြည့်နေသည်။ စားပွဲထိုးတစ်ဦးက

"ကိုကျော်စွာ မင်းသားလို မဝတ်တော့ဘူးလား"

ဟု မေး၏။

"ဝတ်ဖို့ ကတိခံထားတဲ့ရက် ပြည့်သွားလို့"

ဟု ပြောကာ မြင်းလှည်းတစ်စီးပေါ်သို့ တက်လာခဲ့ကြတော့သည်။







တည်းခိုခန်း၏ ညှော်ခန်းတွင် ...ား ဝတ်လုံတော်ရ ဦးမြင့်နှင့် မိသား...မှာ မကျေမနပ် ဖြစ်ကာ ကျန်ရစ်ခဲ့...လသည်။

"ပင်လယ်ထဲကို သွားဖို့ ကမ်း...ားဆင်းမယ်ဆိုရင်လဲ နှုတ်ဆက်စကား ...ပြာဖို့ ကောင်းတာပေါ့ ကိုမြင့်ရဲ့"

"ဟာကွာ ဘာအရေးကြီးမှန်း ...မသိဘဲ"

"ကျွန်မတို့က ညှော်သည်တွေ ...လေ၊ သူ့အစီအစဉ်နဲ့ နေရမယ့်ညှော်သည်တွေလေ၊ သူ့အစီအစဉ်နဲ့ နေရမယ့် ညှော်သည်တွေ"

ဒေါ်ခင်ခင်ရီက မကျေမနပ်ဖြင့် ပြောသည်။ ဝတ်လုံတော်ရဦးမြင့်မှာလည်း တင်မောင်ဦး လုပ်ပုံကို မကျေနပ်ပါ။ သို့သော် သူ့တွင် ပြဿနာမကြီးထွားအောင် ထိန်းသိမ်းရမည့် ဝတ္တရားရှိ၏။

"ခင်ရီ"

"ရှင်"

"သမီးက စိတ်သိပ်ကောင်းမှာ မဟုတ်ဘူး၊ ဒါကို မင်းနားလည်"

"ကိစ္စမရှိပါဘူး ဖေဖေ၊ သူက သံယောဇဉ် မထားရင် သမီးကလဲ ဘာထားဖို့ မလိုပါဘူး"

"သူ့ကိစ္စကလဲ မသွားလို့မှ မဖြစ်ဘဲ သမီးရယ်"

* * * * *

သင့်လျော်သည် မသင့်လျော်သည်ကို မတွေး။ သက်ဝေကတော့ ညက တင်မောင်ဦးနှင့် အတူနေရခြင်းကို ပျော်သည်။ တင်မောင်ဦး မနိုးခင် တင်မောင်ဦး၏ နဖူးလေးကို ဖွဖွနမ်းကာ ထသည်။ ရေချိုးသည်။

ပြီးတော့ အဝတ်အစား လှလှပပ လဲကာ မျက်နှာကို သနပ်ခါးလိမ်းသည်။ ပင်လယ်ထဲသို့ သွားလျှင် ဝတ်ဆင်ရမည့် အဝတ်အစားများက အိပ်တွင်းမှာ ထည့်ပြီးသား။

လှလှပပ လိမ်းခြယ်ဝတ်ဆင်ပြီးတော့မှ သူမသည် အိမ်ပေါ်သို့ တက်လာ၏။ သူမ၏အမေ ဒေါ်မိမိနှင့် လှေကားဝတွင် ဆုံမိသည်။

"ဟဲ့ . . ဒီကောင်မလေး စောစောအလှပြင်ထားပြန်ပြီ၊ ရွက်သင်္ဘောက ဘယ်နှစ်နာရီ ထွက်မှာလဲ"

"တစ်နာရီထိုး ထွက်မှာ မေမေ၊ ခုပဲ ဆယ်နာရီထိုးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တင်မောင်ဦးရော"

"ကာလနဂါးက အိပ်တုန်းမေမေ"

ဒေါ်မိမိက ငယ်ရာကကြီးလာသူမို့ သိပါတယ်ဟု နှုတ်ခမ်းထော်ကာ လှေကားမှ ဆင်းသွားသည်။ တင်မောင်ဦးက အခန်းထဲမှ နိုးနေပြီ ဖြစ်၏။ ညကအဖြစ်ကို သူ စဉ်းစားသည်။

သက်ဝေကို သူသည် မယူ၍ မဖြစ်တော့။ နောက်ဆုံးကောက်ချက်ကထိုသို့ပင် ချလိုက်မိလေတော့သည်။ သက်ဝေက အခန်းထဲသို့ လှစ်ခနဲ ဝင်လာသည်။

"ကိုဦး"

"ဟင် . . သက်ဝေက လှလို့ပါလား"

"အင်းပေါ့ . . စောစောထပြီး ရေချိုးအလှပြင်ထားတာလေ၊ ဆယ်နာရီကျော်နေပြီ ကိုဦးရဲ့ထ၊ ရေချိုးတော့ မနက်စာ စားသွားရအောင်"

"ကိုဦးကိုထူ"

သက်ဝေက တင်မောင်ဦးကို မနိုင်တနိုင် မွေ့ထူလိုက်သည်။ တင်မောင်ဦးက သက်ဝေ၏ပါးကို ရွှတ်ခနဲ နမ်းကာ ဖက်ထား၏။

"လူတွေ နိုးမနေပြီနော်၊ မကဲ နဲ့တော့ ဖယ် ဖယ်"

သက်ဝေက ရှန်းကာ လူချင်းခွာလိုက်သည်။ တင်မောင်ဦး ခုတင်ပေါ်မှ ဆင်းတော့မှ သက်ဝေ အခန်းထဲက ထွက်သွားသည်။ သူတို့ ရေချိုးထမင်းစားပြီးသောအခါ (၁၁)နာရီပင် ထိုးနေပြီ။

"ကဲ . . လိုက်ခဲ့ကြပေတော့၊ ငါတို့တော့ ရွက်သင်္ဘောဆီ သွားနှင့်တော့မယ်"

ကိုရင်မောင်က သူ့တပည့်သုံးယောက်နှင့် ရပ်ရင်း ပြောလိုက်သည်။ လူနှစ်ယောက်က ရွက်လှေမှာ ပစ္စည်းထားသိုရန်နှင့် သန့်ရှင်းရန် စောစောလွှတ်ထားရသည်။

"သွားနှင့်တော့ ကိုရင်မောင်၊ သက်ဝေနဲ့ ကျွန်တော် ခဏကြာရင် လိုက်လာပါ့မယ်"

သက်ဝေက တင်မောင်ဦးအတွက် ဂျာကင်များ၊ သက္ကလပ်ဘောင်းဘီများဝယ်ကာ အိတ်အသစ်နှင့် ထည့်ထား၏။ တင်မောင်ဦးက ထိုအိတ်ကို လွယ်လိုက်သည်။



သက်ဝေကတော့ မိန်းကလေးမို့ ထည့်စရာတွေက များသည်။ သူမ အိတ်ကြီးမှာလည်း လူမြင်မကောင်းအောင် ဖောင်းကားနေသည်။

"ဝေ"

"ဘာလဲ ကိုဦး"

"တစ်အိမ်လုံးက ဟာတွေ ထည့်မလို့လား"

"အင်း . . တော်ပါပြီ၊ စဉ်းစားရင်တောင် ထည့်စရာတွေက ပေါ်လာဦးမှာပဲ၊ မြင်းလှည်းသမား ရောက်နေပြီ မဟုတ်လား"

"ရှိပါတယ် အိမ်ဖေါက်ဝမှာ ရပ်ထားတယ်"

ခဏကြာသောအခါ ဦးရွှေအေးနှင့် ဒေါ်မိမိကို သက်ဝေက ကန်တော့သည်။ တင်မောင်ဦးကပါ မကောင်းတတ်၍ ထိုင်ကန်တော့လိုက်သည်။

"အေး အေး . . အန္တရာယ်တွေ ကင်းပြီးတော့ အလိုရှိတာ တောင်းတတာတွေ လွယ်ကူချောမောပြည့်စုံပါစေ"

ဦးရွှေအေးက တိုတိုတုတ်တုတ် ဆုပေးသည်။

"မောင်တင်မောင်ဦး"

"ဗျာ"

"ကျွန်းတွေ ဘာတွေပေါ်ရောက်ရင် မင်းညီမကို ဂရုစိုက်နော်၊ သူက ကလေးသာသာရယ်၊ တော်ကြာ တောကောင်တွေ ပိုးကောင်တွေ အန္တရာယ်နဲ့ တွေ့နေမယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော် ကလေးထိန်းလုပ်ပါ့မယ်"

"အေး အေး"

သက်ဝေက တင်မောင်ဦးခါးကို ဆွဲလိမ်လိုက်သည်။ တင်မောင်ဦးက မအော်ရဲဘဲ ကြိတ်ခံရသည်။

သူတို့သည် အိတ်များကို မြင်းလှည်းပေါ်သို့ အရင်တင်ပြီးမှ သက်ဝေကို တက်စေသည်။ ပြီးတော့ တင်မောင်ဦး မြင်းလှည်းပေါ် တက်သွားလေတော့၏။

❀ ❀ ❀

ရသေ့ကြီးဦးဝိရသည် ရွက်သင်္ဘော၏ဦးတွင် ထိုင်ကာ ပရိတ်[illegible]ရားတော်များ ရွတ်ဆိုလျက် [illegible]သည်။ မြင်းလှည်းသမားက အိတ်[illegible]စလုံးကို သယ်ယူကာ ရွက်လှေ[illegible]ပေါ်သို့ တင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်းလှည်းသမားသည် ရွက်လှေကြီးပေါ်တွင် လူတစ်ဦးနှင့် ရပ်ကာ စကားပြောနေသည်။ သူနှင့် စကားရပ်ပြောသောသူမှာ ကိုရင်မောင်၏ တပည့် တိမ်နီ ဖြစ်သည်။

"တိမ်နီရေ မင်းတို့လှေထွက်မယ့် အချိန်မှာ ရာသီဥတုကလည်း သိပ်ကောင်းတယ်ကွာ၊ ကံကောင်းမှာပါပဲ"

"ငါ ကံကောင်းရင် မင်းကို ပစ်မထားပါဘူး မောင်သစ်ရာ"

မြင်းလှည်းသမား၏ အမည်မှာ မောင်သစ်ဖြစ်၍ လှေကြီးပေါ်မှ တိမ်နီက စကားပြန်ပြောနေခြင်းကို တင်မောင်ဦးနှော် သက်ဝေပါ တွေ့လိုက်ရသည်။

လှေကြီးသည် မွန်းလွဲဆယ့်နှစ် နာရီခွဲသည်နှင့် မြိတ်မင်းသားကိုကျော်စွာ၏ ဝိစိမှုတ်သံ ထွက်ပေါ်လာလေတော့သည်။

ရွက်သင်္ဘောတွင် အကြီးဆုံးခေါင်းဆောင်မှာ ရသေ့ကြီးဦးဝိရ ဖြစ်လျက် ရသေ့ကြီးဦးဝိရပြီးလျှင် မြိတ်မင်းသားကိုကျော်စွာက ရွက်သင်္ဘောပေါ်တွင် သြဇာအရှိဆုံး ဖြစ်၏။ မြိတ်မင်းသားကိုကျော်စွာ ပြီးမှ ဥသြက ရွက်သင်္ဘောကို အုပ်ချုပ်ရသည်။

ကုန်ကျစရိတ်အားလုံးကို ရသေ့ကြီးဦးဝိရနှင့် မြိတ်မင်းသားကျော်စွာတို့က စရိတ်ခံကြခြင်း ဖြစ်၏။ ရွက်သင်္ဘောပေါ်တွင် ထားဝယ်ပုလိပ်ဌာနက လိုက်ပါလာသော ရာဇဝတ်အုပ်ဦးသံခဲနှင့် ပုလိပ်နှစ်ဦးက ရွက်သင်္ဘောဦးတွင်တစ်ဦး၊ ရွက်သင်္ဘော၏အလယ်တွင် တစ်ဦးနှင့် ပဲ့ပိုင်းတွင် တစ်ဦး၊ စပရင်းဖီး ရိုင်ဖယ်သေနတ်များကိုင်ကာ စောင့်ကြပ်လျက် ရှိနေလေသည်။

မြိတ်မင်းသား၏ ဝိစိမှုတ်သံကြားသည်နှင့် ကိုရင်မောင်၏ တပည့်များမှာ ကမ်းခြေ ဘတံတားတွင် တွဲချည်ထားသော ကြ ကို ဖြုတ်လိုက်ကြတော့၏။ ကျောက်မီးသွေး၊ သံဖနောင့်နှင့် သြဇာသီးတို့သည် ရွက်များကို တင်ကာ လေကြောင်းညှိလိုက်ကြ၏။

မကြာမီ ရွက်သင်္ဘောကြီးသည် ပင်လယ်ပြင်သို့ ထွက်လာကြလေတော့သည်။ ရွက်သင်္ဘောကြီး၏ ကုန်းပတ်ပေါ်တွင် အခန်းသုံးခန်း ပါရှိသည်။ ဦးခန်းမှာ ကျယ်ဝန်းပြီး ဥသြ၊





မြိတ်မင်းသား၊ ရသေ့ကြီးဦးဝိရနှင့် အသက်ကြီးသူများက နေထိုင်သည်။

အလယ်ရှိ အခန်းတွင်မူ ကိုရင်မောင်တို့လူစု၊ ကျောက်မီးသွေးနှင့် သံဖနောင့်တို့ အိပ်စက်ရန် နေရာယူကြသည်။ ခန်းမကျယ်သလောက် သင်္ဘောကုန်းပတ်အလည်ပိုင်းသည် လူလည်းများသည်။

ပဲ့ပိုင်းရှိ မီးဖိုသို့ မရောက်မီ အခန်းလေးတစ်ခန်း ရှိသည်။ ထိုအခန်းသည် ရွက်လှေကြီးတွင် တစ်ဦးတည်းသော အမျိုးသမီးအဖြစ် လိုက်ပါလာသော သက်ဝေ နေထိုင်သည့် အခန်းဖြစ်သည်။

သက်ဝေ၏ အိပ်ခန်းဝရံတာတွင် သင်္ဘောကုန်း တ် လက်ရန်းရှိလေသည်။ ထိုလက်ရမ်းတွင် ရပ်ကာ သက် တင်မောင်ဦးတို့ စကားပြောနေ ည်။ သက်ဝေက ပင်လယ်ရေပြင်ပြာပြာကြီးကို ကြည့်ကာ

"ကိုဦး"

ဟု ခေါ်လိုက်သည်။

"ဟင်"

"ကိုဦး ဝေနဲ့ ပင်လယ်ထဲကို သွားရတာ မပျော်ဘူးလားဟင်"

"ပျော်ပါတယ် ဒါပေမယ့် ကိုရင်မောင် ပါလာတော့ အားနာစရာကောင်းတယ်"

"နို့မို့ရင် ဝေ့အခန်းမှာ အတူလာနေမှာ မဟုတ်လား၊ သိပါတယ် ဟိ . . ဟိ"

သက်ဝေက ရှက်ရယ်ရယ်လိုက်သည်။ ပြီးနောက် တင်မောင်ဦး၏ လက်မောင်းကို ဖက်ကာ ပါးနှင့်ကပ်ထားရင်း

"ကိုဦး အခုလဲ ဝေ့ရဲ့အခန်းကို လာရင်ရပါတယ်"

"ဘယ်သင့်တော်ပါ့မလဲ ဝေရယ်"

"ဘာလို့ မသင့်တော်တာလဲ"

"ရွက်သင်္ဘောပေါ်မှာက ရသေ့ကြီးရော၊ ထားဝယ်က ကိုရင်မောင့်မိတ်ဆွေတွေရော ပါလာတယ်၊ ဒါကြောင့် သက်ဝေတစ်ယောက်ထဲ သီးသန့်နေတာ သိကြရှိတာပေါ့ မဟုတ်ဘူးလား"

"ကိုကိုက မသိချင်ယောင်ဆောင်နေမှာပါ"

"မသိချင်ယောင်ဆောင်နေ လေ ကိုဦးတို့က ပိုလေးစားလေ ဖြစ်ရမှာပေါ့ ဝေ၊ ဒီလိုအလိုက်သိတတ်တဲ့ယောက်ဖကို ကိုက လေသလို မိုက်ရိုင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘယ်ဖြစ်မလဲ"

"တော်ပါ သူ လွတ်လွတ်လပ်လပ် နေချင်ရင် နေချင်တယ်ပြောပါ၊ လက်ထပ်ပြီးရင်တော့ ဇွဲအကြောင်း သိစေရမယ်"

"အို . . ကြောက်စရာကြီးပါလား"

တင်မောင်ဦးက သက်ဝေ၏ လက်များကို ဖြုတ်ကာ သူနေရမည့် သင်္ဘောဝမ်းပိုင်းသို့ ပြေးထွက်သွားလေတော့သည်။

"ကိုဦး"

ယှည့်မကြည့်တော့ပေ။

✦ ✦ ✦

သည်တော့မှပင် သက်ဝေသည်လည်း သူမ အခန်းထဲသို့ ဝင်ကာ သန့်ရှင်းရေး လုပ်ရလေသည်။ ခုတင်ပေါ်တွင် အိပ်ရာ ခင်း ပါးပါးခင်းထားသည်။ မူလကတော့ မည်သူနေသည် မသိ။ သပ်ရပ်သည်။

သင်္ဘောပေါ်တွင် အစ်ကိုဖြစ်သူရော၊ ချစ်သူတင်မောင်ဦးပါ ပါလာသောကြောင့် သိချင်းတအေးအေးဖြင့် အိပ်ခန်းထဲရှိ ခုတင်အောက်များ၊ စားပွဲနှင့် ကုလားထိုင်များကို ရှင်းလင်းလျက် ရှိ၏။

ထိုအခါ ပြတင်းပေါက်မှန်မှ လူရိပ်တစ်ရိပ်ကို တွေ့ရသည်။ သူသည် တံခါးကို အသာအယာ ချက်ဖြုတ်ကာ ချောင်းကြည့်လိုက်သောအခါတွင် အညိုရောင်ဂျာကင်အင်္ကျီဖြင့် ကျောပေးထားသော လူတစ်ဦးကို တွေ့ရသည်။ ထိုသူသည် ထားဝယ်ကမ်းစပ်သို့ မှန်တစ်ချပ်ကို ထောင်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

ထားဝယ်ကမ်းစပ်မှ မှန်တစ်ချက် လင်းခနဲ ပေါ်လာသောအခါမှ မှန်ကို အင်္ကျီအိတ်ထဲထည့်ကာ ထွက်သွားလေတော့၏။

"ဒီလူ ဘာလုပ်ပါလိမ့်"

သက်ဝေမှာ ထိုဂျာကင်အညိုနှင့် လူ၏လုပ်ရပ်ကို သဘောမပေါက်ချေ။ ထိုသူကို သူ ကောင်းကောင်းသိသည်။

မြွက်သင်္ဘောပေါ်သို့ တက်လာစဉ်က သူမတို့စီးလာသော မြင်းလှည်းသမားနှင့် ရပ်ကာ သင်္ဘောပေါ်တွင် စကားပြောနေသော တိမ်နီဆိုသူပင်





ဖြစ်လေသည်။

တစ်ရွာတည်းသားဖြစ်သော မြင်းလှည်းသမား မောင်သစ်ကို သူမ သိရှိသကဲ့သို့ ထားဝယ်ဘုရားကြီးကုန်းမှ ပိုက်သမားတစ်ဦးဖြစ်သော တိမ်နီကိုလည်း သူမ ကောင်းကောင်းသိလေသည်။

တိမ်နီသည် သူမကို မချိုမချဉ် လုပ်ကာ ရည်းစားစကားပြောဖို့ ကြိုးစားခဲ့သေးသည်။ သူမက ခပ်ပြတ်ပြတ် ပြောလိုက်၍ တိမ်နီက နောက်ဆုတ်သွားခြင်းပင် ဖြစ်လေသည်။

တိမ်နီ ထွက်သွားပြီးနောက် အခန်းတံခါးကို ပြန်ပိတ်ကာ ခုတင်ပေါ်တွင် လှဲလိုက်၏။ တင်မောင်ဦးသည်လည်း လှေဝမ်းပိုင်းတွင် ကိုရင်မောင်တို့အုပ်စုရှိရာသို့ ရောက်လာသည်။

မကြာမီ လှေပဲ့ပိုင်းမှ တိမ်နီသည် ရောက်လာကာ စကားဝင်ပြောလေသည်။ လှေကြီး၏ ဝမ်းပိုင်း၏ အခန်းကြီးကို နှစ်ပိုင်းပိုင်းထားသည်။ တစ်ပိုင်းမှာ အိပ်ရာ များခင်းထားသော အိပ်ခန်းလုပ်ထား၏။

မြွက်သင်္ဘောကြီးမှာ ပြုပြင်တည်ဆောက်ထားသောကြောင့် ဝမ်းပိုင်းမှ အခန်းနှစ်ခန်းမှာ တစ်ခန်းလျှင် ပေလေးဆယ်ပတ်လည်မျှ ရှိသည်။

ပဲ့ပိုင်းဖက်ကျသော အခန်းမှာကား စားပွဲရှည်ကြီးခင်းကာ ခွေးခြေများချထားသော ထမင်းစားခန်းမ ဖြစ်လေသည်။ မီးဖိုထဲတွင်မူ ကျောက်မီးသွေးဦးဆောင်သော ထမင်းဟင်းချက်သည့် အဖွဲ့က ညနေစာများကို ချက်ပြုတ်နေကြပြီ ဖြစ်လေသည်။ မီးဖို၏ဘေးတွင် အိမ်သာနှင့် ရေချိုးခန်းရှိသည်။

အများစားနိုင်ရန် ကြက်သားနှင့် ဘူးသီးကို ကာလသားချက်ချက်ပြီး ရောက်သီးသုပ်ရန် စိတ်ကူးထားသည်။ အိပ်ရာလိပ်ကို ခင်းကာ တင်မောင်ဦးသည် ကျောခင်းအနားယူနေ၏။ သူသည် ဝင်၍ထွက်၍ လွယ်ကူစေရန် တံခါးပေါက်ဝနှင့် ကပ်နေသော နံရံဘေးတွင် နေရာယူထားလိုက်သည်။

"ကလင် . . ကလင်"

ပဲ့ပိုင်းအောက်ထပ်ထဲရှိ သင်္ဘောစက်ခန်းမှ ဘဲလ်ဆွဲသည်ကို ကြားလိုက်ရသည်။ ဦးခန်းမှ မြဲစာသီးသည်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။ သူ့နောက်မှ သံဖနောင့် ပါလာသည်။

"ဟော့ကောင်လေး လာလေ"

"အဲဒီဘဲလ်က ဘာလဲဗျ"

"ဒါ အရက်သောက်ဖို့ ဆွဲတဲ့ ဘဲလ်ကွ၊ ထမင်းစားရင် အရက်ခွက်တွေ ရှုပ်နေမှာစိုးလို့"

သြဇာသီးက ရင်းနှီးနေပြီဖြစ်၍ အော်ပြောလိုက်သည်။ ထိုစကားကို ကိုရင်မောင်တို့ကပါ ကြားသွားလေသည်။ ကိုရင်မောင်တို့ကလည်း ထကာ သြဇာသီး၏နောက်သို့ လိုက်လာကြ၏။ ရှက်သင်္ဘောပေါ်တွင် တာဝန်ချထားသော ပုလိပ်နှစ်ဦးလည်း ရောက်နေ၏။

အရက်သောက်မည့် သူမှာ ဆယ်ယောက်ကျော်ရှိရာ နှစ်ယောက်လျှင် တစ်လုံးကျဖြင့် အရက်ပုလင်းငါးလုံး ထောင်ထားလေသည်။ စတိုနှင့် စားသောက်စရာပစ္စည်းများ ကိုင်သူမှာ ဥသြ ဖြစ်လေသည်။

ဥသြက ရှက်သင်္ဘောပေါ်ရှိ လူအားလုံးအား

"ဒီသင်္ဘောပေါ်က လူတော အားလုံးဟာ မိသားစုတွေပဲ၊ ဒီပေ



လိုက်နာရမယ့် စည်းကမ်းသုံးချက်ကို ပြောမယ်၊ ပထမဆုံးက ရန်မဖြစ်ရဘူး၊ တစ်ဦးနဲ့တစ်ဦး မခံချင်အောင် စတာ နောက်ပြောင်တာ မလုပ်ရဘူး၊ အုပ်စုဖွဲ့ပြီးတော့ သွေးခွဲတာမျိုး မလုပ်ရဘူး၊ ကြားကြလား"

"ကြားပါတယ်"

"ရဲဘော်ကြီးတွေကို ပြောတာတော့ ဟုတ်ပါဘူးဗျာ"

ပုလိပ်တာဝန်ကျ နှစ်ယောက်ကို အားနာ၍ ဥသြက တောင်းပန်စကား ဆိုလိုက်သည်။

မကြာမီ ဦးအောင်ဘွင့်နှင့် ကျောက်မီးသွေးတို့သည် ထမင်းတောင်းကြီးကို သယ်ယူလာကြ၏။ ကျောက်မီးသွေးနှင့် ဦးအောင်ဘွင့် နှစ်ယောက် ဆွဲလာခြင်းဖြစ်သည်။ အရက်နှင့် မြည်းရန် ကြက်ခြေထောက် ကြက်တောင်ပံကြွပ်ကြော်များကို လာ၍ ချပေးသည်။

"ဟာ . . ဒီစားသောက်ဆိုင်က အမြည်းက တယ်ကောင်းပါလား"

အခန်းထဲသို့ နောက်ဆုံးမှ ဝင် ... မြတ်မင်းသားကျော်စွာက ...ာ်သည်။ မြတ်မင်းသားကျော်





စွာသည် ရိုးရိုးလူလို ဝတ်ဆင်သောအခါ သူ့ပခုံးသားများမှာ ဖုံးကွယ်၍ မရအောင် ပြူးကျိုင်းနေလေသည်။

"ကဲ . . တင်မောင်ဦး၊ မင်းက လူငယ်ခိုတော့ မင်းပဲ အရက်ငှဲ့လိုက်ပါကွာ"

ဥသြက တင်မောင်ဦးကို ပြောသည်။ ဥသြအတွက် တင်မောင်ဦးက အရက် ငှဲ့ပေးလိုက်လေတော့သည်။

"သောက် တင်မောင်ဦး၊ မင်းက နောက်ကြောင်းအေးတာ မဟုတ်ဘူး"

ဿ ဿ ဿ

"ဟာ . . ဦးလေးကလဲဗျာ"

တင်မောင်ဦးက ရှက်သွားသည်။ ကိုရင်မောင်က သူနှင့်မျက်စောင်းထိုးတွင် တိမ်နီတို့လူအုပ်နှင့် သောက်နေလေသည်။

အရက်နှစ်ခွက်လောက် သောက်ပြီးသောအခါတွင် သက်ဝေကို သတိရလာသည်။ သက်ဝေသည် သူ့အပေါ်တွင် တစ်ဘဝလုံးပုံ၍ ချစ်ခဲ့သည်မှာ အမှန်ပင်။



တဲကွေးသွေးရန် တင်မောင်ဦး ဝရံတာလက်ရန်းသို့ ထွက်လာစဉ် ပွဲပိုင်းသို့ လှမ်းကြည့်မိသည်။

ပွဲပိုင်းမှ သက်ဝေက တင်မောင်ဦးကို တွေ့လိုက်ရ၍ ဝမ်းသာအားရ လက် ရပ်ခေါ်သည်။ ပြုံး၍ မလာလာအောင် လက်ကို မနားတမ်း ပြနေသည်။

တင်မောင်ဦးက လက်ကာပြသည်။ သက်ဝေက အံကြိတ်ကာ ခြေဆောင့်၍ ထပ်ခေါ်သည်။

တင်မောင်ဦး မနေသာတော့ ပွဲပိုင်းသို့ လျှောက်လာရလေတော့သည်။

"ဘာလဲ ဝေရဲ့"

"ဝေ့ ဗိုက်ဆာပြီ"

"ဟင် . . သူများတွေတောင် မစားသေးဘူး"

"ခု ဘာလုပ်နေတာလဲ"

"အရက်သောက်နေကြတာလေ"

"ထင်သားပဲ ထမင်းနဲ့ ပြင်းချက်တဲ့လူကို ပြောလိုက်ပါ၊ ငါ့အရက်သမားတွေနဲ့ အတူတူ ထမင်းမစားချင်ဘူး၊ ဝေ့အခန်းမှာပဲ နေမယ်လို့၊ ကိုဦး



www.burmeseclassic.com

www.burmeseclassic.com



လဲ တော်ပြီ၊ ထမင်းနဲ့ဟင်း သယ်လာခဲ့"

စကားဆုံးသည်နှင့် အရက်နံ့ရ၍ နှာခေါင်းရှုံ့ကာ နှာခေါင်းကို ပိတ်၍ သက်ဝေက အခန်းထဲတွင် ဝင်သွားသည်။ တင်မောင်ဦးက မီးဖိုထဲသို့ သွားကာ ကျောက်မီးသွေးကို ပြောလိုက်သည်။

"ဦးလေးရေ သက်ဝေက ဆာလို့တဲ့"

"မင်းက သက်ဝေရဲ့ရှေ့နေလား"

"မဟုတ်ဘူး . . သူက အရက်သမားတွေနဲ့ အတူတူ မစားချင်ဘူး ပြောလို့"

"အေး . . ကောင်းတယ်၊ ဒီမှာ ငါထည့်ပေးလိုက်မယ် ယူသွား၊ ပြီးတော့ ပေးလိုက်"

"ဟုတ်ကဲ့ပြီ လုပ်ပါ"

ထမင်းပန်းကန် တစ်ပန်းကန်နှင့် ဟင်းကို ကြွေရည်သုတ်ဇလုံထဲသို့ အိုးကြီးထဲမှ ခပ်ပေးသည်။ ကျောက်မီးသွေးက အိုးသူကြီးဆိုတော့ ကြက်သားနှင့် အာလူးကို မျှအောင် ခပ်ပေး၏။

"နှစ်ယောက်စာနော် ဦးလေးကျောက်မီးသွေး"

"ဟေ . . မင်းပါ စားမှာလား"

"ဟုတ်တယ် ကျွန်တော့်ဖို့ပါ ထည့်ခဲ့လို့ ပြောတယ်"

"ကောင်းကွာ"

ထမင်းကို အမောက်ထည့်ပေးကာ ဟင်းကိုလည်း ကြက်သားရင်ပုံသားကို ထည့်ပေးလိုက်ပြန်သည်။

"ပြီးရင် တို့စရာနဲ့ငါးပိရေလာယူဦး"

"ဟုတ်ကဲ့"

တင်မောင်ဦးသည် ဇလုံနှင့်

ပန်းကန်ကို မကာ ယူလာသည်။

အဆင်သင့်ပင် သက်ဝေက တံခါးဖွင့်ထား၏။ သက်ဝေက ချိုင့်ထဲမှ ငါးသလောက်ဥကြော်နှင့် ငါးပိကြော်၊ ဆိတ်သားကြော်များထုတ်ကာ သတင်းစာစက္ကူ ခင်းထားသော စားပွဲပေါ်တွင် ချထားသည်။ ချိုင့်အလွတ်တစ်ခုကိုလည်း တင်ထားသည်။

"ခဏနေဦး ငါးပိရေနဲ့ တို့စရာ သွားယူဦးမယ်"

"အို . . ကိုဦး မယူပါနဲ့တော့၊



သက်ဝေ သွားယူပါ့မယ်၊ ကိုဦးက ကိုရင်မောင်တို့ကို ဒီချိုင့်သွားပေးနော်"

"အော် . . သတိရသားပဲ"

"အစ်ကိုပဲ သတိမရဘဲ နေမလား"

ငါးသလောက်ဥ၊ ငါးပိကြော်နှင့် လက်ဖက်များကို ထည့်ပေးလိုက်သည်။

"ကိုဦး"

"ဟင်"

"ထမင်းနဲ့စားဖို့နော်၊ သေသေချာချာ ပြောလိုက်ဦး"

သက်ဝေ ထည့်ပေးသောချိုင့်ကို ဆွဲကာ တင်မောင်ဦးကို ပေးလိုက်သည်။

"ရော့ . . သက်ဝေက ပေးခိုင်းတာ"

"အော် . . အေး"

မှာ မှာ မှာ

သက်ဝေသည် တင်မောင်ဦးကို လက်သုပ်ပုဝါကအစ သောက်ရေခပ်ပေးသည်အဆုံး ကလေးငယ်လေးတစ်ဦးလို ပြုစုစောင့်ရှောက်သည်။

ပြီးနောက် သက်ဝေက တိမ်နီ၏ မှန်ပိုင်းလေး ထုတ်ကာ ထားဝယ်ဆိပ်ကမ်းဘက်သို့ လှည့်၍ ထောင်ပြပုံနှင့် ထားဝယ်ဆိပ်ကမ်းမှ အလင်းရောင်ပြန်၍ပြပုံကို တင်မောင်ဦးအား ပြောပြလိုက်သည်။

တင်မောင်ဦးက ဘာလုပ်သည်ဆိုခြင်းကို သဘောပေါက်သွားသည်။ ညပိုင်းတွင် ရသေ့ကြီးဦးဝိရက သူတို့လှကြီးပိုင်း ဆွေးနွေးပွဲကို လှေကြီး၏ ဦးပိုင်းတွင် ပြုလုပ်၏။

ထိုပိုင်းတွင် ရာဇဝတ်အုပ် သံခဲပါ ပါဝင်၏။ တင်မောင်ဦးက တံခါးဝမှ ဝင်ခွင့်တောင်းလိုက်သည်။ ရသေ့ကြီး ဦးဝိရက

"အော် . . ဝင်ခဲ့ ဒကာလေးလာ လာ"

ဟု ခေါ်လိုက်သည်။

တင်မောင်ဦးက တံခါးကို ပြန်ကာ ပိတ်လိုက်ပြီး ဥသြအား အများကြားအောင် လှမ်းပြောလိုက်လေသည်။

"ဦးလေးဥသြ"

"ကျွန်တော် အရေးကြီးတဲ့ ပြောစရာရှိလို့ လာတာ ကိုရင်မောင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က တိမ်နီဟာ ထားဝယ်ဆိပ်ကမ်း အထွက်မှာ မှန်ထောင်ပြီး အချက်ပြတယ်လို့ သက်ဝေက ပြောတယ်"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် . . သက်ဝေက မှန်ဒလက်တွေ ပိတ်ထားတော့ အခန်းထဲက မမြင်ရဘူးထင်တာ၊ အဲဒါ သက်ဝေက ချောင်းကြည့်တာတဲ့၊ ဆိပ်ကမ်းက လှေတစ်စီး ကလဲ မှန်နဲ့ပြန်ပြီး လင်းကနဲ အချက်ပြသတဲ့"

အားလုံး စကားသံတိတ်သွားသည်။

"ကဲ . . တင်မောင်ဦး၊ တိမ်နီကို နောက်ထပ် အချက်ပြလို့ မရအောင် မင်းတာဝန်ယူ၊ သူ့ကို မသိမသာ စောင့်ကြည့်"

"ဟုတ်ကဲ့"

ထို့နောက် ခဲနောက်ကျွန်းသို့ ရောက်လျှင် လုံခြုံရေး တူးဖော်ရေးနှင့် တွေ့ရှိပါက သယ်ယူရေးတို့ကို ရသေ့ကြီးက သေချာစွာ ပြောပြသည်။ သူတို့အားလုံး နားထောင်ပြီး လူစုခွဲခဲ့ကြသည်။ တင်မောင်ဦးသည် သက်ဝေနှင့် စကားပြောရန် လာခဲ့၏။

မှောင်ရီပင် သမ်းစပြုပြီ။ အရက်ဝိုင်းမှ လူများလည်း ရေချိန်ကိုက်ပြီ ဖြစ်၍ ထမင်းစားနေကြပြီ။ ပြီးလျှင် မိမိနေရာများသို့ ဝင်ကာ တစ်ချိုးတည်း အိပ်ကြပေတော့မည်။ စောစီးစွာပင် ကိုရင်မောင်နှင့် တိမ်နီတို့ အိပ်နေသည်ကို တွေ့ရသည်။

ခပ်အုပ်အုပ် တံခါးခေါက်သံကြောင့် သက်ဝေက တံခါးထဖွင့်ပေးသည်။ တင်မောင်ဦး ဝင်လာပြီးနောက် တံခါးကို ပြန်ပိတ်လိုက်လေသည်။

"ကိုဦး"

"ဟင်"

"အေးလာပြီ၊ အနွေးထည် ဝတ်ထားလေ"

"မချမ်းပါဘူး ဝေရဲ့"

"အို . . မရဘူး၊ အအေးမိလို့ ဖျားရင် သင်္ဘောပေါ်မှာ ဆေးဆရာ မရှိဘူး၊ ဝတ်ဆိုဝတ်"

အိတ်ထဲမှ သူမ ဝယ်လာသော အနွေးထည်ကို ယူကာ ဝတ်ခိုင်းသည်။ တင်မောင်ဦးမှာ ဝတ်လိုက်ရလေတော့သည်။ ပြတင်းတံခါးလေးကို ဖွင့်လိုက်သည်။ ပင်လယ်ပြင်သံသည် တအိအိ လှိုင်းလုံးများ လိမ့်နေလေသည်။





"ကိုဦး"

"ဟင်"

"ဝေတော့လေ ကိုဦးနဲ့ တစ်သက်လုံး အတူနေချင်တာ၊ ခုနေ ဝေ

ကိုဦးကို ဖက်ထားရင်း သေသွားရင် ကောင်းမယ်လို့ တွေးမိတယ်"

"မပြောကောင်း မဆိုကောင်း ဝေရယ်"

သူ့ခါးကို ဖက်ထားသည့် သက်ဝေ၏ ပါးလေးကို မွှေးကြူရင်း တင်မောင်ဦးက ပြောလိုက်လေသည်။

* * * * *

တိမ်နီက အလွန်အံ့ရိပ်အကဲသိ သူ ဖြစ်သည်။ သူ့ကို တင်မောင်ဦးက အကဲခတ်နေကြောင်း သိ၍ ကျွန်းများကြားသို့ ရောက်သောအခါ ဂျာကင်ထဲထည့်ထားသည့် လက်ကို ပြန်မထုတ်တော့။

အခန်းထဲ ဝင်လိုက်ထွက်လိုက် လုပ်နေသည်။ တင်မောင်ဦးကလည်း ဖြတ်သွားသော လှေများနှင့် တိမ်နီကို မျက်ခြည်မပြတ် အကဲခတ်နေသည်။

ပထမတစ်ကြိမ် ခဲနောက်ကျွန်းကို ရောက်ခဲ့ဖူးသည်ဖြစ်၍ မလိကျွန်းတွင် တစ်ညနားပြီးနောက် ဝံပုလွေကျွန်းကို ရှာကြည့်သည်။

ပြီးနောက် ဝံပုလွေကျွန်း၏ တောင်စူးစူးသို့ ထွက်လာရာ မှဲ့ဂျီရာမမီးတောင်ကဲ့သို့ ကျွန်းပေါ်တွင် ရေခဲများ ဖုံးနေသော တောင်ကြီးရှိသည့် ခဲနောက်ကျွန်းသို့ ရောက်ရှိလာကြလေတော့သည်။

ခဲနောက်ကျွန်းကို ရွက်သင်္ဘောကြီးသည် တဖြည်းဖြည်း ချဉ်းကပ်လာပြီးနောက် ရွက်လှေကပ်၍ ကောင်းသည့် သောင်ပြင်ကို ရှာကြည့်သည်။

အုန်းပင်များပေါသည့် နေရာတွင် ချုံနွယ်များရှိသောကြောင့် ထိုနေရာသို့ ရွေးချယ်၍ ရွက်လှေကပ်ရာ အုန်းတောမှ ကိုက်နှစ်ရာတွင် ပင်လယ်စားပြကြီး ရစ်ချက်ဟိုးဒင်း၏ လှေကြီး မြုပ်သောနေရာ ဖြစ်နိုင်ကြောင်း တင်မောင်ဦး ခန့်မှန်းမိသည်။

သူတို့ အသင့်ယူဆောင်လာသော တာရပတ်များနှင့် အုန်းတော တွင် ရွက်ထည်တဲများ ဆောက်ကြ



www.burmeseclassic.com

www.burmeseclassic.com





သည်။ စုစုပေါင်း ရွက်ထည်ရုံသုံးရုံ ဖြင့် ၍ ထိုရွက်ထည်ရုံသုံးရုံမှာ သဲသောင်ပြင်တွင် ဖိုခနောက်ဆိုင် ဖြစ်နေကြလေသည်။

အုန်းပင်များ အောက်မှ တဲသေးလေးမှာ သက်ဝေ၏တဲလေး ဖြစ်လေသည်။ သက်ဝေသည် တဲလေးထဲသို့ သူမ ပစ္စည်းများကို ရွှေ့သွင်းရာ တင်မောင်ဦးကလည်း ကူညီ၍ သယ်ပေးလိုက်ရတော့၏။

သူတို့သည် ခဲနောက်ကျွန်းသို့ ညနေပိုင်းတွင် လှေကပ်ခဲ့ကြခြင်း ဖြစ်သည်။

"ကဲ . . တူးဖော်ဖို့ရှာတဲ့ အလုပ်ကတော့ မိုးလင်းမှသာ လုပ်ပေတော့ကွာ၊ ဒီညတော့ ပျော်ပျော်ပါးပါး မီးပုံပွဲ ကျင်းပကြတာပေါ့"

သူတစ်လက် ကိုယ်တစ်လက် ဖြင့် ထင်းစုသူ ကျွန်းပေါ်တွင် အမဲပစ်သူများထွက်သွားရာ မှောင်ရီပျိုးစတွင် တောင်ဆိတ်တစ်ကောင်နှင့် အရှည်သုံးပေမျှ ရှိသည့် ပင်လယ်ငါးပေါက် သုံးကောင်ကို ရရှိကြသည်။ တိမ်နီမှာ အလုပ်ရှုပ်နေချိန်တွင် ကျွန်းပေါ်၌ မည်သည့်နေရာသို့ ထွက်သွားသည်မသိရ။

မီးပုံပွဲတွင် သူတစ်ပါးတို့ စားသောက်ပျော်ရွှင်နေသော အချိန်မှ ရောက်ရှိလာသည်။ ဆံပင်များကို ဖြေချကာ အနီရောင်ပိုးလက်ပြတ်နှင့် ထဘီတိုတို ဝတ်ဆင်ထားသော သက်ဝေမှာ ကျွန်းသူလူရိုင်းမလေးများနှင့်ပင် တူနေလေသည်။

မီးပုံပွဲတွင် လူများက လှည့်၍ ကကြရာ သက်ဝေမှာ မင်းသမီးဖြစ်နေလေသည်။ ရသေ့ကြီးဦးဝိရကတော့ ခပ်ဝေးဝေးနေရာတွင် အမိုးချွန်ထည်တဲ၌ ဖယောင်းတိုင်တစ်တိုင်ဖြင့် ငြိမ်သက်နေလေတော့၏။

တင်မောင်ဦးမှာ သက်ဝေကို မျက်ခြည်မပြတ် ကြည့်နေရာ မော၍ ပင်ပန်းမည်စိုး၍ အရက်ကို လူများ ဝိုင်း၍ ထိုင်သောက်ချိန်၌ ရွက်ထည်ရုံထဲသို့ ခေါ်လာခဲ့လေတော့၏။

"ပျော်တယ် မဟုတ်လား ဝေ"

"သိပ်ပျော်တာပဲ ကိုဦးရယ်"

"သိပ်ပျော်တာက အရေးမကြီးဘူး၊ လူတွေက မူးလာရင် မကောင်းဘူး ဝေရဲ့၊ တိမ်နီက ဝေ့နားကို လိုက်ကပ်နေတာ ကိုဦး ရိပ်မိတယ်"

"အော် . . ဒါကြောင့် ကိုဦးက







သဝန်တိုတာပေါ့လေ ဟုတ်လား"

"ဟုတ်တယ် ဝေ၊ ပြဿနာဖြစ်မှ သဝန်ထတိုတာထက် ဘေးကင်းတာပေါ့"

ရွက်ထည်ရုံကို ပိတ်ကာ တင်မောင်ဦး ပြန်ထွက်လာခဲ့၏။

ဿ ဿ ဿ

နံနက်စောစောတွင် ပေကြိုးရှည်တစ်ခုဖြင့် အုန်းတောစပ်မှ သဲသောင်ပြင်ကို ရသေ့ကြီးဦးဝိရနှင့် တင်မောင်ဦးတို့ ဆွဲကြည့်ကြသည်။

"ပုံမှန်ကတော့ လူ့ခြေလှမ်းတစ်လှမ်းဟာ ၁၀-လက်မနဲ့ တစ်ပေရဲ့ကြားထဲမှာ ရှိတာပဲ၊ ဒါပေမယ့် ပေါ်တူဂီလို အရပ်ရှည်ပြီး ခြေလှမ်းကျဲတဲ့ လူ [illegible] ခြေလှမ်းဆိုရင်တော့ တစ်ပေ [illegible] အကောင်းဆုံးပဲ"

"ဒီကမ်းနံရံတွေကို ကြည့်ပါဦးဘုရား"

ရသေ့ကြီးဦးဝိရကို တင်မောင်ဦးက ပြောလိုက်လေသည်။

"အေး . . ဟုတ်တယ်၊ ဒါ အလျင်က ကမ်းစပ်ဖြစ်နိုင်တယ်"

မြေမာချောက်ကမ်ပါးတစ်ထပ် ဖြစ်နေသည်ကို ကြည့်ကာ ချောက်ကမ်းပါးပေါ်မှ သစ်ပင်ကြီးများမှ ပေ (၂၀၀)ကို ထွက်နေကြသည်။

ပြီးနောက် တင်မောင်ဦးက ကိုရင်မောင်နှင့် ဥဩတို့ကို လှမ်းလက်ပြခေါ်ကာ ပေါက်တူးကို တောင်း၍ သဲပြင်ကို စပေါက်သည်။

"ခဏလေးနော် သဲကို မွမွလေး ပေါက်ပြီး ဖယ်ချင်လို့၊ လှေဝမ်းဖုံးတဲ့အပေါက်ကို သွားပြီးတော့ ပေါက်မိရင် သဲတွေက ဝမ်းခေါင်းထဲ ကျနိုင်တယ်"

တင်မောင်ဦးက တူးဖော်မှုပညာအတိုင်း စတုရန်းကွက်နှစ်ပေပတ်လည်ကို ပေါက်ကြည့်သည်။

"ဒုံ"

"ဒုံ"

လေးပေမျှမရှိမီ သစ်သားကို ပေါက်မိသည့်အသံ ကြားလိုက်ရတော့သည်။

"ဟော"

"ဟင်"

သူတို့ ဝိုင်းကြည့် [illegible] မှာ လှေ [illegible] ရဲ့သစ်သား [illegible] တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

"ရပြီ ဒါလှေဦးပိုင်းလား၊ ပဲ့ပိုင်းလား မသိဘူး၊ ဒီအတိုင်း ဝိုင်းပေါက်ပြီးတော့ သဲတွေကို အပြင်ကို ပုံပေတော့"

တင်မောင်ဦး စကားအတိုင်း တက်ညီလက်ညီ ဝိုင်း၍ပေါက်ကြရာ နေမွန်းစောင်းသည့်မီမှာပင် ပင်လယ်ဓားပြလှေပြား၏ ရုပ်လုံးပေါ်လာသည်။ ရွက်တိုင်များက ကျိုးကာ လှေကြီး၏ ကုန်းပတ်ပေါ်တွင် လဲနေသည်။

ပေ(၄၀)အနံနှင့် ပေ(၆၀)အရှည်လှေကြီးတစ်စင်းမှာ သဲချိုင့်ကြီးထဲတွင်ပုံအရာ ပေါ်လာလေတော့သည်။ တင်မောင်ဦးက လှေကြီး၏ ပဲ့ဘက်မှ ဝမ်းတွင်းသို့ ဆင်းသည့် တံခါးနေရာကို သဲများစင်အောင် ယက်ထုတ်နိုင်းရာ တံခါးပေါ်လာလေတော့သည်။

ပေါက်တူးပေါက်ချွန်းများဖြင့် တံခါးအဖုံးကို ကော်သောအခါတွင် ဝမ်းထဲသို့ ဆင်းသည့် လှေကားကို အလင်းရောင်ဖြင့် တွေ့ရသည်။

ရသေ့ကြီး တင်မောင်ဦးနှင့် မြိတ်မင်းသားတို့သည် ထားဝယ်မှ လက်နှိပ်ဓာတ်မီးကို ကိုင်ကာ ဖလှေဝမ်းထဲသို့ ထိုးကြည့်သောအခါ ဝမ်းထဲတွင် သဲများမဝင်ဘဲ သေတ္တာများစီထားသည်ကို တွေ့ရလေတော့သည်။ စုစုပေါင်း လူငါးယောက်စာရှိသည့် သေတ္တာကြီး သုံးလုံးရှိသည်။

လှေဝမ်းသို့ ဆင်းသည့် သံလှေကားမှ ဆင်းကာ သေတ္တာများကို ဖွင့်ကြည့်ရာ ဝင်းလက်တောက်ပနေသော ရွှေဒင်္ဂါးပြားများနှင့် ရွှေထည်ပစ္စည်းများကို တွေ့ရလေတော့၏။

ရာဇဝတ်အုပ် ဦးသံခဲနှင့် ပုလိပ်နှစ်ဦးကို ထိုတံခါးဝတွင် ဒ်ုး စောင့်ထားခဲ့ပြီး သယ်ယူဖို့ကို စီစဉ်ရလေတော့သည်။ နှစ်ပေါင်းကြာ၍ သေတ္တာများမှာ အာမမခံတော့။

ထို့ကြောင့် ထိုနေ့က သူတို့သည် သစ်များခုတ်ကာ သေတ္တာများကို လုပ်ကြရသည်။ လူလေးဦးမ၍ရအောင် သေတ္တာတစ်လုံးကို နှစ်လုံးစာခွဲလိုက်ကြရတော့၏။

ရွှေဒင်္ဂါးနှင့် ရွှေပန်းကန်၊ ရွှေရေနွေးအိုးများ၏ တစ်အိုးမှာ မသေးချေ။ ငါးမန်းနီလှေပေါ်သို့ နောက်တစ်





နေ့တွင် သယ်ယူဖို့ ပြင်ဆင်ကြရလေသည်။ အားလုံးသည် တက်ကြွရွှင်လန်းနေ၏။

ထိုအချိန်မှာပင် သေနတ်သံတစ်သံ မြည်ဟီးလာလေသည်။

"ဟေ့ . . အားလုံး လက်မြှောက်ကြ၊ မင်းတို့ ပစ္စည်းတွေ အားလုံးချထား"

ချောက်ကမ္ဘားပေါ်မှ ကျောက်မီးခဲက ဝင်ချက်စတာ နှစ်လုံးပြူးသေနတ်ဖြင့် ချိန်ရွယ်ကာ ပြောလိုက်လေသည်။

အမှန်တော့ ချောက်ကမ်းပါးထက်ရှိ သစ်ပင်ပေါ်တွင် သံဖနောင့်ကို သေနတ်တစ်လက်ဖြင့် ကင်းစောင့်ခိုင်းထားသည်ကို ကျောက်မီးခဲ မသိပေ။

"ဟေ့ . . ဟိုလှေပေါ်က ပုလိပ်တွေ မင်းတို့လက်နက်ချမလား မချဘူးလား"

"ဒိုင်း"

သေနတ်နှင့် လှမ်းပစ်ကာ အမိန့်ပေးသည်။ ထိုစဉ်မှာပင် သေနတ်သံတစ်သံ ပေါ်ထွက်လာကာ ကျောက်မီးခဲ သဲပြင်သို့ ပြုတ်ကျလာလေသည်။

ပုလိပ်များက ချောက်ကမ်းပါးပေါ်သို့တက်ကာ ထီးရိုးနှင့် စိန်ကတုံးတို့ကို သေနတ်များဖြင့် ချိန်ကာ လက်ထိပ်ခတ် ဖမ်းဆီးလိုက်သည်။

တင်မောင်ဦးဘေးတွင် ရပ်နေသော သက်ဝေက

"ကိုဦး သတိထားနော် သူတို့လူတွေ ရှိနိုင်သေးတယ်"

ဟု ပြောလိုက်သည်။

ချောက်ကမ်းပါးချိုင့်တွင် ပုန်းနေသော လက်ကားက ခေါင်းပေါ်လာကာ တင်မောင်ဦးကို လှမ်း၍ ပစ်လိုက်သည်။

"အား . . အစ်ကို"

"ဒိုင်း"

ရာဇဝတ်အုပ်သံခဲက ကမ်းပါးပေါ်မှ လက်ကားကို လှမ်း၍ သေနတ်နှင့် ပစ်ရာ ထိမှန်သွားသည်။

သက်ဝေသည် တင်မောင်ဦးကို သေနတ်နှင့် လှမ်းပစ်သည်ကို တွေ့၍ တင်မောင်ဦးကို ခုန်ဖက်လိုက်ရာ ကျောဘော့၍ သွားသည်။

"ဝေ . . ဝေ့ကို သေနတ်မှန်ပြီ လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်က သက်ဝေ၏ ဘယ်ဘက်ဘေးမှ ဖောက်ဝင်သွားသည်။ သက်ဝေကို တင်မောင်ဦးက ပွေ့ထား၏။

ᨁ ᨁ ᨁ

ကျောက်မီးခဲတို့သုံးဦးနှင့် အဖွဲ့သားနှစ်ယောက်ကို လက်ထိပ်ခတ်ကာ ရွက်သင်္ဘောတိုင်တွင် သော့ခတ်ထားလိုက်၏။ ကြံရာပါဖြစ်သော တိမ်နီကိုလည်း ရွက်တိုင်မှာပင် ကြိုးတုပ်ထားလိုက်သည်။

ရာဇဝတ်အုပ် ဦးသံခဲ၏ စောင့်ရှောက်မှုဖြင့် ရွှေသေတ္တာများကို လှေပေါ်တွင်တင်ကာ ထားဝယ်သို့ ရွက်လွှင့်လာခဲ့သည်။

သတိမေ့မျောနေသော သက်ဝေကိုကား ရသေ့ကြီးဦးဝိရက ကျည်ဆန်ကို ဓားနှင့်ခွဲထုတ်ပေးကာ သွေးတိတ်ဆေးများလိမ်း၍ ပတ်တီးစည်းနိုင်းထားသည်။

တင်မောင်ဦးနှင့် ကိုရင်မောင်တို့သည် သက်ဝေ၏ အခန်းထဲမှာပင် ပြုစုရင်း လိုက်လာကြလေသည်။

ထားဝယ်သို့ ရောက်သောအခါတွင် ရသေ့ကြီးဦးဝိရသည် အင်္ဂလိပ်အစိုးရအား ရွှေသေတ္တာနှစ်လုံးလှူ၍ ကျန်ရွှေသေတ္တာတို့ကို သာသနာရေးနှင့် လိုက်ပါကူးဖော်သူတို့၏ လူမှုရေးဘဝ ရပ်တည်မှုအတွက် ခွဲဝေပေးလိုက်လေသည်။ ရာဇဝတ်အုပ်များနှင့် ပုလိပ်တို့အတွက်လည်း ဝေစုရရှိလိုက်သည်။

သက်ဝေကို ထားဝယ်မြို့ ဆေးရုံကြီးတွင် တင်၍ကုသရာ ဆေးရုံမှ ဆရာဝန်ကြီးက သက်ဝေမှာ ကြာကြာခံတော့မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သက်ဝေရှိရာသို့ ကရုဏာသက်စွာ လာကြည့်သော မထားရီအား သက်ဝေက လက်တစ်ဖက် တောင်းကာ တင်မောင်ဦး၏ လက်တစ်ဖက်နှင့် ဖိပေးရင်း

''မမရီ ကျွန်မကို ခွင့်လွှတ်ပါနော်၊ မမရီတို့ ပျော်ရွှင်ကြပါစေ''

ဟု ပြောသည်။ မကြာမီ သက်ဝေသည် အသက်ရှူမြန်လာကာ လက်များကို လွှတ်လိုက်၏။

''ဝေ''

''ဝေ ကိုဦး ခေါ်နေတယ်လေ''



သက်ဝေက သူ အလွန်ချစ်လှသော တင်မောင်ဦးကို အပြီးအပိုင် ခွဲခွာသွားခဲ့ပြီ ဖြစ်လေသည်။

ဒေါက်ကြီးသချိုင်းရှိ ခရေပင်ကြီးအောက်တွင် အုတ်ဂူဖြူဖြူလေး တစ်လုံး ဖြစ်ပေါ်လာသည်။ ထိုအုတ်ဂူလေးကို စိုက်ကြည့်ကာ

''ဝေ . . ကောင်းရာသုဂတိ ရောက်ပါစေ''

ဟု တင်မောင်ဦးက ဆုတောင်းလိုက်သည်။ သုဘရာဇာကြီး ဦးထိုက်ကျင်က

''တင်မောင်ဦး မသက်ဝေက ဒီသချိုင်းမှာ နောက်တစ်ခါ လာစရာ မလိုတော့ဘူး''

ဟု အသံအက်အက် ပြောလိုက်သည်။

တင်မောင်ဦး၏ နောက်တွင် ရပ်နေသော မထားရီက

''မိုးချုပ်တော့မယ် ကိုဦး၊ ဖေဖေတို့ တန်ဆောင်းထဲမှာ စောင့်နေတာကြာပြီ''

ဟု ပြောလိုက်လေသည်။ တင်မောင်ဦးသည် မျက်ရည်များကို သုတ်ရင်း မထားရီနှင့်အတူ သချိုင်းဇရပ်လေးရှိရာသို့ လာခဲ့သည်။

သူ၏ မျက်လုံးထဲတွင် ထိုဇရပ်ပေါ်၌ သက်ဝေ သူ့ကို လိမ်းပေးရန် ပရုပ်ဆီဘူးယူနေသည်ကို တွေ့မြင်နေရလေတော့၏။


ပြီးပါပြီ။

အိမ်းကြာ သိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com